1597
2နှစ်/4/62

အမရပူရမြို့ - မင်္ဂလာတိုက်ဟောင်း

ကျေးဇူးရှင်

ဘဒ္ဒဓမ္မာဝပဏ္ဏိတ - မိုးကုတ်ဆရာတော်ဘုရားကြီး

-( ၏ )-

# မိုးကုတ်ဝိပဿနာ

ဒုလ္လဘဒီပနီသာသနာ

" ဟောစဉ်-နှင့်-ကျင့်စဉ် "

{ သန္ဒဿလေးပါး တရားတော်များ။ }

တတိယကဏ္ဍ ။

တာဝန်ခံ တင်ဆက်သူ

ဦးမြင့်ဆွေ

" မဲလဓမ္မာစရိယ "

မင်္ဂလာ။

စာပြုဆုံတိုက်
ပိဋကတ်သာပြုံစာပေ
ဖြန့်ချိရေးအဖွဲ့

၁၃၉၀ခု-ခု။ ၁၃၂၄-ခု။

အမရာဘုရင်မြို့ • မဂ္ဂုလာတိုက်ဟောင်း

ကျေးဇူးရှင်

အလွန်ဟာသပညာရှိတော် - ဆိုးကုဋ်ဆရာတော်ဘုရားကြီး

ဆရာ(သမ္မုခ)အာဒိတွင်နိုးကားပြန်ပွားဓရေးဦးစီးဌာန

စာကြည့်တိုက်

ဆရာဖေဆေး-ရန်ကုန် x

# ဗုဒ်းကုတ်ဝိပဿနာ

ဒုလ္လဘဒေသနာ

"ဟောစဉ်-နှင့်-ကျင့်စဉ်"

{ သမ္ဗုဒ္ဓဇလေးပါး တရားတော်မြတ်ပါး။ }-

တတိယတွဲ။



စာကြည့်တိုက်

ပိဋကတ်ဘာသာပြန်

ဖြန့်ချိရေးအဖွဲ့

တာဝန်ခံတင်ဆက်သူ

ဦးမြင့်ဇော

"မူလဓမ္မာစရိယ"

မိတ္ထိလာ။

၁၃၂၄-ခု။

၂၅၀၆-ခု။

( ooooc ) .... ... .... ဒေါက်တာမောင်မောင်ကြီး



ကျေးဇူးရှင် - အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး - ဦးဝိမလ။

# ပဋိစ္စသမုပ္ပါဒ်တရား (၁၂) ပါး၊

ဆင်ခြင်ပေါ်သွင်ခြင်းငှာ ပြသော်။




အမရပူရမြို့ မဂ်လာတိုက်ဟောင်း၊

ဓိုးကုတ်, ဆရာတော်, ဦးဒီဓမ္မလ, ၏

ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်းကြည့်ရှုစရာ စက်ဝိုင်းဒေသနာ။

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ဖြစ်ပျက်မြင်ကာ နိဗ္ဗာန်ရ တရားတော်.... | .... ၃ |
| ၂ | ဖြစ်ပျက်ရွှမြင် နိဗ္ဗာန်ဝင် တရားတော် | .... ၁၉ |
| ၃ | ကိုယ်ရေးပဌမ စိုးကြောင့်ကျ တရားတော် | .... ၂၆ |
| ၄ | မှိတ်ဒယ်ကင်းမှ ချမ်းသာရ တရားတော် | .... ၄၂ |
| ၅ | ခန္ဓာငါးချက် ဥာဏ်ဘောက်ဖျက် တရားတော်. | ၅၅ |
| ၆ | အနုတ္တဥာဏ်မြင် နိဗ္ဗာန်ဝင် တရားဒေတော် | .... ၇၁ |
| ၇ | ရိုးရာမျက်လုံး ဥာဏ်ရှင်သုံး တရားတော် | .... ၈၆ |
| ၈ | ရုပ်နာမ်ကြောင်းကျိုး အနတ္တမျိုး တရားတော်. | ၉၇ |
| ၉ | မျက်လုံးဖွင့်နည်း ဥာဏ်ဦးစီး တရားတော် | .... ၁၁၁ |
| ၁၀ | ဒွါရခြောက်ပါး ဥာဏ်စေစား တရားတော်. | ၁၂၆ |
| ၁၁ | ဒုက္ခစက်ရဟတ် မဂ်ဥာဏ်ဖြတ် တရားတော် | .... ၁၃၈ |
| ၁၂ | အိပ်တတ် နိုးတတ် သုနက္ခတ် တရားတော် | .... ၁၅၀ |
| ၁၃ | ပဋိစ္စဖြစ်ပျက် ဥာဏ်ခွဲဝက် တရားတော် | .... ၁၆၆ |

# မာတိကာ။


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄ | ရွှေကဖြစ်ပျက် နောက်ဥဿမင် တရားတော်· | ၁၀၀ |
| ၁၅ | လာရာ သွားရာ သိဥာဏ်ရှာ တရားတော် .... | ၁၉၂ |
| ၁၆ | ဥာဏ်မဲ့ခါလင့် အားထုတ်ကျင့် တရားတော် .... | ၂၀၆ |
| ၁၇ | ပညာလိုရင်း သာသနာတွင်း တရားတော် .... | ၂၂၁ |
| ၁၈ | သုဒ္ဓဝိပဿနာ လွတ်လမ်းရှာ တရားတော် .... | ၂၃၃ |
| ၁၉ | နိဂုမ်းစကား .... .... .... | ၂၄၄ |

# ပြင်ဆင်ဘတ်ရှုပါရန်။

| မျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| က | ၇ | အတွက်မာယ | အတွက်မာယ |
| ခ | ၁၂ | ကမ္မာသမ္မ | ကမ္မာသဒမ္မ |
| ခ | ၂၀ | ရဲရင့်ဝန်စား | ရဲရင့်ဝံ့စား |
| ဂ | ၅ | နည်းနား | နိုးနား |
| ဂ | ၈ | လေးစားရုံ | လေးစားယုံ |
| စ | ၈ | ကုန်းခြုံ | ကုံးခြုံ |
| ဆ | ၁ | ဓဝံ | ဇဝံ |
| ၁ | ၁၆ | များဖြင့် | များဖြင်၊ |
| ၂ | ၅ | များဖြင့် | များဖြင်၊ |
| ၈ | ၆ | မနည်းသေးဘူး | မနိုးသေးဘူး |
| ၈ | ၁၇ | ငါ့ထက်ဖြင်း | ငါ့ထက်ဖျင်း |
| ၁၃ | ၁၅ | ပါတယ်ဘုရား ” | ဖြစ်ပါတယ်ဘုရား ” |
| ၁၇ | ၁၆ | မမြင်တော့ပါဘူး | မမြင်ချင်တော့ပါဘူး |
| ၁၈ | ၈ | နိဗ္ဗာန်ရဒါချည့်ဘဲ၊ | နိဗ္ဗာန်ရဒါဘဲ၊ |
| ၂၆ | ၁၄ | မလုပ်ပြင်းသူ | မလုပ်ပျင်းသူ |
| ၃၅ | ၆ | ဘုရားအစည် | ဘုရားလမ်းစဉ် |
| ၄၃ | ၃ | ချမ်းသာခြင် | ချမ်းသာချင် |
| ၄၃ | ၄ | ချမ်းသာခြင် | ချမ်းသာချင် |
| ၄၆ | ၁ | သူခြယ်နေဒါဘဲ၊ | သူခြယ်လယ်နေဒါဘဲ၊ |
| ၅၀ | ၂ | ကယ်ဆေးမှ | ကဲဆေးမှ |
| ၅၁ | ၂ | အလိုမထိုက်တဲ့ | အလိုမလိုက်တဲ့ |

| မျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၅၅ | ၉ | ဝေဒနကွန္ဒာ | ဝေဒနာကွန္ဒာ |
| ၅၅ | ၁၀ | သန်ါရကွန္ဒာ | သခ့်ါရကွန္ဒာ |
| ၅၅ | ၁၈ | ရုပ်သဘောအမှန်၊ | ရုပ်သဘောမှန်၊ |
| ၅၅ | ၂၀ | မှတ်သားပြင်းလျင်၊ | မှတ်သားခြင်းလျင်၊ |
| ၅၅ | ၂၂ | သီကြုံသမျှ၊ | သီကြုံသမျှ၊ |
| ၅၆ | ၆ | မရှိနစ်သာဏာ။ | မရှိနှစ်သာဏာ၊ |
| ၆၄ | ၂၀ | ကြပါ့မလား? မကြပါဘူး၊ | ကျပါ့မလား? မကျပါဘူး၊ |
| ၆၆ | ၁၃ | အနတ္တရမယ်လို့ | အတ္တရမယ်လို့၊ |
| ၇၀ | ၄ | ခန္ဓာမှ | ခန္ဓာမှာ |
| ၇၂ | ၅ | အခုမြောမဲ့ | အခုပြောမဲ့ |
| ၈၉ | ၁၄ | မျက်လုံးကြည့် | မျက်လုံးနဲ့ကြည့် |
| ၉၀ | ၂၃ | ကြုံစိတ်တဲ့ | ကြုံဓိတဲ့ |
| ၁၀၄ | ၁၆ | ဘာအပိုမပါဘူး၊ | ဘာမျှအပိုမပါဘူး၊ |
| ၁၀၄ | ၂၁ | တော်ပလား | တော်ပါ့မလား? |
| ၁၀၅ | ၄ | ကိုးရမှာဘဲ- | ကိုးကွယ်ရမှာဘဲ- |
| ၁၀၆ | ၁၂ | ပရဏ | မ့ရဏ |
| ၁၁၀ | ၂၀ | ဖြစ်စိတ်ကို | မြင်စိတ်ကို |
| ၁၃၂ | ၅ | ကံတွေ့ရှိမျှ | ကံတွေ့ရှိသမျှ |
| ၁၃၃ | ၃ | ဘုရားရှစ်ခိုး | ဘုရားရှိခိုး |
| ၁၃၃ | ၈ | ဘုရားရှစ်ခိုးတဲ့ | ဘုရားရှိခိုးတဲ့ |
| ၁၄၂ | ၁၈ | နာမရူပပစ္စယာ | နာမရူပပစ္စယာ သဠာယတနံ သဠာယတနပစ္စယာ |
| ။ | ။ | ။ | ။ |

| မျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၄၄ | ၂၀ | ဒါကိုသိရ | ဒါကိုသိရင် |
| ၁၄၉ | ၁၀ | ဖြစ်ပျက်မြင်သာ- | ဖြစ်ပျက်မြင်မှုသာ |
| ၁၅၀ | ၁၂ | သဿတတုစ္ဆေဒ၊ | သဿတုစ္ဆေဒ၊ |
| ၁၅၄ | ၁၃ | ခုချိန်ကြအောင် | ခုချိန်ကျအောင် |
| ၁၅၅ | ၃ | ကြအောင်ဘဲ | ကျအောင်ဘဲ |
| ၁၆၀ | ၂၃ | ဥစ္ဆေဒဝင် | ဥစ္ဆေဒစင် |
| ၁၈၃ | ၁၃ | စားချင်တော့ | စားချင်တဲ့ |
| ၁၈၄ | ၈ | ပျက်သွားဒါမသိဘဲ၊ | ပျက်သွားဒါမသိဒါဘဲ၊ |
| ၁၉၂ | ၁၄ | ဖန်ကာစုတီကြေ၊ | ဖန်ခါစုတီကြေ၊ |
| ၁၉၃ | ၁၁ | မဖြစ်တော့- | မဖြစ်တော့ဘူး၊ |
| ၂၀၃ | ၁၃ | သမုဒ္ဆေသေဖြစ်မှာ၊ | သမုဒ္ဆေဒသေဖြစ်မှာ၊ |
| ၂၀၆ | ၂၁ | ကျမ်းထိုးကြ၊ | ကျမ်းထိုးကျ၊ |
| ၂၁၁ | ၁၃ | ကောင်းဟူသမျှ | အကောင်းဟူသမျှ |
| ၂၁၄ | ၁၅ | မတွေး | မတွေးနဲ့, |
| ၂၂၁ | ၁၄ | ပညာမှန်လျှင်၊ | ပညာမှန်လျှင်း၊ |
| ၂၂၂ | ၄ | နှစ်ပေါင်း,-၁၀၀၀,၀ | နှစ်ပေါင်း-၁၀၀၀, |
| ၂၂၂ | ၅ | ရှစ်ထောင်က | တစ်ထောင်က |
| ၂၂၂ | ၈ | တသောင်း ကြိုတင်ပီး | တစ်ထောင်ကြိုတင်ပီး |

**သတိ** ထိုမှတပါး အနည်းငယ်မျှသော အမှား အယွင်းများ ဖတ်သူပါက ပြင်ဆင်ဘတ်ရှုတော် မူကြပါကုန်။ ။

# ဗမ္မအာဇ္ဆေတော်များ

သိရှိတော်မူရန်။

-(၂)-

ဤ-ဝိပဿနာ ဟောစဉ် ကျင့်စဉ် တရားတော်များကို ပုံမနှိပ်ရသေးမှီ အရှင် "မိုးကုတ်ဆရာတော်ဘုရားကြီး" ကိုယ်တိုင် ကြည့်ရှု စစ်ဆေးသုခိသင် ပြင်ဆင်ကာ အတည်ပြုပြီး ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

| မျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၄၄ | ၂၀ | ဒါကိုသိရ | ဒါကိုသိရင် |
| ၁၄၉ | ၁၀ | ဖြစ်ပျက်မြင်သာ- | ဖြစ်ပျက်မြင်မှုသာ |
| ၁၅၀ | ၁၂ | သဿတတုစ္ဆဒ၊ | သဿတုစ္ဆဒ၊ |
| ၁၅၄ | ၁၃ | ခုချိန်ကြအောင် | ခုချိန်ကျအောင် |
| ၁၅၅ | ၃ | ကြအောင်ဘဲ | ကျအောင်ဘဲ |
| ၁၆၀ | ၂၃ | ဥစ္ဆေဒဝင် | ဥစ္ဆေဒစင် |
| ၁၈၃ | ၁၃ | စားချင်တော့ | စားချင်တဲ့ |
| ၁၈၄ | ၈ | ပျက်သွားဒါမသိဘဲ၊ | ပျက်သွားဒါမသိဒါဘဲ၊ |
| ၁၉၂ | ၁၄ | ဖန်ကာစုတိကြေ၊ | ဖန်ခါစုတိကြေ၊ |
| ၁၉၃ | ၁၁ | မဖြစ်တော့- | မဖြစ်တော့ဘူး၊ |
| ၂၀၃ | ၁၃ | သမုဿေသဖြစ်မှာ၊ | သမုဿေဒသဖြစ်မှာ၊ |
| ၂၀၆ | ၂၁ | ကျမ်းထိုးကြ၊ | ကျမ်းထိုးကျ၊ |
| ၂၁၁ | ၁၃ | ကောင်းဟူသမျှ | အကောင်းဟူသမျှ |
| ၂၁၄ | ၁၅ | မတွေး | မတွေးနဲ့, |
| ၂၂၁ | ၁၄ | ပညာမှန်လျှင်၊ | ပညာမှန်လျှင်း၊ |
| ၂၂၂ | ၄ | နှစ်ပေါင်း,-၁၀၀၀,၀ | နှစ်ပေါင်း-၁၀၀၀, |
| ၂၂၂ | ၅ | ရှစ်ထောင်က | တစ်ထောင်က |
| ၂၂၂ | ၈ | တသောင်း ကြိုတင်ပီး | တစ်ထောင်ကြိုတင်ပီး |

သတိ ထိုမှတပါး အနည်းငယ်မျှသော အမှား အယွင်းများ ဖတ်သူပါက ပြင်ဆင်ဖတ်ရှုတော် မူကြပါကုန်။ ။

# ဓမ္မအဆွေတော်များ

သိရှိစေတော်မူရန်။

-(၂)-

ဤ-ဝိပဿီနာ ဟောစဉ် ကျင့်စဉ် တရားဟော်
များကို ပုံမန့်ပ်ရသေးမို့ အရှင် "မိုးကုတ်ဆရာ
တော်ဘုရားကြီး" ကိုယ်တိုင် ကြည့်ရှု စစ်ဆေး
သုခိသင် ပြင်ဆင်ကာ အတည်ပြုပြီး ဖြစ်ပါ
ကြောင်း သိစေအပ်ပါသည်။

# အဓိကြောင်းပြစကား။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

“တရားကြွေငြာတော်မူချက်”

ဧကာဟမနုဿ အဟံ ဘိက္ခဝေ ဧဝံဂါ

သတ္တာနံ ဝိသုဒ္ဓိယာ,
သောကပရိဒေဝါနံ သမတိက္ကမာယ,
ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ,
ဉာယဿ အဓိဂမာယ,
နိဗ္ဗာနဿ သစ္ဆိကိရိယာယ,၊
ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။ ။

(မဟာ သတိပဋ္ဌာနသုတ် ပါဠိတော်)

အဓိပ္ပါယ်။ ။“သံသာရညဉ်းဝေး၊လောမည်ဉ်ဘေးကို၊မြော်တွေး ကြောက်ငြား၊ အို့, ချစ်သားတို့။ ။လေးပါး-သတိပဋ္ဌာန်၊ ဤလမ်းမှန်ကား၊ စားစားဝေဝေ၊ များသတ္တဝါတို့ ညစ်တေယုတ်မာ၊ ကိလေသာမှ၊ စင်ကြယ်ရာကြောင်း၊ တခု တည်းဩသာ လမ်းကောင်းကြီးဖေကန်၊ စင်စစ်မှန်လှပါပေ၏”။

“သောကပရိဒေဝံ၊ ပူပန်စိုးရိမ်၊ ကြိမ်ကြိမ်ငိုကြွေး၊ တမ်းတ ဘေးကို၊ အေးဆေးပယ်ခွါ၊ လွန်မြောက်ရာဟု၊ တခုတည်းသာ ဖြစ်းသာ လမ်းမဟာကြီးလည်း မှန်လှပါပေ၏”။

(၁) အကြောင်းပြစကား

“ဒုက္ခာဒေါမနဿ၊ နှစ်ဝစိတ်ကိုယ်၊ ငြင်ငြိုဆင်းရဲ၊ အနဲနဲမှ၊ ကွာစဲချုပ်သိမ်း၊ ငြိမ်းအေးဘွယ်ရာ၊ တခုတည်းသော လမ်းမဟာကြီးလည်း မှန်လှပါပေ၏”။

“ဥာဃာဓိဂမ၊ လေးဝမဂ်ဥာဏ်၊ ဝိမုတ္တံကို၊ ကောန်တိတိ၊ ရရှိဘို့ငှါ၊ တခုတည်းသော လမ်းမဟာကြီးလည်း မှန်လှပါပေ၏”။

“နိဗ္ဗုတာဆု၊ မျက်မှောက်ပြုဘိ၊ သစ္ဆိကိရိယ၊ ကောင်းမြတ်လှသား၊ ခေါင်ဖျားသေတ္တု၊ တခုတည်းသောလမ်းကောင်း တကြောင်းတည်းသာ ဖြစ်သော ခရီးမကြီးလည်း မှန်လှပါပေသည်တကား”။ ။

---

“ အထူးစကားရေန်။ ”

အနန္တကရုဏာတော်သခင်၊ ဘုရားရှင်ကိုယ်တော်မြတ်သည်၊ ကုရုတိုင်း, ကမ္မာသမ္မမည်သော နိဂုံးဌ၊ သီတင်းသုံးနေတော်မူစဉ်, သတ္ထာများအပေါ်ဝယ်, ရင်ဝယ်သားပမာ, သနားခြင်းကြီးလှစွာဖြင့်၊ အာမဝန်တာခံ, ဤတရားကြေငြာတော်မူချက်ကို၊ နက်လေးသံဖွင့်, ထုတ်ဆင့်မြွက်ကြားတော်မူခဲ့ပေသည်။

ဤသို့သော ရဲရင့်ဝန်စား, အာမဝန်တာခံ စကားတော်ကို မိန့်ဆိုညွှန်ကြားတော် မူနိုင်ရန်, ဧရာဥာဏ်မြတ်ကို၊ သက်သာလွယ်ကူစွာ, ရှာဖွေ ရရှိတော်မူခဲ့သည်ကား မဟုတ်ပါချေ။

ဒီပက်ရာ, မြတ်စွာသေဋ္ဌနင်း, ခြေတော်ရင်းမှ၊ နိယတ ဘဲ့ တံဆိပ်, ဗျာဒိတ်တော်သံကို၊ နာခံရပြီးသည့် အချိန်အခါမှစ၍၊ မည်သူတစုံတယောက်မျှ, ဂဏန်းချ၍, တိတိကျကျ, ရေတွက်ပြခြင်းငှါ မစွမ်းနိုင်တော့သည့်၊ မဟာကပ်,ကမ္ဘာကြီးပေါင်း,လေးလီနှင့်တသိန်း (လေးသန်ခြေနှင့်ကမ္ဘာတသိန်း) အချိန်ကာလအတွင်း၌၊ သာမန်လောကသားမျှားအဘို့,စဉ်းစားရုံမျှပင်,မဝံ့စား, မတတ်စွမ်းနိုင်လောက်သည့်....၊

(၁) ပစ္စံညီး ပစ္စယမှအစ, သား, သို့, သားမယားအထိ၊ အပဝတ္ထု အမျိုးမျိုးကို၊ ရောရောရက်ရက်, ငဲ့ကွက်မရှု, လှူ။ ဒါန်း, ပေးကမ်း, စွန့်ကြဲခဲ့ခြင်း။ ။

(၂) ခြေ, လက်, နား, နှာ, ခန္ဓာအစိတ်အပိုင်းတို့ကို အလိုရှိက ဖြတ်တောက်ခဲ့ထုတ်၍ တွန့်ဆုတ်မရှိ, လှူ။ဒါန်း, ပေးကမ်းခဲ့ခြင်း။ ။

(၃) ထိုဥဏှ်မြတ်ရဘို့အတွက်, အသက်ကိုပင် မငဲ့ကွက်ဘဲ, ရက်ရက်နှစ်လို, တွန့်တိုကင်းကွာ, ရဲရင့်စွာ - စွန့်လွှတ်လှူ။ဒါန်းတော်မူခဲ့ခြင်း။ ။

စသည်ဖြင့်, ကိုယ်စိတ်ဆင်းရဲကြီးစွာ, အနစ်အနာအမျိုးမျိုး, ဒုက္ခအမျိုးမျိုးကို ခံတော်မူကာ ထိုဥဏှ်မြတ်ကို, ရှာကြံတော်မူခဲ့ရပေသည်။

ထိုသို့ ရှာကြံတော်မူရခြင်းကား.... မိမိအတွက်ချည့်သာ မဟုတ်၊ ဒုက္ခကြီးစွာ, သံသရာဝဲဇလုပ်၌၊ ဥတ်တုံပေါ်တုံ, စုံချည်

## (ဃ) အကြောင်းပြစကား

ဆန်ချည့်, အတည်မကျ, ဆင်းရဲတွင်းနက်လှသည့်၊ သတ္တဝအများစုအား, လွန်စွဲလွန်စွာ, သနားခြင်း ကြီးသုပါသဖြင့်, ထို ဆင်းရဲပေါင်းများစွာမှ, ကယ်တင်လိုသည့်ဆန္ဒ, အလွန်အမင်း, ပြင်းပြသည့်အတွက်ကြောင့်သာ အဓိကရည်ရွယ်နက်, ပဋ္ဌာနအ ချက်ကြီးစင်စစ်, မှန်လှပါ၊ပသည်။ ။

သို့ပင်မှန်ငြားလည်း, သတ္တဝအများတို့၏ ကုသိုလ်တရားက နည်းပါးလှသည့်နည်းတူ လွယ်ကူပြည့်ညီစွာ, ပုဉ်တော်မမူလာရဘဲ၊ ဆုတ်ယုတ်, တိုးတောင်းလှသည့် အသက်တန်းကာလ၌၊ ပုဉ်တော်မူလာရသဖြင့်, ကိုယ်တော်မြတ်၏ ဆန္ဒတော်အနေတွင်, စုံလင်ပြည့်ဝခြင်း ဖြစ်တော်မမူနိုင်ခဲ့ပါချေ။ ။

ထိုသည့်အကြောင်းကြောင့်ပင်, လေးဆဲ့ငါးနှစ်တာ ကာလအတွင်း နေ့မနား, ညမနား, ကိုယ်တော် စိတ်တော်များကို၊ အားလပ်ခွင့် မထားတော့ဘဲ ကြိုးစား ကယ်ချတ်တော်မူခဲ့ခြင်းဖြင့်လည်း, အားရတင်းတိမ်ခြင်း ရှိတော်မမူသေးသဖြင့်, လေးနက်ဩဝါ, သာသနာတော်မြတ်ငါးထောင်ကို၊ နောင်လာအများတို့အား, သနားချီးမြှင့်ကာ ထားရှိတော်မူခဲ့ပါလေသည်။

## ထို့ကြောင့် ကျွန်ုပ်တို့သည်

(၁) ဘုရားရှင်ကိုယ်တော်မြတ်၏ ထိုထိုအစားစား, ကျွေးီးတရားနှင့် ဂုဏ်တော်များကို၊ လေးစားသမှု ထောက်ထားခြင်း ပြုသဖြင့်ဂုင်း။ ။

(၂) ကမ္ဘာ့ကမ္ဘာ၊ သခ်ၤာသခ်ၤ၊ လွန်လေအနန္တ၊ ဆုံးဆမရှိသည့် ကာလအတွင်း, အလွန်အမင်း ရခဲလှသည့် ဗုဒ္ဓပွါဒ-ခေတ်နှင့်, လူ၏အဖြစ်တွင် စင်ကြယ်သော သဒ္ဓါဓာတ်, အဟုတ် အဟတ် အားကိုးရာ အားထားရာဖြစ်သော သစ္စာတရားကို၊ နည်းနားမျက်မှောက်, လွယ်ကူစွာရနိုင်လောက်သည့် အခါမျိုးတွင်, နှစ်ပြားဘိုးမျှ အကျိုးမရလိုက်သည့် အဖြစ်ဆိုးမျိုးနှင့် မဆုံဆည်းရလေအောင် ဥာဏ်ပညာရှိဆောင်သဖြင့်ဂုဏ်း။ ။

(၃) အာမဝန်တာခံ, မိန့်ခွန်းတော်စကားကို, လေးစားရုံမှတ်လျက်၊ မိမိ၏ယခုပစ္စက္ခနှင့်၊ လာလတံ့သော ဘဝအသခ်ၤာတွင်, တွေ့ကြုံခံစားရမည့် ဒုက္ခမျိုးအထွေထွေကို၊ ရှုံကြောက်သည့်အနေမှ, လွတ်မြောက်ချမ်းသာရမည့်အခြေကို၊ လေးလေးနက်နက်, ချင့်တွက်မြော်ကိုးကာ ပညာကို ရှေသွားပြုသဖြင့်ဂုဏ်း။ ။

"ယခုအချိန်သည် အကောင်းဆုံးအချိန်ဖြစ်သည်" ဟု ဆုံးဖြတ်လျက်၊ ဆက်ဆက်မုချ ပဌမ မဂ်ကို၊ ကေန်လက်ရှိ ရကြအောင်, ယခုထ၍ အားထုတ်ကြိုးစားနိုင်ကြပါစေ.... ဟူသောတိုက်တွန်းလှာ စကားတရပ်ဖြင့် ဓမ္မလက်ဆောင်အမြတ် ပါးလိုက်ရပါသတည်း။

(၈) အကြောင်းပြစကား

" ပညာစကွေ့ - အစဉ်ရှုကြရန် "

ဖြတ်ဆေးတော်ကြီး

(၁) ယေကေစိ သြသဓာ လောကေ။
ဝိဇ္ဇန္တိ ဝိဝိဓာ ဗဟုံ။
ဓမ္မော သဓသမံ နတ္ထိ။
တေံ ပိဝေထ ဘိက္ခဝေါ။ ။

( မိလိန္ဒပဉ္ဟာ ပါဠိတော်၊ )

ဘာသာပြန်။ ။ကျွှေလောကအတွင်း၌ ခပင်းဥသုံ ကုန်းခြုံ စားစား မျှားပြားထူးလည် အမျိုးအမည်-ခြားနားကုန်သော၊ ရောဂါပျောက်ကြောင်း ဆေးမျိုးပေါင်း တို့ကား, ထောင်သောင်းမက အနန္တသင်္ချာ မျှားစွဲပင်ရှိကြပါကုန်၏။ သို့တမူလည်း, ထိုဆေးပေါင်းအနန္တ ရှိသမျှအလုံးစုံတို့တွင်, ဓမ္မောသဓ,ဓမ္မမြိုက်အေား တရားဆေးနှင့်တူသည့် ဆေးမျိုးကား အလျှင်းပင်မရှိပါချေ။ ချစ်သားတို့- အသင်တို့သည် ဓမ္မောသဓ ဓမ္မဩဇာ ဝိပဿနာမြတ်လေး, တရားဆေးတော်ကြီးကို၊ မှီဝဲအားထားကာ သောက်စား သုံးဆောင်ကြလေလော့။ ။

(၂) ယထာပိ ဗျာဓိတော ပုရိသော၊
ဝိဇ္ဇမာနေ တိကိစ္ဆကေ။
နှ တိကိစ္ဆာပေတိ တံ ဗျာဓိ်ံ၊
နသော ဒေါသော တိကိစ္ဆကေ။ ။

(၃) ဓဝံ ကိလေသဗျာဓိဟိ၊
ဒုက္ခိတော ပရိပီဠိတော။
နာ ဂဓဝသတိ အာစေရံ။
နသော ဒေါသော ဝိနာယကော။ ။

(ဗုဒ္ဓဝင်နှင့် အပါဒါန် ပါဠိတော်၊)

**ဘာသာပြန်။** ။အလွန်သည်းထန်စွာ အနာနှိပ်စက်ခံရသည့် ယောကျ်းသည် ရောဂါငြိမ်းတတ်သည့် သမားမြတ် ထင်ရှားရှိနေပါလျက်၊ ထိုဝေဒနာကို မကုသစေငြားအံ့။ (ထိုသို့ မကုသစေသဖြင့် အနာရောဂါ မ,ပျောက်ရာ၌) သမားမြတ်၏ အပြစ်မဟုတ်သကဲ့သို့။ ဤဥပမာအတူပင်လျှင်, ကိလေသာ နှုနာရောဂါတို့ဖြင့်, ဆင်းရဲကြီးလှစွာသော, ပြင်းထန်လှစွာ အနှိပ်အစက် ခံနေရရှာသော, သတ္တဝါအပေါင်းသည်၊ ကိလေသာဟူ နှုနာငြိမ်းတတ် ဆရာမြတ်ကို ဆည်းကပ်အံ့ဝါ မဖွေရှာသည့် ထိုအပြစ်ကား ဆရာကောင်း-ဆရာမြတ်၏ ဒေါသာစွန်းညစ်, အပြစ်တစုံတရာ မဟုတ်ခဲ့ပါချေတကား။ ။

**အဆုံးသဘင်ချပ်။** ။ဤတရားတော်များကို အသံဖမ်းကြိုးခွ (တိပ်ရကော်တာ) မှတဆင့်, ကူးယူရေးသားရသဖြင့် ချို့ယွင်းချက်များ ပါရှိကောင်း ပါရှိပေလိမ့်မည်၊ အကယ်၍ ချို့ယွင်းချက် တစုံတရာ တွေ့မြင် ဘတ်ရှုရပါက-ဤစာရေးသူ၏ တာဝန်သာလုံးဝဖြစ်ကြောင်း၊ မူလဟောကြား

(၈) အကြောင်းပြစကား

တော်မူရင်း ဆရာတော်ဘုရားနှင့် မသက်ဆိုင်ကြောင်း၊ လေး
လေးနက်နက် သတိချပ်ကာ သိမှတ် ထားကြစေလိုကြောင်း၊
ထပ်လောင်း၍ ရေးသားဘော်ပြအပ်ပါသတည်း။ ။

ဟာဝဝနိခံတင်ဆက်သူ
"ကြိုးကြင်နဆွဲ"
မိတ်ဆိုးလောကြို

# မိုးကုတ်ဝိပဿနာ-ဒုလ္လဘဒေသနာ

တတိယတဲ့။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

## အာသီသပုဗ္ဗက ဂန္ထာရမ္ဘ

သပ္ပဓမ္မေ ပဋ္ဌပိတိတိ၊
ပေဝံ ပဇာယ ပေဓျတာ။
တေန သစ္ဆေန ပဇ္ဇောတံ၊
စိရံ စက္ကံ ပတိဋ္ဌတု။ ။

ယောဇိနော၊ ဒေဝပုတ္တာ၊ စသည်ထောင်သောင်း၊ ရန်, မာရ်ပေါင်းကို၊ ထောင်းထောင်းဖြိုခဲ့၊ သိမ့်သိမ့်ကြွေမျှ၊ အောင်ပွဲမှုးသခင်၊ အကြင်ဘုရားရှင်ကိုယ်တော်မြတ်သည်။ သပ္ပဓမ္မေ၊ ခပ်သိမ်းညဉ်ဏ်၊ လုံးစုံဓမ္မ၊ အနန္တသခ်ျာ၊ တရားရတနာတို့ကို။ ပဋ္ဌာန်၊ ကောင်းစွာကေန်၊ သယံဘောက်ထွင်း၊ ရှင်းလင်းသေချာ၊ သိမြင်တော်မူတတ်ပါပေ၏။ ဤတိ၊ တရားအလုံးစုံ၊ အကုန်မကြွင်း၊ ထင်လင်းကိုယ်တိုင်၊ သိပိုင်တော်မူဟတ်၊ ထိုသကတ်ကြောင့်၊ သောဇိနော၊ဒေဝပုတ္တာ၊ စသည်များဖြင့်၊ မာရ်စစ်အင်ကို၊ အောင်

မြင်တော်မူလတ်၊ ထိုဘုရားမြတ်သည်။ ဗေဒီ၊ ပကတိ, မဟာ၊ အဂ္ဂါ,ပစ္စေက၊ အဝဝတို့ထက်၊ ဆတက်ထိပ်ဖူး၊ လွန်ထူးမြတ်ဘီ၊ သမ္မာသမ္ဗောဓိ, မည်တော်မူပါပေ၏။ ဝါ၊ တနည်းထိုမှ၊ ပရဝစနတ်၊ နောက်စကားရပ်ကား။ ယောဇီနော၊ ဒေဝပုတ္တ၊ စသည်များဖြင့်၊ မာရ်စစ်အင်ကို၊ အောင်မြင်တော်မူလတ်၊ အကြင်ဘုရားရှင်ကိုယ်တော်မြတ်သည်။ ပဇာယ၊ ဝေဏ္ဍေယျကြော၊ များစွာသိန်းသောင်း၊ သတ္တဝါအပေါင်းကို။ ဗေဒေျတာ၊ ဗေဒဓေတာ၊ ဒုက္ခ,သမုဒယ၊ နိရောဓနှင့်၊ မဂ္ဂမှန်စွာ၊ လေးသစ္စာကို၊ ဘောက်ကာဆွင်းစေ၊ သိမြင်စေတော်မူတတ်ပါပေ၏။ ဣတိ၊ သတ္တများစွာ၊ ဝေဏ္ဍေယျာကို၊ သစ္စာနဲနက်၊ မှန်လေးချက်၌၊ ဘောက်ထွက်ခဲ့ဝေ၊ သိမြင်စေတတ်၊ ထိုသကတ်ကြောင့်၊ သောဇီဓနော၊ ဒေဝပုတ္တ၊ စသည်ထောင်သောင်း၊ ရန်မာရ်ပေါင်းကို၊ ထောင်းထောင်းဖို့ခဲ့၊ သိမ့်သိမ့်ကြဲမျှ၊ အောင်ပွဲမူးသခင်၊ ထိုဘုရားရှင်ကိုယ်တော်မြတ်သည်။ ဗေဒီ၊ ဗေဒီဿရ၊ ဓမ္မရာဇာ၊ ထွဋ္ဌချမှန်ကင်း၊ မင်းမင်းဓိပတိ၊ သမ္မာသမ္ဗောဓိ, မည်တော်မူပါပေ၏။ တေနသစ္စေန၊ ဆိုတိုင်းမှန်စွာ၊ သစ္စာစကား၊ကျိစ္စမ်းအားကြောင့်။ စက္ကံ၊ သုံးဝမြတ်စွာ ဒေသနာဟု၊ ဩဝါနဲနက်၊ သာသနာတော်စက်သည်၊ ဝါ-စက္ကံ၊ မိုးကုတ်ဝိပဿနာ၊ ဒေသနာဒုလ္လဘာ၊ ဟောပြကျင့်ရပ်၊ လည်စေအပ်သည့်၊ ထွဋ္ဌိမြတ်ရတနာ၊ ကျိ-စကြာသည်။ ပဇ္ဇောတံ၊ နေ,လသခြေ့၊ ရောင်ယှက်ဝေသို့၊ မိစ္ဆာပယ်ခွင်း၊ ဂုဏ်ရှိန်ဝင်းလျက်၊ ထွန်းလင်းတောက်ပကာသာ။ ပတိဋ္ဌတု၊ ကမ္ဘာပတ်လည်၊ မြန်ပြည်အလယ်၊ တန်းခိုးကြွယ်လျက်၊ လူ့ဝယ်ကောင်းစွာ၊ ကျင့်ဆောင်ကြသဖြင့်၊ ကာလမြင့်ကြာ၊ တည်တန့်ပါစေသတည်း။ ။

# ဓမ္မရတနာ-မာတိကာ

## “ ဖြစ်ပျက်ဖြင်က နိဗ္ဗာန်ရ တရားတော် ”

### ဆောင်ပုဒ်၊

ဝိပဿနာ၊ ကြုံခဲစွာ၊ ခုလာဆုံတွေ့ငြားဃ။
တနေ့တနေ့၊ ရသရွှေ၊ မမေ့ရှုမှတ်ပွားဃ။
ရှေသွားဖြစ်ပျက်၊နောက်လိုက်မဂ်၊ပွားတက်ဉာဏ်စုမ်းအားဃ။
ဖြစ်ပျက်မြင်လျှင်၊ နိဗ္ဗာန်ပင်၊ မှန်လျှင်ရမှတ်သားဃ။
မမြင်ဖြစ်ပျက်၊ နိဗ္ဗာန်၊ တက်တက်ဝေးကွာခြားဃ။
တနေ့တလံ၊ ဉာဏ်အားသန်၊ ပုဂံနိဗ္ဗာနားဃ။
နိဗ္ဗာန်နန်းရှေ၊ နီးလေလေ၊ ဝေးလေပါယ်လေးပါးဃ။
မရှုနေလျှင်၊ မေ့သေင်၊ ပါယ်ခွင်ကိုယ့်အိုးစားဃ။

### သတိခြင်း၊

ပုထုဇဉ်၊ ဥမ္မာဒ၊ အနွံပိတ်ပိတ်သားဃ။
ရမ်းဆထင်မြင်၊ ရမ်းပြောချင်၊ လွဲစင်တက်တက်မှားဃ။
ဆယ်ရေးတရေး၊ မှန်ဘိုဝေး၊ ကိုးရေးတရာခြားဃ။
ခြောက်ငါး၊ လေး၊ နှစ်၊ သခ်ျာစစ်၊ ဉာဏ်လှစ်မစေစားဃ။
ခန္ဓာဖြစ်ပျက်၊ လိုရင်းချက်၊ မသက်ဉာဏ်ကျော်လွှားဃ။
ပုထုဇဉ်နဲ့၊ လျှာရှေကဲ၊ အလွဲမှောက်မှားမှားဃ။

“ ဒုနိုးကန်တောင့်ရန်။ ”

ဩကာသ, ဩကာသ, ဩကာသ၊ ကာယ, ဝစီ၊ မနောချီလျှက်၊ သုံးလီစေတနာ၊ သုံးဖြာဒုါရ၊ ပဏာမဖြင့်၊ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ရတနာ မြတ်သုံးပါး တို့ကိုဂုဏ်း၊ ရတနာမြတ်သုံးပါးတို့၏ ဂုဏ်ကိုဂုဏ်း၊ ဆရာသမ္မားတို့ကိုဂုဏ်း၊ ဆရာသမ္မားတို့၏ ဂုဏ်ကိုဂုဏ်း၊ ယုံကြည်မြတ်နိုး၊ လက်အုပ်မိုးချ၊ ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျှာ့၊ ကန်တော့ပါ၏ အရှင်ဘုရား။ ။

ဤသို့ ရိုသေမြတ်နိုး၊ လက်အုပ်မိုးချ၊ ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျှာ့၊ ကန်တော့ရသော ကုသိုလ်ကောင်းမှုကံ၊ စေတနာတို့ကြောင့်၊ ဝဋ်ဘဝတို့တိုန့်၊ မင်္ဂိုလ်နိဗ္ဗာန်ကို၊ လျင်မြန်ဆောစွာ၊ မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား။ ။

“ ကန်တော့ကျိုးပေးခြင်း။ ”

ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ဆရာသမ္မားတို့အား၊ ရိုသေမြတ်နိုး၊ လက်စုံမိုးချ၊ ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျှာ့၊ ကန်တော့ကြရသော၊ ပူဇဝတ္ထု ပဏာမစေတနာ, သဒ္ဓါ, ပညာ, ဝိရိယတို့ကြောင့်၊ မိမိတို့ အလိုရှိအပ်, တောင့်တအပ်သော, မအိုမသေ, အမြဲနေသော နိဗ္ဗာန်သို့ဂုဏ်း၊ ဒုက္ခဓပ်သိမ်း, ကင်းငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့ဂုဏ်း၊ တထောင့်ငါးရာ၊ ကိလေသာတို့၏ ချုပ်ရာ, ငြိမ်းရာ, သိမ်းရာဖြစ်သော နိဗ္ဗာန်သို့ဂုဏ်း၊ “မိမိတို့- အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည်” လျင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူးပြု၍၊ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ကြသည်ဖြစ်စေ။ ။

“သတိ။ ”

အဟံဘန္တေ စသည်ဆို၍ မိမိတို့ဆန္ဒရှိရာ သီလကို ခံယူဆောက်တည်ကြရန် ဖြစ်သည်။

---

**တရားသဘင်။** ။ဒို့ဒကာတွေ့ အထူးသတိချပ်ပီး, သိမှတ်လိုက်နာကြဘို့ ပြောလိုက်ပါတယ်။ ဘုန်းကြီးဆုပေးတဲ့အထဲမှာ “မိမိတို့အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည်၊ လျင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ကြသည်ဖြစ်စေ....” လို့ပေးဒါဟာ သာမညမျှားမမှတ်လိုက်ကြနဲ့- ဒို့ဒကာ, ဒကာမတွေ့ ဝိပဿနာတရားကို အမြဲတမစေ အားထုတ်ဆဲရှိကြစေလို့ ပြောလိုတဲ့အဓိပ္ပါယ်ဘဲလို့ မှတ်လိုက်ကြ။

ဒါကြောင့်- ဒို့ဒကာ,ဒကာမတွေ့ကို၊ အားထုတ်ဆဲ-ဝိပဿနာဉာဏ်နဲ့ နေကြပါလို့ အလေးအနက်တိုက်တွန်းလိုက်တယ်။

ဒီလိုနေမှသာ ဉာဏ်တက်နေမယ်၊ ဉာဏ်သွားထက်လာမယ်၊ ဒီလို ဝိပဿနာဉာဏ်နဲ့ အမြဲနေတော့ မဂ်ဉာဏ်ဟာ တရားနာရင်းက ပေါ်လာမယ်- ပေါ်လာနိုင်တယ်၊ မဂ်ဉာဏ်ပေါ်တော့-အပါယ်ကျဘို့အလုပ် ရုပ်သိမ်းရော သဘောပါကြပလား?။ ဒါကြောင့် ဝိပဿနာဉာဏ်နဲ့နေမှသာ ဖြစ်တော့မယ်ဆိုဒါ ဆုံးဖြတ်ချက်ချ။ ဒီဉာဏ်မှမရရင် မတက်ရင် မဂ်ဉာဏ်မလာနိုင်ဘူး၊ မဂ်ဉာဏ်မလာသမျှ အပါယ်စာဖြစ်ဘို့ဘဲ ရှိတယ်လို့ မှတ်ကြ၊ ရှင်းကြပလား?။

ရှေးသူ့ကာလက ဖြစ်ပျက်မြင်တဲ့ဥာဏ် ဝိပဿနာဥာဏ်၊ နောက်လိုက်ကမဂ်ဥာဏ်၊ ဒါကို- မြဲမြဲမှတ်ကြ၊ ရှေးသူ့ကာလမရှိရင် နောက်လိုက်မလာနိုင်ဘူး၊ ရှေးသူ့ကာလရှိမှသာ နောက်လိုက်လာနိုင်မှာ။ ဒါကြောင့်- နောက်လိုက် မဂ်ဥာဏ်လာနိုင်အောင်, ရှေးသူ့ကာလဖြစ်တဲ့ ဝိပဿနာဥာဏ်ကို ကြိုးကြိုးစင်စင်, အခုလိုသိလို့ သတိရတဲ့အချိန်က မရ-ရအောင် လုပ်ထားကြ၊ ရိပ်မိကြပလား?။

ဝိပဿနာနဲ့နေရင်,နိဗ္ဗာန်မြင်တဲ့ဥာဏ် အဆင့်ဆင့်ရလာမယ်၊ နောက်ရဟန္တာဖြစ်သွားမယ် ဘာလို့ ရဟန္တာဖြစ်သလဲ? မေးရင် နိဗ္ဗာန်မြင်လို့ ရဟန္တာဖြစ်တာဘဲလို့ မှတ်လိုက်ကြ။ ဒီတော့ ဒို့ဒကာတွေ, ဒီနေရာမှတ်ဘို့ပြောရမယ် ရဟန္တာမြင်တဲ့အမြင်ဟာ ဘယ်လိုအမြင်လဲ? ဆိုဒါရယ်၊ ရဟန္တာဖြစ်နိုင်တဲ့ အမြင်ဆိုဒါ ဘယ်လိုမြင်တဲ့ အမြင်မျိုးလဲ? ဆိုတဲ့အချက်ရယ် ဒါကို ရှင်းပီးသိကြရမယ်။

အခုပြောမဲ့ အချက်ဟာ သံယုတ်ပါဠိတော်မှာ လာတဲ့အချက်၊ အဓိပ္ပါယ် ဝတ္ထုသက်သေဘဲလို့ မှတ်ထားကြ။ ။ပုထုဇဉ် ရဟန်းက မေးတဲ့အချက်ကို၊ ရဟန္တာကြီးလေးပါးက ဖြေဆိုတော်မူကြတဲ့ ဝတ္ထုသက်သေဘဲလို့ မှတ်ရမယ်၊ ဒီနေရာမှာ ဒို့ဒကာတွေ အထူးသတိချပ်ဘို့က "နိဗ္ဗာန်ရောက်ပီး, ရပီးသူကို၊ မရောက်ဘူးဒသး, မရဘူးသေးတဲ့ သူက မေးတဲ့ ပြဿနာကို၊ နိဗ္ဗာန်ရောက်ပြီးသူက ဖြေထားဒါဖြစ်လေတော့ ဒီအဖြေဟာ— အဖြေမှန်ဘဲ၊ ဒီအမြင်မှ အမြင်မှန်ဘဲလို့ ဆုံးဖြတ်ချက်ချရမယ်။

ဒီလို-အဖြေမှန်နဲ့အမြင်မှန်ကို၊ ကောင်သိရပြီမို့လဲ ဒို့ဒကာတွေ ငါတို့တော့ ဒီကနေ့ အမြင်မှန်ရကြတော့မယ် ဆိုတဲ့ အချက်ကို၊

နှစ်နှစ်သက်သက်စဲ့မှတ်ထားကြ။သဘောပါကြပလား? စဲ့မှတ်ပီး ဖေါ်လဲ့ စဲ့မှတ်တဲ့အတိုင်း လိုက်နာကျင့်သုံးကြလို့၊ တိုက်တွန်း လိုက်တယ်။ ။

"ပုထုဇဉ်ရဟန်းကမေးလို့၊ ရဟန္တာကြီးလေးပါးက ဖြေတဲ့အချက်။"

"ရောက်ပီးသား ပုဂ္ဂိုလ်ကို၊ မရောက်သေးတဲ့သူက မေးတဲ့အချက်။"

အရင်— ဘုရားရှေလက်ထက်ဖေါ်က ပုထုဇဉ်ရဟန်းတပါး ဟာ နိဗ္ဗာန်မြင်တဲ့ ရဟန္တာကြီးတပါးထံ သွားရောက်ပြီး မေး မြန်းစုံစမ်းတယ်တဲ့...."အရှင်ဘုရား အရှင်မြင်တဲ့ အမြင်, အရှင် ရတဲ့အမြင်မှန်ကို အမိန့်ရှိပါ" လို့ မေးလျှောက်တော့၊ ရဟန္တာ မထေရ်ကြီးက...."ငါမြင်တဲ့ အမြင်ဟာ တခြားမဟုတ်ဘူး....

"မျက်လုံး,နား,နှာခေါင်း,လျှာ,ကိုယ်,ဆိုတဲ့ရုပ်ငါး ခုနဲ့ စိတ်,ဆိုတဲ့နာမ်တခု၊အဲဒီခြောက်ခု ဆဋ္ဌာယတန ဖြစ်ပျက်ကို မြင်ပီး, အဲဒီ မြင်တဲ့အမြင်နဲ့ နိဗ္ဗာန်ရ ခဲ့တယ်" လို့ ဖြေတော်မူလိုက်တယ်။ ။

"ဆန္ဒံ ဖဿာယတဘာနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ" ဘဲ့-ရုပ် ငါးပါးနဲ့ စိတ်တပါး အဲဒီ ခြောက်ပါး ဖြစ်ပျက်တွေကိုမြင်တယ် အဲဒီအမြင်ကမှ တဆင့်တက်ပီး နိဗ္ဗာန်မြင်လို့ ရဟန္တာဖြစ်တယ် လို့ ဆိုလိုတယ်။ ။

"တွောဝတာ ခေါ အာဝုသော ဘိက္ခုနော ဒဿနံ သုဝိ သုဒ္ဓံ ဟောထီတိ" လို့ သံယုတ်ပါဠိတော်မှာ လာတယ်၊ အဲဒီလို

မြင်တဲ့အမြင်မှ စင်ကြယ်တဲ့အမြင်မှန်၊ နိဗ္ဗာန်မြင်တဲ့အမြင်ဘဲလို့ မှတ်ကြ။

ဒီတော့ ဖြစ်ပျက်မြင်ဒါဟာ နိဗ္ဗာန်မြင်တဲ့အမြင်ဘဲ ဆိုတဲ့ အချက်ကို လေးလေးနက်နက် မှတ်ထားကြ။ ဝိပဿနာရှုလို့ ဖြစ်ပျက်မြင်ရင် နိဗ္ဗာန်ရဘို့သေချာဘီ၊ ဖြစ်ပျက်မှုမမြင်သေးရင် ဖြင့်, ဘယ်နည်းနဲ့မှ နိဗ္ဗာန်မရသေးဘူး- နိဗ္ဗာန်နဲ့မနည်းသေးဘူး ဆိုဒါ ဆုံးဖြတ်ချက်ချ ရိပ်မိပလား? နိဗ္ဗာန်ကို ဒီကစပီးမြင်ရမှာ ဒီဖြစ်ပျက်အမြင်က စပီးမှ နိဗ္ဗာန်မြင်ရမှာမို့— ဒို့ဒကာတွေကို ပြောလိုက်ပါတယ်။ "ဖြစ်ပျက်မြင်ရင် အားမရှော့ကြနဲ့ မည့်တော့ဘူး" လို့- ရှင်းကြပလား?။

ဒါကြောင့်, နိဗ္ဗာန်အစ ရုပ်,နာမ် ဖြစ်ပျက် အမြင်က စ" လို့ သေသေချာချာ မှတ်ထားကြဘို့ ပြောလိုက်တယ်။ ။

ဖြစ်ပီးပျက်တယ်ဆိုဒါ,ရှေအမူအရာနဲ့-နောက်အမူအရာ မတူဒါကိုဆိုဒါဘဲ၊ ကိုယ် ခန္ဓာမှာ အကဲခပ်တော့ ကိုယ်တိုင်ငြိမ်ဒါ, ကိုယ်တိုင်လှုပ်တာ ကိုယ်တိုင်သိရမယ်၊ ဒါကိုသိအောင်လုပ်ကြ။ ဒါမှ- သိအောင်မလုပ်တတ်ရင် ငါ့ထက်ဖြင်း မရှိတော့ဘူးလို့ ကိုယ် ကိုယ်ကိုယ် ပြန်ပြောဘို့ဘဲရှိတယ်။ ခန္ဓာက ငါ့ကိုကြည့်, ငါ့ကိုယ်ကြည့်နဲ့ အမြဲပြောနေဒါပါ ခန္ဓာအကဲခပ်တာနဲ့ အမှန်သိပါတယ်။

ဒို့ဒကာတွေ ဒီခန္ဓာနဲ့အတူနေဒါကြာပါဘီ၊ အကဲမခပ်တော့ မသိကြဘူး၊ အကဲခပ်တော့ ဖြစ်ပီးပျက်တာသိမယ်။ ဒို့ဒကာတွေ မွေးတွင်းပါအကျင့်က သူများကိုတော့ ကြည့်တတ်ကြတယ်။

ကိုယ် ့ကိုယ်တိုင်ကျတော့ မကြည့်တတ်ကြဘူး။ တလဲ့မှာ ဆံပင်ကောင်း-ဆိုသလိုဖြစ်နေကြတယ်၊ ဒီကရှေ့ ကိုယ်အဖြစ်မှန်-ကိုယ်သိအောင်, ကိုယ် ့ကိုယ်ကိုယ် ကြည့်ကြ။ ကိုယ် ့အဖြစ်မှန်ဟာ-ဘယ်လောက်ဆိုးနေသလဲ ဆိုဒါ-ကိုယ် ့ကိုယ်ကိုယ်ကြည့်ပီး ပြုံးကြ၊ သူတပါးအပြစ်ကြည့်ပီး မပြုံးကြနဲ့တော့လို ့ သတိပေးလိုက်ပါတယ် သဘောပါကြပလား?

ကိုယ် ့ခန္ဓာမှာ ကိုယ်အကဲခပ်ကြည့်ရင် ငြိမ်ဒါ, လှုပ်တာ သိကြရမယ်၊ အငြိမ်ဟာ အလှုပ်ဆီမပါဘူး အလှုပ်ဟာလဲ အငြိမ်ဆီကို မပါဘူး ဆိုတဲ့အချက် ကိုယ်တိုင်သိရမယ်။ လေထုတ်တဲ့စိတ်ဟာ ပြန်ပီးမရှိက်နိုင်ပါဘူး၊ ရှိက်စိတ်ဟာလဲ ပြန်ပီး မထုတ်နိုင်ပါဘူး။ ရှု။ ဒါဟာ တစိတ်၊ ရှိက်တာဟာ တစိတ်၊ တစိတ်စီ, တခြားစီဘဲ။ ရှု။ တဲ့စိတ်ဟာ ရှု။ ပီး ချုပ်သွားဒါဘဲ၊ ရှိက်စိတ်ဟာလဲ-ရှိက်ပီး ချုပ်သွားဒါဘဲ၊ အဲဒါ စိတ်ဖြစ်ပျက် စိတ္တာနုပဿနာလို ့မှတ်ကြ။ ။

လုပ်ရင် လွယ်ပါတယ် ဝန်မလေးပါဘူး ဒို့ဒကာတွေက ဝန်မလေးဘူးဆိုတော့ "ဝန်မထမ်းလို ့-မလေးဒါမျိုး" မဖြစ်ကြစေနဲ့အုံးလို ့ သတိပေးလိုက်ပါတယ်။ ။ဒါနဲ့ ခုနပြောတဲ့အကြောင်းဆက်ရမယ်။ အဲဒီ, ပုထုဇဉ်ရဟန်းက-ရဟန္တာဖြတဲ့ အဖြကို မကျေနပ်သေးဘူး၊ ဒါနဲ့ ရဟန္တာမထေရ်ကို မေးပြန်တယ် "အရှင်ဘုရား ဒီပြင် နိဗ္ဗာန်မြင်တဲ့သူများ ရှိသေးသလား? ဒီလိုမေးတော့ ရဟန္တာအရှင်က ဒီပြင်ပုဂ္ဂိုလ်ရှိသေးတယ် ဆိုပီး, ဘာဝင်ဘက်က ကိုယ်တော်တပါးကို ညွှန်ပြလိုက်တယ်။ ။

ဒါနဲ့ အဲဒီ ပုထုဇဉ်ရဟန်းက တောင်ဘက်မှာရှိတဲ့ ရဟန္တာမထေရ်ထံ သွားရောက်ချဉ်းကပ်ပြီး မေးမြန်းစုံစမ်းပြန်တယ်....၊ "အရှင်ဘုရား- နိဗ္ဗာန်မြင်တဲ့ အမြင်မှန် အမိန့်ရှိပါအုံး"။ ဒီတော့ ရဟန္တာမထေရ်က....

> ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် - ဆိုတဲ့ ခန္ဓာငါးချက်ရဲ့ အဖြစ်အပျက်ကို မြင်တဲ့အမြင်ဟာ၊ အမြင်မှန်ဘဲ၊ အဲဒီ ခန္ဓာငါးပါး ဖြစ်တာပျက်တာ မြင်ရင် နိဗ္ဗာန်မြင်တဲ့ အမြင်မှန်ဘဲ" လို့- ဖြေဆိုလိုက်တယ်။

ဒီအခါမှာ အဲဒီပုထုဇဉ်ရဟန်းရဲ့ ဉာဏ်မှာ မရှင်းလင်းတော့ဘူး၊ ရှုတ်ထွေးသွားတယ်၊ အင်း, ပဌမကိုယ်တော်က ခြောက်ပါးတဲ့၊ ဒုတိယကိုယ်တော်ကျတော့ ငါးပါးတဲ့၊ သူ့ဉာဏ်မရှင်းတော့ဘူး- ရှုတ်နေဘီ၊ အဲဒါမှ ခက်တော့ဒါဘဲ ဆိုပီး အတော်ဂွကျသွားဒါပေါ့။ ။

သတိချပ်ဘို့က ဒီနေရာမှာ ရုပ်, နာမ်မလိုဘူး၊ ဖြစ်ပျက်သာလိုတယ်ဆိုတဲ့အချက်ဘဲ၊ ဖြစ်ပျက်သိဘို့သာ လိုရင်းစဲ့လို့မှတ်ကြ၊ ရှင်းကြပလား? ဒါကို အဲဒီရဟန်းက မသိဘူး၊ မသိတော့ ရဟန္တာမထေရ်ကို မေးပြန်တယ်...."အရှင်ဘုရား ဒီပြင်, နိဗ္ဗာန်မြင်တဲ့ပုဂ္ဂိုလ်မျှားရှိပါသေးသလား?" ဒီတော့ ရဟန္တာမထေရ်က တတိယပုဂ္ဂိုလ်တပါးကို ညွှန်လိုက်ပြန်တယ်၊ ဒါနဲ့ အဲဒီရဟန်းက တတိယရဟန္တာမထေရ်ထံ သွားရောက်ပီး မေးမြန်းစုံစမ်းပြန်တယ်။ "အရှင်ဘုရား နိဗ္ဗာန်မြင်တဲ့အမြင်ကို အမိန့်ရှိပါအုံး" ဒီတော့- ရဟန္တာမထေရ်က....

"ပထဝီ, အာပေါ, တေဇော, ဝါယော ဆိုတဲ့ ဓါတ်ကြီးလေးပါးရဲ့ ဖြစ်ပျက်မြင်ရင် နိဗ္ဗာန်မြင်တဲ့ အမြင်မှန်ဘဲ" လို့ ဖြေဆိုလိုက်တယ်။ ။

အဲဒီအခါမှ ပုထုဇဉ်ရဟန်းရဲ့စိတ်ထဲမှာ ထပ်ရှုတ်သွားပြန်ပါရော။ ဒီအခါမှခက်တော့ဒါဘဲ ပဌမက ခြောက်ပါး၊ ဒုတိယက ငါးပါးတဲ့၊ တတိယ ကိုယ်တော်ကျတော့ လေးပါးဖြစ်သွားဘီ၊ ဘယ်နှယ်မျှားဖြစ်ပါလိမ့်မတုံး ဆိုပီး နောက်ထပ်မေးပြန်တယ်၊ "အရှင်ဘုရား ဒီပြင် နိဗ္ဗာန်မြင်တဲ့ပုဂ္ဂိုလ်မျှားရှိပါသေးသလား? ဒီတော့ အဲဒီရဟန္တာက စတုတ္ထရဟန္တာတပါးကို ညွှန်ပြလိုက်တယ် ဒါနဲ့ အဲဒီရဟန်းဟာ စတုတ္ထမဇ္ဈေရဲ့ သွားရောက်မေးပြန်တယ် "အရှင်ဘုရား အရှင်နိဗ္ဗာန်မြင်တဲ့ အမြင်မှန် အမိန့်ရှိပါအုံး"....

ဒီတော့ စတုတ္ထမဇ္ဈေရဲ့က "ဥဒယနဲ့ဝယ ဖြစ်တာနဲ့ ပျက်တာမြင်ရင် နိဗ္ဗာန်မြင်တဲ့ အမြင်မှန်ပေဘဲ" လို့ ဖြေလိုက်တယ်။

ဒါက ပိုရှင်းသေးတယ်၊ "ယံ ကိဉ္စိ သမုဒယဓမ္မံ သဗ္ဗန္တံ နိရောဓဓမ္မန္တိ" တဲ့၊ အဲဒီလိုဖြေလိုက်တာ ဒီအဖြေက ပိုတောင်ကောင်းသေးတယ်။ ဘာမဆို အဖြစ်နဲ့အပျက်ဘဲရှိတယ်၊ ဒီဖြစ်ပျက်နှစ်ခုကိုမြင်ရင် နိဗ္ဗာန်မြင်တဲ့အမြင်မှန်ဘဲ ဆိုဒါ ထောက်ခံချက်ပေးလိုက်တာဘဲလို့ မှတ်ကြ။ ဒို့ဒကာတို့ အထူးသတိပြုဘို့ က၊ "ဝိပဿနာဖြစ်ရင်-ဝိပဿနာမှန်ရင် ဖြစ်ပျက်ခံတွေ့ရမယ်၊ ဖြစ်ပျက်တွေ့မှသာ ဝိပဿနာအစစ်အမှန်ဖြစ်တယ်" ဆိုတဲ့ အချက်ဘဲ။ သဘောပါကြပလား?။

အဲဒီရဟန်းက လယ်ပိုးမေးဒါဟာ မကျေနပ်လို့ဘဲ ဆိုဒါ ထင်ရှားတယ်၊ ဥပမာ- ဒို့ဒကာ ဒကာမတွေ ဘုရားလယ်ဖူးနေကြ ဒါနဲ့ တူတယ်လို့ ပြောရင် မမှားပါဘူး။ ။ဟိုဘုရားက ကြည် ညိုစရာကောင်းတယ်၊ ဒီဘုရားက ပိုပီး သပ္ပါယ်တယ်၊ ဘယ်ဘု ရားက ဆုတောင်းပြည့်တယ်နဲ့ ဒို့ဒကာတွေ လုပ်တတ်ကြတယ်.... အဲဒါ, ပုထုဇဉ်မို့ဘဲဆိုဒါ ရိပ်မိကြ။ ပုထုဇဉ်မျိုးဆိုဒါ ဆင်ကမ်း တောတိုး အကျိုးအကြောင်း မသိတတ်ကြဘူး။

ဒို့ဒကာထဲ့ မနာကြနဲ့ ဒို့အဖြစ်က ဒီထက်ပင် ဆိုးလိမ့်အုံး မယ်ဆိုဒါ ကြပ်ကြပ်စဉ်းစားကြ။ ။ပုထုဇဉ်မျိုးမို့ အကျိုးအ ကြောင်း, ကောင်းဆိုးနှစ်ပါး မခဲ့ခြားတတ်တော့ အနီးဘုရားက နေ, အဝေးဘုရား သွားလားသွားတတ်ကဲ့၊ အနီးတရားကနေ, အဝေးတရားလဲ သွားချင်သွားမယ်၊ ဘယ်လောက်အရုပ်ဆိုးတဲ့ အဖြစ်လဲဆိုဒါ စဉ်းစားကြည့်ကြ။ ဘုရားတဆူထဲ ဂုဏ်တော်က လဲ·ကိုးပါးပါဘဲမဟုတ်လား?၊ ရိပ်မိကြပလား?။

ဒို့ဒကာတွေ စဉ်းစားကြည့်ကြ၊ ဥပမာ ကိုယ့်သားသမီးများ က ခင်ဗျားတို့ကို ဦးချကန်တော့ပီး "ကျွန်တော်များ အမေ့အ ဘော လယ်ရှာပါအုံးမယ်၊ ဒီပြင် အမေ့အဘော ရှာခွင့်ပြုပါအုံး" ဆိုပီး ထွက်သွားရင် ဘယ်နှယ်များ နေကြမတုံး? အဲဒီလိုလုပ်ရင် ခံနိုင်, မခံနိုင် စဉ်းစားကြ၊ ကျေနပ်ပလား? ဒီလို အလုပ်လဲတွေ ဆင်ခြင်ကြလို့ သတိပေးလိုက်ပါတယ်။ ။ဒါက ပုထုဇဉ်သ ဘောမို့ အလဲလောက်တတ်ကောင်းနေကြဒါ၊ ပုထုဇဉ်မို့ ရှာရှေ ဒါ ပုထုဇဉ်ဆိုဒါ ရှာရှေတဲ့အမျိုးဘဲလို့ မှတ်လိုက်ကြ။

ဘုရားက ကောယနော-တဲ့၊ တကြောင်းတည်းသော ခရီးမှန်၊ ကောဓမ္မော-တဲ့၊ ဖြစ်ပျက်တခုသာ ရှိတယ်လို့ ဟောတော်မူတယ်။ ဒါကို မရိပ်မိဘူး၊ အဲဒီ ရဟန်းက ပုထုဇဉ်မို့ ပို့ရွတ်နေဒါ၊ အဲဒီတော့ ထပ်ခါတလဲလဲ ရွာရွေနေတော့ဒါပေါ့- နောက်ထပ် မေးလေ, ပိုပီးရွတ်လာလေ ဖြစ်ကုန်ပါရော။ ကိုင်း, ဒို့ဒကာတွေ ဘယ်လိုမျှား ကြံကြမတုံး?။

အဲဒီ- စတုတ္ထရဟန်း ဖြေတဲ့အဖြေကိုလဲ မကျေနပ်သေးဘူး— ဒါနဲ့ အဲဒီရဟန်းက ဒါကို-ကိုယ်တိုင်သိဒါလား? ဘယ်သူ့ဆီက ရလို့ဖြေဒါလဲ? လို့ ထပ်မေးတော့ ဘုရားရှင်ထံက ရတဲ့အဖြေ ဘဲလို့ ပြောလိုက်တယ်၊ ဒါဖြင့် ဘုရားဆီသွားမှဘဲ ဆိုပီး ဘုရား ထံ သွားရောက် လျှောက်ထားတယ်တဲ့။

"အရှင်ဘုရား တပည့်တော်ကမေးတော့ ရဟန်းလေးပါးက ဒီလို့, ဒီလို အသီးအသီး အဖြေပေးကြ ပါတယ်၊" ဒါကို တပည့် တော်မကျေနပ်လို့ အရှင်ဘုရားထံမှောက် လျှောက်ထားခြင်း ပါတယ်ဘုရား" ဆိုပြီး ရဟန္တာလေးပါးနဲ့ မေးခဲ့ဖြေခဲ့ပုံ အလုံးစုံ ကိုပြန်ပီး လျှောက်ထားလိုက်တယ်တဲ့၊ ဒီတော့ ဘုရားရှင်က.... ဥပမာပြမှဘဲလို့ ကြံတော်မူပြီး, ဥပမာနဲ့တကွ ဖြေကြားတော်မူ လိုက်တယ်လို့ မှတ်ကြ။

ဒို့ဒကာတွေ သိဘို့က ပဌမဖြေတဲ့အဖြေဟာ ဖြစ်ပျက်တရား ဘဲ၊ ဒုတိယနဲ့, တတိယ, စတုတ္ထ ဖြေတဲ့အဖြေအားလုံးဟာလဲ ဖြစ် ပျက်တရားဘဲ၊ အားလုံးဖြစ်ပျက်တရားချည့်ဘဲ ဆိုတဲ့အချက်ကို ကွက်ကွက်ကွင်းကွင်း ဥာဏ်ရှင်းပီး သိထားကြရမယ် သဘော

ပါကြပလား? ဘုရားကဖြေတဲ့အချက်မှာ၊ "အဲဒီ- ရဟန္တာလေး ပါးဖြေကြတဲ့ အဖြေဟာ သူတို့နှလုံးသွင်းနဲ့သူတို့ အားလုံးအမှန် ချည်းဘဲလို့ ဆိုလိုတယ် ရှင်းကြပလား?။

ဥာဏ်မြင်မရှိတဲ့ ပုထုဇဉ်အဘို့မှာသာ အခက်ကျနေဒါလား၊ ဥာဏ်မြင်မရှိတော့ ထင်ချင်သလိုထင်ပီး, မြင်ချင်သလို ရမ်းပီး မြင်တော့ဒါပေါ့- ရမ်းပီးမြင်တဲ့အမြင်ဟာ အမြင်မှန်ဖြစ်နိုင်ပါ့မ လား?။ ။ဒို့ဒကာတွေ့ သိထားဘို့က ဒီရဟန္တာကြီးလေးပါးရဲ့ အဖြေဟာ ဆိုချင်ဒါဆို-ပြောချင်ဒါပြော ဖြစ်ပျက်ဘဲ၊ ဖြစ်ပျက် တရားသာ လိုရင်းအချုပ်တရားဘဲ ဆိုဒါ သိထားကြရမယ်၊ ရိပ်မိကြပလား?။

နိဗ္ဗာန်ဟာ ဖြစ်ပျက်မြင်မှသာ ရောက်မှာ၊ ဖြစ်ပျက် မမြင်သမျှ ဘယ်နည်းနဲ့မှ နိဗ္ဗာန် မရောက်နိုင်ကြဘူး။

ဒါကြောင့် နိဗ္ဗာန်ရချင်, ရောက်ချင်ရင် ဖြစ်ပျက်အရင်မြင် အောင်လုပ်ရမယ်၊ ဖြစ်ပျက်ကို ရှာတော့ ခန္ဓာရှာရမှာ တခြား သွားဘို့မလိုဘူး၊ ခန္ဓာဟာ ဖြစ်တာနဲ့ပျက်တာဘဲရှိနေဒါ၊ ဒါကို ဥာဏ်နဲ့တွေ့အောင်ရှာရမယ်၊ ခန္ဓာတခုလုံး ရှာချင်တဲ့နည်းနဲ့ရှာ- ဖြစ်တာနဲ့ပျက်တာဘဲ တွေ့ရမယ်၊ ဖြစ်တာနဲ့ပျက်တာက လွဲလို့ တခြားဘာမှမရှိဘူးလို့ မှတ်လိုက်ကြ။ ဒါကြောင့်မို့....

အနိစ္စဝတ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။ ။

တဲ့- သံယုတ်ပါဠိတော်မှာ လာတဲ့ဂါထာ ဒီဂါထာကလဲ ရဟန္တာကြီးလေးပါးရဲ့ စကားကို၊ ထောက်ခံချက်ပေးလိုက်တာ

ဘဲ၊ ရဟန္တာကြီးလေးပါးကလဲ ဟောတယ်၊ ဘုရားကလဲထောက်ခံချက် ပေးတယ်ဆိုတော့ သံသယရှိဘို့ မလိုတော့ဘူးပေါ့.... ဒီတော့ ဖြစ်ပျက်မြင်မှ အမြင်မှန်ဘဲဆိုဒါ ဆုံးဖြတ်ချက် ချလိုက်ကြ၊ ရှင်းကြပလား? ဒီဂါထာရဲ့ အနက်အဓိပ္ပါယ်က....

သခ္ခါရာ၊ ပုဗ္ဗြင်စိမံ၊ ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့သည်၊ အနိစ္စာဝတာ၊ စင်စစ်ကေန်၊ အမှန်မုချ၊ ခိုင်မြဲခြင်းမရှိကြပေကုန်။ သင်္ခါရာ၊ ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့သည်၊ ဥပ္ပါဒဝယ ဓမ္မိနော၊ ဖြစ်ခြင်း, ပျက်ခြင်းသဘောမျှသာ ရှိကြပေကုန်၏။ သင်္ခါရာ၊ ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့သည်၊ ဥပ္ပဒ်တ္ထာ၊ အကြောင်းတိုက်ဆိုင်ကာ ဖြစ်ပေါ်လာပြီး၍၊ နိရုဇ္ဈန္တိ၊ တခဏချင်းမှာ ချုပ်ပျက်ကြရရှာကုန်၏။ တေသံ၊ မမြဲ သက်သက်၊ ဖြစ်ပျက်ချည့်သာ၊ ဆင်းရဲစ္စာလှ၊ ထို ဒုက္ခအစုတို့၏၊ ဝါ– ဖြစ်ပျက်နှစ်ခု၊ ဒုက္ခအစုတို့၏၊ ဥပသမော၊ ချုပ်ရာဆုံးရာ၊ နိဗ္ဗာန်ချမ်းသာမြတ်ကြီးကား- သုခေါ၊ ချမ်းသာတကာတို့၏ခေါင်ဖျား၊ ချမ်းသာမြတ်ကြီး မှန်လှပါပေသည်တကား....။

ဒါကြောင့် ဒို့ဒကာတွေ သံသယမရှုတ်ဘဲ ဖြစ်ပျက်မြင်တဲ့အလုပ်မှ အမှန်ဆိုတဲ့အချက် လေးလေးနက်နက်မှတ်ထားကြ။ ။ ဒါကိုလက်တွေ့သိရအောင် ဥာဏ်နဲ့ရှာကြည့်ကြ၊ ဥာဏ်နဲ့ခန္ဓာမှာ ရှာကြည့်ရင် ကိုယ်တိုင်သိကြရမယ်၊ ရှာတတ်ပါ့မလား? ကိုင်း- ရှာကြည့်ကြစို့.... ဥပမာ ဆေးလိပ်သောက်ချင်တယ် ဆိုကြပါစို့ ဆေးလိပ်သောက်ချင်တဲ့စိတ် ပေါ်လာလို့ ဆေးလိပ် လှမ်းဆွဲလိုက်တဲ့အခါ ဆေးလိပ်သောက်ချင်ဒါက တစိတ်၊ လှမ်းဆွဲဒါက တစိတ်၊ ဆေးလိပ်သောက်ချင်တဲ့စိတ်ဟာ ဆေးလိပ်လှမ်းဆွဲဒါနဲ့ မရှိတော့ဘူး ဖြစ်ပီးပျက်သွားဘီ။

ဆေးလိပ်သောက်ချင်တဲ့စိတ်က သန်ါရ၊ဆေးလိပ်သတိရလို့ ပေါ်လာဒါ၊ အဲဒီ သောက်ချင် စိတ်ကလေးဟာ ဆေးလိပ်က ပြုပြင်လို့ ပေါ်လာရဒါ၊ ဆေးလိပ်သတိရဒါ ဆေးလိပ်အနှံ့ရလို့ အဲဒါပြုပြင်တဲ့သန်ါရဘဲ၊ အဲဒီလို အကြောင်းတခုခုက ပြုပြင်ပေးလို့ ပေါ်လာသမျှတွေဟာ မြဲဒါတခုမှမရှိဘူး၊ ဖြစ်ပီးပျက်သွားကြရဒါချည့်ဘဲ၊ ဒါကို ဉာဏ်နဲ့စောင့်ကြည့်ရင် အမှန်အတိုင်းသိကြရမယ်။

ကိုယ့်သန္တာန်မှာ ပေါ်သမျှဟာ အာရုံကလုပ်လို့ ပေါ်ဒါ, ဒါကြောင့် သန်ါရလို့ခေါ်ဒါ၊ အာရုံကလုပ်ပေးလို့ သန္တာန်မှာ ပေါ်လာသမျှ စိတ် စေတသိက်တွေဟာ နာမ်သန်ါရတွေဘဲ။ကံကြောင့်, စိတ်ကြောင့်, ဥတုကြောင့်, အဟာရကြောင့် ဖြစ်တဲ့တရားက-ရုပ်၊ အဲဒါလဲဖြစ်စရာကြောင့် ပေါ်ဒါ ဖြစ်စရာကြောင့်ပြုပြင်လို့-ပေါ်ဒါဖြစ်လို့ သူလဲသန်ါရဘဲ။ ဒါ.... အားလုံးဟာ အနိစ္စာ-တဲ့၊ ဖြစ်ပီးပျက်တာဘဲလို့ ဟောတော်မူတယ်။ ။

သန္တာန်မှာ ပေါ်သမျှအားလုံးဟာ ဖြစ်ပျက်မှာ လမ်းဆုံးကြရဒါချည့်ဘဲ၊ သန်ါရရုပ်နာမ်အားလုံးဟာ ဖြစ်ပျက်မှာ လမ်းဆုံးကြရမှာချည့်ဘဲ ဆိုတဲ့အချက်ကို စဲ့စဲ့မြဲမြဲမှတ်လိုက်ကြ။ ဒါကို-ရှင်းအောင်, ဘုရားက "ဥပဓါဒဝယဓမ္မိနော"တဲ့၊ ဥပဓါဒနဲ့ဝယဘဲလို့ ဟောတော်မူတယ်။ ဥပဓိတွေ နိရုဇ္ဈန်- ဖြစ်ပီးပျက်ကြဒါချည့်ဘဲတဲ့၊ ဖြစ်ပီးပျက်တာဘဲဆိုတော့၊ကောင်းဒါတခုမှမပါဘူး ကောင်းဒါတခုမှမပါဘူးဆိုရင် အားလုံးဟာ အဆိုးချည့်ဘဲဆိုဒါ ထင်ရှားတယ်။ ။တသံ ဝုပသမော သုခေါ-တဲ့၊ ဖြစ်ပျက်အဆုံးဟာ နိဗ္ဗာန်ဘဲ-တဲ့။

အဲဒီ, အကောင်းတခုမှမပါတဲ့ မကောင်းဆိုးဝါးစုဖြစ်တဲ့ ဖြစ်ပျက်ဒုက္ခကြီး ချုပ်ရာဆုံးရာ ကုန်သွားတဲ့နေရာမှာ နိဗ္ဗာန်ပေါ်ဒါဘဲမှတ်ကြ၊ ဒုက္ခသစ္စာ ဒုက္ခအစုကြီး ကုန်တဲ့နောက်၊ သုခနိဗ္ဗာန် ချမ်းသာစစ် ချမ်းသာမှန်ကြီး ပေါ်လာရတော့ဒါဘဲ.... သဘောပါကြပလား? ဒါကြောင့် ဒုိဒကာတွေသုခနိဗ္ဗာန် ရချင် ရောက်ချင်ရင် ဖြစ်ပျက်မြင်အောင်ကြည့်ကြ၊ ကိုယ့်သန္တာန်မှာ အမြဲရှိနေတဲ့ ရုပ်,နာမ် ဖြစ်ပျက်မြင်အောင်, အမှန်အကန် သိအောင်ဉာဏ်နဲ့ ကြည့်ပေးကြလို့ အလေးအနက် တိုက်တွန်းလိုက်တယ်။

ဖြစ်ပျက်တွေတဲ့ဉာဏ်က ဝိပဿနာဉာဏ်၊ ဖြစ်ပျက်မှမတွေ့သေးရင် ဝိပဿနာဉာဏ် မဖြစ်သေးဘူးလို့မှတ်ကြ။ ။မဖြစ်မပျက် တွေတဲ့ဉာဏ်က မဂ်ဉာဏ်ဘဲ-ဖြစ်ပျက်တွေအများမြင်, ပီးနောက်, မဖြစ်မပျက်တွေတဲ့ မဂ်ဉာဏ်လာဒါဘဲ။ ။ဒါကြောင့် ပဌမဖြစ်ပျက်မြင်အောင် ရှုရမယ်၊ နောက်, ဒီ ဖြစ်ပျက်တွေကို-မတွေ့ချင် မမြင်တော့ပါဘူး ဆိုတဲ့ ဉာဏ်ပေါ်လာအောင်, မုန်းလာအောင်ရှုရမယ့်, အဲဒီလို မုန်းလာရင်, နောက်ဖြစ်ပျက်တွေတခုကခုကမှာ ဆုံးသွားရော။

အဲဒီဖြစ်ပျက်တွေ ဆုံးသွားဒါ ခန္ဓာဒုက္ခသစ္စာကြီး ဆုံးသွားဒါဘဲလို့မှတ်ကြ၊ အဲဒီဆုံးတဲ့နေရာမှာ သုခနိဗ္ဗာန်ပေါ်တယ်၊ အဲဒီတော့မှ အနာပျောက်ပီ, လို့ဆိုရတယ်၊ ဒုက္ခသစ္စာ အနာကင်း

သဉ်းဘီလို့မှတ်ကြ။ ။ရုပ်နာမ်ဖြစ်ပျက်က-ဒုက္ခသစ္စာ၊ ရုပ်နာမ် ဖြစ်ပျက်ဆုံးဒါက-နိရောဓသစ္စာ၊ ရုပ်နာမ် ဖြစ်ပျက် အဆုံးမြင် တဲ့မြင်တဲ့ဉာဏ်က-မဂ္ဂသစ္စာ-လို့ မှတ်ကြ၊ ရှင်းကြပလား?။

ဒါကြောင့်— ဒို့ဒကာတွေ ကိုယ့်သန္တာန်မှာ ဖြစ်ပျက်မြင် အောင်ကြိုးစားကြလို့ သတိပေးလိုက်တယ်၊ရုပ်ဖြစ်ဖြစ် နာမ်ဖြစ် ဖြစ် ကြိုက်တာတလုံးထဲ ကြည့်ကြ၊ ဖြစ်ပျက်မြင်ဘို့သာ လိုရင်း စဲ့ဘဲ၊ ဖြစ်ပျက်မြင်ရင်, နိဗ္ဗာန်မြင်ရတော့မယ် ဆိုဒါ သေချာဘီ၊ ဖြစ်ပျက်ဆုံးရင် နိဗ္ဗာန်ရဒါချည့်ဘဲ၊ သဘောပါကြပလား?။

ဖြစ်ပျက်မြင်အောင် ကြိုးစားပီးကြည့်ကြ၊ ဖြစ်ပျက်မြင်ရင် မ ည့်တော့ဘူး ဖြစ်ပျက်မြင်ဒါဟာ၊ နိဗ္ဗာန်မြင်မဲ့ အမြင်မှန်ဘဲ ဆို ပီး အားတက်ဝမ်းမြောက်ကြ၊ ဖြစ်ပျက်မြင်ရင် မုန်းအောင် ဆက်ကြည့်၊ မုန်းရင် ဆုံးအောင်ဆက်လိုက် ဆုံးရင် နိရောဓသစ္စာ ဘဲ၊ ကျေနပ်ပလား?။

ကိုင်း....ယနေ့....ဒီတွင်ဘဲ....တော်ကြဦးစို့။

# ဓမ္မရတနာ-မာတိကာ

## “ ပြဿနာကိန်းပြောင်း နိဗ္ဗာန်ဝင် တရားတော် ”

### ဆောင်ပုဒ်၊

အကြောင်းပြုမှု၊ ပေါ်လာကြ၊ သခ်ၤါရုချည်မှတ်။
ဖြစ်လာတိုင်းသာ၊ ချုပ်ပျက်ရှာ၊ အနိစ္စာမှန်ဆတ်ဆတ်။
အကြောင်းဖြစ်ပျက်၊ ကျိုးဖြစ်ပျက်၊ ဖြစ်ပျက်ဒရစပ်။
ကြောင်းကျိုးဆက်ဆက်၊ ဖြစ်ပီးပျက်၊ ဖြစ်ပျက်အဆုံးသတ်။
ရုပ်နာမ်သက်သက်၊ ဖြစ်ပီးပျက်၊ မသက်ဥာဏ်အမြတ်။
အကောင်းကြီးထင်၊ တောင်းယူချင်၊ ရလျှင် နာ, သေထပ်၊
လမ်းလယ်ပြုထား၊ တောင်ပို့လား၊ မခြားခန္ဓာဓာတ်။
ပြုတုံပျက်တုံ၊ ဒုက္ခကြုံ၊ ဆန်စုံစက်ရဟတ်။ ။

### သဘိဆျင်၊

အနိစ္စာဝတာ၊သခ်ၤါရ၊ ဗုဒ္ဓဒေသနာ။
ပြုပြင်ပေါ်ထွက်၊ ရုပ်နာမ်စက်၊ ဖြစ်ပျက်ကုန်ဆုံးရှာ။
ရှေဥပ္ပါဒ၊ နောက်ဝယ၊ ဓမ္မသဘာဝါ။
ကြောင်းကြောင့်ဖြစ်ပြီး၊ မြန်ပျက်စီး၊ ချည်းနှီးနှစ်မပါ။
ဖြစ်ပျက်ဒုက္ခ၊ ဆင်းရဲစု၊ ဆုံးပမြတ်ချမ်းသာ။ ။

ဝေဒနာသဘင်။ ။ဒီကနေ့- မနေ့က တရားအဆက်ကို ပြော လိမ့်မယ်လို့ မှတ်ကြ။ ဒကာ - ဒကာမတွေ့, သန်ါရတရားကို သိအောင်လုပ်ကြရမယ်၊ သန်ါရတရားကို ပဌမ သိဘို့လိုတယ်လို့ မှတ်ကြ၊ သန်ါရဆိုဒါ ပွါးပြင်တဲ့အကြောင်းတ ရားကြောင့်, ပွါးပြင်တဲ့အကြောင်းတရားရှိလို့ ပေါ်လာတဲ့တရား ကို သန်ါရလို့ မှတ်ကြ၊ သဘောပါကြပလား? သန်ါရဆိုဒါ ပါဠိစကား, ဗမာလိုတော့ ပွါးပြင်လို့ပေါ်လာတဲ့ တရားကို ဆိုဒါ။။

ဥပမာ, ညှော်စော်နံရင်, အညှော်နံ့က ပွါးပြင်တဲ့တရား၊ ဒီအ ညှော်နံ့ကြောင့် ပေါ်လာဒါက ပေါ်လာတဲ့စိတ်က သန်ါရတရား လို့ မှတ်ကြ၊ အညှော်ကြောင့် အညှော်နံတဲ့စိတ် ဖြစ်ပေါ်လာ တယ်၊ ပွါးပြင်လို့ပေါ်လာဒါက ဖြစ်, သဘော၊ ဒီဖြစ်သဘောက လေးဟာ ပျက်ခြင်းသာ အဆုံးရှိတယ်လို့ မှတ်လိုက်ကြ ရှင်းကြ ပလား?။

ဒါကို ဉာဏ်နဲ့ကြည့်ရင်, အသေအချာ သိရမယ်၊ ဖြစ်သဘော ကလေးကို ဉာဏ်နဲ့တွေးလိုက်တော့ အပျက်သဘောကလေးကို လဲ တွေ့ရလိမ့်မယ်၊ ဒီတော့ ပေါ်လာတဲ့ သန်ါရတရားကလေး များဟာ ပေါ်ပီး, ပျက်သွားဒါဘဲလို့ ဉာဏ်မှာရှေ့ရှုထင်ဘို့ လို တယ်။ ။ဒါက ဉာဏ်နဲ့လုပ်ရမဲ့အလုပ်၊ ဉာဏ်နဲ့မလုပ်ရင်, မရ ဘူး လုပ်ဘို့ဟာ ဒို့တာဝန်ဘဲလို့ ဆုံးဖြတ်ချက်ချကြ။

ဉာဏ်နဲ့လုပ်ဘို့ဆိုဒါက အညှော်လုပ်လို့ပေါ်တဲ့ အညှော်ရပ် ကလေး ပေါ်လာတဲ့အခါမှာ ညှော်တယ်လို့ သိတဲ့စိတ်ကလေး ပေါ်လာမယ်၊ နောက် ပေါ်လာပီး ချက်ချင်းပျောက်ပျက်သွား

ဒါ ဥာဏ်နဲ့တွေ့ရမယ်၊ ဒီတော့- ဒီစိတ်ကလေးကို "အနိစ္စာဝတာ သင်္ခါရာ" လို့ ရှုလိုက်ပါ ရှုဥာဏ်ဝင်လိုက်ပါလို့ ဆိုလိုတယ်၊ ရှုတဲ့အခါမှာတော့ "ညော်တယ်လို့ သိတဲ့စိတ်" ဖြစ်ပျက်-ဖြစ်ပျက်လို့ အမှန်အရှိမှာ အမှန်အသိနဲ့ ကပ်ပီး, မပြတ်အောင်ရှုပေးရမယ် ရှင်းကြပလား?။

ထိုင်နေတဲ့အခါ ယားတယ်ဆိုပါတော့ အဲဒီယားတယ်ဆိုဒါဟာ ယားစရာဝတ္ထုကြောင့် ယားစိတ်ကလေး ပေါ်လာဒါဘဲ၊ ဒီယားစိတ်ကလေးဟာလဲ သင်္ခါရဘဲလို့ မှတ်ပီး, ရှုပါ။ သဘောပါကြပလား? ခန္ဓာကိုယ်ကြီးဟာလဲ ကံကြောင့်, ကံပြုပြင်လို့ ပေါ်ပေါက် လာရဒါဘဲ၊ ကံ, စိတ်, ဥတု, အာဟာရ ဆိုတဲ့ အကြောင်းလေးခုကြောင့် ခန္ဓာကိုယ်ဖြစ်ပေါ်လာဒါ၊ ဒါကိုလဲ့-သင်္ခါရလို့ မှတ်ကြ၊ ရှင်းကြပလား?။

ဒို့ဒကာ-ဒကာမတွေ, နာမ်,ရုပ်,နှစ်ခုကို ရပါလိုကြောင်းနဲ့ ဆုတောင်းပီး ယူနေကြတယ်၊ ဟာ.... အခုလက်ရှိ ရနေကြဘီ၊ သူပေးလူပေးလို့ ဆိုတဲ့နာမ်ရုပ်ကို ရလိုကြောင်းနဲ့ ဆုတောင်းဒါဟာ သာမညမမှတ်လိုက်နဲ့ စင်စစ်တော့ အိုဘေး,နာဘေး,သေဘေး ရ-ရပါလို့၏၊အို,နာ,သေနဲ့ ကြုံရပါလို့၏-လို့ ဆိုဒါနဲ့ မခြားပါဘူး ရိပ်မိကြပလား? ဒါကို သံသယဖြစ်နေဘို့ မရှိတော့ပါဘူး၊ ဒို့ဒကာတွေ့ မျက်မြင်ကိုယ်တွေ့မှာဘဲ ကိုယ်တိုင် အိုကြ,နာကြနဲ့ တနေ့နေ့သေကြမှာ ဆိုဒါ သိတဲ့လူချည့်ပါဘဲ၊ ဒါကိုမှ မသိဘူးဆိုရင် ပင်ကိုယ်စိတ် ပျောက်နေတဲ့ အရူးမို့ဘဲ, ဆိုထိုက်မဆိုထိုက် စဉ်းစားကြ။

ဒကာ, ဒကာမတွေ့ မသိကြလို့ တောင်းယူခဲ့တော့ အခုရထားကြာမှီ၊ ဒီလိုတောင်းယူကြလို့ အခုရထားဘဲ့ ခန္ဓာကိုလဲသန်းရလို့မှတ်ကြပေါ့၊ ဒါကြောင့်, "သင်္ခါရာ၊ ပူပြင်သဖြင့် ပေါ်လာသောသန်းရတရားတို့သည်၊ ဝတာ၊ စင်စစ်ကေန်၊ အမှန်မုခ၊ အနိစ္စာ၊ ပျက်သောသဘောသာလျှင် ရှိကြပေကုန်၏။" လို့-ဆိုဒါဘဲ၊ သဘောပါကြပလား? ဒို့ဒကာတွေ့ အကောင်းကြီးထင်ပီး, တောင်းယူလို့ ရလာတဲ့ ခန္ဓာမှာ သန်းရဘဲရှိတယ်၊ ဒီအမှန်ရှိတဲ့ သန်းရ-ရုပ်နာမ်ကို၊ ပဋ္ဌမသိဘို့က ကြိုးစားရမယ်—နောက်သန်းရ ဖြစ်ပျက်သိဘို့က လိုရင်းအချက်ဘဲလို့ ဆုံးဖြတ်ချက်ချ၊ ရှင်းကြပလား?

ဒကာ, ဒကာမတွေ့ တောင်းလို့ရတဲ့ခန္ဓာဟာ, ဘာနဲ့ တူသလဲ? လမ်းမှာလုပ်ထားတဲ့ တောင်ပို့ဥပမာပါဘဲ။ ။ဥပမာခြတွေ့က ည,ညကျရင် လမ်းဘေးမှာ တောင်ပို့ကြီးလုပ်ထားကြတယ်၊ ဒီတောင်ပို့ကို နေ့အခါမှာ လူတွေ့ကတွေ့တော့ ခြေနဲ့ခတ်ပီး ဖျက်ဆီးပစ်ကြ၊ နောက်တခါညကျပြန်တော့ ခြတွေ့က ထပ်ပီးလုပ်ကြ၊ နောက်, မနက်ကျ လူတွေ့က ဖျက်ပစ်ကြနဲ့- လုပ်စမဆုံး, ဖျက်စလဲမဆုံး၊ နောက်ဆုံးမှာတော့ ဒုက္ခဘဲ အဖက်တင်ရတော့ဒါပေါ့ ဒီပြင် ဘာမှအကျိုးမမြင်ပါဘူး ရိပ်မိကြပလား?

ဒကာတို့တတွေ့လဲ ဒီနည်းပါဘဲ၊ သန်းရတရားကို အမြဲတန်းလုပ်နေကြတယ်၊ ဒို့ဒကာတွေ့ သန်းရကိုဘယ်လိုဘဲ ပြုလုပ်နေကြပေမဲ့လဲ.... ပျက်တာမှာသာ လမ်းဆုံးကြရဒါပါဘဲ၊ အပျက်ဒုက္ခအပြင်, ဘာမှအဖတ်မတင်ပါဘူး၊ သဘောပါကြပလား? ဒါကြောင့် "သန်းရတာ၊အနိစ္စတာ" ဆိုတဲ့ အချက်ကို၊အသေ

အချဳသိအောင်လုပ်ကြ-လို့ တိုက်တွန်းလိုက်တယ်၊ ဒါကိုသိမှ သာ မဂ်, ဖိုလ်, နိဗ္ဗာန် ရနိုင်မှာလို့မှတ်ကြ၊ ဒါမှမသိသေးရင် နိဗ္ဗာန်နဲ့ဝေးသေးတယ်ဆိုဒါ ဆုံးဖြတ်ချက်ချ။ ။

ဒို့ဒကာတွေ အထူးသိဘို့ရာမှာ သင်္ခါရအစကို တွေ့မှသာ, သင်္ခါရအဆုံးကို တွေ့နိုင်ကြမယ်၊ သင်္ခါရအဆုံးကို တွေ့ရမယ်ဆို ဒါဟာ အသင်္ခတနိဗ္ဗာန်ကို တွေ့ရမယ်လို့ဆိုဒါဘဲ၊ သင်္ခါရအစ မှမတွေ့သေးရင် အဆုံးကိုတွေ့လိမ့်ဆိုဒါ အရာမဟုတ်ဘူးလို့-မှတ်ထားကြ။ ဒါကြောင့် ဒို့ဒကာတွေ သင်္ခါရအစ ပဋ္ဌမတွေ့အောင်အားထုတ်ရမယ်ဆိုဒါ ပေါ်ပလား?၊ ဒီတော့ သင်္ခါရအစမြင်အောင်, သတိနဲ့စောင့်ကြည့်ကြရမယ်၊ သတိနဲ့စောင့်ကြည့်ရင် သင်္ခါရအစကို အမှန်သိ, အမှန်မြင်ကြရမယ်၊ ရိပ်မိကြပလား?

စောင့်ကြည့်ဆိုတော့ ဘယ်လိုစောင့်ကြည့်ရမှာလဲ? လို့-မေးစရာရှိတယ်၊ စောင့်ကြည့်ဆိုဒါ "တရားအားထုတ်ရမှာ" ကို ပြောဒါလို့ မှတ်ကြ။ အားထုတ်တဲ့အခါမှာ ပဋ္ဌမသင်္ခါရကိုတွေ့ရမယ်၊ သင်္ခါရလမ်းစကို တွေ့ဒါနဲ့တချက်ထဲ ဖြစ်ပျက်လိုက်ပေးရမယ်၊ သင်္ခါရလေးတခုပေါ်လာလိုက် ပေါ်လာပီး ပျက်, သွားလိုက်နဲ့ နေဒါကို ဉာဏ်နဲ့မြင်ရမယ်၊ ဉာဏ်နဲ့မြင်ရင် သင်္ခါရဂရုမစိုက်ဘဲ ဖြစ်ပျက်ကို ဖိပီးလိုက်ရမယ်၊ ဖြစ်ပျက်ကို ဖိပီးလိုက်တော့ မကြာခင်, ဖြစ်ပျက်အမြင်များလာမယ်၊ ပွါးလာမယ်၊ သဘော ပါကြပလား?

အဲ— ဖြစ်ပျက်အမြင်များလာရင် ဆက်ပီးကြိုးစားသာ ရှုပေတော့၊ ကြပ်ကြပ်အမြင်များလာရင် မကြာခင် မုန်းလာမယ်၊

မုန်းညာဏ်ဝင်မယ်၊ မုန်းရင်-ဆုံးတော့မှာဘဲ ဖြစ်ပျက်ဆုံးရင် နိဗ္ဗာန်တွေ့ဒါဘဲ၊ ရှင်းကြပလား? ဒါဖြင့်- ဒီဒကာတွေကို ဘုန်းကြီးက သခ်ါရအစ ဖြစ်ပျက်မြင်ရဘို့ ဆောင်ရွက်ပေးပီးဘီ, လမ်းညွှန်းပေးဘီ ဒကာတို့တာဝန်က ဖြစ်ပျက်မြင်အောင်, နောက်မုန်းအောင်, နောက်ဆုံးအောင်ရှုဘို့ဘဲ-လို့ ဆုံးဖြတ်ချက်ချ၊ ကျေနပ်ကြပလား? ဒါမှသာ အသခ်ါတ နိဗ္ဗာန်ရကြမှာ။

မြတ်စ္စာဘုရားက မင်းတို့ရထားတဲ့ သခ်ါရတရားတွေဟာကွာ "ဥပါဒ ဝယ ဓမ္မိနော" တဲ့၊ ဥပါဒ-နဲ့-ဝယ အဖြစ်နဲ့အပျက်သာရှိဒါပါ-လို့၊ ဟောတော်မူတယ်၊ ဒီထက် သေချာဘို့အချက်ဖြင့် မရှိတော့ပါဘူး "ဓမ္မိနော" တဲ့၊ တရားသဘောပြောရရင် အဖြစ်အပျက်သဘောမျှသာ ရှိတယ်တဲ့၊ ဖြစ်ပျက်ကလဲ့ရင် ဒီပြင်ဘာမှ အပိုမစွက်ပါဘူးတဲ့၊ "ဥပ္ပဇ္ဇတ္တာ နိရုဇ္ဈန္တီ" ဆိုဒါ၊ မင်းတို့သန္တာန်မှာ သခ်ါရတွေဖြစ်ပီး, မင်းတို့သန္တာန်မှာဘဲ ချုပ်သွားကြတယ်-လို့ ဟောတော်မူဒါဖြစ်တယ်၊ ကျေနပ်ကြပလား?

ဘုရားရှင်ကိုယ်တော်တိုင်ကလဲ ဟောခဲ့တယ်၊ ရဟန္တာကြီးလေးပါးကလဲ ထောက်ခံချက်တွေပေးထားခဲ့ဘီ၊ ဒီတော့ ဒီဒကာတွေ သံသယရှုတ်ဘို့မရှိတော့ဘူး၊ နိဗ္ဗာန်ရချင်ရင် ဖြစ်ပျက်မြင်မှ ရနိုင်မယ် ဆိုတဲ့အဓိပ္ပါယ်ဟာ ထင်ရှားဘီ၊ ဒီတော့ နိဗ္ဗာန်လို့ချင်ရင် ဘာကိုအရင်မြင်ဘို့အရေးကြီးသလဲ? အေး, သခ်ါရဖြစ်ပျက်မြင်ဘို့ အရေးကြီးတယ် ဆိုဒါ ဆုံးဖြတ်ချက်ချ၊ ဖြစ်ပျက်မြင်မှ နိဗ္ဗာန်ရကြမှာ သဘောပါကြပလား?။

သင်္ခါရဖြစ်ပျက်က ဒုက္ခသစ္စာ။
သင်္ခါရဖြစ်ပျက်မြင်တဲ့ဉာဏ်က မဂ္ဂသစ္စာ၊(မဂ္ဂင်ငါးပါး)
သင်္ခါရဖြစ်ပျက်ဆုံးရာက နိရောဓသစ္စာ။

သင်္ခါရဖြစ်ပျက် ဆုံးရာမြင်တဲ့ဉာဏ်က မဂ္ဂသစ္စာ၊ (မဂ္ဂင်ရှစ်ပါး၊) အဲဒီ ဖြစ်ပျက်ဆုံးရာမြင်မှ မဂ္ဂင်ရှစ်ပါးပြည့်မှာ၊ မဂ်ဉာဏ်ကို-ကိုယ်ပိုင်ရမှာ၊ ဒါကြောင့် ဒီဒကာတွေ ကိုယ်ပိုင်ရအောင် ကိုယ်တိုင်ကြိုးစားကြဘို့ ထူးထူးခြားခြား တိုက်တွန်းလိုက်ပါတယ် ရှင်းကြပလား?

ကိုင်း....ယနေ့.. .ဒီတွင်ဘဲ....တော်ကြဦးစို့။

———



# ဓမ္မရာနာ-မာတိကာ

## ကိုယ်ရေးပဋ္ဌမ နိုးကြားခဲ့ကျ တရားတော် ”

### ဆောင်ပုဒ်၊

ခန္ဓာရထွေ၊ အို,နာ,သေ၊ လမ်းရှေအမြဲသွား။
ခန္ဓာရလျှင်၊ ဒီလမ်းစဉ်၊ မြဖြင်ဒုက္ခပွား။
မိမိအကြိုက်၊ ဘယ်မလိုက်၊ စရိုက်ထုံးစံအား။
ကိုယ့်ကိုယ်ကိုယ်ပင်၊ သနားလျှင်၊ မဂ္ဂင်အားထုတ်ပွား။
ကိုယ့်တွက်ပြီးမူ၊ တပါးသူ၊ ကယ်ယူဉာဏ်စေစား။
ကိုယ့်တွက်ပဋ္ဌမ၊ ဒုတိယ၊ သူမျှားအတွက်ထား။
ကိုယ့်ကျိုးမပါ၊ ယောင်ချာချာ၊ လေးဖြာပါယ်ချိုးစား။

### သင်္ခေပ်၊

သုံးပါးရတနာ၊ ကိုးစားရာ၊ နှုတ်မှာအမြဲရွတ်။
အလုပ်မပါ၊ နှုတ်ချည့်သာ၊ ဘဇာကျိုးမြင့်မြတ်။
မလုပ်ပြင်းသူ၊ ဆင်ခြေထူ၊ ငါမူ မိုက်,ရူးမှတ်။
ကိုယ့်ကိုယ်ကိုယ်သာ၊ မှန်ရှေမှာ၊ မချာ ဉာဏ်သုံးသပ်။
မိုက်ရူးပျောက်ရန်၊ ဒုက္ခမှန်၊ သိရန်ဘာဝေဝတ္ထိ။
လူ့တိရိစ္ဆာန်၊ ရှာရပ်သံ၊ ဟုတ်မှန်ယောင်မှားတတ်။
ရပ်ရွာစကား၊ လိုက်နာမှား၊ ပါယ်သွားဟင်းလင်းလပ်။

တရားသဘး။ ။ဒီကနေ့-မနေ့က တရားအဆက်ကိုဘဲ, ပြောရမယ်၊ ဒကာ, ဒကာမတွေကို "တရားအားထုတ်ကြ-တရားအားထုတ်ကြ၊" ဆိုပီး တရားအားထုတ်ခိုင်းဒါ သာမညကလေးမျှး မမှတ်လိုက်ကြနဲ့၊ အကြောင်းရှိလို့ ခိုင်းဒါဘဲ ဆိုဒါ ဆုံးဖြတ်ချက်ချ၊ ဘုန်းကြီးကလဲ အကြောင်းရှိလို့-ဟော ပြနေဒါလို့ သိကြရမယ်။ ။ဒီတော့-ဘုန်းကြီးကလဲ အကြောင်းရှိ၊ ဒကာတို့ကလဲ အကြောင်းရှိဆိုတော့ အတိုင်-နဲ့-အဖေါက် ညီအောင်လုပ်ကြပါလို့ တိုက်တွန်းလိုက်တယ်။

ဘုန်းကြီးတို့က ကယ်ချတ်ရေး ဒကာတို့က လှတ်ရေး-ကျတ်ရေး အရေးနှစ်ရေးရှိတဲ့အနက်က ကိုယ့်အရေး ကိုယ်သတိပြုကြဘို့ ပြောလိုတယ် ပေါ်ကြပလား? ဒကာ, ဒကာမတို့ လက်ရှိရထားကြတဲ့ခန္ဓာက ငြိမ်နေဒါမဟုတ်ဘူး အိုတဲ့ဘက်ဒိုင်းဒိုင်းသွားနေဒါ, အိုတဲ့ဘက်သွားတော့-အိုတဲ့ဘက်ရောက် နောက် နာဘက်သွား, နောက်, သေဘက်သွား ဒီလမ်းစဉ်အတိုင်း မရပ်မနားသွားနေရဒါပါ၊ ဒီပြင်, တခြားကိစ္စတွေမှာ မသွားချင်ရင် မသွားဘဲနေလို့ ရသေးတယ်၊ ဒီကိစ္စကိုတော့ ဘယ်နည်းနဲ့မှ ရှောင်လွဲလို့ မရနိုင်ကြဘူး။

ခန္ဓာ ကိုယ်ပိုင်ရထားတော့ ဒီလမ်း, ဒီစခန်းက မသွားလို့ကို မရတော့ဘူး၊ ရိပ်မိကြပလား? ဒီအနာတော့ပျောက်ပီ, အေးပေါ့ကောင်းပေါ့ လို့ မဆိုနိုင်ဘူး၊ နာဒါကနေ, အသေသွား အိုပီး, နာ, နာပီးတော့-သေအုံး၊ ဒါဟာ ခန္ဓာရသူ့ရဲ့လမ်းစဉ်ဘဲ၊ ဒီတော့ ဒို့ဒကာတွေက အော်— ဒီလမ်း ဒီစခန်းဟာ မသွားမဖြစ်တဲ့လမ်းဘဲ၊ လွဲဖယ်လို့တော့ဖြင့် မရနိုင်ဘူး ဆိုဒါ ဆုံးဖြတ်ချက်ချကြ၊

ပေါ်ကြပလား? ဒီခန္ဓာရမှုဖြင့် ဒီ- အို,နာ,သေလမ်း တန်းတန်း ကြီးသွားကြတို့ဘဲ၊ ခန္ဓာကသူ့လမ်းစဉ် သူလုပ်မှာဘဲ- ဒကာတို့ အကြိုက် နဲ့နဲ့မှမလိုက်မပါ-ပါဘူး။ ။

ဒီခန္ဓာရဲ့သဘောက သူ့သဘာဝအတိုင်း, သူဆောင်ရွက်နေ မှာဘဲ၊ ဒကာတို့အကြိုက်, သတ္တာတွေအကြိုက်ကိုလုံးဝမလိုက်ဘူး လို့ မှတ်ကြ၊ သတ္တာတွေ ပညာမျက်စိနဲ့ကြည့်ရင် ဒီခန္ဓာက အ လုပ်အသွားမမှန်ဘူး ဘောက်ပြန်ပျက်စီးနေတဲ့ သဘောဘဲရှိ တယ်၊ အိုလိုက်,နာလိုက်,သေလိုက်, အကြိုက်တခုမှ မပါဘူး အ ကောင်းတခုမှ မပါ-ပါဘူး၊ ဒါကို ဒကာတို့တတွေက ဘောက် ပြန်တဲ့အမြင်နဲ့ကြည့်နေကြလို့ အကောင်းချည့်ထင်နေကြဒါပါ၊ ရိပ်မိကြပလား?။

ဘုရားက ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်၊ ဉာဏ်ထက်တော့ သတ္တာဖြစ် စဉ် သတ္တာအကြောင်းစုံ အကုန်သိမြင်တော်မူတယ်၊ သတ္တာတွေ ရဲ့ အဖြစ်ဟာ ဘယ်လောက်ထိအောင် ဆိုးဝါးနေတယ်၊ ဘယ် လောက်ဆိုးဝါးကြလိမ့်အုံးမယ်ဆိုဒါ သိမြင်တော်မူတဲ့တော့ အ လွန်သနားတော်မူတယ်၊ သနားတော်မူလို့ ကယ်ချတ်ရေးကို- ကြိုးပမ်းတော်မူရတယ်၊ ဘုရားဖြစ်ချင်ဒါဟာ သတ္တာတွေကို သ နားလွန်းလို့ဘဲ၊ သနားလို့သာ ဆုပန်တော်မူဒါ-လို့ မှတ်ကြ၊ ရိပ်မိကြပလား?။

ဆုပန်တော်မူပီး, အနစ်အနာ အမျိုးမျိုးခံပီး, ဘုရားဖြစ် အောင်ကျင့်တော်မူခဲ့ရတယ်၊ ဘုရားဖြစ်အောင် ကျင့်တယ်ဆိုဒါ ဘုရားက ကိုယ့်အတွက်, ကိုယ့်အရေးကို အရင်ပီးစီးအောင်လုပ် တယ်လို့မှတ်ရမယ်၊ အရင်းကျဒါက ကိုယ့်အရေး၊ ဒကာ,ဒကာ

မတွေ့ သတိပြုဘို့က ကိုယ့်အရေးက-သူများအရေးထက် အရေး ကြီးတယ် ဆိုတဲ့အချက်ဘဲ၊ သဘောပါကြပလား? ဒီတော့.... ဒို့ဒကာတွေကို သနားတယ်ဆိုရင်, ကိုယ့်အရေးပီးတဲ့ ပုဂ္ဂိုလ်ဘဲ လို့မှတ်ကြ၊ ရိပ်မိကြပလား?။

ဘုရားက သတ္တဝါတွေ သနားတယ်ဆိုဒါ သူ့အတွက် လုံ လောက်မှ သတ္တဝါတွေ့ကို သနားဒါလို့မှတ်ရမယ်၊ ဒီတော့-ဒကာ ဒကာမတွေ အနေမှာ ကိုယ့်အရေးမပီးသေးသမျှ သူများကို သနားနေရင် လမ်းစဉ်မဟုတ်သေးဘူး-လို့ ဆုံးဖြတ်ချက်ချ ကြ။ ။ဘုရားက ဘယ်လို လုံလောက်အောင် လုပ်ထားသလဲ? ဆိုတော့ ကိုယ့်အရေး ကိုယ့်ကိစ္စပီးစီးအောင် လုပ်ထားပီးလို့ ဘဲ၊ ဒါဟာ ဗောဓိပင်-နဲ့-ချပ်လွင်မှာ သဗ္ဗညုတဉာဏ်တော်ရတဲ့ အချိန်ကစပီး သူ့အရေး-သူ့ကိစ္စအတွက် ပီးစီးပီလို့မှတ်ရမယ်။

ဒီတော့ ဒို့ဒကာတွေက ကိုယ့်ကိုယ်ကိုယ် . သနားမှုက ပဌမ၊ သူများသနားမှုက ဒုတိယ-ဆိုတဲ့ အချက်ကို၊ လေးလေးနက်နက် မှတ်ထားကြ-လို့ အထူးသတိ ပေးလိုက်ပါတယ်။

ဘုရားက-- ဇာတိဒုက္ခ, ဇရာဒုက္ခ, မရဏဒုက္ခဆိုတဲ့ ဒုက္ခသစ္စာ တွေ့ သိနေတယ်၊ ဒုက္ခတွေသိနေတော့ လွတ်အောင်လုပ်မှာဘဲလို့ စဉ်းစားတယ်၊ လွတ်နိုင်ဘို့ လွတ်အောင်လုပ်ဘို့ရာ ဘုရားဖြစ် အောင်လုပ်မှ ဖြစ်နိုင်မှာဘဲလို့ သိတော်မူတော့, ဘုရားဖြစ် အောင် ကြိုးစားတော်မူခဲ့တယ်၊ ဘုရားဖြစ်ချင်စိတ်ပေါ်ဒါဟာ ဘာ့ကြောင့်လဲ? သူ့ဇာတိ, သူ့ဇရာ, သူ့မရဏကြောင့်ဘဲလို့

မှတ်ကြ၊ သဘောပါကြပလား? သူ့ဉာဏ်အမြင်မှာ ကောင်းဒါတခုမှ မပါဘူး၊ မကောင်းဆိုးဝါးတဲ့ ဒုက္ခသစ္စာချည့်ဘဲလို့ မြင်တော့, ဘုရားဖြစ်မှ လွတ်မှာဘဲဆိုပီး၊ ဘုရားဖြစ်ဘို့ သဗ္ဗညုတဉာဏ်ကို ရှာခဲ့တယ်၊ သဘောပါကြပလား?။

ဘုရားဘာ့ကြောင့်ဖြစ်သလဲ? လို့မေးရင်– ဇာတိ, ဇရာ, မရဏကြောင့် ဖြစ်တယ်လို့ ဖြေရမယ်၊ ဇာတိ, ဇရာ, မရဏကြောင့် သာ ဘုရား ဖြစ်တယ် ဆိုရင် ငြင်းကွက် မရှိ တော့ဘူး၊ ကျေနပ်ကြပလား? ဒကာ, ဒကာမတွေ သိထားဘို့က....

(၁) နံပါတ်.... သူ-ဘုရားဖြစ်ချင်တဲ့အရေး။

(၂) နံပါတ်.... သူ-တပါး ကယ်ချတ် ရေး။

ဆိုတဲ့အချက်နှစ်ချက်ဘဲ၊ ဒီတော့ ဒကာတို့တတွေက ကိုယ့် ဇာတိ, ကိုယ့်ဇရာ, ကိုယ့်မရဏ ဆိုတဲ့ ဒုက္ခတွေလွတ်ကြောင်း ကြိုးစားသင့်တယ်လို့ ဆုံးဖြတ်ချက်ချကြ။

ဆုံးဖြတ်ချက်ချပီးအခု ထ, လုပ်ကြလို့ တိုက်တွန်းလိုက်တယ်၊ ဒီဒုက္ခတွေကလွတ်မြောက်ပီး နိဗ္ဗာန်ရောက်နိုင်တဲ့ သာဝကပါရမီဉာဏ်အလို့ငှါ ကြိုးစားသင့်ကြတယ် လို့ လေးလေးနက်နက်ကြီး သတိပေးလိုက်ပါတယ်၊ ဆရာသမားက သနားလို့ အထူးတလည် တိုက်တွန်းနေဒါ၊ ဒါကိုမှ မလုပ်မိကြရင် ဒုက္ခဇာတ်သိမ်းလမ်း မမြင်တော့ဘူး၊ ရိပ်မိကြပလား?။

မေ့လျော့ပေါ့တန်နေကြဘို့ အချိန်မဟုတ်တော့ဘူး၊ အလွန်အရေးကြီးနေဘီ၊ အခုထပီးအားထုတ်ကြ၊ဝိပဿနာအလုပ်,လုပ်ကြ၊ မသိလို့သာ, အေးနေနိုင်ကြဒါပါ၊ သိတဲ့သူက သနားလို့တိုက်တွန်းနေဒါဖြစ်လို့ အခုလုပ်မှဘဲဆိုပီး မြန်မြန်လုပ်ကြဘို့ဘဲရှိတော့တယ်၊ပေါ်ကြပလား? ဝိပဿနာအလုပ်, ဒီအလုပ်လုပ်မှအားကိုးရာ, အားထားရာ ရကြမယ်၊ ဒီပြင် အားကိုးစရာမမြင်တော့ဘူး၊ ဒီတော့ ဝိပဿနာလုပ်ရင်းက ပျင်းစိတ်ဝင်လာရင်, လက်သင့်မခံကြနဲ့ ပျင်းလာရင် မင်းလောက်မိုက်တာ မရှိတော့ဘူးလို့ ကိုယ့်ကိုယ်ကိုယ် ဆုံးမပီး ကြိုးစားအားထုတ်ကြ။

ကိုယ့်ခန္ဓာက အခု အိုဘက်သွားနေဒါ၊ ဒီအိုဒါကနေ, နာဘကသွား၊ သေဘကသွား၊နောက, ဇာတ ပဋိသန္ဓေဘက သွားနေဒါ၊ အိုဒုက္ခပီး, နာဒုက္ခ, နာဒုက္ခပီး သေဒုက္ခ၊ အသေဒုက္ခပီးပြန်တော့ ပဋိသန္ဓေဒုက္ခ၊ ဒီဒုက္ခအစုတွေသာ ဆက်တိုက်လာနေဒါဘဲ၊ ဒီပြင် ဘာမှအပိုမပါ-ပါဘူး၊ဒီ ဒုက္ခအစုဘာကြောင့် လာနေသလဲ? ဒကာတို့တတွေက ခန္ဓာလက်ရှိဖြစ်နေကြလို့၊ ဒုက္ခခန္ဓာ ကိုယ်ပိုင်ရထားကြလို့ဘဲ ဆိုဒါ မှတ်လိုက်ကြ၊ ရှင်းကြပလား?။

ဘာ့ကြောင့်- ဝိပဿနာလုပ်ရသလဲ? ဇာတိဒုက္ခ, ဇရာဒုက္ခ, မရဏဒုက္ခ ဆိုတဲ့ ဒုက္ခလမ်းကြမ်းချည့် သွားရမှာ ရှောက်ရမှာကြောက်လို့ ဝိပဿနာလုပ်ရဒါ၊ ဇာတိစတဲ့ တရားတွေမှာ ဘာဘဲကြည့်ကြည့် ကောင်းစားရေးမပါဘူး၊ ဒုက္ခအစု ဆင်းရဲထုချည့်ဘဲ၊ ဒီဆင်းရဲတွေက လွတ်အောင်-ကျတ်အောင် လုပ်ရဒါလို့ မှတ်ကြ၊ ရိပ်မိကြပလား? ဒီကြားထဲက ပျင်းလာရင်, ကိုယ့်

ထောင်က ကိုယ်မလွတ်ချင်တဲ့သူ ဆိုဒါ ရိပ်မိကြ၊ ကိုယ့်အချုပ်ထောင်မှာ ငုတ်တုတ်ခံချင်တဲ့ သဘောဘဲလို့ မှတ်ကြ၊ တရားအားထုတ်ရင်းက ပျင်းစိတ်ဝင်လာရင်, ဒီ, ဇာတိစတဲ့ ဒုက္ခသစ္စာကြီး,လေးချက် ကြပ်ကြပ် ကြည့်ကြ၊ ဒုက္ခသစ္စာလေးချက်ဟာ ကိုယ်ပိုင်ဖြစ်ချင်ကြလို့ဘဲ၊ ဒို့ဒကာတွေ ပျင်းတိုင်းပျင်းတိုင်း ဒီ-လေးချက်ကို ကြည့်ပါလို့ သတိပေးလိုက်ပါတယ်၊ ရှင်းကြပလား။

ဒီသဘောကို ဘုရားရှင်က အင်္ဂုတ္တိုရ် ပါဠိတော်မှာ ဟောကြားမှာထားတော်မူခဲ့တယ်၊ "ကံမယ်, တွေးမယ်လို့ ဆိုရင်, ဒီပြင်ဟာကို မကံမတွေးကနဲ- ဒီ- ဇာတိ, ဇရာ, ဗျာဓိ, မရဏ ဆိုတဲ့ ဒုက္ခလေးချက်ကိုဘဲ တွေးကြ, ကံကြ" လို့၊ အသေအချာ ဟောတော်မူခဲ့တယ်၊ ဒါကြောင့်, ဒို့ဒကာတွေ ဒီကနေ့ကစပီး, အတွေးအကံကို ပြင်ကြဘို့ ပြောင်းကြဘို့ တိုက်တွန်းလိုက်ပါတယ်၊ သဘောပါကြပလား?။

သာဝကပါရမီဉာဏ်ရမှ ဒီဒုက္ခလေးခုက လွတ်ကြမှာ၊ ဒီဉာဏ်မှမရသေးရင် အေးနေလို့တော့ မဖြစ်သေးဘူးဆိုဒါ မှတ်လိုက်ကြ၊ အေးနေမိရင် အခုအေးသလောက် နောက်အခါပူပန်ရမယ် ဒါမှမရိပ်မိသေးရင်, မှန်ရှေမှာရပ်ပီး ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်-ကိုယ်အရုပ်ဆိုးဒါ မြင်ရမယ်၊ မြင်ရင် ကိုယ်အရုပ်ဆိုးဒါ ကိုယ်ပြင်ကြလို့ သတိပေးလိုက်တယ်၊ ပဌမ ကိုယ်တိုင်အရုပ်ဆိုး ဒါမြင်အောင်ကြည့်ပီးပြင်ကြ၊ နောက်မှ သူများအရုပ်ဆိုးဒါပြင်ရတယ်၊ သဘောပါကြပလား?။

ပေါ့ပေါ့ကလေးလို့မျှား မအောင်းမေ့လိုက်ကြနဲ့— အလွန်အရေးကြီးလွန်းလို့ သတိပေးနေဒါလို့ ရိပ်မိကြ။ ။ဥပမာဒီ- ဇာတိ, ဇရာ, ဗျာဓိ, မရဏ ဆိုတဲ့ ဒုက္ခလေးခုကို ကြပ်ကြပ်ကြည့်တော့ ကြောက်လာမယ်၊ ကြောက်လာတော့ လွတ်ရေးကျတ်ရေးဖြင့် ဒီအလုပ်ဘဲရှိတယ်လို့ သိပီး ဝိပဿနာလုပ်ဖြစ်မယ်၊ ဒါကြောင့်, ဒကာဒကာမတွေ့ သနားလို့ ဒီလေးခုကို ကြည့်ကြလို့ ဘုန်းကြီးက နက်နက်နဲနဲတိုက်တွန်းနေရဒါ ပေါ်ကြပလား?။

ဒါကိုမှ မလုပ်ချင်သေးရင် မလုပ်ချင်သေးတဲ့သူဆိုရင်, ခန္ဓာရှိရက်နဲ့ ဇာတိဒုက္ခ, ဇရာဒုက္ခ, ဗျာဓိဒုက္ခ, မရဏဒုက္ခ ဆိုတဲ့ ဒုက္ခတွေကို မကြောက်လို့ဘဲ ဆိုဒါ ထင်ရှားတယ်၊ဒုက္ခမှ မကြောက်တဲ့သူဆိုရင် အပါယ်လေးပါးက ပစ္စည်းမှန်သမျှ သူပိုင်ပစ္စည်းဘဲလို့မှတ်ကြ၊ အပါယ်လေးပါး ပွဲဖက်ထား၊ အပါယ်လေးပါးဟာ အိုးပိုင်, အိမ်ပိုင်၊ အပါယ်လေးဘုံဟာ သူပိုင်သူဆိုင်၊ ဒယ်အိုးနဲ့-အိုးစား ဘယ်တော့မှ မကွဲဘူးလို့မှတ်ကြ၊ ဒီဒကာတွေ ဝိပဿနာအလုပ် မလုပ်သေးရင်, မလုပ်ချင်ရင်ဖြင့် ဒီလမ်း-နဲ့-ဒီစခန်းဘဲ ဆိုဒါ ဆုံးဖြတ်ချက်ချကြ။ ။

ဘာ့ကြောင့် ဘုရားက တရားဟောတော်မူဒါတုံး? ရိပ်မိကြရဲ့လား? သတ္တဝါတွေကိုသနားတော်မူလို့ သတ္တဝါတွေအဖြစ်မှန်သိတော်မူလို့ သတ္တဝါတွေအတွက် ဟောတော်မူရဒါဘဲ၊ ဘုရားက သတ္တဝါတွေရဲ့ ပဋိသန္ဓေ, အို, နာ, သေ, ဆိုတဲ့၊ ဇာတိ, ဇရာ,

ဗျာဓိ, မရဏ ဒုက္ခတွေမြင်လို့ သနားလို့ ဟောတော်မူဒါဘဲလို့ မှတ်ကြ၊ သဘောပါကြပလား? ဒါနဲ့မှ အားမထုတ်ချင်ရင် ကိုယ်ထက်မိုက်ဖြင့် မရှိတော့ဘူးလို့ ဆုံးဖြတ်ချက်ချ၊ အားမထုတ်သူအတွက်မှာ ဇာတိကိုယ်ပိုင်, ဇရာကိုယ်ပိုင်, ဗျာဓိကိုယ်ပိုင်, မရဏကိုယ်ပိုင်, ဘဲ-လို့သာ မှတ်ကြပေတော့၊ ရှင်းကြပလား?။

ကိုယ့်ကိုယ်ကိုယ်ချစ်သနားဒါဖြင့် အားထုတ်ကြဘို့ဘဲ၊ အားထုတ်ရင်, ဇာတိချုပ်ရာ-ဇရာချုပ်ရာ-ဗျာဓိချုပ်ရာ-မရဏာချုပ်ရာ ဖြစ်တဲ့နိဗ္ဗာန်ကို ကိုယ်ပိုင်ရကြမယ်၊နိဗ္ဗာန်ကိုယ်ပိုင်ရချင်ရင် ကိုယ်တိုင်ကြိုးစားမှဖြစ်မယ်၊ ဒကာ-ဒကာမတွေက ကိုယ့်အတွက်မပူ၊ သူမျှားအတွက်တော့ ပူတတ်ကြဘယ်၊ ဘုရားကသူ့အရေးပီးမှ-သူမျှားအရေးလုပ်တယ်၊ ဒို့ဒကာတွေကဒတော့ ကိုယ်အရေးမပီးခင်က သူမျှားအရေး-သားရေး-သို့မဟုတ်-စီးပွားရေးတွေ လုပ်နေကြတယ်၊ ဒကာတို့ဟာ ဖီလာကန့်လန့်သွားတွေလား? လို့ မေးထိုက်, မမေးထိုက် စဉ်းစားကြ။

ဒကာ, ဒကာမတွေက ဘုရားကိုးကွယ်ပါ၏-တရားကိုးကွယ်ပါ၏-သံဃာကိုးကွယ်ပါ၏နဲ့ ဆိုကြတယ်၊ ပါးစပ်ကသာဆိုနေကြတော့ ဆိုဒါဘဲရှိတယ်၊ နှုတ်စကားသာပေမဲ့ အလုပ်သွားမပါကြဘူး၊ ဘုရားအယူဝါဒ အလိုတော်ကျအတိုင်း လုပ်တာမဟုတ်သေးဘူးလို့မှတ်ကြ၊ အလုပ်သွားမပါသေးရင် ဘုရားအလိုတော်နဲ့ဝေးသေးတယ် ဘုရားစကားနားမထောင်တဲ့သူဆိုရင် ဘယ်လို အစားထဲကလဲ? ကိုယ့်ဟာကို အရုပ်ဆိုးဒါသိရအောင်, မှန်ထောင်ကြည့်ကြအုံးလို့ ပြောလိုက်ပါတယ်။

ဒို့ဒကာတွေက ဆင်ခြေဆင်လက်တွေနဲ့ ပြောတတ်ကြတယ် စိတ်ကူးထားပါတယ် အကြံကမမြောက်နိုင်ဘူး၊ လုပ်မလို့ဟာ ဒီကလေးက-လူလားမမြောက်သေးလို့ သို့မဟုတ်လေး စိတ်မချ သေးလို့တဲ့၊ အဲဒါ- ဘုရားလမ်းစဉ်ကို သွေဖီလိုက်တာဘဲ၊ ဘုရား က ကိုယ့်အရေးကို ပဌမ၊ သူများအရေးကို နောက်မှလုပ်တယ်၊ ဒကာတို့တတွေ့ ဘုရားအစဉ်မလိုက်လို့ သွေဖီနေကြရင် ဗုဒ္ဓဘာသာဝင်မဟုတ်သေးဘူးလို့ မှတ်လိုက်ကြ၊ ရိပ်မိကြပလား?။ ဒါကြောင့် ရိပ်မိရင် ဒါကို ပြင်ကြ, ဆင်ကြပါလို့ လေးလေးနက်နက် သတိပေးလိုက်ပါတယ်။

သူများလက်ညှိုးထိုးပီး သူများအရေးလုပ်နေကြရင်, ဘုရားက နားကြားပြင်းကပ်လိမ့်မယ်၊ သွေဖီရေးသမားတွေ့, ကပ်ဖဲ့သမားတွေ့ ဘဲ့ ဆိုပီး မြင်ပြင်းကပ်ဘို့ဘဲရှိတယ်၊ သဘောပါကြပလား? လူ ကြီးတွေ့က လူငယ်အတွက်ပူနေကြဒါ သေသေချာချာစဉ်းစား ကြည့်ကြ၊ ကိုယ်ကရေနစ်နေဒါ, သူတို့က ကုန်းပေါ်ကလူတွေ့ပါ၊ ကိုယ်က ဇရာရေ-ဗျာဓိရေနစ်လို့ အသက်ကြီးပီး, မရဏရေက နစ်ရတော့မယ်၊အခုလား တော်တော်နေမှလား-လို့ မသိနိုင်ဘူး၊ မရဏရေ မကြာခင်နစ်တော့မယ်၊ နှာခေါင်းဆိုက်နေဘီ၊ သိကြရဲ့ လား? ရေနစ်တာက မိုက်လို့နစ်တာ၊ သူများသနားနေဒါက ရူးလို့၊ အဲဒီတော့- မိုက်ရူးရဲမို့ဘဲလို့ ဆိုထိုက်,မထိုက် ဝေဘန် ကြည့်ကြ ကျေနပ်ပလား?။

ဒကာ,ဒကာမတွေ့ ကိုယ့်ကိုယ်ကိုယ် ရေနစ်နေဒါတောင်,နစ် နေမှန်းမသိနိုင်ကြဘူး၊ အခုဆရာသမားက ဘော်ပြလို့သိကြရဘီ၊ ဒီကရွှေ.ကိုယ့်ကိုယ်တိုင် ရေနစ်နေဒါ သိကြတော့၊ သိပီး တရား

အလုပ်,လုပ်ကြ၊ မလုပ်ရင် အရှုးမပျောက်သေးလို့ဘဲ ဆိုဒါမှတ်ကြ၊ ရှင်းကြပလား? ဒကာတို့တဘွဲ့မှာ မရဏရောက လည်ပင်းရောက်နေဘီ၊ မကြာခင်အတွင်းမှာ မြုပ်ရတော့မယ်၊ ဒါကိုသိပီး, ဒီကရွှေ-မိုက်တာ,ရှုးဒါဖျောက်ကြတော့၊ ကိုယ်တိုင်က မဖျောက်ရင်၊ အရှုးလက်စ, အမိုက်လက်စ, ဘယ်ခါမှမသိမ်းတော့ဘူး။

ဒီလက်စသိမ်းချင်ရင် သစ္စာအလုပ် ဝိပဿနာအလုပ်,လုပ်ကြရမယ်၊ သစ္စာမြင်ရင် အမိုက်ပျောက်တယ်၊ ရှုးဒါက သမုဒယကြောင့်ရှုးဒါ သူ့ပယ်ရင် အရှုးပျောက်တာဘဲ၊ သဘောပါကြပလား? ဒါကြောင့် အမိုက်-နဲ့-အရှုး ပျောက်အောင်,သစ္စာအလုပ်,လုပ်ကြ၊ ဒုက္ခသစ္စာတခုထဲကို ပိုင်ပိုင်နိုင်နိုင် သိအောင်ကြိုးစားကြ၊ များများမဟုတ်ဘူး ဖြစ်ပျက်ဟာ ဒုက္ခသစ္စာအစစ်ဘဲလို့ သိအောင်လုပ်ကြ၊ သစ္စာမြင်မှ မိုက်ရှုးပျောက်မယ်၊ ရှင်းကြပလား?။

ဒကာတို့တတွေ မျက်လုံးမမြင်သေးလို့ ဒါတွေ ဘုန်းကြီးက ထုတ်ပြရဒါ ထုတ်ပြလို့မြင်ရင်, လွတ်အောင် ကြိုးစားအားထုတ်ကြ၊ ဘုန်းကြီးတို့က ကယ်ချတ်ရေး၊ ဒကာတို့က လွတ်ရေးကျတ်ရေး၊ ဘုန်းကြီးတို့က ဟောရေးညွှန်ပြရေး၊ ဒကာတို့က လိုက်နာရေး,ကျင့်ကြံရေး၊ အရေးနှစ်ရေးအနက်က ကိုယ်အရေးကိုယ့်တာဝန် ကိုယ်ကျေပြန်အောင် အားထုတ်ကြဘို့ဘဲ၊ မထုတ်ချင်ရင်-မထုတ်သေးရင်ဖြင့် ကလေးတွေ လူလားမမြောက်သေးဒါနဲ့ လူကြီးအသေကောင် ဖြစ်ရတယ်- ဆိုတဲ့ကိန်း ကျံကြမယ်၊ ရိပ်မိကြပလား?။

ရပ်ထဲရွာထဲမှာမွေးဖွား၊ ဒီမှာအနေမျှးပီး-ရပ်စကား,ရွာစကားကိုဘဲ နားထောင်နေကြတယ်၊ ရွာမှာရပ်မှာ ပြောတဲ့စကားအဟုတ်ကြီးမျှး မှတ်မနေကြနဲ့ "သူက- လူ့တိရိစ္ဆာန်ဘဲတဲ့ကိုယ့်သားသမီးတောင် မခင်မင်ဘူးတဲ့" နဲ့ ပြောတတ်ကြတယ်၊ ဒါကိုအမှန်ထင်ပီးမနေကြနဲ့၊ မမှန်တဲ့-ရွာစကား,ရပ်စကား နားမယောင်ကြနဲ့-လို့ ပြောလိုက်တယ်။ ။ကိုယ့်အရေးက တစ်ထား၊ သူမျှးအရေး နှစ်ထား၊ ဒါမှ ဗုဒ္ဓဘာသာစစ်တယ်၊ ဒါဟာ, ဘုရားရှင်ရဲ့ အယူဝါဒဘဲ-လို့ မှတ်ကြ၊ ကျေနပ်ကြပလား?။

ဒကာ,ဒကာမတွေ ရိပ်မိကြပလား? နှစ်, အရေးဝင်လာရင်-တစ်, အရေးဆုတ်ယုတ်မယ်၊ တစ်, အရေးမပီးခင်, နှစ်, အရေးအဝင်မခံကြနဲ့၊ နှစ်, အရေးဝင်လာရင် တစ်, အရေးပြန်ဆုတ်ကြ၊ ကိုယ့်အရေး-ဝိပဿနာပြန်ကောက်ကြလို့ ဆိုလိုတယ်၊ ကိုယ်က-အပါယ်တံခါး ဟင်းလင်းကြီးပွင့်နေဒါလား၊ ဒီကြားထဲက သူမျှးအရေးအရင်လုပ်နေရင်, သူမျှးအရေးဝင်ရှုတ်နေရင် အလွန်မိုက်လို့ဘဲ-ဆိုဒါ ဆုံးဖြတ်ချက်ချ၊ လူလိမ္မာမှန်ရင်ဖြင့် ကိုယ့်အရေးပီးအောင် အမြန်ဆုံးအားထုတ်ကြ လို့ တိုက်တွန်းလိုက်ပါတယ်။

ဒါနဲ့- တနေ့ကပြောခဲ့တဲ့ ဝတ္ထုစကား ဆက်ပြောရမယ်၊ ဒို့ဒကာ, ဒကာမတွေ ကျကျနနသိထားဘို့က ဖြစ်ပျက်တရား တခုသာလိုရင်းအချက်ဘဲ-လို့ ဆုံးဖြတ်ချက်ချကြ။ ။ရဟန္တာကြီးလေးပါးက နိဗ္ဗာန်မြင်တဲ့အမြင်ဟာ ဘယ်လိုမြင်တဲ့အမြင်ဘဲ-လို့ ဖြေဆိုထားတဲ့အချက်မှာ....

(၁) က, အာယတန ၆, ပါးဖြစ်ပျက်၊
(၂) က, ခန္ဓာငါးပါးဖြစ်ပျက်၊
(၃) က, ဓာတ်ကြီးလေးပါးဖြစ်ပျက်၊
(၄) က, ဖြစ်တဲ့ပျက်တဲ့တရား၊

ရှုကြ၊ ဒါမြင်ရင် နိဗ္ဗာန်မြင်တဲ့အမြင်ဘဲလို့ အသီးသီးဖြဆို ကြတယ်၊ ဒီနေရာမှာ ဒကာတို့တတွေက အစဲ့အမြဲမှတ်ထားဘို့ ရာဟာ– ဘာဘဲဖြစ်ဖြစ်, ဖြစ်ပျက်ဘဲရှုရမယ် ဆိုတဲ့ အဓိပ္ပါယ်ဘဲလို့ သိထားကြ။

ဘယ်တရားကိုဘဲပြောပြော, လိုရင်းအချက်က "ဖြစ်ပျက်ဘဲ" တန်းနေဒါ၊ နိဗ္ဗာန်မြင်ချင်ရင် ဖြစ်ပျက်မြင်မှ, နိဗ္ဗာန်မြင်ရမယ်၊ ဖြစ်ပျက်မမြင်သမျှ နိဗ္ဗာန်မရကြဘူး လို့ မှတ်ကြ၊ ရှင်းကြပလား? ဒကာ,ဒကာမတွေရဲ့ဆန္ဒအတိုင်း, ကိုယ်နှစ်သက်ရာတခုခု ကိုရှု၊ စိတ်ကြိုက်ရင် စိတ်ရှု၊ ရုပ်ကြိုက်ရင် ရုပ်ရှု၊ စိတ်ရှုရင် စိတ်ဖြစ်ပျက်၊ ရုပ်ရှုရင်,ရုပ်ဖြစ်ပျက်၊ ရှုချင်ရာတခုခုစိုက်ရှုကြ၊ ရိပ်မိကြပလား?။

"ရဟန္တာကြီးလေးပါနဲ့- ဘုရားကဟောထားဒါဖြစ်လို့-
"ဖြစ်ပျက်မြင်တဲ့လမ်း" ကလဲ့လို့ဖြင့်၊ တခြားနိဗ္ဗာန်သွားလမ်းမရှိတော့ဘူးလို့ စဲ့စဲ့မြဲမြဲမှတ်လိုက်ကြ။"

ဒါနဲ့, အဲဒီ မရှင်းမလင်းဖြစ်နေတဲ့ ပုထုဇဉ်ရဟန်းက ဘုရားထံ, သွားရှောက်ထား မေးမြန်းလိုက်တော့၊ ဘုရားက- ဥပမာစကားနဲ့ မိန့်ကြားတော်မူတယ်လို့ မှတ်ကြ။ ။"ဥပမာ ဆိုပါ၊

တော့ကွာ....“တီဘီရောဂါ”မြစ်ခြောက်နာ စွဲတဲ့လူတယောက်ဟာ ဆေးဆရာ့ထံသွားပီး ဆေးတောင်းတယ်တဲ့၊ ဆရာကလဲ ဆေးရယ်လို့ ဖေါ်ပေးမနေတော့ဘဲ ဒီရောဂါပျောက်အောင်ဟာ ပေါက်ပျာချပီး ပျားရေနဲ့သောက်ရင် ပျောက်ပါတယ်ကွာလို့ ပြောက်လိုက်တော့ အဲဒီလူနာက ဆရာပြောတဲ့အတိုင်းသောက်လို့ တီဘီမြစ်ခြောက်နာ ပျောက်ကင်းသွားတယ်တဲ့။

နောက် ဆေးဆရာဟာ နံမယ်ကြီးလာပီး ဟိုကဒီကဆိုသလို ရောက်လာတဲ့ တီဘီမြစ်ခြောက်နာရောဂါသယ်တွေကိုကုသပေးလိုက်တာ နောက်ထပ်လေးယောက်ဟာ ရှင်းရှင်းကြီးပျောက်ကင်းသွားကြတယ်၊ ဒါနဲ့ နောက်ထပ်ရောဂါသယ်တယောက်က ဒီသတင်းကြားလို့ အဲဒီဆရာကြီးဆီသွားပီး ဆရာကြီးရဲ့ ဂုဏ်သတင်းကြားလို့ လာရတဲ့အကြောင်းနဲ့ ချီးကျူးပြောဆိုပီး ဆေးကုမ့ပေးဘို့အကြောင်းနဲ့ တောင်းဆိုလိုက်တယ်။

ဒါနဲ့ ဆရာကြီးက မင်းဆေးစားချင်ဒါဖြင့် ပေါက်ပင်ရဘို့လိုတယ်၊ ငါက ဆေးပေးရမှာဖြင့် မင်းက “ပေါက်ပင်” ရှာခဲ့လို့ ပြောလိုက်တယ်၊ ဒီတော့ ပေါက်ပင်ထွက်ရှာတယ်တဲ့၊ ဒါပေမဲ့ ဒီလူနာတောသားက ပေါက်ပင်ကို မမြင်ဘူး မသိဘူးဘူးတဲ့၊ ဒါနဲ့ ပဌမရောဂါ ပျောက်ဘူးတဲ့လူ့ဆီ သွားမေးလိုက်တယ်တဲ့၊ “ပေါက်ပင်ဆိုဒါဘယ်လိုနေသလဲ? လို့” ဒီတော့ အဲဒီလူက ပေါက်ပင်ဆိုဒါကွာ မီးလောင်ငုတ်တိုလို မဲတဲ့ဟာဘဲလို့ ပြောလိုက်တော့ ဒုတိယသားလူနာက ဒီအတိုင်းမှတ်ထားလိုက်တယ်။

ဒါပေမဲ့ သူ့စိတ်ထဲမှာမရှင်းတော့ ဒုတိယပျောက်ဘူးတဲ့လူ့ဆီသွားမေးပြန်တယ်၊ ပေါက်ပင်ဆိုဒါ ဘယ်လိုနေသလဲ? လို့၊ ဒီတော့ ဒုတိယလူက "ပေါက်ပင်ဆိုဒါ အမဲသားတစ်လို နီနေဒါဘဲ" လို့ ပြောလိုက်တယ်၊ ဒီလိုပြောတော့ ပို၍တ်သွားဒါပေါ့၊ ဒါနဲ့ အဲဒီအတိုင်းဘဲမှတ်ထားပီး တတိယပျောက်ဘူးတဲ့လူ့ဆီသွားမေးလိုက်ပြန်တယ်တဲ့၊ တတိယလူက "ပေါက်ပင်ဆိုဒါဟာ သံလျက်အိမ်ကြီးတွေလို သီးတဲ့အပင်ဘဲ" လို့ ပြောလိုက်တယ်။

ဒီအခါမှ ပိုပီး၍တ်သွားပြန်ဒါပေါ့၊ ဒါနဲ့ အဲဒီအတိုင်းဘဲမှတ်ထားပီး့ စတုတ္ထပျောက်ဘူးတဲ့လူ့တံသွားမေးပြန်တယ်၊ စတုတ္ထလူက "ပေါက်ပင်ဆိုဒါကွာ ညောင်ပင်လို အုပ်အုပ်ဆိုင်းဆိုင်းနေဒါဘဲ" လို့ ပြောလိုက်တော့ သူ့စိတ်ထဲမှာ အလွန်ကို၍တ်သွားတော့တယ်တဲ့။ ။ဒီ- ဥပမာအတိုင်းဘဲ မင်းမှာလဲ တောသားလူနာနဲ့တူနေဘီ-လို့ ဘုရားကမိန့်တော်မူတယ်။

နောက့် ဘုရားကဆက်လက်ပီး့ သူတို့ပြောတဲ့ပေါက်ပင်ဟာ အနေအဆိုင်သာကွာပီး အရသာ,သြဇာမကွဲပြားသလို ရဟန္တာကြီးလေးပါးပြောတဲ့စကားဟာလဲ အပြောအဆိုသာ ကွဲပြားဒါ အဓိပ္ပါယ်သွားက အတူတူချည့်ဘဲ၊ သူတို့အားထုတ်တဲ့အတိုင်း-အားလုံးမှန်ကြတယ်၊ မင်းဉာဏ်မရှင်းလို့ မသိဒါ၊ ဒီပြင်ဟာအသာထား၊ "ဥဒယ,ဝယ" ဆိုတဲ့ ဖြစ်ပျက်တရားတန့်သာ အဓိကထားပီး မှတ်ပေတော့၊" လို့ ဟောတော်မူလိုက်တယ်။

"အရသာ" ကိုယူရင် "ဥဒယ-ဝယ" ဖြစ်ပျက်ဟာ အဓိကပါဘဲလို့ ဟောတော်မူတဲ့အချက်ကို လေးလေးနက်နက် မှတ်ထားကြ။

ဒီဒကာ, ဒကာမတွေ ရှင်းကြပလား? တရားဟာ ပြားချင်ဒါပြားပါစေ၊ ဘယ်လောက်ပြားပြား - ပြားနေပစေ ကိုယ်ကဖြစ်ပျက်မြင်အောင် ကိုင်ထားကြ၊ ဖြစ်ပျက်မြင်ဘို့အရေးကြီးတယ်၊ ဒါသာ လိုရင်းစဲ့ ဖြစ်ပျက်မြင်မှ နိဗ္ဗာန်ရကြမှာ၊ သဘောပါကြပလား?။

ကိုင်း, ယနေ့ဒီတွင် တော်ကြအုံး အချိန်စေ့သွားဘီ။

---

# ဓမ္မရတနာ-မာတိကာ

## " ဒီဘဝယ်ကင်းမှ ချစ်သောရ တရားတော် "

### ဆောင်ပုဒ်၊

ခန္ဓာသူသတ်၊ ငါ- သူမှတ်၊ မှီလတ်လွန်တွယ်တာ။
မိမိသူတပါး၊ ခန္ဓာငါး၊ မှီထား တုန်လှုပ်ရှာ။
ခန္ဓာကိုခင်၊ တဏှာဝင်၊ မှီစဉ်ဘောက်ပြန်လာ။
ဘောက်ပြန်သခေါက်၊ ပူမီးတောက်၊ လှုပ်ချောက်စလိတ
သစ်တုံးမှီလူ၊ တုံးလှုပ်မူ၊ မှီသူ သွက်သွက်ခါ။
မမှီသီးခြား၊ မလှုပ်ရှား၊ မှတ်သားဥပမာ။
ခန္ဓာမခင်၊ တဏှာစင်၊ အေးခွင်မြတ်ချမ်းသာ။

### သတိဆုပ်၊

အနိစ္စ, ဒုက္ခ၊ အနတ္တာ၊ ခန္ဓာထုံးတမ်းဘဲ့။
ခန္ဓာရိုးရာ၊ ဘောက်ပြန်လာ၊ ကံသာရိုးမယ်ဖွဲ့။
မိမိမှားပြစ်၊ သတိလွတ်၊ ဥာဏ်စစ်မခွဲခဲ့။
ဆင်ခြေခဲ့ချထွင်၊ ဘုရားရှင်၊ ပြစ်တင်စွပ်စွဲလဲ့။
အမှီမရ၊ ဘုရားမှာ၊ ပွင့်ကြမရှိတဲ့။
မိမိမိုက်ပြစ်၊ ဝစီလှစ်၊ စီစစ်နောင်ကျိုးမဲ့။
တဏှာကင်းစင်၊ မမှီလျင်၊ ငြိမ်းခွင် အေးမြလဲ့။
ကိုယ့်စိတ်, ကိုလေ၊ ချုပ်ငြိမ်းပေ၊ မှီထွေရှောင်ကွင်းဖွဲ့။

**တရားသဘင်။** ။ဒကာ, ဒကာမတွေကို ဒီကနေ့ည ချမ်းသာရေးတရားကို ဟောရမယ်၊ ဒို့ဒကာ, ဒကာမတွေကို ချမ်းသာခြင်းကြသလား? မေးရင်၊ တပည့်တော်တို့ ချမ်းသာခြင်းကြပါတယ်ဘုရား-လို့ ဖြေကြမှာဘဲ၊ ချမ်းသာခြင်းရင် ဘယ်လိုလုပ်ရမလဲ? ခန္ဓာချုပ်အောင် လုပ်ကြရမယ်၊ ခန္ဓာချုပ်မှသာ သုခအစစ်, ချမ်းသာစစ်, ချမ်းသာမှန်ကို-ကိုယ်ပိုင်ရကြမယ်၊ခန္ဓာမချုပ်သမျှ ဒုက္ခနဲ့မကင်းနိုင်ကြဘူး ဆိုဒါ မှတ်ကြ။

ဒကာ, ဒကာမတွေမှာ မိမိခန္ဓာငါးပါးလဲရှိ၊ သူတပါးခန္ဓာငါးပါးလဲ ရှိနေကြတယ်၊ အဲဒီရှိတဲ့ခန္ဓာငါးပါးကို မိမိကခင်မင်တွယ်တာရင်, လှုပ်ရှားမှုရှိမယ်၊ သူတပါးခန္ဓာခင်တွယ်ရင်လဲ လှုပ်ရှားမှုရှိကြမယ် ဆိုဒါ မှတ်လိုက်ကြ၊ ခန္ဓာရဲ့သဘောက ဘောက်ပြန်ပျက်စီးတတ်တဲ့သဘောမျှသာ ဧကန်ရှိဒါ, မိမိက အကောင်းကြီးမှတ်ပီး, သူ့ကိုတွယ်တာနေကြတော့၊ သူဘောက်ပြန်ပျက်စီးဒါနဲ့ မိမိမှာ,ထောက်တည်ရာမရတော့ဘူး၊ ရိပ်မိကြပလား?။

ဒို့ဒကာတွေ စိတ်ဒုက္ခရောက်နေတဲ့အခါ၊ စိတ်မငြိမ်မသက်ဖြစ်နေတဲ့အခါ သေသေချာချာ ဆန်းစစ်ကြည့်ကြ၊ ကိုယ့်စိတ်မငြိမ်မသက်ဖြစ်နေရင် တခုခုကိုမှီထားမိလို့ဘဲ ဆိုဒါ ပေါ်ကြပလား၊ ဥပမာ- သစ်တုံးကိုမှီထားရင် သစ်တုံးလှုပ်ရင် ကိုယ်ပါလှုပ်မယ်၊ သစ်တုံးလှုပ်တာနဲ့ မှီတဲ့သူပါလှုပ်တာ၊အဲဒါမှီထားလို့ သာလှုပ်တာ၊ တခြားစီနေရင် မလှုပ်ပါဘူး၊ သဘောပါကြပလား? ဒီဥပမာအတိုင်းဘဲ-- ဒို့ဒကာတွေ စိတ်မချမ်းသာ, ကိုယ်မချမ်းသာဖြစ်နေကြရင်, ရှိနေရင်, တခုခုကိုမှီနေလို့ဘဲ-လို့ ဆုံးဖြတ်ချက်ချ။

အခု အစပျိုးပီး, ပြောလိုက်တာက နိဗ္ဗာန်ဟောမလို့ ပြော ဒါလို့ သိထားကြ၊ ဒကာ,ဒကာမတွေကို "ဣတိဝုတ်ပါဋ္ဌိတော်, ဥဒါန်းပါဋ္ဌိတော်မှာလာတဲ့စကား ပြောမလို့ဆိုဒါ မှတ်ကြရမယ် ဒကာတို့တတွေ့ မိမိခန္ဓာကို မှီနေတယ်ဆိုဒါ တဏှာကမှီဒါ— တဏှာရှိလို့မှီဒါဘဲ၊ တဏှာမရှိရင်မမှီတော့ဘူး၊ တဏှာက မိမိ ခန္ဓာ, သူတပါးခန္ဓာနဲ့ ဝတ္ထုအာရုံ- ကာမဂုဏ်အမျိုးမျိုးမှာ မှီ တွယ်တတ်တဲ့သဘောရှိတယ်၊ သဘောပါကြပလား?။

တဏှာကမှီထားတော့ ခန္ဓာက သူ့သဘောအတိုင်း ဘောက် ပြန်လာရင် တဏှာကလှုပ်လာတယ်၊ ဒါကြောင့် "နိဿိတဿ စလိတံ ဟောတိ" တဲ့၊ နိဿိတဿ၊ တဏှာနဲ့မှီနေတဲ့သူအား၊ စ လိတံ၊ လှုပ်သည်၊ ဟောတိ၊ ဖြစ်၏"လို့၊ ဟောတော်မူတယ်၊တ ဏှာက ခန္ဓာကိုခင်တွယ်နေတဲ့အတွက် ဘောက်ပြန်ရင်လှုပ်တယ် လို့ ဆိုလိုတယ် သဘောပါကြပလား? ခန္ဓာကို နဲနဲခင်ရင် နဲနဲ လှုပ်တယ်၊ များများခင်ရင် များများလှုပ်တယ်၊နဲနဲမှ မခင်တွယ် ရင် နဲနဲမှမလှုပ်ဘူးလို့ မှတ်ကြ၊ ရှင်းကြပလား?။

ဥပမာပြောရရင် အနောက်နိုင်ငံက သူဌေးကြီးတယောက် မှာ ဇွဲတသိန်းပျောက်လို့ ဒုက္ခရောက်နေရှာသတဲ့-လို့၊ ဒို့ဒကာ တွေကြားရရင် လှုပ်ပါ့မလား? မလှုပ်ပါဘူး၊ ဘာ့ကြောင့်လဲ? ဒကာတို့က သူ့ကိုမှီမထားလို့ဘဲ၊ သူ့အတွက်နဲ့မလှုပ်ပေမဲ့ မိမိ အပ်တချောင်းပျောက်ရုံနဲ့ဘဲ-လှုပ်တယ်၊ ပေါ်ကြပလား? ဒီ တော့ ဒကာ,ဒကာမတွေ- ငြိမ်ငြိမ်ဆိမ်ဆိမ်, အေးအေးဆေးဆေး နေချင်ပါတယ်ဆိုရင် မမှီကြနဲ့၊ ကိုယ့်ခန္ဓာလဲမခင်ကြနဲ့၊ သူတပါး ခန္ဓာလဲမခင်ကြနဲ့ ပြောလိုက်ပါတယ်၊ ရှင်းကြပလား?။

မိမိခန္ဓာ, သူတပါးခန္ဓာ မှီနေကြရင်, ခင်နေကြရင်, လှုပ်မယ်၊ စိုးရိမ်, ပူဆွေး, ငိုကြွေး, ကြောင့်ကျ, သောက, ဗျာပါရမျှားနဲ့ ရင်ဆိုင်တွေ့ရမယ်၊ ဘယ်တော့မှ အေးဆေးငြိမ်သက်, သာယာတဲ့အကွက်ကို မရနိုင်ကြဘူး-လို့ မှတ်လိုက်ကြ၊ မိမိ, နေမကောင်း, ထိုင်မသာဖြစ်လို့ စိတ်ဒုက္ခရောက်ရတယ်၊ သောကဗျာပါရမျှားရတယ် ဆိုဒါဟာ မိမိခန္ဓာမှာ နဂိုကခင်တွယ်နေလို့ မှီနေလို့ဘဲ၊ ကံမကောင်းအကြောင်းမသင့်လို့ မဟုတ်ဘူး၊ ဒီဒုကာတွေ ပြောတတ်ကြတယ် ကံကိုကဆိုးပါဘယ် ကျုပ်ကံကမကောင်းဘူး—ကျန်းမာတယ်လို့ကို မရှိပါဘူး-နဲ့ ပြောတတ်ကြတယ်၊ ကံမကောင်းလို့မဟုတ်ဘူး၊ ကံမကောင်းလို့-ယူရင်, ကမ္မဝါဒီ ဒိဋ္ဌိဘဲ။

ဘေးကလဲ ဝိုင်းပီးထောက်ခံကြတယ် "ဟုတ်ပါတယ်-ကံမကောင်း, အကြောင်းမသင့်လို့ဖြစ်ရဒါ ခင်ဗျားကိုက ကံခေလှတယ်၊ သားဆိုး-သမီးဆိုးတွေနဲ့ တွေ့ရကြုံရတယ်၊ နောက်က အကြောင်းမကောင်းခဲ့လို့၊ ကံမကောင်းခဲ့လို့ဘဲ-တဲ့၊ ဝိုင်းဝန်းထောက်ခံကြတယ်၊ အမှန်က ခုမှတွေ့ကြရ-ခုမှ, ခင်ကြရဒါပါ၊ နောက်က အကြောင်းမဟုတ်ပါဘူး၊ ဒကာတို့တတွေကသာ မှီနေကြလို့ ခင်တွယ်နေကြလို့ပါဘဲ၊ ရိပ်မိကြပလား? သားကြောင့်လှုပ်ကြ၊ သမီးကြောင့်လှုပ်ကြ၊ ပစ္စည်းကြောင့်လှုပ်ကြ၊ကံမကောင်း, အကြောင်းမသင့်လို့ မဟုတ်ပါဘူး၊ ဒကာတို့က ဒီအပေါ်မှီထားကြလို့၊ မှီနေကြလို့သာပါဘဲ၊ ရိပ်မိကြပလား? မမှီရင်မလှုပ်ပါဘူး။

လှုပ်တယ်ဆိုတဲ့သဘောဟာ, ခင်လို့မင်လို့ ဆိုဒါ မှတ်ကြ၊ ဒကာ, ဒကာမတွေက ခန္ဓာအမျိုးမျိုးမှာ အားကိုးပါးကိုးနဲ့-မှီ

ထားကြ၊ တွယ်ထားကြ၊ နောက်ပိုး ပါးစပ်က ပြောကြသေးတယ် "ဘုရားတောင်-အမြဲမရှိရင်-မပွင့်ဘူး" တဲ့၊ ကိုယ့်ဆင်ခြေနဲ့ကိုယ်တော့ ဟုတ်နေကြဒါဘဲ၊ ခက်မှခက်ရချည့်သေးတယ်၊ ဘုရားက မြဲဒါမဟုတ်ဘူး၊ အရိပ်ခိုပီး ထိုင်ဒါဘဲရှိတယ်၊ နောက်, ဒီအပြောမျိုးဆင်ခြင်ကြ၊ စကားနောက်-တရားပါကြမယ်- လို့ သတိပေးလိုက်ပါတယ်။

နိသိတသ၊ တဏှာဒိဋ္ဌိနဲ့မြဲနေတဲ့သူအား၊ စလိတံ၊ လှုပ်သည်၊ ဟောတိ၊ ဖြစ်၏၊ တဲ့၊ လှုပ်တယ်ဆိုဒါ တဏှာကြောင့်လှုပ်တာ၊ ကံကြောင့်လှုပ်တာမဟုတ်ဘူး၊ ဒို့ဒကာတွေ ကံကြောင့်လှုပ်တယ်လို့ ယူတဲ့အယူ ဒီကနေ့ကစပီး, ပြောင်းပစ်ကြ၊ ဒီကနေ့ကစပီး ဖျောက်ကြ၊ မဖျောက်ရင် အမှန်မကျဘူး၊ အမှန်မဟုတ်ရင် ကမ္မဝါဒီ ဒိဋ္ဌိဘဲ-လို့ မှတ်လိုက်ကြ၊ ရှင်းကြပလား? လှုပ်တယ်ဆိုဒါ တဏှာကြောင့်ဘဲ-လို့ ဆုံးဖြတ်ချက်ချ။

ဒို့ဒကာတွေစဉ်းစားကြည့်ကြ- အနောက်နိုင်ငံမှာ လူပေါင်းတသန်း, နှစ်သန်း ဗုံးကျပီး သေကျပျက်စီးကြတယ်-လို့ ကြား၊ ရရင် အော်.... ကမ္မဿကာဘဲလို့ ပြောကြမယ်၊ ဒို့ဒကာတွေ-နဲနဲမှ မလှုပ်ပါဘူး၊ မလှုပ်တာ မမြဲကြလို့ သူတို့အပေါ် မြဲမထားကြလို့ဘဲ၊ ပေါ်ကြပလား? ဒီတော့ မြဲရင် လှုပ်တယ်၊ မမြဲရင်မလှုပ်ဘူးဆိုတဲ့အချက် ထင်ရှားဘီ၊ ဘယ်လောက်ပဲဝေးဝေး, ဝေးပါစေ မြဲရင်လှုပ်တာဘဲ၊ နီးဒါ, ဝေးဒါဟာ ပဓာနမဟုတ်ဘူးလို့ မှတ်ကြ၊ သဘောပါကြပလား?။

ဒကာ, ဒကာမတွေက လှုပ်တာကို အလွန်ကြိုက်ကြတယ်၊ မလှုပ်ရရင် အငြိမ်မနေနိုင်ဘူး ဆိုသလိုဘဲ၊ ကိုယ့်သား, သမီးလေး-

အိမ်ထောင်ကျရာမှာတောင်, "ဝေးဝေး မသွားကြနဲ့-သိုက်သိုက် ဝန်းဝန်းဆွေမပျက်, မျိုးမပျက် ဒီနားမှာဘဲ စုစုဝေးဝေးနေ ထိုင်ကြ၊" မင်းတို့တတွေ အဝေးမှာနေရင် ဆွေမရှိ-မျိုးမရှိနဲ့-မျက်နှာငယ်နေကြမယ်" ဆိုပီး၊ ကိုယ့်အနားမှာ နေစေကြတယ်၊ အဲဒါ အလှူပ်ကြိုက်လို့-လှူပ်စရာမရှိရင် မဖြစ်ကြလို့၊ လှူပ်နေချင်ကြလို့. ဆိုဒါ ထင်ရှားတယ်၊ ရိပ်မိကြပလား ?။

ဒကာတို့အပြောကတော့ အေးငြိမ်းရာ နိဗ္ဗာန်ရချင်ပါတယ်လို့ ဆိုပေမဲ့လဲ အလုပ်ကတလဲဖြစ်နေကြဘီ ဒါကြောင့် ဒကာတို့တတွေ့ နိဗ္ဗာန်ရောက်ချင်ရင်- ရချင်ဒါဟုတ်ရင် အမှီကင်းကြရမယ်လို့ သတိပေးလိုက်ပါတယ်၊ ကျေနပ်ကြပလား ! ဒကာတို့မှီဒါက ခိုင်မြဲဒါမဟုတ်ဘူး အနိစ္စသစ်ပင်, ဒုက္ခသစ်ပင်, အနတ္တသစ်ပင်တွေ့ မှီနေကြဒါ၊ ဒါတွေ့ကိုမှီနေရင် လှူပ်ချင်ကြလို့ဘဲ ဆိုဒါမှတ်လိုက်ကြ၊ ဒါတွေ့မှီထားရင် နေလဲ လှူပ်လှူပ်ရှားရှားနေနေရတယ်၊ သေလဲ လှူပ်လှူပ်ရှားရှားဘဲ သေရမယ် ဆိုဒါ ဆုံးဖြတ်ချက်ချ။

ဒီဒကာ,ဒကာမတွေ့ လှူပ်လှူပ်ရှားရှားနဲ့သေချင်ကြရင် ကြိုးစားပီးသာမှီကြ၊ လှူပ်လှူပ်ရှားရှားနဲ့- တရားလက်လွှတ်ပီး သေရမှာမုချဘဲ၊ လူတွေ့ဟာ သေခါနီးရင် လှူပ်တာချည့်ဘဲ၊ မလှူပ်တဲ့လူအလွန်နဲပါတယ်၊ မလှူပ်တဲ့သူမရှိဘူးဆိုရင်တောင် မမှားဘူး၊ မလှူပ်တာ ရဟန္တာဘဲရှိတယ်၊ ရဟန္တာကတော့ အမှီကင်းသူမို့ မလှူပ်တော့ဘူးလို့ မှတ်ကြ၊ ဥပမာ လှေစီးတဲ့သူလိုဘဲတဲ့- လှေစီးသူဟာ လှေကမှောက်မလို့ဖြစ်တော့ ကြောက်လို့- အော်တယ်၊ လှေကမှောက်ပေမဲ့-လှေကမအော်ဘူး၊ စီးသူ,မီသူကသာ အော်ဒါပါ၊ သဘောပါကြပလား ? မိမိကလှေကိုမှီနေဒါကိုး.... နှစ်မှာကြောက်လို့ဘဲ။

ဒကာ,ဒကာမတွေက ခန္ဓာငါးပါးဆိုတဲ့ လေ့ကိုဘဲ မှီနေကြတယ်၊ ခန္ဓာငါးပါးကိုမှီတဲ့ပုဂ္ဂိုလ်မှန်ရင် လူပ်မှာဘဲ၊ မမှီရင်မလူပ်ဘူး၊ သဘောပါကြပလား? ဒါကြောင့် "အနိဿိတာသာ၊ တဏှာဒိဋ္ဌိတို့ဖြင့် မမှီသောသူအား၊ စလိတံ၊ လူပ်ခြင်းသည်၊ နတ္ထိ၊ မရှိ၊ စလိတော၊ လူပ်ခြင်းသည်၊ အသတိ၊ မရှိခဲ့သော်၊ ပဿဒ္ဓိ၊ သောက စသည်မငြိမ်း၏၊ ပဿဒ္ဓိ၊ ကိုယ်ရောစိတ်ပါ ကိလေသာမငြိမ်းခြင်း သည်၊ ဟောတိ၊ ဖြစ်၏" လို့ ဟောတော်မူတယ်။ ။လူပ်တယ်ဆိုဒါ တဏှာရှိလို့သာလူပ်တာ တဏှာမရှိရင် မလူပ်ဘူး၊ အဲဒါ. နိဗ္ဗာန်ဘဲ-တဏှာနိရောဓော နိဗ္ဗာနံဘဲ၊အစလတော ဆိုဒါနိဗ္ဗာန်ဆိုဒါဘဲလို့ မှတ်ကြ၊ ရှင်းကြပလား?။

ဒကာတို့တတွေ အိမ်ထောင်ရေးရှာကြဒါဟာ အမှီရှာဒါ-မှီစရာရှာဒါဘဲ၊ အမှီမရှိတော့ လူပ်စရာမရှိလို့ မနေတတ်, မထိုင်တတ်ဖြစ်နေကြတယ်၊ ဒီတော့- ဒို့ဒကာတွေက ကိုယ့်ဟာကိုယ် ရှာပီး လူပ်ချင်လို့ လူပ်နေကြဒါဘဲ ရိပ်မိကြပလား? ဒကာ, ဒကာမတွေ ဘယ့်နှယ်မျှားဖြစ်နေကြသလဲ? လို့ မေးလိုက်ပါတယ်၊ အခု သောကတွေ,ဗျာပါဒတွေနဲ့ ဒုက္ခရောက်နေကြတော့ လွတ်ရုလိုကြောင်းနဲ့ ဆုတောင်းနေကြတယ်၊ ဆုတောင်းလို့ မရနိုင်ပါဘူး၊ မမှီဘဲနေလိုက်ရုံဘဲ မမှီဘဲနေလိုက်ရင် ငြိမ်းဒါပါဘဲ၊ ရိပ်မိကြပလား?။

ဒကာတို့တတွေ ပြင်ကြတော့၊ ဒီကရွှေ အတိတ်ကံကို မစဲ့ကြနဲ့၊ ခန္ဓာကလူပ်လာရင် "မင်းကြောင့် လူပ်တာဘဲ" ဆိုပီး တဏှာကိုလက်ညှိုးထိုးကြ၊ သဘောပါကြပလား?၊ ဥာဏ်နဲ့ တဏှာမြင်အောင်ကြည့်ကြ၊ တဏှာလက်သယ်ဘဲ- ဒကာတို့တဘွေဒုက္ခ

ရောက်ဘို့ သူခြယ်နေဒါဘဲ၊ တဏှာမြင်ရင် အနတ္တဉာဏ်ပေါက်မယ်၊ တကယ်အနတ္တဉာဏ်ပေါက်သွားရင် မပို့မှန်း, မဆိုင်မှန်း အမှန်သိသွားဘီ၊ဒါကြောင့် ဒကာ,ဒကာမတွေ သားသို့မီးအပေါ် ခင်ပွန်းအပေါ် အနတ္တဉာဏ်ပေါက်အောင် ရှုကြလို့ တိုက်တွန်းလိုက်တယ်၊ တဏှာခင်ဒါ သိမ်းလိုက်ရင် လုပ်ဇာတ်တွေ အကုန်သိမ်းမယ်-လို့ မှတ်ကြ။

"ရူပလောကေ-ပိယရူပံ-သာတရူပံ" တဲ့၊ အနာထပိဏ်သူဌေးကြီးသခါနိုးမှာ ဟောတဲ့တရားလို့ မှတ်ကြ၊ သား,သို့မီးနဲ့ခင်ပွန်းက ခန္ဓာငါးပါး၊ ပစ္စည်းက ခန္ဓာတပါး၊ ဒီ-ခန္ဓာတွေကို-ဒကာ,ဒကာမတွေက မိုထားကြတယ်၊ မိုတယ်ဆိုဒါ တဏှာကမိုဒါ၊ တဏှာကမိုပီး, ဥပါဒါန်က လုံးဝမပြုတ်အောင် ဖက်ထားတယ်၊ ဒီတော့- ဒီဥပါဒါန်ရဲ့နောက်က ဒကာတို့မသေခင်မှာဘဲ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ ဆိုတဲ့ ဒီငါးပါး ကလိုက်လာတယ်၊ အဲဒါ ခန္ဓာမိုတဲ့သူအတွက် ရတဲ့အကျိုးဒုက္ခတွေဘဲ၊ သဘောပါကြပလား?။

ကိုယ်မိုထားတဲ့ခန္ဓာက သူ့သဘာဝအတိုင်း ဘောက်ပြန်ပျက်စီးပြတဲ့အခါ စိုးရိမ်ပူဆွေးရ-ငိုကြွေးရ-ကိုယ်စိတ်ဆင်းရဲကြရနောက်, ပြင်းစွာပူပန်ပီး ဥပါယာသမီးလောင်ခံကြရ - မေ့မြောမူးနောက်ပီး သတိလစ်သွားရလောက်အောင် အဖြစ်ဆိုးမျိုးကြုံကြရတယ် အဲဒီအခါမှာ ဆေးရှာရဘီ၊ရင်ထဲနှလုံးထဲ ပူလွန်းလို့ သွေးဆေး လေး တခွက် သောက် ချင်တယ် နဲ့ ဖြစ်ကြရ

တယ်၊ သွေးဆေးသောက်ချင်ဒါ ဥပါယာသလက်ချက်ဘဲ၊သွေး ဆေးဆိုပေမဲ့ ဂန့်ဂေါ်(ကုံကော်)ကယ်ဆေးမှရမယ် ဒီပြင်ဆေး နဲ့တော့မရနိုင်ဘူး သွားဘီတဲ့၊ ဒုံဒကာတွေအဖြစ်ဟာ ကောင်း နိုင်ပါအုံးမလား? စဉ်းစားကြ။

ဒုံဒကာ,ဒကာမတွေ ဒုက္ခကို,ဒုက္ခမှန်းမသိ၊ မိုးကို,မိုးမှန်းမသိ နိုင်အောင် ဖြစ်တဲ့အဖြစ်ဟာ အကောင်းမို့လား? အရှုးမို့ လား? လို့ မေးထိုက်-မမေးထိုက် ဝေဘန်ကြည့်ကြ၊ ကိုယ့်သား ကိုယ့်သမီးလေး - အဝေးတလံ့ သွားနေကြရတဲ့ အခါကျတော့— "ငါ့သားလေး,မာပါစေ,ချာပါစေ,ခလုတ်မထိ,ဆူးမငြိပါစေနဲ့. ငါ့သမီးလေး အန္တရာယ်ကင်းလို့ ဘေးရှင်းပါစေနဲ့" ဆိုပီး မေတ္တာ ပို့ကြတယ်၊ ဟိုကအမှတ်ရ - မရတော့ မသိဘူး၊ ဒီက, တအားမို့ ထားပီး လှုပ်နေလိုက်ကြဒါ၊ ဒုံဒကာတွေ မိုးကိုဘလောက်ကြိုက် တယ်မကြိုက်တယ်, အခြောက်တိုက် ရှာယူနေကြဒါပါ ရိပ်မိကြ ပလား?။

ကိုယ့်သားသမီးလေးတွေ အဝေးမျှားသွားနေတဲ့အခါ "ငိုသံ ပါနဲ့ မေတ္တာပို့နေကြ" ဒါဟာ ရာဂ,ဘဲ၊ မေတ္တာမဟုတ်ပါဘူး၊ လှုပ်တဲ့သဘော ပူပန်တဲ့သဘောရှိဒါကို သိကြ၊ မေတ္တာလို့မျှား မှတ်မနေကြနဲ့၊ ဒါကြောင့် "ရာဂေါမေတ္တာယ ဝဠွေတိ၊" ရာဂ က မေတ္တာကိုလွှဲစားတယ်-တဲ့၊ ဒီတော့ ရာဂကလွှဲစားနေဒါလို့ သိကြ၊ မေတ္တာစစ်က ငိုသံမပါဘူး၊ အပူလဲမပါ-ပါဘူး ရိပ်မိကြ ပလား? မေတ္တာက အအေး၊ တဏှာက အပူ၊ တခု-နဲ့-တခု ဆန့် ကျင်ဘက်ကြီးဘဲ သဘောပါကြပလား?။

တဏှာကခန္ဓာကို-မှီ၊ ခန္ဓာက အနိစ္စ, ဒုက္ခ, အနတ္တခန္ဓာ၊ မမြဲတဲ့သဘော, ဆင်းရဲတဲ့သဘော, ကိုယ့်အလိုမထိုက်တဲ့သဘောဘဲရှိတယ်၊ ခန္ဓာက သူ့သဘောအတိုင်း, သူ့သဘာဝအတိုင်း, ဓမ္မတာထုံးစံအတိုင်း, ဆောင်ရွက်ပီး ဘောက်ပြန်ပြတော့ မှီတဲ့သူကလွဲပ်တာပေါ့၊ လွဲပ်တော့ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသဆိုတဲ့ ငါးပါးက ဆက်တိုက်လိုက်လာမယ်၊ တဏှာနဲ့မှီရင် မှီတဲ့သူကိုလောင်မြိုက်မဲ့ မီးတောက်ငါးခု၊ အခုမျက်မှောက်တွင် အလောင်ခံရမယ်၊ အရှို့အမြိုက်ခံရမယ်၊ ဒီတော့- မီးကို, မီးမှန်းသိအောင်ဖြင့် ကြိုးစားကြလို့ တိုက်တွန်းလိုက်တယ်။

ဒို့ဒကာတွေ မီးမှန်းသိရင်ဖြင့် ရှောင်ကြမယ်၊ ရှောင်ရင် အလောင်အမြိုက်မခံရပါဘူး၊ မီးမှန်းသိတော့ ခန္ဓာကိုတဏှာနဲ့မမှီတော့ဘူး၊ မမှီတော့ ရဟန္တာပုဂ္ဂိုလ်မျှားကြည့်ပါလား? "အသောကံ၊ စိုးရိမ်ကြောင့်က၊ ဗျာပါရလည်းမရှိ၊ ဝိရဇံ၊ ရမက်တဏှာဟူသော မြူအညစ်အကြေးလည်းမရှိ၊ ခေမံ၊ ဘေးမရှိသဖြင့် အလွန်တရားလည်း ငြိမ်းချမ်းလှ၏" တဲ့၊ အဲဒီလို မင်္ဂလာတရားတော်မှာ ဟောထားတယ်၊ မမှီတဲ့သူအတွက်, ဘုရားရဲ့ထောက်ခံချက်စကားတော်ဘဲ၊ ကျေနပ်ကြပလား?။

ဒါကြောင့် ဒို့ဒကာ, ဒကာမတွေ ငြိမ်းချင်ရင်, ချမ်းသာအေးမြချင်ရင် မမှီကြနဲ့၊ ကင်းအောင်ကြိုးစားကြလို့ ပြောလိုက်ပါတယ်၊ ခန္ဓာအပေါ်မှာ တဏှာ, ဥပါဒါန်နဲ့-မှီနေကြသမျှ လွဲပ်ကြမှာချည်ဘဲ၊ ဘယ်တော့မှမငြိမ်းနိုင်, မအေးနိုင်ကြဘူး-လို့ ဆုံးဖြတ်ချက်ချ၊ နောက်က သောကပရိဒေဝ, စတဲ့-ဒုက္ခတွေ တောက်ရှောက်လိုက်လာမှာဘဲ၊ ရှင်းကြပလား? ဒကာ, ဒကာမတွေ

ခလေးလေးစားစားမှတ်ထားကြ၊ "မြိုရင်-လှုပ်မယ်၊ လှုပ်ရင်-ပူမယ် မမြိုရင်-မလှုပ်ဘူး၊ မလှုပ်ရင်-မပူဘူး" ဆိုတဲ့အချက်ကို မှတ်ထားကြ၊ မပူဒါဟာ နိဗ္ဗာန်ဘဲ။

အခုဟာက အသံနဲ့ခဲ့ဒါ, အလုပ်နဲ့ခဲ့ကြည့်ရင် ရမှာမဟုတ်သေးဘူး၊ အလုပ်နဲ့ခဲ့ကြည့်နိုင်အောင်, ကိုယ်တိုင်သိအောင်, ကြိုးစားကြဘို့ ဒကာ, ဒကာမတွေကို တိုက်တွန်းလိုက်တယ်၊ "စလိတော၊ လှုပ်ခြင်းသည်၊ အသတိ၊ မရှိခဲ့သော်၊ ပဿဒ္ဓိ၊ ကိုယ်ရောစိတ်ပါ, ကိလေသာအပူမှငြိမ်းခြင်းသည်၊ ဟောတိ၊ ဖြစ်၏။" လို့ ဟောတဲ့အတိုင်း၊ နိဗ္ဗာန်ဆိုဒါ ငြိမ်းဒါကိုဆိုဒါ၊ ဒါကြောင့် သတိပဋ္ဌာန်ပါဠိတော်မှာ "သောကပရိဒေဝါနံ သမတိက္ကမာယ" လို့ ဟောတဲ့စကားနဲ့ တထပ်ထဲ ကိုက်မနေပေဘူးလား? တထပ်ထဲပါဘဲ၊ ခန္ဓာကိုမမြိုရင် မလှုပ်ဘူး၊ ငြိမ်းအေးတယ်၊ သောက, ပရိဒေဝစတဲ့ ဒုက္ခတွေက လွှန်မြောက်သွားတယ် လို့ မှတ်ရမယ်၊ ပဿဒ္ဓိဆိုဒါ ကိုယ်ရော, စိတ်ရော, ကိလေသာရော ငြိမ်းဒါကို ဆိုဒါဘဲ လို့ မှတ်ကြ၊ ရှင်းကြပလား?။

ဒကာ, ဒကာမတွေ ငြိမ်းအေးချင်ရင် မမြိုဘဲနေနိုင်ကြဘို့လိုတယ်၊ မမြိုအောင်လုပ်ကြရမယ်၊ မမြိုအောင်လုပ်ဘို့က ခန္ဓာကို တဏှာနဲ့ မခင်အောင်လုပ်ကြရမယ်၊ ခန္ဓာ တဏှာနဲ့မခင်အောင် ဘယ်လိုလုပ်ရမလဲ? မခင်အောင်, ဥာဏ်နဲ့လုပ်ရမှာ၊ ဥာဏ်နဲ့မြင်အောင်လုပ်ရမှာဘဲ ဆိုတဲ့အချက်ကို အလေးအနက်မှတ်လိုက်ကြ၊ သဘောပါကြပလား? ခန္ဓာရဲ့သဘောအမှန်ကို ဥာဏ်နဲ့မြင်ရင် မမြိုတော့ဘူး၊ မမြိုရင် မလှုပ်တော့ဘဲ ငြိမ်းအေးသွားပြီ-လို့ မှတ်ကြ၊ ဒါကြောင့် "အနိဿိတဿ၊ ခန္ဓာဖြစ်ပျက်မြင်သဖြင့် မမြို

သောသူအား၊ စလိတံ၊ လှုပ်ခြင်းသည်၊ နတ္ထိ၊ မရှိ။ ” လို့ ဆိုဒါ ဘဲ။ ။ဒါကြောင့် ဒိဒကာတို့ ဝိပဿနာရှုမှသာ အလှုပ်ငြိမ်း မှာဆိုဒါ ထင်ရှားဘီ၊ ဒီတော့ အလှုပ်ကင်းချင်, ငြိမ်းအေးချင်, နိဗ္ဗာန်ရချင်ဒါဖြင့် ဝိပဿနာရှုကြ၊ ဖြစ်ပျက်မြင်တဲ့ ဝိပဿနာပ ညာအလုပ်ကို-လုပ်ကြလို့ အထူးဘဲ တိုက်တွန်းလိုက်တယ်။

ဒိဒကာတို့နိဗ္ဗာန်ရချင်, ရောက်ချင်ရင်, လမ်းရှေမလိုက်ကြနဲ့ လမ်းတိုဖြတ်လမ်း, ဝိပဿနာလုပ်ငန်း ညာဏ်လုပ်ငန်း လုပ်ကြလို့ သတိပေးလိုက်တယ်၊ ညာဏ်လုပ်ငန်းက ခန္ဓာညာဏ်နဲ့စိုက်ကြည့်ဘို့ ဘဲ၊ ခန္ဓာညာဏ်နဲ့ကြည့်ရင် ဖြစ်တာပျက်တာဘဲမြင်ရမယ်၊ ဖြစ်ပျက်မြင်ရင် ခန္ဓာအတွက်နဲ့မလှုပ်တော့ဘူး၊ အလှုပ်နဲ့သလောက် ငြိမ်းအေးမှု-ရကြမယ်၊ လုံးဝမလှုပ်ရင်, လုံးဝငြိမ်းဒါဘဲ-လို့ မှတ် ကြ၊ သဘောပါကြပလား ?။

လှုပ်ရင် ပူတယ်၊ မလှုပ်ရင် အေးငြိမ်းတယ်၊ ဣတိဝုတ် ပါဠိ တော်-နဲ့-ဥဒါန်းပါဠိတော်, သတိပဋ္ဌာန်းပါဠိတော် စကားတို့ဟာ တဖြေးထဲညီညွတ်တယ်-လို့ မှတ်ကြ၊ မလှုပ်တာက-မဂ်၊ မလှုပ် လို့ငြိမ်းဒါက-နိဗ္ဗာန်၊ ငြိမ်းတယ်ဆိုဒါ ကိုယ်, စိတ်, ကိလေသာ ငြိမ်းဒါကိုပြောဒါ၊ အားလုံးငြိမ်းဒါ-နိဗ္ဗာန်ဘဲလို့ မှတ်ကြ၊ ရှင်း ကြပလား ?။

၁....လှုပ်တာ, ပူဒါက ခန္ဓာငါးပါး ဒုက္ခသစ္စာ။
၂....မှီဒါက တဏှာ .... .... သမုဒယသစ္စာ။
၃....မလှုပ်တာက ပညာ .... မဂ္ဂသစ္စာ။
၄ ...မလှုပ်ဘဲငြိမ်းဒါက နိဗ္ဗာန် နိရောဓသစ္စာ။

ဒါကြောင့် ဒီဒကာတွေ ပဌမဈာန်၊ ရုပ်နာမ် ဖြစ်ပျက်မြင်ဘို့ အရေးကြီးတယ်၊ ဖြစ်ပျက်မြင်အောင် ကြိုးစားကြ၊ နောက်, မုန်းလာအောင် ဆက်ကြည့်၊ နောက်, ဆုံးအောင်လိုက်၊ ဖြစ်ပျက်အဆုံးမြင်ရင် နိဗ္ဗာန်ဘဲ၊ အဲဒီအခါမှ အကုန်ငြိမ်းမယ် ဆိုဒါမှတ်လိုက်ကြ၊ ကျေနပ်ကြပလား?။

ကိုင်း, ယနေ့ဒီတွင်ဘဲ တော်ကြအုံးစို့, နာရီစေ့သွားပြီ။

# ဓမ္မရတနာ-မာတိကာ

" ခန္ဓာငါးချုပ်၊ ဥာဏ်ဘောက်ဖျက် တရားတော်။ "

ခန္ဓာငါးပါး၊

(၁) ရူပက္ခန္ဓာ.... ဘောက် ပြန် တတ် သော
သဘောအစု-ဖြစ်ပျက်မှု။

(၂) ဝေဒနက္ခန္ဓာ.... ခံစားတတ်သော
သဘောအစု-ဖြစ်ပျက်မှု။

(၃) သညာက္ခန္ဓာ.... မှတ် သား တတ် သော
သဘောအစု-ဖြစ်ပျက်မှု။

(၄) သင်္ခါရက္ခန္ဓာ....တိုက်တွန်းစီရင်တတ်သော
သဘောအစု-ဖြစ်ပျက်မှု။

(၅) ဝိညာဏက္ခန္ဓာ.... သိကြုံတတ်သော
သဘောအစု-ဖြစ်ပျက်မှု။

**ဆောင်ပုဒ်၊**

ခန္ဓာငါး၀၊ ပရမတ္ထ၊ သဘာ၀သက်သက်သာ။
သူ့သဘော၊ သူဆောင်ယူ၊ ငါ့သူမဟုတ်ရှာ။
သူ့သဘာ၀၊ ဖြစ်ပျက်ကြ၊ အနတ္တစင်စစ်သာ။
ရုပ်သဘောအမှန်၊ မြဲဘောက်ပြန်၊ ခဏံ မစဲပါ။
ဆိုး့ကောင်း့သင့်များ့၊လှည့်ခံစား၊သုံးပါး၀ေဒနာ။
မှတ်သားပြင်းလျင်၊ သညာပင်၊ မြဲဖြင် အနိစ္စာ။
သင်္ခါရမှန်၊ တိုက်တွန်းပြန်၊ စီမံပြုပြင်ကာ။
သိကြုံသမျှ၊ ဝိညာဏ၊ ပျက်ရအနတ္တာ။

**သတိချပ်၊**

ခန္ဓာငါးချက်၊ သံသာစက်၊ ဖြစ်ပျက်လှည့်လည်ကာ။
ဇရပ်ဝင်နား၊ ညည့်သည့်ငါး၊ တူငြားဥပမာ။
လာစဉ်မပြော၊ ထွက်မပြော၊ သူ့သဘောအတိုင်းသာ။
အကြောင်းတိုက်က၊ ပေါ်လာကြ၊ ခဏပျောက်ပျက်ရှာ။
မဆိုင်မိမိ၊ ညည့်သည်သိ၊ မရှိနှစ်သာရာ။
ခန္ဓာသဘာဝ၊ မြင်သိက၊ အနတ္တပိုင်သည်သာ။
တောင့်တမဖြစ်၊ ယာယီစစ်၊ ဉာဏ်လှစ်ရှုကြည့်ရာ။
အနတ္တဉာဏ်မြင်၊ နိဗ္ဗာဝင်၊ ပပဉ္စသေဆုံးကွာ။ ။

**တရားသား။** ။ဒကာ့ဒကာမတွေ အခုတရားနာနေကြဒါ-ခန္ဓာငါးပါးနဲ့-နာနေကြဒါဘဲလို့ မှတ်ရမယ်၊ ဒီခန္ဓာငါးပါးကို မိမိခန္ဓာ, ကိုယ့်ခန္ဓာလို့များ မမှတ်လိုက်ကြနဲ့၊ တရားနာနေကြဒါဟာ ပရမတ်နယ်က ခန္ဓာငါးပါးဘဲလို့ မှတ်ကြရမယ်၊ မည်သူ-မည်ဝါ, ငါဘဲ-သူဘဲလို့ မမှတ်လိုက်ကြနဲ့လို့ သတိပေးလိုက်ပါတယ်၊ သဘောပါကြပလား?။

သေတဲ့သူများကျတော့ ဝေဒနာစတဲ့ နာမ်ခန္ဓာလေးပါး၊ ကမ္မဇ-စိတ္တဇ ရုပ်ခန္ဓာတွေချုပ်ပျောက်ပီး, ဥတုဇရုပ်ခန္ဓာဘပါး သာကျန်တဲ့အတွက်၊တရားမနာနိုင်ကြတော့ဘူး၊ဒို့ဒကာ့ဒကာမတွေ အခုအခါမှာ ခန္ဓာငါးပါးရှိကြလို့၊ ခန္ဓာငါးခုစုံလို့သာ တရားနာနိုင်ကြဒါလို့ မှတ်ကြ၊ အမှန်အစစ်က ဒကာတို့တတွေမှာ ခန္ဓာငါးပါးသာရှိကြဒါ မောင်မဲ-မောင်ဖြူ ငါသူဆိုဒါ မပါကြဘူး၊ ငါဘဲ, သူဘဲ, ယောကျ်ားဘဲ, မိန်းမဘဲ နာမယ်ပေးဒါဟာ-

ခေါ်လွယ်အောင်လို့၊ ခန္ဓာငါးပါး နာမယ်ပေးဒါဟာလဲ ထင်လွယ်အောင်လို့ဘဲ ဆိုဒါမှတ်ထားကြ၊ အမှန်အရှိ - လိုရင်းက “သဘော-သဘာဝ” မျှသာ ရှိတယ်လို့ မှတ်လိုက်ကြ၊ ရှင်းကြပလား?။

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်လို့ ဆိုဆို၊ ခန္ဓာငါးပါးလို့ဘဲ ဆိုဆို၊ ဘာဆိုဆို အမှန်အရှိက ပရမတ္ထရုပ်နာမ်မှာ သဘောမျှသာရှိတယ်၊သဘာဝတရားသက်သက်မျှသာဖြစ်တယ် ဆိုတဲ့အချက်ကို၊ လေးလေးနက်နက် မှတ်ထားကြ၊ သဘောပါကြပလား?။

**ရုပကွန်ဒေ**။ ။ရုပ်ဆိုဒါ ခနခန ဘောက်ပြန်တဲ့သဘောမျှသာရှိတယ်၊ တမျိုးပီးတမျိုးပြောင်းလဲပီး ဘောက်ပြန်ပျက်စီးနေတဲ့ သဘောဘဲရှိတယ်၊ ပူတဲ့ရုပ်က-အေး၊ အေးရုပ်က-ပူ၊ လှုပ်ရှားရုပ်က-ငြိမ်၊ ငြိမ်ရုပ်က-လှုပ်၊ စသည်အားဖြင့် ခဏမစဲ တသဲသဲ ဘောက်ပြန်နေကြဒါဘဲ၊ နွေအခါ အိုက်တော့-ပူတော့ ယပ်ခပ်ကြတယ်၊ ယပ်ခပ်တဲ့လေနဲ့တွေ့တော့ ပူရာကအေးသွားတဲ့သဘောဘဲလို့ မှတ်ကြ၊ တခုပျက်ရင် တခုဖြစ်၊ တခုချုပ်ရင် တခုပေါ်ဒါဘဲ၊ ဘောက်ပြန်ဆိုဒါ, ပင်ကိုယ်သဘာဝကိုစွန့်သွားဒါ၊ ပင်ကိုယ်သဘောစွန့်သွားဒါဟာ ဘောက်ပြန်ဒါဘဲလို့ မှတ်ထားကြ။

ရုပ်သဘာဝဟာ သူ့သဘော, သူ့ဆောင်နေဒါဘဲ၊ သူ့သဘောကဘောက်ပြန်တတ်တဲ့ သဘောဘဲရှိတယ်၊ ဒီပြင် အပိုမပါဘူး အစိုးတရ ပုဂ္ဂိုလ် သတ္တ၀ ဘာတခုမှမဟုတ်ဘူး၊ တားမရ, ဆီးမရ,ချုပ်ပျောက်သွားတဲ့ အနတ္တသဘောသာအမှန်ဖြစ်တယ်၊

ကိုယ့်အလိုမလိုက်, ကိုယ့်အကြိုက်မပါတဲ့ အနတ္တသဘောပါဘဲလို့ သိရင်, ဒို့ဒကာတွေတခါထဲ မင်ဆိုက်ပါတယ်၊ ဒီတော့·ဒီသဘော အမှန် အနတ္တဉာဏ်ရဘို့အရေးကြီးတယ်၊ ဒါကြောင့် ဒကာတို့ တဒတ္တက ဆရာသမားခိုင်းတဲ့အတိုင်း လိုက်နာကြဘို့ဘဲ၊ လိုက်နာရင် ဘုရားပြောနဲ့ခန္ဓာပြောက မင်ဆိုက်အောင် ဆောင်ရွက်ပေးလိမ့်မယ်လို့၊ သတိပေးလိုက်ပါတယ်။

ဧဝဒနာကန္ဓာ။ ။ဧဝဒနာဆိုဒါ ခံစားတတ်တဲ့ သဘောကို ဆိုဒါဘဲ၊ သူကကောင်းဒါလဲ့ ခံစားတယ်၊ မကောင်းဒါလဲ ခံစားတယ်၊ အလယ်အလတ် အသင့်မှာလဲ ခံစားတတ်တယ်၊ ဒီလိုခံစားတတ်တဲ့သဘောကို-ခေါ်ဒါ၊ ခံစားဒါဟူသ၍ ဧဝဒနာချည့်ဘဲလို့မှတ်ကြ၊ ဒီ,ကောင်း,မကောင်း,အသင့်ဆိုတဲ့သုံးမျိုးမှာ လဲ့ခံစားတယ်၊ ဒီသုံးခု တမျိုးပီးတမျိုး လဲ့ပီး ဖြစ်ပျက်နေဒါဘဲရှိတယ်၊ ဖြစ်လာပီး,ပျက်သွားလိုက်၊ သူ့သဘောအတိုင်းဖြစ်၊ သူ့သဘောအတိုင်းပျက်တာဘဲ၊ ပေါ်ပါလို့ တောင်းလို့မရဘူး၊ မပျောက်ပါနဲ့လို့ တားလို့လဲ့မရဘူး၊ သဘောပါကြပလား?။

ဒီဧဝဒနာဆိုတဲ့ ခံစားသဘောလေးဟာ ခန္ဓာမှာအမြဲတန်းဖြစ်ပျက်နေဒါဘဲ သုံးခုထဲက တခုခုတော့အမြဲရှိပီးနေဒါဘဲလို့ မှတ်ကြ၊ ဖြစ်လာလိုက်,ပျက်သွားလိုက်နဲ့ သူက-သူ့သဘာဝကိုပြပီးနေဒါပါ၊ ကျုပ်ဟာ ဖြစ်ပီးပျက်နေတဲ့ အနတ္တသဘောပါ၊ ကျုပ်ကို အနတ္တလက္ခဏာရှုစမ်းပါနဲ့ ပြောနေသလိုပါဘဲ၊ အစိုးတရ အာဏာပြလို့ ရတဲ့တရားမဟုတ်ပါဘူး ရိပ်မိကြပလား? ဒို့ဒကာ, ဒကာမတွေကသာ မသိကြ-မမြင်ကြ၊ သိအောင်,မြင်

အောင် မကြည့်ကြသေးလို့သာပါ။ ဒီသဘာဝအမှန် သိနိုင်အောင် ကိုးစားကြလို့ ပြောလိုက်ပါတယ်။

**သညာက္ခန္ဓာ။** ။သညာဆိုဒါ မှတ်သားတတ်တဲ့ သဘောဘဲ ရှိတယ်လို့ မှတ်ကြ၊ သညာဆိုဒါ အမှတ်သဘောဘဲ၊ဟိုလူ-မောင်ဖြူ၊ဒီလူက-မောင်ညို ဆိုပီး မှတ်သားတတ်တယ်၊ ယောကျ်ားဘဲ, မိန်းမဘဲ, ငါဘဲ,သူဘဲဆိုပီး၊ အစဉ်အလာအတိုင်း မှတ်သားတတ်တယ်၊ ဒီလူက ဘယ်သူဘဲ၊ ဘယ်သူတော့ မရောက်သေးဘူးနဲ့ ပြောကြ-ဆိုကြဒါဟာ အမှတ်အသားထားပီး ပြောဆိုနေကြဒါဘဲ၊ သညာနယ်ပယ်ဟာ အလွန်ကျယ်ဝန်းပါတယ် ဒီသညာဖြစ်ချင်တော့ ဖြစ်စရာအာရုံနဲ့တွေ့-တွေ့ခြင်းဖြင့် လာဒါပါဘဲ၊ သူလဲဖြစ်ပီး ပျက်တော့ဒါဘဲ။

ဒကာ,ဒကာမတွေ သဘောပါကြပလား? ဒီအမှတ်သဘောကလေးဟာ ပေါ်စရာအာရုံနဲ့ တိုက်ဆိုင်တဲ့အခါ ပေါ်လာပီး, ချက်ခြင်းပျောက်သွားဒါဘဲ၊ ခေါ်လို့လာဒါလဲမဟုတ်၊ နှင်လို့ သွားဒါလဲမဟုတ်ပါဘူး၊ သူ့သဘာဝအတိုင်း,အနိစ္စမျိုးမို့-ပျက်စီးသွားရဒါပါ ရှင်းကြပလား? သူ့သဘောအတိုင်း, ပေါ်လာလိုက်၊ ပျောက်သွားလိုက်နဲ့နေဒါဘဲ၊ ဒါကို- ဒကာ,ဒကာမတွေက ဉာဏ်နဲ့စောင့်ကြည့်နေရင် အမှန်ဖြစ်ပျက်နေတဲ့သဘောမပိုင်မဆိုင်တဲ့သဘောကို တွေ့ရမြင်ရမယ်၊ ဒါကြောင့် ဒကာတို့တတွေက ဒါကိုအမှန်အကန် တွေ့ရမြင်ရအောင်, ဉာဏ်နဲ့စောင့်ကြည့်ကြလို့ တိုက်တွန်းလိုက်တယ်။

**သန်ဂါရကျွန်နော်။** ။သင်္ခါရဆိုဒါ တိုက်တွန်းသဘော၊ စီရင်တတ်တဲ့သဘောရှိတယ်လို့ မှတ်ကြ၊ ဥပမာ ထိုင်ချင်တယ်၊ စောင်းချင်တယ်၊ ရွှေ့ချင်တယ်၊ ပြောင်းချင်တယ် ဆိုတဲ့သဘောတွေဘဲ၊ ဒီသဘောတွေဟာလဲ သူ့သဘောအတိုင်း, ဖြစ်ပေါ်လာလိုက်၊ ပျက်သွားလိုက်နဲ့ မရပ်မနား ပျက်ပြားနေကြတဲ့သဘောတွေဘဲလို့ မှတ်ကြ၊ သူလဲ-ဇရပ်လာပီး တည်းခိုတဲ့ည့ည့်သည်သဘော၊ ည့ည့်သည် ဥပမာလိုပါဘဲ၊ သဘောပါကြပလား?။

ဒီ- တိုက်တွန်းသဘော, ပြုပြင်စီရင်တတ်တဲ့ သဘောဟာလဲ ကိုယ့်အလို တချက်မှမလိုက်ပါဘူး၊ ကိုယ့်အကြိုက်လဲတခုမှ မဆောင်ပါဘူး၊ ဒါကြောင့်သူ့ကိုလဲ ကိုယ်ပိုင်,ကိုယ်ဆိုင်မဟုတ်တဲ့သဘောသဘာဝဘဲ၊ မပိုင်မဆိုင်တဲ့ အနတ္တာဘဲလို့ ဥာဏ်နဲ့မြင်အောင်ကြည့်ပေးရမယ်၊ ရိပ်မိကြပလား?။

**ဒီညာဏာကွန်နော်။** ။ဝိညာဏ်ဆိုဒါသိတတ်တဲ့သဘောပါဘဲ၊ အသိသဘော,သိလုံးကလေးကို ဝိညာဏ်လို့ ခေါ်တယ်လို့မှတ်ကြ၊ ဘယ်သူ့ကိုသိတယ်၊ ဘယ်ဝါကိုသိတယ်လို့ ပြောကြဒါဟာ ဝိညာဏ်ခေါ်တဲ့သိလုံးကလေးဘဲ၊ သူလဲမြဲမြဲပါဘူး သိပီးပျက်သွား၊ သိပီးပျက်သွားနဲ့ ဒါလဲ မပိုင်မဆိုင်တဲ့သဘောရှိတယ်လို့ မှတ်ကြ၊ ဒါကို ဥာဏ်နဲ့ကြည့်မှသာ မြင်ရမယ်၊ ကြည့်ပေးဘို့က ဒကာတို့တာဝန် အမှန်အကန်သဘာဝကို ပြမှာက ဓမ္မတာဝန်၊ ကြည့်ပေး မပိုင်မဆိုင်တဲ့သဘာဝ, အမှန်မြင်ကြမယ်၊ သဘောပါကြပလား?။

မပိုင်,မဆိုင်တဲ့သဘောက အနတ္တာ၊ သိဒါက အနတ္တာဉာဏ်ဘဲ-လို့ မှတ်ကြ၊ အနတ္တာရှိလို့-အနတ္တာသိဒါ အဟုတ်အမှန် သိဒါဖြစ်လို့ ယထာဘူတဉာဏ်ရဒါဘဲလို့ ဆုံးဖြတ်ချက်ချ၊ ကျေနပ်ကြပလား? ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်- ငါးခုထဲက ကြည့်ချင်ဒါကြည့်၊ တခုကြည့်ရင် ပီးပါတယ်၊ ဉာဏ်နဲ့ကြည့်ရင် အမှန်မြင်ရမယ် ဖြစ်ပီးပျောက်သွားတဲ့သဘောရှိဒါမို့- ဖြစ်ပီးပျောက်သွားဒါဘဲ မြင်ရမယ်၊ ရှင်းကြပလား?။

**ဆောင်ပုဒ်။** ။ဘောက်ပြန်, ခံစား၊ မှတ်သား, ပူပြင်၊ သိဝိညာဏ်၊ ငါးအင်ခန္ဓာမှတ်။

ဒီခန္ဓာငါးပါး သဘော ဆောင်ပုဒ်ကလေးလဲ ရအောင်ကျက်ထားကြ၊ ခန္ဓာငါးပါးရဲ့သဘောက, သူ့ဟာသူဘောက်ပြန်၊ သူ့ဟာသူ-ခံစား၊ သူ့ဟာသူ-မှတ်သား၊ သူ့ဟာသူ-စုစဆော်တိုက်တွန်း၊ သူ့ဟာသူ-သိပီး၊ ဘောက်ပြန် ပျက်စီးသွားကြ ဒါဘဲရှိတယ်။ ။ဥပမာအားဖြင့် ဇရပ်မှာဝင်တည်းတဲ့- ည့်သည်ငါးယောက်နဲ့တူတယ်လို့ မှတ်ကြ၊ လမ်းဘေး ဇရပ်တဆောင်မှာ-ကိုယ့်ကိစ္စနဲ့-ကိုယ်အရေးကြုံလို့ ခရီးသွားရင်း ဝင်ပီးနားနေတည်းခိုကြတယ်၊ အဲဒီ- ည့်သည်ငါးယောက်ဟာ ဝင်လာတည်းခိုတုံးကလဲ ဘယ်သူ့ကိုမှ ဘာစကားကိုမှ မပြောမဆိုဘဲ ဝင်လာတည်းခိုကြတယ်၊ အချိန်တန်လို့- ထွက်ခွာသွားကြတော့လဲ မပြောမဆိုဘဲ ကိုယ့်သဘောနဲ့ကိုယ်ဘဲ ထွက်ခွာသွားကြဒါပါဘဲ။

ဒီဥပမာအတူဘဲ ည့်သည်ခန္ဓာငါးပါးဟာလဲ ဒကာတို့ခန္ဓာမှာလာတုံးကလဲမပြောကြဘူး၊ သူ့သဘောအတိုင်း လာကြပီး၊

သဉ်းတော့လဲမပြောကြပါဘူး သူ့သဘောအတိုင်း, သူဖြစ်ပီး ပျက်နေကြတယ်လို့သိကြရမယ်၊ အကြောင်းတိုက်ဆိုင်တော့ ပေါ်လာကြ၊အကြောင်းကုန်တော့ ပျောက်ပျက်ကုန်ကြ၊အဲဒီလို သူ့သဘာဝမမှတာလမ်းစဉ်အတိုင်း ဆောင်ရွက်နေကြဒါဘဲ ရှိတယ်၊ ဒီသဘောအမှန်ကို ဒကာ,ဒကာမတွေ ကိုယ်တိုင်ဒိဋ္ဌမြင်အောင် ကြိုးပမ်းကြ၊ ဒီလိုမြင်ရင်-ဒီတရားတွေဟာ ကိုယ်နဲ့မဆိုင်တဲ့ အနတ္တတွေဘဲလို့ ဆုံးဖြတ်ချက် ချနိုင်ကြမယ်၊ ရှင်းကြပလား?။

ဒကာ, ဒကာမတွေ ဒီအနတ္တဉာဏ်ကိုယ်ပိုင်ရရင်, ခန္ဓာနဲ့မိမိ မဆိုင်မှန်း,မပိုင်မှန်းသိကြမယ်၊ မဆိုင်မှန်းသိရင် - မဆိုင်သလိုနေလိုက်ရုံဘဲ၊ ဒီလိုနေလိုက်ရင်, မလွပ်တော့ဘူး၊ ငြိမ်းသွားဘီ-လို့ မှတ်ကြ၊ ဒို့ဒကာဘွဲ့က, ဒီသဘောအမှန်အကန် မသိကြတော့-"လုံဖျား-ပဇင်းနားဒါနဲ့-ကျီးကန်းက-ချီးပါဆိုသလို" ရှုပ်,နာမ်ခန္ဓာက သူ့သဘောအတိုင်း ဆောက်ပြန်လိုက်တော့ ချီးပါနေကြတယ်၊ ရိပ်မိကြပလား? ခန္ဓာငါးပါးက သူ့သဘောအတိုင်း သူဖြစ်ပျက်နေကြဒါပါ၊ ဒကာတို့တစေ့တွက ချီးပါနေဘို့ မလိုပါဘူး၊ သဘောပါကြပလား?။

အခုအချိန်ကစပီး, ဒို့ဒကာတွေ သိကြ, မြင်ကြတော့-လို့ သတိပေးလိုက်ပါတယ်၊ ဒီခန္ဓာငါးပါး ဖြစ်တာ,ပျက်တာ,ဘေးက်ပြန်ဒါမြင်ရင် ည့ဲသည်တယောက်ထွက်သွားလို့ တယောက်ဝင်လာဒါဘဲလို့ အောင်းမေ့ပီးနေကြ၊ သဘောပါကြပလား? ည့ဲသည်ဟာ-ည့ဲသည်ဘဲ ကိုယ်နဲ့ဘာမှဆိုင်ဒါ မဟုတ်ပါဘူး၊ ဒို့ဒကာတွေက, ကိုယ်ဆိုင်ချင်လို့ ဆိုင်နေကြဒါပါ၊ မဆိုင်ဒါ မ

ဆိုင်မှန်းသိအောင် ကြိုးစားကြ၊ မဆိုင်မှန်း, မပိုင်မှန်း ကောန်သိ လာတော့ ခန္ဓာပေါ်မှာ တဏှာဒိဋ္ဌိနဲ့မမှီတော့ဘူး၊ မမှီတော့ ခန္ဓာဘာဖြစ်ဖြစ်-မလှုပ်တော့ဘူး၊ မလှုပ်ရင် ငြိမ်းဒါပါဘဲ၊ ကျေနပ်ကြပလား?။

ဘုန်းကြီးတို့, ဒကာ, ဒကာမတွေ ညွှေ့သည်သဘော မြင်အောင်ကြည့်ကြဘို့ အထူးတိုက်တွန်းလိုက်ပါတယ်၊ ဒီခန္ဓာငါးပါးဟာ ဖြစ်လာလို့က်, ပျက်သွားလို့က်နဲ့ ဥာဏ်နဲ့စောင့်ကြည့်ရင် ညွှေ့သည်သဘောနေ, ပီး ညွှေ့သည်သေ-သေသွားကြဒါဘဲ-လို့ မြင်လာမယ်၊ မြင်လာရင် ကိုယ့်ခန္ဓာလို့ မဆိုနဲ့တော့ ညွှေ့သည် ခန္ဓာလို့ ဆိုကြ၊ ဒါကြောင့် ဒကာ, ဒကာမတွေ ခန္ဓာပေါ်မှာ ညွှေ့သည်အမြင်မျိုး မြင်အောင်, ညွှေ့သည်အကြည့် အမြင်မျိုးနဲ့ ကြည့်ပေးကြ၊ အိမ်သည်အနေ-နဲ့-မကြည့်ကြနဲ့-သဘောပါကြပလား? ခန္ဓာငါးပါးဟာ အမှန်သဘာဝက ညွှေ့သည်တရားတွေပါ ရှင်းပလား?။

ခန္ဓာငါးပါးကို ညွှေ့သည်သဘောသိသွားရင်, မလှုပ်တော့ဘူး၊ မလှုပ်ရင်ငြိမ်းဒါဘဲ ဆိုဒါ ရိပ်မိကြဘီ—ရိပ်မိကြရင်,ဒီကရွှေ ခန္ဓာငါးပါးကို အတွင်းလူအတွင်းသားအဖြစ် မထားကြနဲ့၊ မကြည့်ကြနဲ့၊ ညွှေ့သည်မို့-ညွှေ့သည်သဘောဘဲထားကြ၊ ဥာဏ်နဲ့ မြင်အောင်ကြည့်ကြ၊ ရှင်းပလား? ခန္ဓာငါးပါးကို ခိုင်ပါစေ,မြဲပါစေ, မဘောက်ပြန်ပါစေနဲ့-လို့ ဆုတောင်းလို့ မရဘူး၊ ဆုတောင်းလို့ မပြည့်တဲ့တရားဘဲလို့ သိကြ၊ ပင်ကိုယ်က-မခိုင်မမြဲတဲ့တရား, အနှစ်သာရ လုံးဝမရှိတဲ့တရားဟာ ခန္ဓာငါးပါးဘဲလို့ မြင်ကြ၊ ဒီလိုမြင်မှ ငြိမ်းအေးချမ်းသာမှု ကောန်ရကြမယ်၊ ဒါ, မ

မြင်နိုင်သမျှ- အပူလက်စ ဘယ်တော့မှ မသိမ်းတော့ဘူးလို့မှတ်လို်က်ကြ၊ သဘောပါကြပလား?။

ဒီခန္ဓာငါးပါးကို- ညွှေသည်အဖြစ်၊ ညွှေသည်အမြင်နဲ့- မြင်တော့-တဏှာ,မာန,ဒိဋ္ဌိသေတယ်၊ တဏှာ,မာန,ဒိဋ္ဌိသေတော့-နောက်က - ဥပါဒါန်,ကံ,ဇာတိ,ဇရာ,မရဏ,သောက,ပရိဒေဝ,ဒုက္ခ, ဒေါမနဿ, ဥပါယာသ, ဆိုတဲ့- ဒုက္ခအစုတွေပါ သေကုန်တော့တယ်၊ ဒီတရားဆိုးတွေဖြစ်ခွင့်မရဘဲ- ချုပ်ပျောက်ကုန်ကြတယ်၊ဒီတရားဆိုးတွေသေတော့-သံသရာစက်ပြတ်တယ်-လို့ မှတ်ကြ၊ ရှင်းကြပလား?။ ဒီတော့-ဒီတရားဟာ သံသရာစက်ပြတ်တဲ့တရား-ဘဲ-လို့ဆိုးဖြတ်ချက်ချ။ ကျေနပ်ပလား?။

ဒကာဒကာမတွေ"ဂတိငါးပါး" နားလည်ကြတယ်၊ဂတိငါးပါးက-"ဇဒဝ,မနုဿ,နိရိယ,ပေတ,တိရစ္ဆာ,။ လားရာဂတိငါးပါးရှိ၊မှတ်သိလူဖို့လိပါ။" ဆိုတဲ့အတိုင်း၊ နတ်ရွာ,လူရွာ,ငရဲရွာ, ပြိတ္တာ,တိရစ္ဆာန်-ဆိုတဲ့ ငါးမျိုးဘဲဆိုဒါ သိကြတယ်။ ဒီတော့-ဒကာ ဒကာမတွေကိုမေးတယ်ဆိုပါတော့-ခန္ဓာငါးပါးရဲ့ လားရာရောက်ရာဂတိက-ဘာပါလဲ? လို့ မေးတဲ့အခါ-ဒကာတို့တတွေက ခန္ဓာငါးပါးကိုပုဂ္ဂိုလ်,သတ္တဝါအဖြစ်နဲ့ပြောကြမယ်၊ငါ,သူတပါးယောကျ်ား,မိန်းမ အမှတ်နဲ့ပြောကြမယ်။ ဘယ်ဂတိဘဲ-နဲ့-ပြောကြမယ်၊ ရိပ်မိကြပလား?။

ဒီလိုပြောတော့-အမှန်ကြပါ့မလား? မကြပါဘူး။ "ငိဘဝေါဂတိမမွာန်"လို့ ဆိုတဲ့အတိုင်း ဘုရားအလိုတော်နဲ့ဖြင့် ဇီလာကျမှာဘဲလို့မှတ်ကြ။ အဓိပ္ပါယ်က-ဒီခန္ဓာငါးပါးရဲ့ဂတိဟာ-ဖြစ်ငီးပျက်သွားဒါဘဲတဲ့၊ ဖြစ်ပေါ်မီးပျောက်သွားဒါဟာ-သူ့ဂိုဂတိ

ပါဘဲလို့ ဆိုလိုတယ်၊သဘောပါပလား? ရုပ်ဓမ္မ, နာမ်ဓမ္မတို့ရဲ့ဂတိ ဟာ ဝိဘဝေါဂတိဘဲတဲ့၊ ဝိဘဝေါဂတိဆိုဒါ ဖြစ်ပီးပျက်သွား ဒါကို ဆိုဒါ- ဒီနေရာမှာ "မရှိဒါ" ဖြစ်ပီးမရှိဒါဟာ သူ့ဂတိ ဘဲလို့ မှတ်သိုက်ကြ၊ ရှင်းကြပလား?။

ဒီတော့ ဒကာ,ဒကာမတွေ အထူးမှတ်ထားဘို့က-ဒီဂတိကို-ပိုင်ရင်-အနတ္တကိုပိုင်ဘီ၊ ဒီဂတိမပိုင်ရင် အနတ္တမပိုင်သေးဘူး၊ အနတ္တဉာဏ်မရသေးဘူး-လို့ ဆိုတဲ့အချက်ဘဲ၊ သဘောပါကြ ပလား?၊ သူ့လားရာဂတိပိုင်ရင် အနတ္တပိုင်တယ်၊ပိုင်ဘို့ဆိုဒါက-ဒီနေရာမှာပေါ်ပီး, ဒီနေရာမှာပျောက်သွားဒါကို-ဝိဘဝေါဂတိ-ဖြစ်တဲ့ နေရာမှာ-လားရာဂတိရှိတယ်လို့ သိကြဘို့ဘဲ၊ သူ့လား ရာ-ဂတိကိုသိတော့-ကြောင့်ကြမှု-တောင့်တမှုမရှိတော့ဘူး၊ ဒီသ ဘောဟာ-ခန္ဓာထုံးစံသူ့ထုံးဘဲစံလို့သိသွားဘီ၊ထုံးစံသိတဲ့ဉာဏ် ဟာ အနတ္တဉာဏ်ဘဲ၊ ထုံးစံပျက်တာက အတ္တဘဲ-လို့ မှတ်ကြ၊ ရှင်းကြပလား?။

ခန္ဓာထုံးစံ အမှန်သိတော့-ခန္ဓာက ဘောက်ပြန်တဲ့ အခါ-အော် .... သူ့သဘော-သူဆောင်ရွက်နေဒါဘဲ၊ သူ့ထုံးစံသူလုပ် နေတာဒါကိုး- ဒါဟာ- သူ့ထုံးစံ ပေဘဲ-လို့ ဆုံးဖြတ်နိုင်တော့ တယ်။ သူ့သဘောသိရင်,အနတ္တပိုင်တယ်၊ သူ့သဘော-မသိရင်-အတ္တဘဲလို့မှတ်ကြ၊ သူ့သဘောမသိတော့-ကိုယ်ပိုင်,ကိုယ်ဆိုင် မှတ်ပီးအတ္တလုပ်နေကြတယ်၊လုပ်လို့မရတော့-ဒုက္ခနဲ့အိုးစားမကဲ့ တော့ဘူး၊ ရိပ်မိပလား?၊အမှန်တော့-သူတို့မွေးရာဇာတိ၊လားရာ

ဂတိကို မသိကြလို့-ငါဘဲ့,ကိုယ်ဘဲမှတ်ထင်နေကြဒါပါ။သဘော ပါကြပလား?။

ဒကာ,ဒကာမတွေ-ဥာဏ်နဲ့အသေအချာကြည့်ကြ၊ အဆင်းနဲ့ တွေ့တဲ့အခါ-မျက်လုံးစိတ်ကလေးပေါ်မယ်၊ပေါ်ပီးမျက်လုံးစိတ် ဟာ-မျက်လုံးထဲမှာဘဲ့-လားရာဂတိရှိတာဘဲ့ဆိုဒါသိကြမယ်၊နား စိတ်လဲနားးထဲမှာဘဲ့-လားရာဂတိရှိဒါဘဲ့၊ ကိုယ်ထဲမှာ ဖြစ်ပေါ် လာတဲ့စိတ်ကလေးဟာလဲ ဒီအတိုင်းပါဘဲ့-သူ့ဖြစ်ပေါ်တဲ့ နေရာ ဟာ-လားရာဂတိဘဲ့၊သဘောပါကြပလား?။ ဒီသဘောကိုသိပြီး ဒို့ဒကာ,ဒကာမတွေ-သူ့သဘောအတိုင်း ညွှဲသည်နေ, နေပီး၊ ညွှဲသည်သေ,သေသွားဒါကို-ရင်မ,မနေကြနဲ့-ရိပ်မိကြပလား?၊ ဒီလိုဖြစ်တာသူ့သဘော,သူ့ထုံးစံဘဲ့လို့-ဥာဏ်နဲ့ကြည့်လိုက်ကြ။

ဒကာ, ဒကာမတွေ-လေးလေးစားစား မှတ်ထားပါ။ ထုံးစံ အတိုင်းနေရင်, အနတ္တ၊ ထုံးစံဖျက်ရင်ဖြင့် အနတ္တရမယ်လို့ ခန္ဓာ က ဘောက်ပြန်တိုင်း-ဘောက်ပြန်တိုင်း, အော်, သူတို့ရဲ့ထုံးစံဘဲ့ ကို-လို့ အောင်းမေ့ကြ၊ ထုံးစံသိရင်-အနတ္တမြင်မယ်၊ အနတ္တမြင်ရင်, ပပဉ္စသေတယ်၊ ရှင်းကြပလား?၊ ဒီသဘောကို ဥာဏ်နဲ့မကြည့်မိရင်, ကောင်းဒါနဲ့တွေ့တော့ ကျုပ်ကောင်းဒါဘဲ့ ဆိုပီး ဝေဒနာကို- ငါလုပ်လိုက်တော့တယ်၊ ကျုပ်ကောင်းဒါဘဲ့ဆိုရင် သုခဝေဒနာ ငါလုပ်တာဘဲ့လို့မှတ်ကြ၊ ရိပ်မိကြပလား?။

ငါအိုက်တယ်, ငါချမ်းတယ်ဆိုရင် - ရူပက္ခန္ဓာ ငါလုပ်တာ၊ ငါ,ခေါင်းကိုက်တယ်-ငါခါးနာတယ်ဆိုရင်,ဒုက္ခဝေဒနာ ငါလုပ် လိုက်တာဘဲ့၊ ဝေဒနာက္ခန္ဓာငါလုပ်တာဘဲ့၊ ငါမှတ်မိသားဘဲ့-အဲဒါသညာက္ခန္ဓာကိုငါလုပ်တာ၊ ငါစားချင်တယ်, ငါလုပ်ချင်

တယ်-ဆိုဒါက သခ်ၤါရက္ခန္ဓာ·ငါလုပ်တာလို့ မှတ်ကြ၊ ငါသိတယ်-ဆိုဒါက ဝိညာဏက္ခန္ဓာ ငါလုပ်တာပါ၊ ဉာဏ်နဲ့ကြည့်ရင် ခန္ဓာငါးပါးချည့်ပါဘဲ၊ ဒီထဲမှာ ငါမပါဘူး၊ သူလဲမပါ ပုဂ္ဂိုလ်ဆိုစရာ သတ္တဝါဆိုစရာ တခုမှမပါပါဘူး၊ ရိပ်မိကြပလား?။

ဒကာ,ဒကာမတွေက ဒီခန္ဓာရုပ်နာမ်ကို ငါလုပ်ပီးခင်ကြ, မင်ကြ၊ ကြောင့်ကျစိုက်ကြ၊ပူပန်ကြ၊သောက ဒုက္ခရောက်ကြ၊ ဒုက္ခ, လက်စမသတ်နိုင်ကြအောင် ဖြစ်နေကြတယ် ခန္ဓာမှာ ဉာဏ်နဲ့ကြည့်ရင်,ခန္ဓာ ရုပ်နာမ်ကလဲလို့ ဘာမှအပိုမပါဘူး သဘော့ပါကြပလား?။ ဒါတွေဟာအကြောင်းတိုက်ဆိုင်တဲ့အခါ ပေါ်လာပီး ပေါ်တဲ့နေရာမှာဘဲ ပျောက်ပျက်သွားကြတာဘဲ၊ အမှန်အရှိက ပရမတ္ထ သဘော သဘာဝမျှသာရှိတယ်လို့ မှတ်ကြ၊ ရှင်းကြပလား?။

ဒို့ ဒကာ,ဒကာမတွေကို-ဥပမာစကားနဲ့ပြောရမယ် “ ရှေးအခါက ရှင်ဘုရင်တယောက်ရှိတယ်လို့ မှတ်ကြ၊တနေ့သဘ္ဘမှာတော့ စောင်းသွားတယောက်ဟာ စောစောစီးစီး,စောင်းကို သာသာယာယာ တီးခတ်ပီး, အဲဒီရှင်ဘုရင်ရှိတဲ့ နန်းရင်ပြင်ရှေက ဖြတ်သန်းသွားတယ်တဲ့၊ ဒါနဲ့-ရှင်ဘုရင်ဟာ အင်မဲတန်·သာယာလှပီး သူမကြားဘူးတဲ့ စောင်းသံဖြစ်နေတော့ နားဝင်ချိုသွားတယ်၊ အလွန်လဲ သဘောကျနှစ်ချိုက်ပီး, အဲဒီ စောင်းသွားကို အခေါ်ခိုင်းလိုက်တယ်တဲ့။ ”

“ အခေါ်ခိုင်းလို့ စောင်းသွားသူ့ရှေမှောက် ရောက်ရင်ဘဲ အလွန်သာယာနာဘွယ်ကောင်းတဲ့ အကြောင်းနဲ့-ချီးမွမ်း, အုံသြ

ပီးဒီစောင်းသံကိုတွေ့ချင်လွန်းလို့ စောင်းထဲမှာ အသံကို လိုက်ရှာတယ်တဲ့၊ ဒီခတ္တာစောင်းသွေးက အရှင်မင်းကြီး အသံရှိတာမှန်ပါတယ်၊ ရှာလို့မတွေ့ပေမဲ့ အသံမရှိဘူးလို့လဲ ဆိုလို့မရပါဘူးလို့ ပြန်ပြောတယ်၊ အရှင်မင်းကြီး, အသံရှိတာမှန်ပေမဲ့ ဒီအသံဟာ ရှာလို့မတွေ့၊ ကြည့်လို့မရနိုင်ပါဘူး၊ သူ့ကြိယာ,တန်ဆာပလာ စုံလင်မှသာ အသံထွက်ပေါ်လာပါတယ်လို့ ပြောလိုက်တယ်။ ”တဲ့။

“ ဒါပေမဲ့ ရှင်ဘုရင်က, မကျေနပ်နိုင်ဘူးတဲ့၊ ဒါနဲ့ အသံရှာမယ်ဆိုပီး အဲဒီစောင်းကို ခွဲစိတ်ကြည့်တယ်၊ အသံမတွေ့ပြန် ဒါနဲ့ အစိတ်စိတ်အမှာမှာ အစိတ်တရာလောက် စိတ်ကြည့်ပြန် တယ်တဲ့၊ ဒီလိုနဲ့အသံမတွေ့ပြန်တော့ အစိတ်ပေါင်းများစွာ ငါးရာ တထောင်ကျအောင်, ခွဲစိတ်ပီးကြည့်ပေမဲ့မတွေ့ပါဘူးတဲ့၊ ” အကြောင်းတိုက်ဆိုင်မှ ပေါ်လာနိုင်ဒါကို ဘယ်ရှာလို့ တွေ့နိုင်ပါ့မလဲ၊ ဒါနဲ့လဲမကျေနပ်ပြန်တော့ မှန်ညက်နေအောင် အမှန်ထောင်းကြည့်၊ အဲဒီထဲမှေကြည့်လဲ မတွေ့၊ နောက် ဒီအမှန်ကို စပါးလှော်သလို လှော်ပီးကြည့်ရင် ခြေရင်းမှာ အသံတွေ့ပီး ကျလာမလားဘဲလို့ ထင်ပြီး ရှာကြည့်ပြန်တယ်။ ”

“ ဒီလိုနဲ့အသံမတွေ့ပြန်တော့ ဒင်း, အသံကတယ်ပီး အပုန်း အအောင်းကောင်းပါလား?။ တယ်ခက်ပါလားနဲ့ ဆိုပီး, ထွက်ပြေးသွားတာ တွေ့ရမလား အောင်းမေ့ပီး အဲဒီ အမှန်ကို မီးရှို့ကြည့်ပြန်တယ်တဲ့၊ ထွက်ပြေးဒါ မတွေ့ရတော့ မီးသွေးမှုန့်တွေ ထောင်းကြည့်၊ ရေထဲသွန်ချကြည့်၊ မျောကြည့်နဲ့ ဘယ်လိုနည်းနဲ့မှ အသံကို ရှာမတွေ့ရတော့မှ လက်ရှေ့လိုက်ရတယ်တဲ့။ ”

ဒို့ဒကာတွေ-ဒီဥပမာ ဝတ္ထုကို သဘောပါပလား?။ အသံ ရှာလို့ မတွေ့ဒါ-အသံကဘဲ-မရှိလို့လား?။ ရှင်ဘုရင်က-ရှုးလို့ လား?၊ စဉ်းစားကြ။

အသံကရှိဒါမှန်တယ်-ရှင်ဘုရင်က-ရှုးလို့သာ ရအောင် မရှာ နိုင်ဒါပါ-အဲ-အသံသဘောဟာ-အကြောင်းစုံမှ-အကြောင်းတိုက် ဆိုင်မှ ပေါ်နိုင်ဒါပါ၊အကြောင်းမရှိတော့-ပျောက်တဲ့သဘောဘဲ ရှိတယ်၊ အကြောင်းမပြည့်စုံတဲ့အခါမို့သာ ပျောက်နေဒါ-အသံ မရှိတာမဟုတ်ဘူး။ ။ဒီဥပမာကဲ့သို့ဘဲ-ဒကာတို့ တတွေ့ သိကြ ဘို့က-ရုပ်, နာမ် တရားများဟာ စုဝေးနေတဲ့ သဘော မရှိဘူး၊ အကြောင်း တိုက်ဆိုင်တဲ့အခါ-ဖြစ်ပေါ်လာပီး, ဒီနေရာမှာဘဲ ပျောက်ကွယ်သွားကြတဲ့ သဘောရှိတယ်လို့ သိကြရမယ်-ရှင်း ပလား?။

ဒီ-ရုပ်နာမ်သဘောတွေဟာ-အကြောင်းတိုက်ဆိုင် ညီညွတ် တဲ့အခါ-ပေါ်ပေါက်လာကြပီး, အကြောင်းချုပ်တော့-ချုပ်ငြိမ်း ရုပ်သိမ်းသွားကြတဲ့သဘောဘဲရှိကြတယ် ဒီရုပ်နာမ်ခန္ဓာတွေဟာ ယာယီအနေနဲ့ ပေါ်လာပီး, ယာယီအနေမှာဘဲ ပျောက်ကွယ်, ပျောက်ကွယ်သွားကြတော့ဒါဘဲ၊ရိုပ်မိကြပလား?။ ခိုင်ဒါ, မြဲဒါ-တခုမှမပါကြဘူး၊ မပျက်စီးပါစေနဲ့-ခိုင်ပါစေ, မြဲပါစေ, ဘယ်လို ဖြစ်ပါစေ, ညာလိုဖြစ်ပါစေလို့-တောင့်တလို့လဲ-မရကြဘူး၊ သူ့ သဘာဝ, သခ်ါရ-ရုပ်နာမ်တို့ရဲ့ ထုံးစံအတိုင်း ဆောင်ရွက်သွားကြ ဒါဘဲရှိဒါပါ၊ ရှင်းကြပလား?။

ဒီတော့-ဒကာ, ဒကာမတွေက, ဒီ ခန္ဓာ, ရုပ်နာမ်အပေါ်မှာ, တစိမ်းပြင်ပြင် သဘောထားကြဘို့ဘဲ ရှိတယ်ဆိုဒါ ပေါ်ကြပလား?။ ဒီ သဘောအမှန်သိပြီး တစိမ်းသဘောထားကြလို့ ပြောလိုက်ပါတယ်၊ခန္ဓာမှ-ဥာဏ်နဲ့ကြည့်ရင်အမှန်ရှိဒါကရုပ်နာမ် အနိစ္စ ရုပ်ဖြစ်ပျက်,နာမ်ဖြစ်ပျက်ဘဲ ရှိဒါပါ၊ ခန္ဓာတခုလုံးဟာ ဖြစ်ပျက် အနိစ္စ၊ ဖြစ်ပျက် ဒုက္ခ၊ နောက်ဆုံးပိတ် ဖြစ်ပျက်ဟာ အနတ္တပါဘဲ၊ အနတ္တကို အနတ္တမှန်းသိဘို့၊ သိအောင်ဥာဏ်နဲ့ ကြည့်ပေးဘို့ ကြိုးစားကြ၊ အနတ္တကို အတ္တလုပ်မိရင် ရှင်ဘုရင်ရှူးလို ဖြစ်နေကြမယ်လို့ သတိပေးလိုက်ပါတယ်။

ဒကာ,ဒကာမတို့ ခန္ဓာဟာ ကိုယ့်အလိုမလိုက်၊ကိုယ့်အကြိုက်မပါဘဲ အနတ္တမှန်း၊ညည်သည်မှန်း တစိမ်းပြင်ပမှန်း အမှန်အကန်သိကြပါ၊ သိအောင် အားထုတ်ကြလို့ အထူးသတိ ပေးလိုက်ပါတယ်၊ ရှင်းကြပလား?။ ညည်သည်ကို ညည်သည်မှန်း သိရင် ပပဉ္စသေပီးသား, သတ်ပီးသားဘဲ ပပဉ္စသေပီးလို့ မှတ်ကြ၊ ရိပ်မိကြပလား?၊ ပပဉ္စသေရင်, "တဏှာနိရောဓေါ နိဗ္ဗာနံ, မာနနိရောဓေါနိဗ္ဗာနံ, ဒိဋ္ဌိနိရောဓေါနိဗ္ဗာနံ"ဘဲ၊ ဘာသေသေ,သေရင် နိဗ္ဗာန်ဘဲ၊ တခုခုသေအောင်ကြည့်တတ်ရင် နိဗ္ဗာန်ရမယ် ဆိုဒါ ဆုံးဖြတ်ချက်ချကြ၊ ကျေနပ်ပလား?။

ကိုင်း....ယနေ့ . .ဒီတွင်ဘဲ....တော်ကြဦးစို့။

# ဓမ္မရတနာ-မာတိကာ

## " အနုတ္တရဉာဏ်ဖြင့် နိဗ္ဗာန်ဝင် တရားတော် "

### အနုတ္တရနှစ်မျိုး

(၁) အုပ်ချုပ်ရေးရှိသော အနတ္တ။
(၂) အုပ်ချုပ်ရေးမရှိသော အနတ္တ။

(၁) အကြောင်းအနတ္တဖြစ်၍ အကျိုးအနတ္တဖြစ်သော ကြောင်း, ကျိုး ဆက်ဆက် ဖြစ်ပျက် အနတ္တ၊ ရုပ်,နာမ် အကြောင်း အကျိုးအဆက်ဆက်မျှား၊ ခန္ဓာငါးပါး။

(၂) သတ္တဝါအလို၊ ပုဂ္ဂိုလ်အကြိုက်၊ ကိုယ့်စရိုက် မလိုက်မပါသော အနတ္တ၊ ရုပ် နာမ်, ခန္ဓာငါးပါး။ ။

### ဆောင်ပုဒ်

တဏှာ,မာန၊ ဒိဋ္ဌိက၊ သုံးဝ ပပဉ္စာ။
ပပဉ္စပင်၊ ရှိလေလျှင်၊ ခဲ့ဖွဲ့ဝင်သံသရာ။
လူ,နတ်,တိရိစ္ဆာန်၊ သံသာရုံ၊ ဖန်ဖန်လှည့်လည်ကာ။
အို,နာ,သေ,မဲ့၊ ရှင်,သေ,ကဲ့၊ ဆင်းရဲ တက်ကြပ်ပါ။
မသိမိုက်တူး၊ ပျော်ရစ်မူး၊ အရူး သွက်သွက်ခါ။
ရုပ်, နာမ် ပေါ်တွင်၊ ဖြစ်ပျက်မြင်၊ ဉာဏ်ဝင် အနတ္တာ။
အနတ္တနောက်မှ၊ မင်ဝင်က၊ သေကြပပဉ္စာ။
ပပဉ္စခါတ်၊ သေအောင်သတ်၊ အမြတ် နိဗ္ဗာန်တာ။

### သဘိရဝိ၊

ဘုရားပွင့်မှ၊ ပေါ်လာရ၊ အနတ္တဒေသနာ။
ဘုရားနှင့်ကြုံ၊ နာခွင့်ဆုံ၊ ကြည်ယုံ အားသစ်ရာ။
မသိမိုက်မဲ၊ တခါလွဲ၊ ဆင်းရဲ သက်ရှည်ကြာ။
အပူမဆုံး၊ ငိုမဆုံး၊ ပျက်ပြုန်းရခန္ဓာ။
အပူကြီးဆိုက်၊ ဒေလာင်မီးမြိုက်၊ ပန်းဟိုက် ငရဲရှာ။

**ဝေဂရူးသင်း။** ။ဒကာ,ဒကာမတွေကို ဒီကနေ့ည မှာ အနတ္တသဘောကို ပြောလိမ့်မယ်လို့ မှတ်ကြ၊ ပဌမအနေနဲ့ အနတ္တက နှစ်မျိုးရှိတယ်၊ အဲဒီနှစ်မျိုးရဲ့ အဓိပ္ပါယ်ကို ခဲခြားပီးပြောလိမ့်မယ်ဆိုဒါ သိထားကြ၊ အနတ္တ,ဆိုတဲ့ သဘောဟာ,ပင်ကိုယ်သဘာဝစွန့်တဲ့ အဓိပ္ပါယ်ပါဘဲ၊ အခုမြွာမဲ့ အနတ္တက,သံယုတ်ပါဠိတော် အနတ္တလက္ခဏသုတ်မှာလာတဲ့ အနတ္တလို့ မှတ်ကြ၊ သဘောပါကြပလား?။

ဒကာ,ဒကာမတွေ မိမိခန္ဓာမှာ ဥာဏ်နဲ့ရှာကြည့်ရင် အနတ္တသဘာဝ အမှန်သဘောကိုတွေ့ကြ,မြင်ကြမယ်လို့ မှတ်လိုက်ကြ၊ ခန္ဓာရဲ့သဘောက ပူလိုက်, အေးလိုက်, လှုပ်လိုက်, ငြိမ်လိုက်, နဲ့ အမြဲတစေ ဘောက်ပြန်ပျက်စီးနေတယ်၊ မဘောက်ပြန်တဲ့အချိန် မပျက်စီးတဲ့အချိန်ရယ်လို့ လုံးဝမရှိပါဘူး၊ မိနစ်,စက္ကန့် မလပ် အောင် ဘောက်ပြန် ပျက်စီးနေကြတယ်လို့ မှတ်ကြ၊ ဒါကို ကိုယ်တိုင် ကိုယ်ကျ အမှန်သိရအောင်, ကိုယ့်ခန္ဓာမှာ ဥာဏ်နဲ့ ကြည့်ရမယ် လို့ ဆုံးဖြတ်ချက်ချ၊ ခန္ဓာကိုယ်ထဲမှာ ဥာဏ်နဲ့ စိုက်ကြည့်ရင် အမှန်သဘာဝ သိရ,မြင်ရမယ်လို့ ပြောလိုက်ပါတယ်၊ သဘောပါပလား?။

ခန္ဓာမှာ ဥာဏ်နဲ့ကြည့်တော့ ရုပ်သဘော, နာမ်သဘောတွေဟာ ပူချည်, အေးချည် ကောင်းချည်, ဆိုးချည် စသဖြင့် သူ့သဘောနဲ့သူ ဖြစ်လာပီး ပျက်သွား ဖြစ်လာပီး ပျက်သွားနဲ့ နေကြဒါဘဲ၊ တွေ့ရမယ်၊ ဒီထဲမှာ ငါရှိသလား?။ သူရှိသလား?။ ပုဂ္ဂိုလ် သတ္တဝရှိသလား?။ ဆိုပီး၊ သေသေချာချာဥာဏ်နဲ့ ရှာကြည့်တော့၊ ပင်ကိုယ်သဘောစွန့်တဲ့အစိုးမရ,အနတ္တသဘောဘဲ

မြင်ရတယ်။ ။ရုပ်ကြည့်တော့ အခုအေးပီး, ချက်ချင်းပူတယ်၊ ဝေဒနာကြည့်တော့လဲ အခု,သုခ၊ တော်တော်ကြာ ဒုက္ခဖြစ်၊ နောက် တော်တော်ကြာပြန်တော့ ဥပေက္ခာရောက်,- မပိုင်မဆိုင် တဲ့သဘောတွေဘာ။

ဒကာ,ဒကာမတွေ ဒီထဲမှာ တခုမှမပိုင်ကြ- မဆိုင်ကြပါဘူး ရိပ်မိကြပလား? သညာကြည့်တော့လဲ ဒီသဘောပါဘဲ သူမှတ်လိုက်, ငါလို့မှတ်လိုက်, သားမှတ်လိုက်, သမီးမှတ်လိုက်နဲ့, သူ့သဘောအတိုင်း, သူဖြစ်နေဒါပါ။ အပိုတခုမှမပါဘူး။ စေတနာလဲထို့အတူပါဘဲ ဝိညာဏ်လဲ ဒီအတိုင်းဘဲ ရုပ်နာမ်ခန္ဓာ ဘာကိုဘဲကြည့်ကြည့် အစိုးမရတဲ့သဘော, ပင်ကိုသဘော စွန့်တဲ့သဘောချည့်ပါဘဲ၊ ရှင်းကြပလား? ဒါကြောင့် ဘုရားက "သဗ္ဗေမမာအာနတ္တာ" တဲ့၊တရားမှန်သမျှဟာ အနတ္တခချည့်ဘဲလို့ ဟောဒါဘဲ ဒို့ဒကာတွေ သဘောပါပလား?။

ကာရကော ဝေဒကော နတ္ထို့, သယံ ဝါသီ အနတ္တာဘဲ၊ ပြုလုပ်သူ-ခံစားသူမရှိဘူး၊ သူ့သဘောအတိုင်း ဖြစ်ပျက်နေကြတဲ့သဘာဝတွေဘဲ၊ မိမိခန္ဓာမှာကြည့်ရင် အမှန်သိရမယ် ခန္ဓာထဲကြည့်လိုက်တော့ ပေါ်လာလိုက်, ပျောက်သွားလိုက်၊ ပေါ်လာလိုက်, ပျောက်သွားလိုက်နဲ့ သူ့သဘောအတိုင်း သူဖြစ်နေဒါဘဲတွေ့ရမယ် အဲဒါအနတ္တာဘဲလို့ ဆိုးဖြတ်ချက်ချ၊ သဘောပါပလား? မိမိခန္ဓာထဲမှာကြည့်လို့ ဒီအနတ္တသဘောမှန်ကိုတွေ့ရင် နောက်က-မဂ္ဂင်လိုက်ပေးရမယ်၊ အနတ္တနောက်က-မဂ်လာတော့ သံသရာချုပ်သွားတယ်၊ သံသရာစခန်းသတ်သွားရော၊ ရိပ်မိကြပလား?။

သဘောကလေးက-အနတ္တာ၊ မြင်ဒါက-မဂ္ဂ၊ သေဒါက-ပပဉ္စ။

အမြင်ခံတရားက- အနတ္တာ၊ မြင်တတ်တဲ့တရားက-မဂ္ဂ၊ သေဒါက-ပပဉ္စ။

ပပဉ္စဆိုဒါ သံသရာခဲ့ပြီးထွင်တတ်တဲ့တရား- တဏှာ, မာန, ဒိဋ္ဌိ ကိုဆိုဒါဘဲ-လို့ မှတ်ကြ၊ ရှင်းကြပလား? ဒီအကျိုးတရားတွေရှာစေချင်လို့ ဒီအနတ္တာသဘောအမှန်ကို, ဉာဏ်နဲ့မြင်အောင်ကြည့်ပေးကြလို့ ဟောခဲ့တယ်။

ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿစ ဝေဒကော။
သုဒ္ဓမ္မာ ပဝတ္တန္တိ၊ ဧဝံ သမ္မဒဿန။ ။

အဓိပ္ပါယ်ကား။ ။"အကြောင်းတရားကို ပြုလုပ်ပေးသူ မရှိ၊ အကျိုးတရားကို၊ ခံစားသူလည်းမရှိ၊ သက်သက်သော သဘာဝရုပ်နာမ်တရားတွေသာ ဖြစ်ခဲ့နေကြလေ၏၊ ဤသို့သော သဘောအမှန်ကို၊ ဉာဏ်ဖြင့်မြင်အောင် ကြည့်အပ်ပေ၏" လို့ ဆိုလိုတယ်။ ။

ဒကာ, ဒကာမတွေ, အခု လူ့သံသရာထဲမှာ ရောက်နေကြတယ်၊ ရောက်နေတော့ အိုပဲ့, နာပဲ့, အသေပဲ့ကြုံရတော့မယ်၊ လွဲဖယ်လို့ မရနိုင်ကြတော့ဘူး၊ အခုဘဲ တပဲ့ပဲ့နဲ့-ကိုယ်တိုင်နဲ့နေကြရဘီ၊ ဒီကနေ-နောက် ပဋိသန္ဓေလာတဲ့အခါလဲ ဒီ, အိုပဲ့, နာပဲ့, သေပဲ့ ဆိုက်ရအုံးမှာဘဲ၊ လူဖြစ်တော့ လူ့ပဋိသန္ဓေနဲ့ အို, နာ, သေ၊

နတ်ဖြစ်တော့· နတ်ပဋိသန္ဓေ, အို, နာ, သေ၊ တိရစ္ဆာန်ပဋိသန္ဓေ လဲ ထို့အတူပါဘဲ၊ ဒကာ, ဒကာမတွေ့, မြင်ကြပလား? မြင်အောင်ကြည့်ကြပါ၊ မမြင်ကြရင်ဖြင့် ပြင်ချိန်ကသိတ်မရတော့ ပါဘူး ရိပ်မိကြပလား?။

ဒကာတို့ဘတွေ့, လူ့သံသရာထဲမှာ အိုလမ်း, နာလမ်း, သေလမ်းဆိုတဲ့ ဒီလမ်းကြမ်းပေါ်မှာ ရှောက်နေကြရဒါ၊ မရှောက်ချင်လဲရှောက်၊ ရှောက်ချင်လဲရှောက်ရမှာဘဲ၊ မရှောက်ချင်လို့ မနေရပါဘူး ဒါဘာကြောင့်လဲ? ရိပ်မိကြရဲ့လား? ဒကာတို့က ခန္ဓာရထားလို့ ခန္ဓာရှိလို့ဘဲ၊ ခန္ဓာရှိသမျှန်သမျှ ခရီးမဆုံးတဲ့သမျှန်ရင်, ဒီသုံးလမ်း, ဒီနေရာသုံးခုဘဲ ဆိုက်နေရမှာဘဲ ဒီနေရာသုံးခုကလဲရင်, ဒီပြင်မရှိတော့ပါဘူး၊ သဘောပါပလား? ဒီလမ်းဆိုး, လမ်းကြမ်းသွားရတဲ့ကြားထဲက, သားသေဒါ, သမီးသေဒါ, ခင်ပွန်းသေဒါတွေက ခြားထိုးသေးတယ်၊ နဂိုက အင်မတန် ဆိုးနေတဲ့အနာပေါ်မှာ ဒုတ်(တုတ်)ကျဒါထက် ဆိုးဝါးသေးတယ် ဒီကြားထဲမှာ ကဲ့ရဒါလဲ ခြားထိုးအံ့းမှာဘဲ။

ဒကာ, ဒကာမတွေ့ ရိပ်မိပလား? ဘယ်ဟာမျှး ကောင်းဒါပါသေးတုန်း? လို့ မေးလိုက်ပါတယ်၊ တချို့က နတ်ပြည်,နတ်ရွာကောင်းတယ်လို့ ပြောကြမယ်၊ ဘသူပြောပြော- မယုံကြနဲ့- လို့ သတိပေးလိုက်တယ်၊ ဘယ်မှာဘဲရောက်ရောက်, ဒီ, အို, နာ, သေ- သုံးခုနဲ့ တွေ့ကြမှာချည့်ဘဲ၊ ခြားထိုးဒါလဲ တွေ့ရမှာဘဲ၊ မဲ့ဒါ, ကဲ့ဒါလဲတွေ့ရမယ်၊ ဒီဟာကို ဘသူမှ မလွှဲနိုင်, မရှောင်နိုင်ကြဘူး၊ ဒကာတို့တတွေသိရမှာက ဒီ, အို, နာ, သေ တွေဟာ ခန္ဓာကလာဒါ၊ ခန္ဓာကလာဒါမို့ ခန္ဓာရှိသူ- ခန္ဓာရသူမှန်ကဲ့ခဲ့ဝ့လို့ မရကြဘူးဆိုတဲ့အချက်ဘဲ၊ ရှင်းပလား?။

ဒီခန္ဓာက ပင်ကိုယ်ကိုက ဒုက္ခခန္ဓာဖြစ်နေတော့ ဘယ်သူး သူး, ဒီ, အို့, နာ, သေနဲ့ခြားထိုးတဲ့ မဲ့, ကဲ့ ဒုက္ခသစ္စာချည့်ရကြ မှာဘဲ၊ သံသရာထဲမှာ ဘယ်မှာဘဲရောက်ရောက် သံသရာ့ခရီး သယ်တော့ဟူသမျှ ဒုက္ခပင်လယ်ဝေနေမှာချည့်ဘဲလို့ မှတ်လိုက် ကြ၊ ရိပ်မိပလား? ဒါကိုမရိပ်မိရင်, အကောင်းကြီးထင်ပီး, ကျေနပ်နေကြမယ်၊ ဒီအခြေအနေနဲ့ဖြင့် ဟုတ်လှဘီလို့ ထင်ပီး ပြုံးကြ-ရွှင်ကြ၊ မော်ကြ-ကြွားကြနဲ့ မေ့မေ့လျော့လျော့ အချိန် ကုန်ကြမယ်၊ ဒါကြောင့်- မပေါ့ကြနဲ့လို့ သတိပေးလိုက်တယ်၊ ပေါ့နေရင် တိုက်ရိုက်တွေ့ဒါလဲ-မသိ၊ ခြားထိုးဒါလဲ မသိဘဲနေ ကြမယ်၊ သဘောပါကြပလား?။

ဒကာ, ဒကာမတွေ့ ကိုယ့်အခြေ ကိုယ့်အနေနဲ့ဖြင့် မမော်နိုင်, မကြွားနိုင်ကြသေးဘူး၊ မပြုံးကြနဲ့အုံး ပြုံးရင်, တိုက်ရိုက်လာဒါ လဲမမြင်, ခြားထိုးဒါလဲမမြင်နိုင်တော့ဘူး၊မမြင်ရင်ရှူးလို့ဘဲဆိုဒါ မှတ်လိုက်ကြ၊ဒါဟာခန္ဓာ့လမ်းစဉ်ဘဲ၊သူ့လမ်းစဉ်က အို့, နာ, သေ နဲ့၊ ခြားထိုးဒါက မဲ့ဒါ, ကဲ့ဒါတွေ့ဘဲ၊ ရှင်းပလား? ဒကာတို့ တတွေ့ နောက်နောက်ကလဲ ဒါတွေ့နဲ့နေခဲ့ကြရဒါဘဲ၊ ရွှေလဲ-ဒါဘဲတွေ့ရမှာဘဲ ရိပ်မိပလား? ခန္ဓာရှိသူမှန်သမျှဟာ သံသရာ့ ခရီးသယ်ချည့်ပါဘဲ၊ ဒီ, အို့, နာ, သေ, မဲ့, ကဲ့ တွေ့ကို သံသရာ့ ခရီးသယ်မို့သာ တွေ့ရဒါ၊ အခုတွေ့ရဒါဟာ သံသရာ့ခရီးသယ် မို့ဘဲ ဆိုဒါ ဆုံးဖြတ်ချက်ချ။

ဒါတွေ့ကို တွေ့ရမှာခက်ရင် ပဗ္ဗသေအောင်လုပ်ရမယ်၊ ပဗ္ဗသေမှသာ သံသရာ့ခရီးဆုံးကြမယ်၊ ခရီးမဆုံးသမျှ ဒါတွေ့ က မလွတ်နိုင်ကြဘူး၊ ဒါတွေ့က လွတ်ချင်ရင်-ပဗ္ဗကိုသတ်ကြ

လို့ ပြောလိုက်တယ်၊ သဘောပါပလား? သေသေချာချာ ဉာဏ်နဲ့စဉ်းစားရင်, အနတ္တမြင်ဘို့အရေးကြီးတယ်၊ အနတ္တမြင်မှ မဂ်ကဝင်လာမယ်၊ ဝင်လာတော့-ပပဉ္စရုပ်သိမ်းသွားတော့တယ်၊ ဒါကြောင့် ပဌမ အနတ္တမြင်အောင်ကြည့်ရမယ် ဆိုဒါ ဆုံးဖြတ်ချက်ချ၊ ပပဉ္စရုပ်သိမ်းတယ်ဆိုဒါ သံသရာစခန်းသတ်တာဘဲလို့ မှတ်ကြ ရှင်းပလား?။

ဒကာ,ဒကာမတွေ သံသရာစခန်းသတ်ချင်ရင်, အနတ္တဉာဏ်ရအောင်ကြိုးစားကြ၊မဂ်ရမှအေးမယ်၊မဂ်မရသမျှ ခရီးသယ်ဘဲ၊ ခရီးသယ်ဆိုရင်, အို,နာ,သေ,မဲ့,ကဲ့နဲ့ ဘယ်အခါမှ အိုးစားမကဲ့တော့ဆိုဒါ မှတ်လိုက်ကြ၊ သဘောပါကြပလား? အိုးစားမကဲ့သမျှ ဒုက္ခပင်လယ်ဝေနေကြမှာဘဲ၊ ဒီတော့ အပူကြီးပူကြဘို့ဘဲရှိတယ်၊ အအေးဘော့ တွေ့ဘို့မရှိတော့ဘူးလို့ မှတ်ကြ၊ အအေးမတွေ့တော့ အနွေးဘဲ အကောင်းလုပ်နေရတော့မှာဘဲ၊ အနွေးဆိုဒါ နှလုံးသွေးပွက်လို့ ထွက်ကျလာတဲ့ မျက်ရည်ပူကို-ပြောဒါ ကျေနပ်ကြပလား?။

ဒီဒကာတွေ အပူကြောက်တာ, ဒုက္ခကြောက်တာမှန်ရင်, အေးချင်ဒါ - တကယ်ဟုတ်ရင်ဖြင့် အနတ္တဉာဏ်ရအောင်အားထုတ်ကြရမယ်၊ အားထုတ်တဲ့နည်းက မိမိခန္ဓာ ဉာဏ်နဲ့ကြည့်ပေးကြဘို့ဘဲ၊ကိုယ့်ခန္ဓာမှာဉာဏ်နဲ့ကြည့်ရင်,ဝေဒနာတခုခုတော့ တွေ့ရမယ်၊ ဥပမာ- အိုက်တယ်ဆိုတော့ ပူတဲ့အိုက်တဲ့ဒုက္ခဝေဒနာဘဲ၊ သူ့ကိုစိုက်ကြည့်တော့ မမြဲတဲ့အဖြစ်ကိုတွေ့ရမယ် ဖြစ်ပေါ်ပီး-ပျက်စီးသွားတဲ့သဘောဘဲရှိတယ်လို့ ဉာဏ်နဲ့မြင်ရမယ်၊ မမြဲတော့ မမြဲတဲ့သဘောဟာ အစိုးတရပိုင်ဆိုင်လို့ ရတဲ့သဘော

မဟုတ်ဘူး၊ တားလို့ဆီးလို့မရဘူး၊ အဲဒါဟာ အနတ္တာဲ့ ဒီတော့- ဝေဒနာ အနတ္တာလို့ ဉာဏ်လိုက်ရမယ်။

လိုက်တတ်ကြပလား? ခန္ဓာမှာဉာဏ်နဲ့ကြည့်ရင် တခုခုတော့ ကေန်တွေ့ရမယ်၊ တခုမရှိရင်, တခုတော့ရှိနေဒါဲ့၊ ကိုယ့်ဉာဏ်မှာပေါ်လာဒါမလွတ်အောင်,မိအောင်ရှာဖို့လိုရင်းဘဲ၊ သုခပေါ်ပေါ်, ဒုက္ခပေါ်ပေါ်, ပေါ်ချင်ဒါပေါ်ပစေ အနတ္တာဲ့လို့သာရှုချကြ၊ သဘောပါပလား? ဒါကြောင့်ဘုရားက အနတ္တလက္ခဏာသုတ်မှာ....

"ဝေဒနာ ဘိက္ခဝေ အနတ္တာ၊ ဝေဒနာစ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ, နယိဒံ ဝေဒနာ အာဗာဓါယ သံဝတ္တေယျ၊လဗ္ဘေထစ ဝေဒနာယ ဧဝံ မေ ဝေဒနာ ဟောတု ဧဝံ မေ ဝေဒနာ မာ အဟောသီတိ၊" လို့ ဟောတော်မူခဲ့တယ်။ ။

အဓိပ္ပါယ်ကတော့.... "ဝေဒနာဟာ, ကိုယ့်အလို မပါတဲ့အနတ္တာဲ့၊ ဝေဒနာဟာ အတ္တဟုတ်ခဲ့ရင်, အနာမဖြစ်(ပေါက်)ရဘူး၊ ဝေဒနာဟာ ငါ့အဘို့ရာ ဒီလိုဖြစ်စေ, ဒီလိုမဖြစ်စေနဲ့-လို့တောင့်တလို့ရနိုင်ရမယ်တဲ့။"

ကိုယ်ဖြစ်ချင်သလိုမဖြစ်ဘူး တောင်းတလို့မရဘူး သူ့လမ်းစဉ်သူ-သူ့သဘာဝအတိုင်းသာ ဖြစ်နေဒါဲ့ ဒါကြောင့် ဒီဝေဒနာကို တစိမ်းသဘော, မပိုင်တဲ့သဘောမို့ အနတ္တာဲ့လို့ ဆုံးဖြတ်ချက်ချ၊ ရှင်းကြပလား? ဝေဒနာဖြစ်ပေါ်တဲ့အခါ ဒုက္ခမ

လာပါနဲ့-သုခလာပါလို့ တောင့်တလို့လဲမရဘူး၊ သုခမို့မပျက်ပါစေနဲ့လို့ တောင့်တလို့လဲမရဘူး၊ ဒီတော့-သုခလာလာ, ဒုက္ခဘဲလာလာ ကိုယ့်အလိုမပါဒါမို့ အနတ္တချည့်ဘဲလို့ မှတ်လိုက်ကြ၊ ကိုယ့်အလို - ကိုယ့်အကြိုက်ကို နဲနဲမှမလိုက်မပါ - ပါဘူး၊ ဒါကြောင့် အနတ္တချည့်ဘဲမှတ်လိုက်ကြ၊ ရှင်းကြပလား ?။

ဝေဒနာရှိနေတုံးလဲ အနတ္တ၊ ဝေဒနာပျောက်ပျက်သွားလဲ အနတ္တဘဲ၊ ဥာဏ်နဲ့ခန္ဓာမှာစောင့်ကြည့်နေရင်, ဝေဒနာကခန္ဓာဆိုတဲ့ ခန္ဓာကိုက အနတ္တဘဲပြသွားဒါပါဘဲ၊ ဒါကြောင့် ဘုရားက ခန္ဓာမှာပေါ်လာသမျှ ဘာပေါ်ပေါ် အနတ္တရှုချကြ၊ အားလုံး အနတ္တချည့်ဘဲတဲ့၊ အနတ္တဆိုဒါ သတ္တဝါအလို, ပုဂ္ဂိုလ်အကြိုက်, ကိုယ့်စရိုက်ကို မလိုက်ဘူးလို့ သာ မှတ်လိုက်ကြ၊ ကျေနပ်ပလား ?

အနတ္တဆိုဒါ ခန္ဓာငါးပါးပါဘဲ၊ ခန္ဓာဟာ သူ့ထုံးစံ, သူ့လမ်းစဉ် အရဆောင်ရွက်မှာဘဲ ဘသူ့အလိုမှ မလိုက်မပါ-ပါဘူး၊ ရှင်းကြပလား ?။

ဘုန်းကြီးတို့ ဒကာ, ဒကာမတွေက ဒါကို အမှန်အကန်မသိကြတော့ ကျုပ်မြို့းတဲ့- ကျုပ်သားတဲ့၊ ကျုပ်မြို့း- ကျုပ်သားနဲ့-- ဘယ်တော့မခွဲဘူးဆိုပီး, အနတ္တကို၊ အတ္တထင်လို့ မျက်ရည်ကျ ပြန်ဒါဘဲ၊ ကိုယ့်အလိုမလိုက်၊ ကိုယ့်အကြိုက် မဆောင်ရွက်ဘဲ, အမြဲဖြစ်ပျက်နေတဲ့- ရုပ်နာမ်အနတ္တတွေ၊ ဒါကို ဥာဏ်နဲ့မမြင်, အနတ္တကို-အတ္တလို့ထင်၊ ဒီအထင်မပြုတ်သမျှ သောကပရိဒေဝ ဒုက္ခ, ဒေါမနဿ, ဥပါယာသ- ပဲ့တွေ့ အကြီးအကျယ် တွေ့ကြရ-ကြုံကြရမယ်ဆိုဒါ မှတ်ကြ၊ ဒါတွေ့ကြောက်ရင် အတ္တအထင်ပြုတ်အောင်, အနတ္တဥာဏ်ရအောင်လုပ်ကြရမယ်၊ ဒါကြောင့်-ခန္ဓာမှာ ပေါ်လာသမျှ အနတ္တရှုချကြလို့ တိုက်တွန်းလိုက်တယ်။

ခန္ဓာပြတဲ့အတိုင်း မြင်ကြဘို့အရေးကြီးတယ် ခန္ဓာ-နဲ့-ဉာဏ် အချိအချ ညီဖေရမယ်၊ ခန္ဓာပြနဲ့ ဉာဏ်အမြင်နဲ့ ကိုက်ညီရမယ် လို့ လေးလေးစားစားမှတ်ထားကြ၊ ခန္ဓာ-နဲ့-ဉာဏ် အချိအချညီ ရင်, အနတ္တလက္ခဏသုတ်ဘဲ၊ ခန္ဓာ-နဲ့-ဉာဏ် အချိအချ မညီရင်, အတ္တလက္ခဏသုတ် ဖြစ်ပီးလို့သာ မှတ်ကြတော့- သဘောပါပလား? ဒီနှစ်ချက်ကို ညီညွတ်အောင်ကြိုးစားဘို့ဟာ ဒကာတို့ တာဝန်ဘဲလို့ ဆုံးဖြတ်ချက်ချ။

ဘုရားပဉ္စတိုင်း, ပဉ္စတိုင်း, အနတ္တလက္ခဏသုတ်ကိုဟောတယ်၊ သတ္တဝေဒနသုံးလို့ ကယ်ချတ်ဘို့ နိဗ္ဗာန်ချမ်းသာ ရစေဘို့ ဟောရဒါ၊ ဒကာတို့က အတ္တလက္ခဏသုတ်နဲ့ ငိုကြ, ယိုကြ, အပါယ်သွားကြ ဆိုရင် တော်ပမလား? ဘုရားအလိုတော် ကျပမလား? စဉ်းစားကြ၊ ဒကာ, ဒကာမတို့က ဒါဘဲ ဝါသနာပါနေကြတယ်၊ ဒါက မြိုးအရင်းတဲ့၊ ရင်းသမျှတော့ ပြောမဖြစ်ဘူးတဲ့၊ အနတ္တကို အတ္တလုပ်နေကြဒါ၊ ဘုရားကို ထောင်လောင်ကန့်လန့်လုပ်နေကြဒါ- ဒကာ, ဒကာမတို့ကို မေးလိုက်ပါတယ်- ဒို့ဒကာတို့ "ထောင်လောင်ကန့်လန့်သွားတို့" လား? လို့.... အသေအချာစဉ်းစားကြ။

ကိုယ့်အလုပ် မဟုတ်မှန်းသိပီး ပြင်ကြ, ဆင်ကြတော့၊အချိန်သိတ်မရတော့ဘူး၊ ခန္ဓာမှာဉာဏ်နဲ့ကြည့်ကြတော့ ခန္ဓာက အမှန်ပြတော့အမှန်မြင်ကြ၊ အမှန်သိကြမယ် သဘောပါပလား? ရုပ်ဖြစ်ဖြစ်, နာမ်ဖြစ်ဖြစ်, ကြည့်ချင်ဒါတခုကိုကြည့်၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်-ငါးခုထဲက တခုကြည့်ရင် ပီးပါတယ်၊ ကြည့်ရင်- ဖြစ်ပေါ်ပီး ပျက်စီးနေတဲ့ ဒုက္ခသစ္စာကို

မြင်ရမယ်၊ တားမရ, ဆီးမရ, တောင့်တလို့မရ- မပိုင်မဆိုင်တဲ့သဘောဖြစ်လို့ အနတ္တချည့်ဘဲလို့ ရှုပေးရမယ်၊ ဖြစ်ပျက်,အနတ္တ နောက်က၊ ရှုညာဏ်လိုက်ပေးရင်၊ ပပဉ္စမလာနိုင်ဘူး၊ သဘောပါကြပလား? ကြိုးစားယူကြ။

ဒီဘဝဉ့။ ။"ခန္ဓာက-အနတ္တ၊ မြင်တဲ့ဉာဏ်က-မဂ္ဂ၊ ငြိမ်းဒါက-ပပဉ္စ၊ သိမ်းဒါက-သောက, ပရိဒေဝစတဲ့-ဒုက္ခအစု" ဘဲလို့ မှတ်ကြ၊ "ဝိပရိဏာမ လက္ခဏံ ဒုက္ခသစ္စံ" လို့ဆိုတဲ့အတိုင်း၊ ဘောက်ပြန်ပျက်စီးနေတဲ့ သဘောလက္ခဏာဟာ ဒုက္ခသစ္စာဘဲ၊ ကိုယ့်အလိုလဲမလိုက်၊ အကြိုက်သဘောလဲမပါလို့ ဒီခန္ဓာက အနတ္တဒုက္ခသစ္စာဘဲလို့ မှတ်လိုက်ကြ၊ ရှင်းကြပလား? ခန္ဓာက အနတ္တ,ဒုက္ခသစ္စာ၊ သောက, ပရိဒေဝ သိမ်းတော့....

"အသောကံ၊ ဝိရဇံ, ခေမံ, လာတော့ဒါဘဲ၊ အသောကံ၊ စိုးရိမ်သောက ဗျာပါရလည်းမရှိ၊ ဝိရဇံ၊ ကိလေသာဟူ ရမက်တဏှာမြူလည်းမရှိ၊ ခေမံ၊ ဘေးမျိုးကင်းရှင်း ငြိမ်းအေးခြင်းလည်းရှိ၏၊ ဒုိဒကာတွေ ကျေနပ်ပလား?။

၁....အလိုမလိုက် အကြိုက်မပါတဲ့ သဘောက-
အနတ္တ ဒုက္ခသစ္စာ။
၂....ဒီသဘောကို သိဒါက-မဂ္ဂ မဂ္ဂသစ္စာ။
၃....ဒီတော့ မစဲ့လမ်း မသိမ်းပိုက်တာက-
သမုဒယသေဒါ၊ သမုဒယသစ္စာ။
၄....ငြိမ်းဒါက- နိရောဓ၊ နိရောဓသစ္စာ။ ။

ဒကာ, ဒကာမတွေ ဒီအလုပ်မလုပ်ရင် ကြုံရတွေ့ရမဲ့ အဖြစ်ဆိုးကို၊ မြင်တော်မူ, သိတော်မူလို့ သနားလို့- ဘုရားကဟော ထားခဲ့ဒါ ဘုန်းကြီးတို့ကလဲ ကိုယ်စားလှယ်အနေနဲ့ တဆင့်ဟော ပြနေဒါ ပေါ့ပေါ့ကလေးမျှား မမှတ်လိုက်ကြပါနဲ့ လေးလေးစားစား သဘောထားပီး မလုပ်ရင်မဖြစ်တော့ဘူးလို့သာ ဆုံးဖြတ်ချက်ချကြ-လို့ သတိပေးလိုက်ပါတယ်၊ ဒကာတို့က, ဒုက္ခသစ္စာနောက်က မဂ္ဂသစ္စာလိုက်ပေးဘို့၊ ဒုက္ခသစ္စာ-နဲ့-မဂ္ဂသစ္စာတဲ့ဘို့အလုပ်ဟာ ကိုယ့်အလုပ်ဘဲ-လို့ရင်းအလုပ်ဘဲလို့ မှတ်လို့က်ကြ၊ ဒီဟာညီရင်, ကျန်တဲ့နှစ်ပါး အလိုလိုပီးပါတယ်- ရှင်းကြပလား?။

ခန္ဓာမှာ ပေါ်လာတဲ့ဝေဒနာတခုခုကို ကြည့်ရင်, ဖြစ်လို့က်, ပျက်လို့က်နဲ့နေဒါ တွေ့ရမယ်၊ ဒီဝေဒနာလေးဟာ ခေါ်လို့လာဒါမဟုတ်လို့ မပိုင်ဘူး၊ နှင်လို့သွားဒါမဟုတ်လို့လဲ မဆိုင်ဘူး၊ သူ့သဘောအတိုင်း ဖြစ်ပေါ်လာပီး, သူ့သဘောအတိုင်း ပျက်စီးသွားဒါဘဲ၊ ဒီတော့-ဒီဝေဒနာဟာ မပိုင်,မဆိုင်တဲ့သဘောမို့ အနတ္တာဘဲ၊ ဒါကိုဉာဏ်ရောက်ရမယ်-ရှင်းပလား? ဘာဝေဒနာပေါ်ပေါ်, ဝေဒနာပေါ်လာတိုင်း ရှုကြည့်ပေးကြ၊ သဘောပါပလား? ဉာဏ်နဲ့မလစ်အောင် ရှုကြည့်ပေးရင် အမှန်အကန် အနတ္တသဘောကို သိကြရမယ်။

ဒါကိုသိဒါက- မဂ္ဂ၊ သေဒါက- ပပဉ္စ၊ ငြိမ်းဒါက- နိဗ္ဗာန၊ ရှင်းပလား? အခုပြောခဲ့တဲ့အနတ္တက "လာချင်သလို့လာပီး, သွားချင်သလိုသွားလို့ အုပ်ချုပ်ရေးမရှိတဲ့ အနတ္တလို့" မှတ်ထားကြ၊ ဒီဟာက အနတ္တလက္ခဏာသုတ်မှာလာတဲ့ အနတ္တာဘဲ၊

အခု အုပ်ချုပ်ရေးရှိတဲ့ အနတ္တကိုပြောရမယ် အခုပြောမှာက လဲ “ခန္ဓဝဂ္ဂ- သံယုတ်ပါဠိတော်” မှာလာတဲ့အဓိပ္ပါယ်ဘဲ-လို့ မှတ်ကြ၊ အုပ်ချုပ်ရေးမရှိတဲ့အနတ္တက၊ အနတ္တလက္ခဏသုတ်မှာ လာတယ်၊ အုပ်ချုပ်ရေးရှိတဲ့အနတ္တက သဟေတုအနတ္တသုတ်မှာ လာတယ်-လို့ ခဲခြားပီးမှတ်ကြ။

အုပ်ချုပ်ရေးရှိတဲ့ အနတ္တက ဘာလဲလို့ဆိုတော့ ဥပမာ.... ဝေဒနာဖြစ်လာတယ်ဆိုရင်၊ အဲဒီဝေဒနာဟာ “ဖဿပစ္စယာ ဝေဒနာ” ဆိုတဲ့အတိုင်း- ဖဿ, ကြောင့် ဖြစ်ပေါ်လာဒါဘဲ၊ ဒီတော့ ဒီဝေဒနာဟာ ဖဿရဲ့ဩဇာခံဘဲပေါ့၊ ဖဿက သူ့ကို အုပ်ချုပ်တယ်၊ ဖဿမရှိရင် ဝေဒနာမလာဘူး၊ ဒီဘော့ ဝေဒနာ ပေါ်တိုင်း, ပေါ်တိုင်း, ဖဿကြောင့် ပေါ်ဒါဘဲလို့ သိကြရမယ်၊ ဖဿကအကြောင်း, ဝေဒနာက, အကျိုး၊ ဒါဟာ အုပ်ချုပ်ရေးရှိတဲ့ အနတ္တပါဘဲ၊ ရှင်းကြပလား?။

ဖဿ-နဲ့-ဝေဒနာဟာ ပြိုင်တူပေါ်ဒါ၊ အမေချုပ်တော့-သားချုပ်တယ်၊ အကြောင်းချုပ်တော့-အကျိုးချုပ်တယ်၊ “ဖဿနိရောဓါ-ဝေဒနာ နိရောဓော” ဘဲ၊ အကြောင်းအနတ္တမို့ အကျိုးအနတ္တဖြစ်တယ်လို့ မှတ်ကြ၊ သဘောပါပလား? “ယောပိဟေတု ယောပိ ပစ္စယော ဝေဒနာယ ဥပ္ပါဒါယ သောပိ အနတ္တာ၊” တဲ့၊ ဝေဒနာကိုဖြစ်စေတဲ့ ဖဿကလဲ အနတ္တဘဲလို့ ဆိုလိုတယ်၊ အခကြောင်းက အနတ္တဖြစ်ခဲတော့ အကျိုးလဲ အနတ္တလာမှာဘဲ ဆိုဒါ ဆုံးဖြတ်ချက်ချ၊ အနတ္တကခေပးတဲ့ဟာ အနတ္တရမှာဘဲ့ ဆိုဒါ ထင်ရှားတယ်။

"လောကမှာ သူ့ဟာသူ ဖြစ်တဲ့တရား မရှိဘူး၊ အကြောင်းကင်းတဲ့ တရား မရှိ ဘူး၊" လို့၊ ဥပရိပဏ္ဏာသ ပါဠိတော်မှာ ဟောခဲ့တော် မူထား တယ်။

ဒီနေရာမှာ ဒကာ,ဒကာမတွေ သတိပြုဘို့က "သူ့ဟာသူ ဖြစ်တဲ့အနတ္တ" လို့ ယူရင် ဒိဋ္ဌိတပိုင်းပါတယ် ဆိုတဲ့ အချက်ဘဲ၊ ဒီလိုယူရင်ဒိဋ္ဌိမကွာဘူး၊ အခု နောက်ပြောတဲ့အနတ္တကမှ ဒိဋ္ဌိ ကွာဒါ ကွာလွယ်ဒါ သဘောပါကြပလား? ဒါကြောင့်.... ဒီဒကာ, ဒကာမတွေအတွက်, ဒုတိယအနတ္တကို လေးလေးနက် နက်မှတ်ထားကြရမယ်၊ ကျကျနနသိထားရမယ်လို့ ပြောလိုက် ပါတယ်၊ ရှင်းကြပလား?။

ဒီအနတ္တဉာဏ်ပိုင်ရင် အမေအနတ္တမို့ သားအနတ္တဖြစ်တာ ဘဲကိုးလို့ အမှန်အကန်သိရင် ဘာမှငိုစရာမရှိတော့ဘူး၊ ပူစရာ ဆွေးစရာ မလိုတော့ဘူး အပူဇာတ်-သိမ်းနိုင်ကြဘီ ရိပ်မိပလား? ဒါကြောင့် ဒီဒကာ, ဒကာမတွေ ဒီ,ရုပ် နာမ် ခန္ဓာ တွေဟာ၊ အကြောင်းတရား သူ့ဖြစ်ပေါ်စေတဲ့ တရားကိုက အနတ္တမို့- ဖြစ်ပေါ်လာတဲ့ အကျိုးတရားတွေဟာလဲ အနတ္တ ရုပ်, နာမ်၊ အနတ္တခန္ဓာတွေဘဲ ဆိုဒါ မှတ်ကြ၊ ရုပ်နာမ်သဒ်္ဓါရမျိုးရိုးက— အနတ္တမျိုးရိုး၊ ဒီမျိုးရိုးအမှန်ကိုသိကြဘို့ အချိန်တော်ပြီးလို့- သတိပေးလိုက်ပါတယ်။

ဘုန်းကြီးတို့ ဒကာ,ဒကာမတွေ အနတ္တအကုန်ပိုင်ရင် တမျိုး တဆွေးလုံး နိဗ္ဗာန်ရောက်ကြမယ်၊ ဒါကိုပိုင်ဘို့ အဓရးအလွန်ဘဲ ကြီးပါတယ် ပိုင်အောင်ကြိုးစားကြ၊ ဒါမပိုင်သေးသမျှ အပူလက် စမသပ်နိုင်ကြဘူး၊ မျက်ရည်စမသိမ်းနိုင်ကြဘူး၊ မျက်ရည်ကျရ ဒါ အနတ္တမပိုင်ကြလို့ဘဲလို့မှတ်ကြ၊ ရှင်းကြပလား? ဒကာတို့ တတွေ မျက်ရည်ကျဒါ ငိုကြ, ယိုကြဒါဟာ ကိုယ့်အမျိုးကိုယ်မ သိလို့သာဘဲ ဆိုရင် မှားသလား? မမှားပါဘူး၊ ဒီအချိန် ဆရာ သမားနဲ့တွေ့တဲ့နေ့က စပီး, ကိုယ့်အမျိုးကိုယ်သိအောင် ကြိုးစား ကြလို့ အထူးတလည် တိုက်တွန်းလိုက်ပါတယ်၊ ကျေနပ်ကြ ပလား?။

ကိုင်း, ယနေ့ဒီတွင်ဘဲ ဘော်ကြအုံးစို့, နာရီစေ့သွားပြီ။

---

# ဓမ္မရတနာ-မာတိကာ

" နိုးရာမျက်ဆိုး ဒုဂ္ဂာဿဒုဿိဆိုး တရားဆောင် "

## ဓမ္မာဒါးပါး

(၁) ရူပက္ခန္ဓာ ဘောက်ပြန်တတ်သော, သဘောတရားအစု ရုပ်နှစ်ဆဲ့ရှစ်ခု။

(၂) ဝေဒနက္ခန္ဓာ ခံစားတတ်သော, သဘောတရားအစု ဝေဒနာသုံးခု။

(၃) သညာက္ခန္ဓာ မှတ်သားတတ်သော, သဘောတရားအစု သညာတစ်ခု။

(၄) သင်္ခါရက္ခန္ဓာ ပြုပြင်စီရင်တတ်သော, သဘောတရားအစု သင်္ခါရဥါးဆယ်ခု။

(၅) ဝိညာဏက္ခန္ဓာ သိတတ်သော, သဘောတရားအစု စိတ်ရှစ်ဆဲ့ကိုးခု။

## အနုဗ္ဗန်မျိုးအစားစား

(၁) သညာပေး....အနတ္တ၊ ရိုးရာသိမျိုး-အနတ္တ။

(၂) ပညာပေး....အနတ္တ၊ ဘုရားပေးဉာဏ်သိမျိုး-အနတ္တ။

(၁) သူ့သဘာဝနှင့်သူ အနတ္တဖြစ်နေဒါတမျိုး။

(၂) မိမိကို အနတ္တသဘာဝပြနေဒါတမျိုး။

(၁) ခန္ဓာဖြစ်စဉ်နှင့် မိမိအထင် မကိုက်ညီတဲ့ အနတ္တတမျိုး။

(၂) အကြောင်းအကျိုး သိမ်းဆည်းတဲ့ အနတ္တဘမျိုး။

**ဆောင်ပုဒ်**

မျက်လုံးအကြည်၊ အဆင်းမှီ၊ စုံညီမြင်သိစိတ်။
မျက်စိ,အဆင်း၊ နှစ်ကြောင်းရင်း၊ ပေါ်ခြင်းမြင်သိစိတ်။
အကြောင်းနှစ်တွေ့၊ ပျက်ပြုံးကျေ့၊ ပျက်သွေ့အကျိုးစိတ်။
အကြောင်းအနတ္တ၊ ကျိုးနတ္တ၊ ရှုကြဉာဏ်ခဲ့စိတ်။
ဒုဂါရခြောက်ခွင်၊ ထိုဝတ္ထုပင်၊ ဉာဏ်ယှဉ်နည်းမှီချိတ်။
ကြောင်းကျိုးဖြစ်ပျက်၊ ငါမစွက်၊ ဉာဏ်သက်စင်ကိုလိသ်။

**သတိရချိန်၊**

မိဘ်ရိုးရာ၊ မျက်လုံးမှာ၊ ပညာမချပ်ဘိ။
ခန္ဓာငါးဝ၊ ငါထင်ကြ၊ အတ္တစွဲဒိဋ္ဌိ။
ဘုရားပေးမှန်၊ မျက်လုံးဉာဏ်၊ ဇွဲသန်ရှုမှတ်သိ၊
အလိုမပါ၊ ငါးခန္ဓာ၊ အနတ္တာမှန်တိတိ။
အနတ္တာပိုင်က၊ ပပဉ္စ၊ လုံးဝသေဇတော့၏။
ပပဉ်ဆိတ်သုဉ်း၊ သံသာချုံး၊ ဝဋ်ဆုံးနိဗ္ဗုတိ။ ။

**ဝဏ္ဏနာသာ။** ။ဒကာ, ဒကာမတွေ, ဒီကနေ့မှာ မနေ့က တရားကိုဘဲ ဆက်ပြောရမယ်၊ ဒို့ဒကာ,ဒကာမတွေမှာ ခန္ဓာငါးပါးကတော့ ကိုယ်စီကိုယ်ငြ ရှိပီးနေကြဒါဘဲ၊ ခန္ဓာကတော့ရှိပါရဲ့- ဒါပေမဲ့ ကိုယ့်အကြိုက်, ကိုယ့်စရိုက်တော့ လုံးဝမပါ-ပါဘူး၊ သူ့သဘာဝလမ်းစဉ်အတိုင်း, ခန္ဓာထုံးစံအတိုင်း, သူဆောင်ရွက်နေဒါဘဲရှိပါတယ်၊ ဒကာတို့အကြိုက်နဲ့ တခု

မှမကိုက်ညီပါဘူး၊ ရိပ်မိကြရဲ့လား? ဒီတော့ ခန္ဓာငါးပါး—ဒီ-ရုပ်နာမ်တရားတွေကို ကိုယ့်အကြိုက် - ကိုယ့်စရိုက်မလိုက်-လို့ အနတ္တတွေဘဲလို့သာ မှတ်လိုက်ကြ၊ ရှင်းကြပလား?။

ရုပ်အစု, ရူပက္ခန္ဓာကလဲ သူ့သဘာဝနဲ့သူ အေးလိုက်, ပူလိုက် လှုပ်လိုက်, ငြိမ်လိုက်, စသည်အားဖြင့် ဘောက်ပြန်ပီးနေကြတဲ့ သဘောအမှန်ရှိဒါဘဲ၊ ဝေဒနာ,ကလဲ ကောင်းလိုက်, မကောင်းလိုက် စတဲ့ သူ့သဘာဝသူဆောင်ရွက်နေကြဒါဘဲ၊ ပူလွန်းလို့ အေးလိုက်ပါ။ ကောင်းဒါမို့ပျက်မသွားပါနဲ့ဆိုပီး, တောင့်တလို့ တားလို့ ဆီးလို့ မရကြဘူး၊ သဘောပါပလား?။ သညာကလဲ မှတ်စရာနဲ့တွေ့ရင် သူ့သဘောအတိုင်း, မှတ်ပီး ပျက်သွားပြန်ဒါဘဲ၊ သခ်ါရစေတသိတ် ငါးဆယ်ကလဲ ဒီသဘောဘဲ, အကြောင်းညီညွတ်တုံး ပေါ်လာပီး ပျက်စီးသွားပြန်ဒါဘဲ၊ ဝိညာဏက္ခန္ဓာဆိုတဲ့စိတ်တွေကလဲ ထို့အတူပါဘဲ ဖြစ်လာလိုက်, ပျက်သွားလိုက်နဲ့ နေကြဒါဘဲ။

ခန္ဓာငါးပါးလုံးဟာ ဒကာတို့အကြိုက်နဲ့ ကိုက်တာမပါဘူး၊ ဒါကြောင့် ဒီခန္ဓာပေါ်မှာ ပိုင်ဆိုင်ခွင့်မရကြဘူး၊ သဘောပါပလား?။ ဒါကို ဉာဏ်သွားကြည့်တော့ မြင်ရတယ်၊ ဒီတော့ ဒကာ,ဒကာမတွေက, ဉာဏ်မျက်လုံး သမ္မာဒိဋ္ဌိအမြင်နဲ့ကြည့်ကြကြည့်ရင်အမှန်မြင်ကြမယ်၊ဒကာတို့တတွေကဒိဋ္ဌိအမြင်,ငါ့အမြင်နဲ့ကြည့်နေကြတော့ အမှန်မကျနိုင်ကြဘူး၊ ရိပ်မိပလား?။ သမ္မာဒိဋ္ဌိအမြင်: ဉာဏ်အမြင်နဲ့ကြည့်ရင် ငါ့အကြိုက်, ငါ့အလိုက်, ငါ့စရိုက်နဲ့ ကိုက်တာ တခုမှ မပါဘူးဆိုတဲ့အချက်ကို ဆုံးဖြတ်ချက်ချနိုင်ကြမယ်။

ဒကာတို့က မိစ္ဆာအမြင်နဲ့ကြည့်တော့ ခန္ဓာကို ငါ, မှတ်နေကြတယ်၊ ငါ,စားချင်တယ်, ငါဆိုချင်တယ်, ငါထိုင်ချင်တယ်, ငါသွားချင်တယ်, ငါလုပ်ချင်တယ်နဲ့ ငါမှတ်နေကြတယ်၊ ငါလုပ်ချင်ရင် လုပ်နိုင်ဒါဘဲလို့ မှတ်နေကြတယ်၊ အဲဒါ မိစ္ဆာအမြင်နဲ့ကြည့်ပီး, ခန္ဓာငါမှတ်, ငါထင်လို့ပြောကြဒါဘဲ၊ သဘောပါပလား? ဒကာ, ဒကာမတွေ ပြောဆိုလုပ်ကိုင်ကြသမျှ ထင်မြင်ယူဆထားသမျှ အမှန်တခုမှမဟုတ်ဘူး၊ ဉာဏ်မျက်လုံးတခုမှမဟုတ်ကြဘူး၊ မိဘရိုးရာမျက်လုံး - မိစ္ဆာမျက်လုံးတွေဘဲ-လို့ မှတ်လိုက်ကြ၊ ရှင်းပလား? မိဘ, ရိုးရာမျက်လုံးက-မိစ္ဆာမျက်လုံး၊ ဘုရားပေးတဲ့ ဉာဏ်မျက်လုံးက သမ္မာဒိဋ္ဌိ မျက်လုံးလို့ မှတ်ကြ။

ဒကာ, ဒကာမတွေ မိဘရိုးရာမျက်လုံးနဲ့ တင်းတိမ်မနေကြနဲ့-အမှန်တခုမှ မကျဘူးလို့ပြောလိုက်ပါတယ်၊ အမှန်ကျအောင်, ဘုရားပေးတဲ့မျက်လုံးကို တပ်ကြ၊ ဘုရားပေးတဲ့မျက်လုံး ကြည့်ကြတော့လို့ သတိပေးလိုက်တယ်၊ ကျေနပ်ပလား? ကြည့်နည်းကလွယ်ပါတယ်,-ကြည့်နည်းက ခန္ဓာမှာကြည့်ကြဘို့ဘဲ၊ ခန္ဓာငါးပါးထဲက တခုခုကို ဉာဏ်မျက်လုံးနဲ့ ကြည့်ပေးကြ၊ ကြည့်တော့-အနတ္တကိုမြင်ရမယ်၊ အမှန်သိကြရမယ်၊ အဲဒီ,သိလုံးကလေးက အနတ္တဉာဏ် မဂ္ဂဘဲ၊ ခန္ဓာတခုခု ဖြစ်တဲ့ပျက်တဲ့အနတ္တသိတိုင်းသိတိုင်း, မဂ္ဂင်ဖြစ်တာဘဲ၊ ဒီတော့ နောက်က ပပဉ္စသုံးပါးသေတယ်၊ သဘောပါပလား?။

ဥပမာ— ဝေဒနာကခန္ဓာပေါ်တယ်ဆိုပါတော့ ဒီဝေဒနာကလေးဟာ ဖြစ်ပီးဒါနဲ့ ပျောက်ပျက်သွားဒါဘဲ တားလို့ဆီးလို့

မရတဲ့အနတ္တသဘောဘဲလို့၊ ဝေဒနာပေါ်တိုင်းပေါ်တိုင်း ရှု ဉာဏ်လိုက်ပေးရမယ်၊ ရှုဉာဏ်ဝင်တော့-နောက်က, တဏှာသေ တယ်၊ ပပဉ္စမလာနိုင်တော့ဘူး၊ သူက, သံသရာခဲ့ဖူးထွင်တတ်တဲ့ တရား၊ သံသရာကိုရှေအောင်လုပ်နေတဲ့တရား၊ သူက,နောက်သံ သရာ.... ဇာတိ, ဇရာ, မရဏစတဲ့ ဒုက္ခတွေပေါ်အောင် လုပ် တတ်တယ်၊ ရှင်းကြပလား? ပပဉ္စသေတော့ ဒီဘက်က နိဗ္ဗာန ပေါ်လာမယ်၊ သူလုပ်မဲ့ဒုက္ခတွေ မလာဒါဟာ နိဗ္ဗာနဘဲလို့ မှတ်ကြ။

ဥပမာအားဖြင့်ဆိုရင် "အရင်-အင်္ဂလိပ်အစိုးရ လက်ထက်က ကိုယ့်အိမ်ထဲမှာ ကျွန်းပင်ပေါက်နေသလိုပါဘဲ၊ အိမ်ထဲပေါက် လာတဲ့-ကျွန်းပင်ဖြစ်ပေမဲ့ မခုတ်ဝံ့-မထစ်ဝံ့ကြဘူး၊ မလှဲဝံ့ကြဘူး ဘာ့ကြောင့်လဲ? ကိုယ့်အိမ်ထဲမှာဖြစ်ပေမဲ့လဲ မပိုင်လို့-မဆိုင်လို့ ဘယ်လိုမှမလုပ်နိုင်ကြဘူး ရိပ်မိပလား? ဒီအတိုင်းပါဘဲ ခန္ဓာ ငါးပါးဟာလဲ ခန္ဓာမှာဖြစ်ပေမဲ့ မပိုင်လို့-မဆိုင်လို့ အနတ္တလို့ ခေါ်ရတယ်လို့ မှတ်ကြ၊ ရှင်းကြပလား?။

အိမ်ဝင်းထဲမှာ ပေါက်သာပေါက်တယ် ဒီကျွန်းပင်ကို အိမ် ရှင်ကမပိုင်ပါဘဲလား၊ ဒီလိုသိဒါက ဉာဏ်၊ မပိုင်မှန်းမဆိုင်မှန်း သိလို့၊ ဒီကျွန်းပင်နဲ့ပက်သက်တဲ့ အကျိုးအပြစ်တွေ မလာတော့ ဘူး၊ ကျွန်းပင်အတွက်နဲ့-ဝမ်းမသာမိဘူး၊ မနှစ်သက်ဘူး၊ ဝမ်းနှင့် မဆိုင်, မိမိမပိုင်မှန်းသိနေတော့ ဒီကျွန်းပင်အပေါ်မှာ အာလယ ပြတ်နေတော့ဒါပေါ့ သဘောပါပလား? ဒီကျွန်းအတွက်နဲ့— မာနလဲမတက်ဘူး၊ တဏှာ, မာန, ဒိဋ္ဌိပြုတ်တယ်၊ အဲဒါ မပိုင်မှန်း သိတဲ့-အနတ္တဉာဏ်ကြောင့် ပြုတ်တာ၊ ဒီဉာဏ်ကြောင့် နိဗ္ဗာန ပေါ်လာတယ်။

ဒကာ, ဒကာမတွေ ဥာဏ်ရောက်ကြပလား? ဥာဏ်ရောက်အောင်, လေးလေးနက်နက်စဉ်းစားကြ၊ ခန္ဓာကြောင့် အနတ္တပေါ်တယ်၊ အနတ္တကြောင့် ဥာဏ်ပေါ်တယ်၊ ဥာဏ်ကြောင့် နိဗ္ဗာန်ပေါ်တယ်၊ ရိပ်မိကြပလား? ခန္ဓာငါးပါးနဲ့ အတူနေရပေမဲ့ မပိုင်မှန်းသိတဲ့ဥာဏ်ကြောင့် တဏှာ, မာန, ဒိဋ္ဌိမလာဘူး၊ မလာတော့ နိဗ္ဗာန်လာဒါဘဲလို့ မှတ်ကြ၊ ရှင်းပလား? ခန္ဓာနဲ့အတူနေပီး, ဥာဏ်နဲ့လဲမခွဲကြနဲ့၊ ဥာဏ်နဲ့တွဲနေရမယ်၊ ခန္ဓာမှာ ဥာဏ်နဲ့တွဲနေရင်, ခန္ဓာဖြစ်ပျက် ဒုက္ခသစ္စာ, အနတ္တလက္ခဏာကို ဥာဏ်နဲ့မြင်ရမယ်၊ မပိုင်တဲ့အနတ္တဘဲလို့ မြင်ရင်, ခန္ဓာပေါ်မှာ အာလယ ပြတ်တော့ဒါဘဲ၊ သဘောပါကြပလား?။

ခန္ဓာက ဖြစ်ပျက်ဒုက္ခ အနတ္တလက္ခဏာကို အမြဲပြနေဒါ၊ ဒုက္ခကို-မဂ္ဂနဲ့မြင်ဘို့အရေးကြီးတယ်၊ ဒုက္ခကို မဂ္ဂနဲ့မြင်မှ, သမုဒယ သေပီး, နိရောဓပေါ်တယ်၊ဒါဟာ ဓမ္မသဘာဝဖြစ်စဉ်ကိုက်ဘဲလို့ မှတ်လိုက်ကြ၊ ဒကာ, ဒကာမတွေက ဓမ္မသဘာဝနဲ့ ဆန့်ကျင်နေကြတယ်၊ ဒကာတို့အထင်က အနတ္တကို မိခဲပိုင်ထင်, ထင်ပီး, ပြင်ကြ, ဆင်ကြ, ဖီးလိမ်းဝတ်စားကြနဲ့ ခန္ဓာကိုယ်ကို, တယုတယ, သ, လိုက်ရတဲ့ဖြစ်ခြင်း မပြောပါနဲ့တော့ လွန်လွန်းပါတယ်၊ ဒီကြားထဲက မနာဘူးလို့ထင်နေတုံး - တော်တော်ကြာတော့ တုံးလုံးကြီးဖြစ်နေလိုက်ပီ၊ ဆေးဆရာ, ဆရာဝန်နဲ့- လူတွေကလဲ ဝိုင်းလို့ လုပ်ကြပါအုံး-- ကုကြပါအုံး-- အကောင်းဆုံး ဆရာဝန်ခေါ်ပေးပါ မတတ်နိုင်ကြတော့ဘူးလား-နဲ့၊ ဟော.... တော်တော်ကြာတော့ ခေါင်းထဲရောက်ရဘီ၊ ဒို့ဒကာဒတွအဖြစ်က ကောင်းကြသေးရဲ့လား? လို့ မေးလိုက်ပါတယ်။

ဒါကြောင့်.... ဒကာတို့အထင်နဲ့ ခန္ဓာဖြစ်စဉ်နဲ့ ကိုက်ပါရဲ့လား? မကိုက်ပါဘူး၊ ခန္ဓာဖြစ်စဉ်နဲ့, ကိုယ့်အထင်နဲ့ မကိုက်တဲ့ အနတ္တတရားဘဲလို့ မှတ်လိုက်ကြ၊ ရိပ်မိကြပလား? ဒီအနတ္တသဘောက "အနတ္တလက္ခဏသုတ်" မှာ လာတဲ့ အနတ္တသဘောဘဲလို့ မှတ်ကြ။ ။လူအောင်, ပအောင်, တင့်တယ်အောင့်ပြင်တုံး ဆင်တုံးရှိသေး, ချွေးတွေ, သံတွေက ထွက်လာလိုက်ပီ၊ ကိုယ့်အထင်နဲ့ ကိုက်သေးရဲ့လား? အဲဒါမကိုက်လို့ဘဲ၊ မအိုဘူး ထင်ရက်က-အိုရ၊ မျက်စိမမဲဘူးလို့ ထင်နေရက်က· ကောင်းကောင်းမမြင်တော့ဘူးတဲ့၊ နေကောင်းရဲ့လားမေးတော့· နေကောင်းပါတယ်ဆိုပီး.... နောက်ကျောကတက်လာ၊ ခါးထဲကနာလာ၊ အဲဒါ, မကိုက်လို့ဘဲ မဟုတ်လား၊ ပေါ်ကြပလား?။

ဒီနေရာမှာ အနတ္တက နှစ်မျိုးရှိတယ်လို့လဲ မှတ်ထားကြ၊ နှစ်မျိုးက, သူ့ဟာသူ အနတ္တဖြစ်နေဒါက-တမျိုး၊ ကိုယ့်ကို အနတ္တပြနေဒါက-တမျိုး၊ နှစ်မျိုးရှိတယ်လို့ဘဲ မှတ်ထားကြ၊ နောက်တော့ ဒီအဓိပ္ပါယ်ပေါ်လာမယ်။ ။မိမိခန္ဓာ ရှုမှတ်တဲ့ အခါ- ဘယ်လိုရှုမှတ်ရမလဲ? ဒီအဖြေကိုလဲ သိဘို့လိုတယ်၊ "ပဋိက္ခန္ဓာ-အနတ္တာ" လို့ ဟောပေမဲ့၊ ခန္ဓာငါးပါးလုံး ပြုံပီးရှုရမှာမဟုတ်ဘူး၊ ခန္ဓာမှာပေါ်တဲ့အခါ တခုခုသာပေါ်မှာ၊ အဲဒီပေါ်တဲ့အထဲက ကြိုက်ရာ ထင်ပေါ်ရာ တခုခုကိုသာ ရှုကြရမယ်၊ ရှင်းကြပလား?။

ရုပ်ပေါ်ပေါ်, ဝေဒနာပေါ်ပေါ် မိမိဉာဏ်မှာ ထင်ရှားရာ တခုကိုသာစိုက်ပီး ရှုမှတ်ရမယ်၊ ဉာဏ်နဲ့ခန္ဓာမှာရှုမှ အမှန်ကန်မြင်ရမယ်၊ သူပြောလူပြော ပါးစပ်ပြော အနတ္တမလိုဘူး ဆိုဒါ

သတိပြုကြ၊ မိရိုးဘလာ ပြောကြ ဆိုကြ မှတ်သားလာကြတဲ့ သညာပေးအနတ္တမဟုတ်ဘူး၊ အနတ္တက ဒို့ဒကာတွေအတွက်, နှစ်မျိုးမဖြစ်စေနဲ့ လို့ ပြောလိုက်ပါတယ်၊ နှစ်မျိုး ဆိုဒါက သညာပေးတဲ့အနတ္တက တမျိုး၊ ပညာပေးတဲ့အနတ္တက တမျိုး၊ နှစ်မျိုးရှိတယ်၊ သညာပေးအနတ္တဆိုဒါက ဒကာတို့တတွေ နှုတ်တက်နေကြ, သိနေကြတဲ့ ရိုးရာသိဟာ သညာဘဲလို့ မှတ်ကြ၊ ခန္ဓာမှာရှုလို့ ဥာဏ်နဲ့မြင်ဒါမှ ပညာပေးအနတ္တဘဲ၊ ဒါမှ ပပဉ္စသေတယ်၊ ရှင်းပလား?။

ဒကာ, ဒကာမတွေ သဘောပါကြပလား? ဒါဖြင့်, နည်းပေးထားတဲ့အတိုင်း ကိုးစားကြ၊ ရှုတော့- တဏှာ, မာန, ဒိဋ္ဌိတွေမလာခင်ဦးအောင် ရှုရမယ်၊ ဒါတွေလာပီးမှရှုရင် အမာရွတ်ထင်တယ်၊ ဒကာ, ဒကာမတွေ အနာပေါက်ပီးမှ ပျောက်တာဟာ အနာရွတ်ထင်တယ်၊ အနာမပေါက်ဘဲနဲ့ ပျောက်တာက အနာရွတ်မထင်ဘူး၊ ဒီဟာကမှ-ပိုကောင်းတယ်၊ သဘောပါကြပလား? ဒကာ, ဒကာမတွေ အနဲ့ပေါက်ပီးမှ ပျောက်တာနဲ့ မပေါက်ဘဲပျောက်တာနဲ့ ဘယ်ဟာက ကောင်းသတုံး? အေး, ဒါကိုသိရင်, မပေါက်ခင်က ပျောက်အောင်ကုကြလို့ တိုက်တွန်းလိုက်တယ်၊ ရိပ်မိပလား? ဘုရားကမပေါက်ဘဲ ပျောက်တာကိုမှ နှစ်သက်တော်မူတယ်။ M

ဒါကြောင့် ဘုရားက.... အနတ္တလက္ခဏသုတ်ကို မပေါက်ဘဲ ပျောက်အောင်, ဟောဒါလို့မှတ်ကြ၊ ရှင်းကြပလား? အနာပေါက်ပီးမှ ပျောက်တာက အနာရွတ်ထင်တယ်၊ အဲဒါ--ဥပ္ပါဒနိရောဓ-ခေါ်တယ်၊ အနတ္တလက္ခဏသုတ်မှာ ဟောဒါက မပေါက်

ဘဲပျောက်တဲ့နည်း အနုပ္ပါဒနိရောဓ,ခေါ်တယ်၊ ဒို့ဒကာ,ဒကာမ တွေခန္ဓာမှာ ဖြစ်ပျက်ပေါ်တိုင်း, အနတ္တဥာဏ် လိုက်ပေးကြ၊ ဒါမှသာ အနာဂမပေါက်မှာ၊ သဘောပါပါသလား? ခန္ဓာမှာပေါ်လာတိုင်း,မလစ်စေနဲ့-ဖြစ်ပျက်နောက်ကအနတ္တဥာဏ်ကပ်ရက်ပါပစေ။ ။ဒီဟာက အနတ္တလက္ခဏသုတ်မှာ ဟောတဲ့-အနတ္တ၊ ခန္ဓာ ဖြစ်စဉ်နဲ့-ကိုယ့်အထင်နဲ့မကိုက်တဲ့ အနတ္တလို့မှတ်ထားကြ။

နောက်ဒုတိယ အနတ္တက ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်မှာဘဲ လာတယ်လို့ မှတ်ကြ၊ ဥပမာ- စိတ္တာနုပဿနာမှာဆိုရင်, .. "ဝိညာဏံ အနတ္တာ၊" အသိစိတ်ကလေးဟာ အနတ္တာဘဲလို့ ဆိုတဲ့အချက်မှာ၊ မျက်လုံးကန်းနေရင်, တချက်မှ မပြည့်စုံနိုင်ဘူး၊ ဒီ, မြင်စိတ်ကလေးဟာ မျက်လုံးအကြည်လဲရှိမှ,ကြည့်စရာလဲရှိမှ မြင်စိတ်ပေါ်တယ်၊ မြင်စရာအဆင်းနဲ့မျက်လုံးကြောင့်- မြင်စိတ်ပေါ်ဒါ၊ ဒီအကြောင်းတွေ့ မညီညွတ်ရင် မြင်စိတ်မပေါ်နိုင်ဘူး သဘောပါပါသလား? ဒါကြောင့်,ဘုရားက "စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ" လို့ ဟောတော်မူဒါ၊ အဓိပ္ပါယ်က-- "မြင်စိတ်ကလေးဟာ မျက်စိအကြည်သဘောနဲ့အဆင်းသဘော အကြောင်းနှစ်ကြောင်း ကြောင့်သာ ဖြစ်ပေါ်လာရဒါဘဲ-လို့ ဆိုလိုတယ်။

ဒကာတို့တတွေ့ ဒီနည်းအတိုင်းဘဲ ဒွါရခြောက်ပါးမှာ သိရမယ်၊ ဒွါရခြောက်ပါးမှာ အသိစိတ်ခြောက်မျိုး ပေါ်ဘို့ရာလဲ သူ့အကြောင်းနဲ့သူ ညီညွတ်ပါမှ ပေါ်လာနိုင်တယ်လို့ မှတ်ရမယ်၊ ဒါကြောင့် "ဝိညာဏံ အနတ္တာ ဝိညာဏ်ဟာ အနတ္တတရားဖြစ်တယ်" ဆိုတော့၊ ဘာ့ကြောင့်ဖြစ်သလဲ? "ယောပိ

ဟေတု ယောပိပစ္စယော ဝိညာဏသဿ ဥပ္ပါဒါယ သောပိ အနတ္တာ" တဲ့၊ သူ့ကိုဖြစ်စေတဲ့အကြောင်းနှစ်ခုကိုက အနတ္တ ဖြစ်လို့ အကျိုးဝိညာဏ်ဟာလဲ အနတ္တဖြစ်တာဘဲတဲ့၊ အမေက, အနတ္တမို့-သားလဲ အနတ္တဖြစ်ရတယ်လို့ မှတ်ကြ၊ ရှင်းကြ ပလား?။

အကြောင်းက အနတ္တမို့၊ အကျိုးလဲ အနတ္တဘဲလို့ သိကြ ရမယ်၊ "အနတ္တသမ္ဘူတံ ဘိက္ခဝေ ကုဇ္ဇတော အတ္တာ ဘဝိ သ္သတိ" တဲ့၊ သူ့ကိုမွေးတဲ့အမေက အနတ္တမို့-သားဟာ အတ္တ မဖြစ်နိုင်ဘူး-အနတ္တဘဲဖြစ်ရတယ်-လို့ မှတ်လိုက်ကြ၊ ကျေနပ် ပလား? အနတ္တအကြောင်းတရားက ဖြစ်စေတဲ့အကျိုးတရား ဟာ အနတ္တ-အကျိုးတရားဘဲဖြစ်ရမှာဘဲ၊ အနတ္တကမွေးတော့ အနတ္တကလေးဘဲဖြစ်ရမှာပေါ့-သဘောပါပလား? ဒီအနတ္တက အကြောင်းအကျိုးသိမ်းဆည်းတဲ့ အနတ္တဘဲလို့ မှတ်ကြ၊ ရှင်းကြ ပလား?။

ပဌမ ပြောတဲ့အနတ္တက ပဉ္စဝဂ္ဂိငါးဦးအတွက်, ပဂ္ဂုလ်အလိုက် ဟောတဲ့ အနတ္တလို့မှတ်ကြ၊ အဲဒီ, အနတ္တလက္ခဏသုတ်မှာဟော တဲ့အနတ္တက အမျှားစုနဲ့မဆိုင်သေးဘူး၊ အမျှားစုနဲ့ ဆိုင်ဒါက, အခုပြောတဲ့ ဒုတိယ အနတ္တ၊ ဒီဟာကမှ အမျှားနဲ့ဆိုင်တဲ့ အ နတ္တဘဲလို့မှတ်ကြ၊ ရှင်းပလား? ဒီအနတ္တက အကြောင်းသိမ်း ဆည်းပီးသိရလို့ သံသရာခရီးရှင်းတဲ့-အနတ္တဘဲ၊ ဒါမှ ဒကာတို့ တတွေအတွက်, ဒကာတို့နဲ့တော်တဲ့အနတ္တလို့ မှတ်ကြ၊ ဒီအနတ္တ ကတော့ နိဗ္ဗာန်တော့မရောက်သေးဘူးတဲ့၊ ဒီအနတ္တက ဖြစ်ပျက် ဘဲရှိသေးတယ်၊ ပဌမအချက်အနေနဲ့- ဒီအနတ္တဉာဏ်ရအောင်, အားထုတ်ကြရမယ်။

ဒကာ, ဒကာမတွေ အားထုတ်ဘို့က မိမိခန္ဓာမှာ ဉာဏ်နဲ့ ကြည့်ပေးရမယ်၊ ခန္ဓာငါးပါးထဲက-တပါးပါးကို ပေါ်တိုင်းပေါ် တိုင်း မလွတ်အောင် ဖြစ်ပျက်ရှုပေးရမယ်၊ စိတ်ရှုတယ်ဆိုရင်, ဒီအနုတ္တာဉာဏ်ရအောင်, စိတ်ကလေးတွေပေါ်တိုင်း, ဖြစ်တိုင်း, ပျက်တိုင်းရှုဉာဏ်လိုက်ပေး၊ နောက်မျှားမျှား မြင်လာရင်, မုန်း အောင်ဆက်သာရှု၊ မုန်းတော့မှ, ဆုံးမှာ၊ ဆုံးဒါရမှ-နိဗ္ဗာန်ရမှာ၊ ရှင်းပလား? သခ်ိါရအနတ္တဆုံးမှ အသခ်ိတအနတ္တပေါ်မယ်၊ ဆုံးဒါက သခ်ိါရအနတ္တ၊ ပေါ်ဒါက အသခ်ိတအနတ္တ၊ သဘော ပါပလား?။

အနတ္တနှစ်မျိုးက ခန္ဓာက ပုဂ္ဂိုလ်အကြိုက်မလိုက်လို့ အနတ္တ၊ ဒီအနတ္တက အနတ္တလက္ခဏသုတ်မှာ လာတယ်လို့ မှတ်ကြ။ ။ အကြောင်းအနတ္တမို့ အကျိုးလဲအနတ္တ၊ ဒီအနတ္တက သံယုတ် ပါဠိတော် သဟေတုအနတ္တသုတ်မှာ လာတယ်လို့ ခဲခြားပီး မှတ်ကြ၊ ရှင်းကြပလား?။

ကိုင်း....ယနေ့....ဒီတွင်....တော်ကြအုံးစို့။

# ဓမ္မရတနာ-မာတိကာ

## " ရုပ်နာခန်ကြောင်းကျိုး အနုဋ္ဌမျိုး တရားတော် "

### ဆောင်ပုဒ်

မနံ ပဋ္ဌိစ္စ၊ ဓမ္မေစ၊ မနဝိညာဏာ။
မနော်အကြည်၊ အတည်တည်၊ ကြံစိတွေးသိလာ။
မနောမှန်ကြုံ၊ ဓမ္မာရုံ၊ တွေ့ဆုံကြံသိကာ။
ကြောင်းကျိုးဆိုက်လျက်၊ ဖြစ်ပီးပျက်၊ သက်သက်ငါးခန္ဓာ
(ရုပ်နာမ်သာ)။
ငါသူတပါး၊ မဟုတ်ငြား၊ ပျက်ပြားအနတ္တာ။
ရုပနာမဟူက၊ သဘာဝ၊ မုချအနတ္တာ။ ။

### သတိခြင်း၊

ဂုဏ်ဒဟာ်စည်းချ၊ ရုံတားကြ၊ လုံးဝမသင့်မြတ်။
နှစ်ဆယ့်လေးပါး၊ ပစ္စည်းများ၊ ဦးဖျားရှိညွှတ်အပ်။
ဘေးရန်ကင်းလို၊ များလူဗိုလ်၊ ကိုယ့်ကိုတရားကပ်။
တရားကိုယ်တွင်၊ ကပ်လေလျှင်၊ ပုံသွင်စေတီမြတ်။
ရွတ်ဘတ်အောင်းမေ့၊ ကျင့်ထုတ်လေ့၊ မမေ့ပူဇော်အပ်။
အားထုတ်ပူဇော်၊ ကျင့်ပါသော်၊ ခေမော် နိဗ္ဗာန်ကပ်။
ဘေးရန်ခပ်သိမ်း၊ကင်းကွာငြိမ်း၊အောင်ကိန်းချမ်းသာမြတ်။

**တရားသခင်။** ။ဒကာ, ဒကာမတွေ ဒီကနေ့ညမှာ မနေ့က အနုတ္တတရား အဆက်ကိုဘဲ ပြောရ လိမ့်မယ်၊ မနေ့ကပြောခဲ့တဲ့ အနတ္တနှစ်မျိုး၊ ခန္ဓာက ပဋိုလ်အကြိုက် မလိုက်တဲ့အနတ္တကတမျိုး၊ အကြောင်းတရားက, အနတ္တမို့ - အကျိုးတရားလဲ အနတ္တဖြစ်ရတယ်ဆိုဒါက တမျိုး၊ နှစ်မျိုးပြောခဲ့တယ်၊ ဒီနှစ်မျိုးလုံးဟာ သံယုတ်ပါဠိတော်မှာ လာတယ်လို့ မှတ်ကြ၊ ဒို့ဒကာ, ဒကာမတွေအတွက်တော့ ဒုတိယအချက်ဖြစ်တဲ့ အနတ္တကိုသိကြရမယ်၊ ဒီအနတ္တက သူ့အရှင်သခင်က အနတ္တမို့၊ သူ့ကျွန်လဲအနတ္တဘဲ-လို့ မှတ်ကြ၊ ရှင်းကြပလား?။

ဒကာ, ဒကာမတွေ ဒီကနေ့ "ဥပရိပဏ္ဏာသ ပါဠိတော်-ဆ, ဆက္ကသုတ်မှာလာတဲ့ အနတ္တသဘောကို ထည့်ပြောရမယ်၊ ဒီအနတ္တကိုသိရမယ်လို့ မှတ်ကြ၊ ဒကာ, ဒကာမတွေမှာ, ပူစရာ၊ ပန်စရာရှိတဲ့ သားကိစ္စ, သမီးကိစ္စ,ပစ္စည်းကိစ္စ,စတဲ့ ကိစ္စအထွေထွေဟာ တခြားအချိန်တွေမှာ မေ့နေပေမဲ့လဲ အိပ်ရာဝင်တော့ ပေါ်လာကြတယ်၊ အိပ်ရာဝင်ပီး,လဲလိုက်တာနဲ့-ဒီ,ကြံလုံး-စီလုံးတွေဟာ အလျှိုလျှိုပေါ်လာကြတော့ဘယ်၊ သား, သမီး, ပစ္စည်းအတွက် ကြောင့်ကျမှု ကြံလုံး, စီလုံးကလေးတွေဘဲ၊ သားအတွက် ကြံစီလိုက်တော့ သားဆိုကလာဒါဘဲ၊ သဘောပါပလား?။

သားကြောင့်, သမီးကြောင့်, ပစ္စည်းကြောင့်, ဒီကြံစိတ်, တွေးစိတ်ကလေးတွေ ပေါ်ရဒါ၊ သူတို့မရှိရင် မပေါ်ပါဘူး၊ ရှင်းပလား? ဒါကြောင့်, ဒီကြံတွေးစိတ်ဟာ ဓမ္မာရုံကြောင့် ပေါ်ဒါဘဲလို့ မှတ်ကြ၊ သားလဲမြင်ရဒါမဟုတ်ပါဘူး၊ မဟုတ်ပေမဲ့-ဓမ္မာရုံကြောင့်သာ ပေါ်လာကြရဒါ၊ ကြံစိတ်တဲ့- သားအတွက်

ကြံစိတ်ကလေးဟာ ဘာ့ကြောင့်ပေါ်လာရသလဲ-ဆိုတော့၊ မနောအကြည်မှန်က သားဘက်လွဲတော့ သားစိတ်ကလေး-မှန်မှာလာပေါ်ရဘယ်၊ ဒီစိတ်ဟာ သားကြောင့်ရင်း, မှန်ကြောင့်ရင်းပေါ်လာရတယ်-လို့ မှတ်ကြ။

ဥပမာဆိုရင်, မှန်ရှေ့မှာ လူရပ်သလိုပါဘဲတဲ့၊ မှန်ရှေ့မှာ လူကသွားပီးရပ်လိုက်တော့ မှန်ထဲမှာ လူရိပ်ပေါ်လာတယ်၊ မရပ်ရင် မပေါ်ပါဘူး၊ မှန်ကလဲ,ကြည့်နေမှ လူလဲရပ်ပါမှ အရိပ်ပေါ်ဒါ ဒီအကြောင်းမညီရင် မပေါ်နိုင်ဘူး၊ ဒီအတိုင်းပါဘဲ-- ဒီ, သားစိတ်ကလေးဟာ သူ့အလိုလို ပေါ်လာဒါမဟုတ်ပါဘူး၊ မနောအကြည်ကြောင့်ရင်း, သားကြောင့်ရင်း, သားစိတ်ပေါ်ရဒါလို့ မှတ်ကြ၊ ရှင်းပလား? ဒီအကြောင်းတွေ့ ညီညွတ်မှသာပေါ်နိုင်ဒါပါ၊ ဒါကြောင့် ဘုရားက....

"မနဥ္ဆ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ"
"မနဥ္ဆ၊ မနော ခေါတ် အကြည် ရုပ် ကိုရင်း၊ ဓမ္မေစ၊ သား, စသော ဓမ္မာရုံတို့ကိုရင်း၊ ပဋိစ္စ၊ အစဲပြု၍ မနောဝိညာဏံ၊ သား, အသိစိတ်ကလေးသည်၊ဥပ္ပဇ္ဇတိ၊ဖြစ်ပေါ်၍လာရပေ၏လို့ ဟောတော်မူတယ် ဆိုဒါမှတ်ကြ၊ရှင်းပလား?။

ဒီတော့- ဒီစိတ်ဟာ နဂိုကရှိဒါမဟုတ်ဘူး၊ မှန်နဲ့ သားဘက်လွဲလိုက်လို့သာ ပေါ်လာဒါဘဲ သဘောပါပလား? ဒါကို ဒကာတို့ဘတွေက "ငါကတော့-သူတို့အတွက် ကြံလိုက်, စီလိုက်ရဒါ .အမောဘဲ-တဲ့၊" ဒို့ဒကာတွေ လုပ်ပုံ- ဟုတ်ကြပါရဲ့လား?

စိတ်က-စိတ်ဘဲ၊ ဒီထဲမှာ ငါမပါပါဘူး၊ ငါမဟုတ်ပါဘူး၊ ဒီစိတ်ကို ငါထင်ဒါက ဒိဋ္ဌိဘဲလို့ မှတ်လိုက်ကြ၊ ရိပ်မိကြပလား? စိတ်ကလေး ငါလုပ်တော့- "ဝိညာဏံ အတ္တာတော သမနုပဿတိ၊ ဝိညာဏ်စိတ်ကို ငါဘဲလို့ ယူစွဲတယ်လို့ ဟောတော်မူဒါဘဲ။

ဒါကြောင့် ဒို့ဒကာ, ဒကာမတွေ ဒီစိတ်ကလေးကို ဒီစိတ်ကလေးအတိုင်းဘဲထားကြပါ၊ ငါမတပ်ကြပါနဲ့-ငါနဲ့မရောကြစေနဲ့လို့ သတိပေးလိုက်ပါတယ်၊ စိတ်ကို ငါတပ်လိုက်တော့ ဒိဋ္ဌိအယူဘဲ၊ ဒို့ဒကာတွေ ပြောတတ်ကြသေးတယ်၊ "ငါ့သားအတွက် ငါကြံစိတယ်-တဲ့၊" အဲဒီ အပြောဟာ အနတ္တပျောက်ပီး, အတ္တရောက်လာဒါဘဲ၊ အတ္တဒိဋ္ဌဖြစ်ပီး အရှုးသန်ဒါဘဲ-လို့ သာ ဆုံးဖြတ်ချက်ချကြ၊ ရိပ်မိပလား?။

ခန္ဓာမှာ ပေါ်လာဒါက ညွှေ့သည်၊ ထင်ဒါက အိမ်သည်ထင်နေကြဒါ၊ ဒို့ဒကာ, ဒကာမတွေ ညွှေ့သည်ကို ညွှေ့သည်မှန်းသိကြပါတော့လို့ ပြောလိုက်တယ်၊ ငါထင်တဲ့ ဒီစိတ်ကလေး ပျောက်သွားတော့ ငါသေပေါ့လို့ သိရင်လဲ အကောင်းသားဘဲ ဒီလိုလဲမဟုတ်ကြဘူး၊ စိတ်ကလေးပျက်သွားတော့ ငါမပါဘူး, ငါကကျန်နေရစ်တယ်၊ တယ်လဲခက်တဲ့ ဒကာ, ဒကာမတွေဘဲ၊ သဘောပါကြပလား? ဥပမာ လက်နှစ်ဘက်ထဲမှာ ဘယ်ဘက်ထဲမှာမှ အသံမရှိကြဘူး၊ ဒါပေမဲ့ လက်နှစ်ဘက်ကို ရိုက်လိုက်တော့ ဖျတ်, ဆို အသံပေါ်လာတယ်၊ ဒီ, ဥပမာအတိုင်းဘဲ-လို့ မှတ်ကြ။

ဒကာ, ဒကာမတွေ သေသေချာချာစဉ်းစားကြည့်ကြ၊ ဖြစ်လာဒါကငါ့တဲ့၊ သေခါကျတော့ ငါ့ကျန်နေတယ် ဆိုရင်ဟုတ်နိုင်ပမလား နေရာမကျပါဘူး၊ ဒီဒကာတွေ ယောင်ချက်ကဖြင့် အလွန်ဘဲသန်လှတယ်၊ ရိပ်မိကြပလား? ဘုရားက "မနော ဝိညာဏံ အနတ္တာ-တဲ့၊ မနောအသိစိတ်ဟာ အနတ္တာဘဲ" လို့ ဟောတော်မူတယ်၊ ကျေနပ်ပလား?။

"မနောဝိညာဏံ အတ္တာတိ ယော ဝဒေယျ၊ တံ နဉပပဇ္ဇတိ မနောဝိညာဏဿ ဥပ္ပါဒေါပိ ဝယောပိ ပညာယတိ။ ။မနော အသိစိတ်ကို၊ အတ္တာဘဲလို့ တဦးဦးက ဆိုခဲ့လျှင်၊ ဒီစကားဟာ မသင့်မြတ်, မမှန်ကန်ဘူး၊ မနောအသိစိတ်ရဲ့-ဖြစ်ခြင်း, ပျက်ခြင်းဟာ အလွန်ထင်ရှားပါတယ်-" လို့ ဆိုလိုရင်းဖြစ်တယ်၊ ဒီဒကာတွေ ကျေနပ်ကြပလား? ဖြစ်တာလဲ ထင်ရှားတယ်၊ ပျက်တာလဲ ထင်ရှားတယ် ဆိုတော့ ဒီထဲမှာ ပုဂ္ဂိုလ်, သတ္တာ, ငါ, ဆိုဒါ- ပါနိုင်ပါအုံးမလား? ဘာမှမပါနိုင်ဘူး၊ အနတ္တမို့-အနတ္တပြဒါဘဲလို့ မှတ်ကြ၊ ရှင်းပလား?။

မနော အသိစိတ်ကလေးဟာ, ဖြစ်ပီးပျက်စီးသွားတဲ့ အနတ္တသဘာဝသာ ဧကန်ရှိဒါပါ၊ ဖြစ်ပေါ်ဒါလဲ ငါမဟုတ်၊ ပျက်သွားဒါလဲ ငါမဟုတ်၊ အတ္တာသဘောမပါတဲ့-အနတ္တာသဘောသာ ဖြစ်တယ်လို့ သိကြရမယ်၊ ဘုရားက, ဖြစ်ပေါ်ဒါလဲ အထင်အရှား၊ ပျက်သွားဒါလဲ အထင်အရှားဘဲ၊ ဒါကြောင့် အနတ္တ,လို့- သိမြင်ကြရမယ်-လို့ ဟောတယ်၊ သဘောပါပလား? ဒကာ,ဒကာမတွေ ဒီ, သဘောအမှန်အကန်သိပီး မစွဲကြနဲ့တော့လို့ ပြောလိုက်တယ်၊ မနေမထိုင်နိုင်လောက်အောင် ဖြစ်လို့- စွဲချင်ရင်ဖြင့်

"ငါဟာဖြစ်လဲဖြစ်တယ်၊ ပျက်လဲပျက်တယ်လို့" သာ ယူကြတော့လို့ သတိပေးလိုက်တယ်။

ဒီစိတ်ကလေးဟာ အခြောင်းနှစ်ခုတိုက်တော့ ဖြစ်ပေါ်လာတယ်၊ သူ့အသက်တမ်းစေ့တော့ ချုပ်ပျောက်သွားတယ်၊ ခန္ဓာသဘောက ဖြစ်ပီး, ပျက်စီးသွားတတ်တဲ့ အနတ္တသဘောအမှန်ဘဲရှိနေဒါ၊ ဒါကို ဒကာတို့က, ငါထင်လိုက်တော့ ခန္ဓာ့အလိမ်ခံလိုက်ကြရဒါဘဲလို့ မှတ်လိုက်ကြ၊ ရိပ်မိကြပလား? ခန္ဓာက ကိုယ့်ကို လိမ်နေဒါ၊ ဒကာတို့ကအမှန်သိပီး, ကိုယ့်ကိုယ်ကိုယ် ဖြေပစ်ကြ၊ အလိမ်ပြေအောင်, ဖြေကြတော့လို့-တိုက်တွန်းလိုက်တယ်၊ ကိုယ်တိုင်ကမှ မဖြေရင်, သူများဝင်ဖြေပေးဘို့ မလွယ်ဘူး၊ နောက်ကို အလိမ်မခံရအောင် ကြိုးစားကြလို့ သတိပေးလိုက်ပါတယ်။

မိမိခန္ဓာမှာ ဉာဏ်နဲ့ကြည့်၊ ညှော်သယ်လာရင်, လာမှန်းသိ၊ ညှော်သယ်သွားရင်,သွားမှန်းသိကြ၊ ညှော်သယ်လာရင်,လာဒါဘဲ၊ သွားရင်လဲ, ညှော်သယ်သွားဒါဘဲလို့ ဉာဏ်နဲ့တွေးရှုကြ၊ ဉာဏ်နဲ့မြင်ဘို့အရေးကြီးတယ်၊ ဉာဏ်နဲ့မြင်ရင်,ညှော်သယ်မှန်းသိကြမယ်၊ သဘောပါပလား? ဘာစိတ်လာလာ ဖြစ်တာလဲထင်ရှား၊ပျက်တာလဲထင်ရှားဒါမို့-အနတ္တဘဲဆိုဒါ၊ ဆုံးဖြတ်နိုင်ကြမယ်၊ ဒါကို အမှန်သိရရင် ဘာမှမျက်ရည်ကျစရာ မရှိပါဘူး၊ ကျေနပ်ပလား?။

ဒကာ, ဒကာမတွေ ကြိုးစားကြ၊ ဉာဏ်-နဲ့-ခန္ဓာကြည့်ကြ၊ ကိုယ့်သန္တာန်မှာဘာစိတ်ပေါ်ပေါ် ဉာဏ်နဲ့မြင်အောင်ကြည့်ပီး,

ဖြစ်တာပျက်တာမြင်ရင်, အနတ္တာဘဲလို့ ဆုံးဖြတ်ချက်ချ၊ အခု ပေါ်လာဒါ အကြောင်းတိုက်ဆိုင်လို့ ပေါ်လာဒါ၊ ဒီစိတ်က လေးဟာ ဖြစ်လဲဖြစ်တယ်, ပျက်လဲပျက်တာပါဘဲ,လို့ သိလိုက်ကြ၊ ရိပ်မိပလား? သိအောင်စောင့်ပီး ဉာဏ်နဲ့ကြည့်ကြ၊ ဒီ, ပဋ္ဌမနည်းနဲ့မှ မထင်,မမြင်သေးရင်,ငါဟာဖြစ်လဲဖြစ်တယ်၊ ပျက်လဲပျက်တယ်-လို့ ဒုတိယနည်းနဲ့ ထပ်ရှုကြ၊ နားလည်ကြပလား? နားလည်ရင် ကြိုးစားဘို့ဘဲ။

ပဋ္ဌမနည်းနဲ့ရှုလို့ အဲဒီလို ပဋ္ဌမ အနတ္တဉာဏ်မပေါ်သေးရင်၊ ဒုတိယ အနတ္တဉာဏ်နဲ့မြင်အောင် ရှုကြလို့ သတိပေးလိုက်တယ်၊ ရှင်းကြပလား? မရှင်းသေးရင်ထပ်ပြောမယ်၊ဒကာတို့သန္တာန်မှာ စိတ်ကူးကလေးတခုပေါ်လာမယ်၊ ပေါ်လာတဲ့အခါ "ဒီစိတ်ကူးကလေးဟာ စိတ်ကူးပီး ပျက်စီးသွားဒါဘဲ" လို့ ရှုကြ၊ စိတ်ကူးကို-ငါထင်လို့-ဒါနဲ့မှမရရင်, "ငါသည်-ဖြစ်လဲဖြစ်တယ်၊ပျက်လဲပျက်တယ်" လို့ ဒုတိယအချက်မှာ ပိုင်အောင်လုပ်ကြ၊ သဘောပါပလား? ဒကာတို့သန္တာန်မှာ ည့ဉ်သည်တွေကတော့-မပြတ်တမ်းလာနေမှာဘဲ၊ ပဋ္ဌမနည်းနဲ့-ည့ဉ်သယ်လာလာ-သွားသွား, အနတ္တာဘဲလို့ရှုချ၊ ဒါကိုမှမမိရင်, နောက်,နည်းနဲ့ရှုကြ၊ ကျေနပ်ပလား?။

ဒကာ, ဒကာမတွေပြောကြတယ်၊ "ငါ့စိတ်မစမ်းနဲ့-တဲ့၊ ငါ-ကစိတ်ကြီးတယ်တဲ့၊ ငါ့စိတ်က မရဘူးတဲ့၊" အဲဒါဟာ စိတ်ကို ငါထင်, ငါစွဲနေကြတယ်၊ ငါစွဲပီး ငါလုပ်နေကြဒါဘဲ၊ ဒီဒကာတွေ, ဘယ်လောက်ခက်သလဲ ဆိုဒါ စဉ်းစားကြ၊ ပေါ်ကြပလား? အနတ္တာ ည့ဉ်သယ်ကို၊ အတ္တာအိမ်သယ် ထင်ကြဒါ-

ပြောင်းပြန်ထင်ကြဒါဘဲ- ပြောင်းပြန် ထင်တဲ့ မြင်တဲ့ အမြင်ဟာ သွေးရိုးသားရိုးမှ ဟုတ်ကြရဲ့လား? လို့ မေးလိုက်တယ်၊ ဒါကို တဲ့အောင် ဒုတိယနည်းနဲ့မှ မရသေးရင်ဖြင့် တတိယနည်းနဲ့ တတိယအချက်နဲ့ မိအောင်လုပ်ကြပါလို့- တိုက်တွန်း လိုက်ပါ တယ်-ကျေနပ်ပလား?။

တတိယနည်းပြောမယ်, ဒကာ, ဒကာမတွေ လေးလေးစား စားနဲ့ မှတ်လိုက်ကြ။ ။ဒီက သား, ဒီဘက်က, မှန်အကြည်၊ သားနဲ့ မှန်အကြည်နဲ့ တဲ့တော့ သားအရိုပ်ပေါ်တယ်၊ သားနဲ့မှန် ရှိလို့ သားနဲ့မှန်ကြောင့် သားအရိုပ်ပေါ်ရဒါ၊ မှန်က,ပူရေဇာတ ပစ္စည်း၊သားက, အာရမ္မဏပစ္စည်း၊ဒီပစ္စည်းနှစ်ခု၊ ဒီ,အကြောင်း နှစ်ပါးက သားစိတ်ပေါ်အောင်, နှစ်ခုညှပ်ဖိုး ကျေးဇူးပြုတယ်၊ ဒီ,သားနဲ့ မှန်နှစ်ခုအခကြောင်း၊ စိတ်က အကျိုး၊ ဒီအကြောင်းနဲ့ အကျိုးဘဲရှိတယ်၊ အခကြောင်းအကျိုးအပြင်,ပုဂ္ဂိုလ်,သဘ္ဘာ,ငါမ ရှိပါဘူး၊ ပေါ်ပလား?။

ခန္ဓာမှာ-ဒီရုပ်,ဒီနာမ်,အကြောင်းအကျိုးအဆက်ဆက်ကျေး ဇူးပြုနေဒါ ဖြစ်ပျက်နေဒါဘဲရှိဒါပါ ဒီပြင် ဘာအပိုမပါဘူး၊ နှစ်ဆယ့်ခြောက်ပစ္စည်းဆိုင်ရာ အကြောင်းအကျိုး အဆက်ဆက် ကျေးဇူးပြုနေကြဒါဘဲရှိတယ်,လို့ မှတ်သိုက်ကြ၊ သဘောပါပ လား? ဒကာတို့တတွေက ဒါကိုဘဲ အနှစ်ရာယ်ကင်းအောင်,ဘေး ရှင်းအောင် ဆိုပီး, စည်းချကြ၊ စည်းကာကြနဲ့ လုပ်နေကြတယ်၊ တော်ပလား— စည်းချ,စည်းကာရမှာမဟုတ်ဘူး၊ ထိပ်ပေါ်တင်ပီး ကိုးကွယ်ရမှာဘဲ ဆိုဒါ မြဲမြဲမှတ်ကြ၊ ရိပ်မိကြမလား?။

ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ တက်တက်စင်, လမ်းလွဲနေကြတယ်၊ ထူးထူးခြားခြားဘဲ သတိပေးလိုက်ပါတယ်၊ နှစ်ဆယ့်လေးပစ္စည်းတို့-ဂုဏ်တော်တို့ ဆိုဒါ တရားတော်တွေဖြစ်လို့ စည်းချရမှာမဟုတ်၊ ကိုးရမှာဘဲ-လို့ မှတ်ကြ၊ အန္တရာယ်ကင်း, ဘေးရှင်းချင်ဒါမှန်ရင်ဖြင့် မိမိကိုယ်ကို စေတီ, ထိုက်အောင်လုပ်ကြရမယ်၊ ခန္ဓာစေတီထိုက်အောင်, တရားတော်-ခန္ဓာထဲ ကိန်းအောင်လုပ်ဘို့လိုတယ်၊ ကိန်းအောင်လုပ်ရမှာက ကိုယ်တိုင်တရားအားထုတ်ကြဘို့၊ ကိုယ်တိုင်က တရားကို ကျင့်ကြံအားထုတ်မှသာ စေတီထိုက်မယ် ဆိုဒါ ဆုံးဖြတ်ချက်ချ။

ဒါကြောင့်- အန္တရာယ်ကင်းချင်ရင် စေတီထိုက်အောင် လုပ်ကြပါလို့ တိုက်တွန်းလိုက်တယ်။ ။ဒါမှမဟုတ်လို့-ရွတ်ဘတ်သရဇ္ဈာယ်နေရင်, အောင်းမေ့နေရင်လဲ ဌာပနာတရားတော်တွေဖြစ်မယ်၊ မြဲစွဲရင် အရိုးအသားတွေ စေတီဖြစ်သွားမယ်၊ ဒီနည်းမှသာ အမှန်တကယ်, အကျိုးရကြမှာ၊ စည်းကာလို့ အန္တရာယ်မကင်းနိုင်ကြဘူး ဆိုဒါ မှတ်ကြ၊ သဘောပါကြပလား? ပြင်ကြဆင်ကြတော့- နောက်ကိုအလဲမလုပ်မိကြစေနဲ့ ကိုယ်ပိုင်ဥာဏ်နဲ့ချင့်ပီး သင့်မသင့် ဝေဘန်ကြည့်ကြ။

ခန္ဓာစေတီထိုက်ရင်, အကျိုးအနန္တရကြမယ်၊ သူတပါး-လူလွယဿဂ, လက်နက်နဲ့လဲ မသေကြရဘူး၊ ခုခေတ် အနေမှာ အန္တရာယ်တွေက အလွန်များပါဘိသနဲ့- ဘေးဆိုးကြောက်ကြရင်, အန္တရာယ်အမျိုးမျိုးတွေက, ကင်းချင်ကြဒါမှန်ရင်ဖြင့် ခန္ဓာစေတီထိုက်အောင် လုပ်ကြဘို့ဘဲ။

ဒကာ,ဒကာမတွေ့ တကယ့်တကယ် အန္တရာယ်ကင်းဘို့ ဆိုဒါကတော့ ဒီနည်းနဲ့မလုံလောက်သေးပါဘူး ဘုန်းကြီးတို့ ဒကာဒကာမတွေ့က, လူနတ်ခန္ဓာဆိုတဲ့ ခန္ဓာအမျိုးမျိုးကို မရ, ရအောင် တောင်းယူလာခဲ့ကြဒါ၊ ဥပမာဆိုရင်, "ရေ,ယူခဲ့ပါ၊" လို့ ဆိုတော့ ရေတွင်မက, ရေခွက်ပါ,ပါလာရသလိုပါဘဲ၊ ဒကာတို့တတွေ့က လူဖြစ်ရပါလို၏, နတ်ဖြစ်ရပါလို၏-လို့ ဆိုတော့ လူဒသ, နတ်သေ, သေရပါလို၏-လို့ ဆိုသလိုပါဘဲ၊ လူ့ခန္ဓာ, နတ်ခန္ဓာ စတဲ့ ခန္ဓာတောင်းယူတော့— အိုဘေး,နာဘေး, သေဘေးစတဲ့ ဘေးဆိုးအမျိုးမျိုး-အန္တရာယ်အမျိုးမျိုးတွေ့က ခန္ဓာနဲ့ကပ်ရက်,ချပ်ရက် ပါလာကြဒါဘဲ၊ ရိပ်မိပလား?။

ဒီတော့- ဒကာ, ဒကာမတွေ့မှာ သူတပါးလက်နက်နဲ့တော့ မသေ၊ ကိုယ်ယူလာတဲ့ ဇရာလက်နက, ဗျာဓိလက်နက, ပရဏလက်နက်နဲ့ကတော့ မုချသေရမှာဘဲ၊ တားလို့မရ, ဆီးလို့မရ၊ ဘယ်သူမှ မတတ်နိုင်ကြတော့ဘူးလို့ မှတ်ကြ၊ သဘောပါပလား? အဲဒါ ကိုယ်တိုင်တောင်းယူလာကြဒါမို့ဘဲ၊ ကျေနပ်ပလား? ဒါကြောင့် တကယ်တမ်း အန္တရာယ်ကင်း, ဘေးရှင်းချင်ဒါဖြင့်.. ဒီ, နည်းနဲ့တော့ မပြည့်စုံသေးဘူးလို့ ပြောလိုက်ပါတယ်၊ ပြည့်စုံတဲ့နည်းက ဘယ်နည်းလဲ? မဂ္ဂင်အကျင့် မဂ္ဂင်အလုပ်,လုပ်ကြမှဘဲ,လို့ ဆုံးဖြတ်ချက်ချ။

သူတပါးလက်နက်, လုလ္လပယောဂနဲ့ မသေချင်ရင်, ဘုရားဂုဏ်တော်, တရားဂုဏ်တော်, သံဃာဂုဏ်တော်တွေ့ ဝမ်းထဲရောက်အောင်လုပ်၊ ကိုယ်တိုင်လုပ်တဲ့-ကိုယ့်ပယောဂနဲ့ ကိုယ့်အတွက်တော့ တာဝန်မခံနိုင်ဘူး၊ ဒီပယောဂက-ဒကာ,ဒကာမတွေ့

ကိုယ်တိုင်ယူလာကြတဲ့ ပယောဂဘဲ၊ ရိပ်မိပလား? "ယော ဥပ္ပါဒံ ပဏ္ဍိတိ၊ သော ဒုက္ခံ ပတ္ထေတိနာမ၊" တဲ့၊ အဖြစ်ကို တောင့်တဒါဟာ၊ ဒုက္ခ (ဆင်းရဲ) ကို တောင့်တဒါပါဘဲ၊" လို့ ဆိုလိုတယ်၊ ဒကာတို့တတွေ အကောင်းထင်လို့ ယူလာကြဒါ-- အကောင်းမပါဘဲ အလောင်းသာ ရကြဘို့ရှိတယ်ဆိုဒါ မှတ် လိုက်ကြ၊ ရှင်းပလား?။

ဒကာ, ဒကာမတွေ ဒီဘေးရန်တွေ, အန္တရာယ်တွေအားလုံး က, လွတ်ချင်ကြရင် ဘာလုပ်ရမလဲ? နိဗ္ဗာန်ရအောင်လုပ်ကြ၊ နိဗ္ဗာန်ရမှ လွတ်ကြမယ် ဆိုဒါ ဆုံးဖြတ်ချက်ချ၊ နိဗ္ဗာန်ဟာ ပယောဂမရှိ၊ ဘယ်သူမှလုပ်တာမဟုတ်ဘူး၊ ဒါကြောင့် ဘုရား က "အပစ္စယာ ဓမ္မာ၊" လို့ ဟောတော်မူထားတယ်၊ နိဗ္ဗာန်ရှ မှသာ ဒုက္ခအကုန်ငြိမ်းမှာ၊ နိဗ္ဗာန်ရအောင်, ဘာလုပ်ရမလဲ? မဂ္ဂင်အလုပ်နဲ့- အနတ္တဉာဏ်ရအောင် လုပ်ရမယ် ဆိုဒါ ဆုံးဖြတ် ချက်ချ၊ ဒီနည်း, ဒီလမ်း, ဒီစခန်းကိုလဲ ဘုရားပဉ္စင်တော်မူလို့သာ ဟောနိုင် ပြောနိုင်ဒါ ငါတို့ အလွန်ကံကောင်းပါလား ဆိုပီး ကြိုးစားယူကြလို့ ပြောလိုက်ပါတယ်။

ဒကာ ဒကာမတွေ သတ္တဝါတွေကို အလွန်သနားတော်မူလို့- ပဉ္စင်္လာရဒါ၊ ဘုရားက- ဒို့ဒကာတွေ အို့ဘေး, နာဘေး, သေဘေး ကလွတ်စေချင်လို့- လွတ်အောင်လုပ်ပေးဘို့ ပဉ္စင်္လာရဒါ၊ ရိပ်မိ ကြပလား? ဒီဘေးတွေ လွတ်အောင်, လွတ်လမ်း, ကျတ်လမ်း တရားတော်တွေကိုလဲ ဟောထားခဲ့ဒါဘဲ၊ ဘုရားပဉ္စင်တော်မူဒါ- ဘယ့်အတွက်လဲ? ဒကာတို့အတွက်၊ မင်္ဂတရား, ဗိုလ်တရား, နိဗ္ဗာန်တရားတွေဟောခဲ့ဒါ ဘယ့်အတွက်လဲ? ဒကာတို့အတွက်

ဒါကို အမှန်အကန်သိပီး, ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဘုရားပွင့်ရဒါ တရားဟောရဒါ ငါတို့အတွက်ပါလား ဆိုပီး, ဆုံးဖြတ်ချက်ချ၊ ကြိုးစားလိုက်နာကြဘို့ဘဲ။

ဒကာတို့တတွေက, ဘုရားရှေ့သွားပီး, ဘုရားကျောပေးနေကြရင်, တော်ပမလား? မတော်ရင်ပြင်ကြတော့ ဘုရားအလို တော်နဲ့ကိုက်အောင်, လုပ်ကြ၊ ရှင်းကြပလား? ဒကာ ဒကာမ ငတွေက ဘုရားရှေ့သွားပီး ကျောပေးနေသလိုပါဘဲ၊ "ဤ-ကောင်းမှကြောင့်၊ တပည့်တော်သည်၊ လူ့ပြေ, နဲတ်ပြေ, အကြိမ်ကြိမ် ခံစား, စံစားရပါလို၏၊" တဲ့၊ ဒကာတို့တတွေ အဲဒီလို လုပ်နေဒါ သစ္စာမသိ ကိုယ်သေဘို့-ကိုယ်လုပ်နေဒါဘဲလို့ မှတ်လိုက်ကြ၊ ကိုယ်လုပ်တာ, ဘာလုပ်လို့ - ဘာလုပ်မှန်းမသိနိုင်အောင် ဆိုးတဲ့ အဖြစ်ဟာ တော်ပါ့မလား? စဉ်းစား။

ဒါကြောင့် သစ္စာတရားကို သိအောင်လုပ်ကြမှဖြစ်မယ်-လို့ ဆုံးဖြတ်ပီး, အခုမင်္ဂ, ဖိုလ်ရဖြစ်အောင် လုပ်ကြပါလို့ တိုက်တွန်းလိုက်ဘယ်၊ မင်္ဂ, ဖိုလ်ရရင် မကောင်းဆိုးဝါးတွေ ပပျောက်တယ်၊ ဘေးအန္တရာယ် ဟူသမျှ ကင်းရှင်းရတော့မယ်၊ ကံ, ဟူသမျှ အကုသိုလ်ကျွးရှိသမျှ အဟောသိကံ, ဖြစ်သွားမယ်လို့ မှတ်လိုက်ကြ၊ ကျေနပ်ပလား? ဒါကြောင့် အခုမင်္ဂ, ဖိုလ်ရဖြစ်အောင်, အခုလုပ်ကြ လို့ လေး လေး နက် နက် တိုက်တွန်းလိုက်တယ်၊ ဒီတော့- ဒို့ဒကာတွေ အနတ္တဉာဏ်ရအောင်, မိမိခန္ဓာကြည့်ပေးကြဘို့ဘဲ-လို့ မှတ်ကြ။

ဒကာ ဒကာမတွေကို, တနည်းနဲ့မရရင်, တနည်းနဲ့ရစေတော့ လို့ ရောမ-မဟာကရုဏာတော်နဲ့ဟောပြခဲ့တယ်၊ ဘုရားကမရှေ့ ဘူး၊ ဒကာတို့တတွေရဲ့ အဖြစ်ဆိုးမှန်သမျှ ကေန်သိတော်မူလို့-သနားလို့သာ, ကယ်ချတ်တော်မူခဲ့ဒါဘဲ-လို့ မှတ်ကြ၊ ဘုရားက ဒါနဲ့မှမရရင်, ပြောပြအုံးမယ်ဆိုပီး ဆ,ဆက္ကသုတ်ကို ဟောခဲ့ဒါ၊ အစောပိုင်းက ပြခဲ့တဲ့ အဓိပ္ပါယ်ဘဲ "အသိစိတ်ကလေးဖြစ်ပေါ်လာဒါဟာ မနောအာကြည်နဲ့ဓမ္မာရုံဆိုတဲ့ အကြောင်းနှစ်ခုကြောင့်သာ ဖြစ်ပေါ်လာရဒါဘဲ၊ သူ့ကိုဖြစ်စေတဲ့ အကြောင်းနှစ်ခုကလဲ အနတ္တာမို့၊ ဖြစ်လာတဲ့ အကျိုးစိတ်ကလေးဟာလဲ အနတ္တာဘဲလို့ဟောတော်မူဒါ၊ အနတ္တာ အဓမကာမွေးလို့ အနတ္တာသားဖြစ်တာဘဲတဲ့၊ ရှင်းပလား?။

နောက်ပီး,အနတ္တခြောက်မျိုးပေါက်ပွားပုံကို ဟောပြတယ်၊ "တိဏ္ဏံ သင်္ဂတိ ဖဿော" အဲဒီမှာဖြစ်လာတဲ့ ဖဿ,လဲ အနတ္တာကမွေးဒါမို့ ဿလဲအနတ္တာဘဲတဲ့၊ ဖဿ ပစ္စယာ ဝေဒနာ, အဲဒီဖဿကြောင့်ဖြစ်လာတဲ့ ဝေဒနာ,လဲ အနတ္တာပါဘဲတဲ့၊ ဝေဒနာပစ္စယာ တဏှာ, နောက်ဆက်ပီး, ဝေဒနာကြောင့် ဖြစ်လာတဲ့ တဏှာလဲ မိဘရိုးရာအနတ္တာ၊ အကြောင်းအဆက်ဆက် အနတ္တာမို့ ဿလဲ အနတ္တာစင်စစ်ဘဲလို့၊ ခြောက်ခုလုံးအနတ္တာတွေသာ ဖြစ်တဲ့ အကြောင်း "ဆ,ဆက္ကသုတ်"မှာ ဟောတော်မူတယ်။

ဆ,ဆက္ကဒေသနာမှာ၊ တဒ္ဓါရ,တဒ္ဓါရမှာ အနတ္တာ-၆,မျိုး, ၆,မျိုး ထင်ရမြင်ရမယ်၊ ထင်မြင်အောင်ရှုရမယ် လို့ ဟောတယ် ဒကာ ဒကာမတွေ သဘောပါပလား? အဲဒီဒေသနာဟာ သာ

မည်မျှးမမှတ်ကြနဲ့၊ ဘုရားရှင်ကစပီး, အဆင့်ဆင့် ဟောပြရတဲ့ ဒေသနာတော်ဖြစ်တယ်၊ ဘုရားက, အရှင်သာရိပုတ္တရာဟော၊ အရှင်သာရိပုတ္တရာက, အရှင်မဟာမောဂ္ဂလာန်ကိုဟော၊ အရှင်မောဂ္ဂလာန်က,အသီတိသာဝကရှစ်ကျိပ်ကိုဟော၊အဲဒီလိုအဆင့်ဆင့်, ထပ်ခါထပ်ခါဟောပြရတဲ့ ဒေသနာ၊ အလွန်ကျေးဇူးကြီးမား မျှးပြားလှတဲ့ ဒေသနာတော်ဘဲလို့ မှတ်ကြ၊ ကျေနပ်ပလား?။

ကိုင်း, ယနေ့ အချိန်စေ့သွားဘီ၊ နက်ဖြန်မှ ဆက်ကြစို့။

# ဓမ္မရတနာ-မာတိကာ

## " မျက်လုံးမှုန်နည်း ဥဒ္ဒါန်းစီးဖိုး တရားတော် "

### ဆောင်ပုဒ်

မျက်လုံးရုပ်လွဲ၊ အဆင်းတွဲ၊ သိဘဲ့ဝိညာဏာ။
အကြောင်းနှစ်ခု၊ ကျေးဇူးပြု၊ မြင်မှုသိကျိုးလာ။
ပဋိစ္စနက်၊ ဒုက္ခစက်၊ စလျက်လှည့်လည်ကာ။
ဖဿ,ဝေဒနံ၊ တဏှာပါဒါန်၊ ကမ္မံ ဇာတိဖြာ။
ဒုါရခြောက်ခွင်၊ ထိုနည်းပင်၊ အစဉ်ပတ်ချာချာ။
ဉာဏ်မသတ်ငြား၊ ရဟတ်ချား၊ ကျယ်ပွားသံသရာ။
ကြောင်းကျိုးစဉ်ဆက်၊ ဖြစ်ပီးပျက်၊ ဉာဏ်သက်အနတ္တာ။

### သဘိဆုပ်၊

မျက်လုံးဖွင့်နည်း၊ အရေးကြီး၊ အပြီးတတ်အောင်သင်။
မဖွင့်တတ်က၊ အပါယ်ကျ၊ ဒုက္ခဆုံးမမြင်။
လူ့ပြေရောက်လာ၊ ပါယ်ရိုက်ခွာ၊ စုရာကျမည်ပင်။
ပဋိစ္စရဟတ်၊ ရှုဉာဏ်ဖြတ်၊ ဖွင့်အပ်မျက်လုံးလျှင်။
ပဋိစ္စပြတ်တော့၊ ဖွင့်တတ်ချေ၊ ငြိမ်းပေနိဗ္ဗာန်ဝင်။
နိဗ္ဗာန်လိုက၊ ခြောက်ဒွါရ၊ ဖွင့်ကြဉာဏ်မြတ်ယှဉ်။

**တရားသဘင်။** ။ဒကာ ဒကာမတွေကို ဒီကနေ့ မနေ့ကတရား အဆက်ကို ပြောမယ်လို့ မှတ်ကြ၊ မနေ့က ပြောခဲ့ဒါ "ဆ, ဆက္ကသုတ်" မှာလာတဲ့ အဓိပ္ပါယ်ဘဲ၊ ဒီနေ့လဲ အဲဒီအဆက်ကို ထပ်ပီးပြောအုံးမယ်၊ ဒကာ ဒကာမတွေ, လေး လေးစားစားမှတ်ယူကြ။ ။ဒီဘက်က ကံကပေးတဲ့ မျက်လုံးရုပ်၊ ဒီမျက်လုံးရုပ်က ကြည့်ချင်တဲ့ဘက်ကို မျက်နှာမူလိုက်၊ မူလိုက်တဲ့အခါ ကံ့ကော်ပန်းနဲ့ တဲ့တယ်ဆိုကြပါစို့၊ ပန်းနဲ့တဲ့ဒါ နဲ့တပြိုင်နက် မြင်စိတ်ပေါ်လာတယ်၊ ရှင်းကြပလား?။

မျက်လုံးရုပ်က ကံ့ကော်ပန်းအဆင်းရုပ်နဲ့တဲ့တော့ မြင်စိတ်ပေါ်ဒါ၊ အဲဒါဟာ ရုပ်, ရုပ်ချင်းတဲ့တော့ နာမ်ပေါ်လာဒါဘဲ၊ သဘောပါပလား? ဒီ, မြင်စိတ်နာမ်ကလေးဟာ နဂိုကမရှိဘူး၊ ရုပ်, ရုပ်ချင်းတဲ့ပီး ရုပ်နှစ်ခုကကျေးဇူးပြုလိုက်မှသာ ပေါ်လာရဒါ၊ ရိပ်မိကြပလား? ဒီတော့ ဒီမြင်စိတ်ဟာ အခုမှပေါ်ဒါဘဲ ဒကာ ဒကာမတွေ ရှင်းပီနော်.... ဒါကြောင့် "စက္ခုဥ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ" တဲ့၊ စက္ခုဥ္စ၊ မျက်လုံးအကြည်ရုပ်ကိုဌင်း၊ ရူပေစ၊ ကံ့ကော်ပန်းအစရှိသော အဆင်းရုပ်တို့ကိုဌင်း၊ ပဋိစ္စ၊ အကြောင်းပြု၍၊ စက္ခုဝိညာဏံ၊ မြင်သိစိတ်က လေးသည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍လာပေ၏၊" လို့ ဟောတော်မူဒါဘဲ၊ သဘောပါပလား?။

ဒီမြင်စိတ်ကလေးဟာ အကြောင်းတိုက်ဆိုင်တိုင်း ပေါ်လာတယ်၊ အကြောင်းမတိုက်ဆိုင်ရင် မပေါ်နိုင်ဘူး၊ အကြောင်းတိုက်ဆိုင်မှ ဒီမြင်စိတ်ကလေးက နောက်မှပေါ်လာဒါ၊ မျက်လုံးရုပ်ထဲက ပေါ်ဒါလို့ မှတ်ကြ၊ ဒီ, လို အကြောင်းတိုက်ဆိုင်လို့

မြင်စိတ်ပေါ်ရင်, ပေါ်တိုင်း, ပေါ်တိုင်း, ပဋိစ္စသမုပ္ပါဒ်အစဘဲလို့ မှတ်လိုက်ကြ၊ ရှင်းပလား? စက္ခု-မျက်စိအကြည်ဆဲမှာလဲ နဂို ကမြင်စိတ်မပါဘူး၊ ကံ့ကော်ပန်း အဆင်းရှုပ်ထဲမှာလဲ မြင်စိတ် မပါဘူး၊ သူတို့နှစ်ခုကျွေးဇူးပြုမှု အကြောင်းတိုက်မှ ပေါ်ဒါပါ ထင်ရှားပလား?။

ဒကာ ဒကာမတွေ, ဝမ်းတွင်းကန်းဆိုရင်, မြင်စိတ်ပေါ်နိုင် ပါ့ပလား? ဝမ်းတွင်းကန်းဆို မပေါ်ပါဘူး၊ အကြောင်းချို့ တဲ့လို့ အကြောင်းမညီလို့ မပေါ်နိုင်ဘူးဆိုဒါမှတ်ကြ၊ ဒို့ဒကာ တွေကိုမေးမယ်.... ဒီမြင်စိတ်ကလေးဟာ, ငါလား? သူတပါး လား? ပဂ္ဂိုလ်လား? သတ္တဝလား? ဘာမှမဟုတ်ပါဘူး၊ အခုမှ အကြောင်းတိုက်ဆိုင်လို့ ပေါ်လာတဲ့ မြင်စိတ်သက်သက်ကလေး ဘဲ၊ မြင်စိတ်အပြင်, ဘာမှအပိုမပါပါဘူး၊ သဘောပါပလား? ဒီအဓိပ္ပါယ်စကားကို ဒကာတို့တတွေ အခြေခံရအောင်လို့ ပြော နေရဒါ မြဲမြဲစဲစဲမှတ်ယူကြ၊ ဒါမှသာ ရှုတဲ့အခါမှာ လွယ်ကူမယ်, လျင်မြန်မယ်၊ ကျေနပ်ပလား?။

နောက်ပိုးဘဲ့- "တိတ္ထံ သင်္ဂံတိ ဖဿော" တဲ့၊ ဒီသုံးခု ပေါင်းမိလို့ ဖဿ, ပေါ်လာတယ်၊ "ဖဿပစ္စယာ ဝေဒနာ၊" ဖဿကြောင့် ဝေဒနာပေါ်လာပြန်တယ်၊ နောက်-ဆက်ပိုး, "ဝေဒနာပစ္စယာ တဏှာ" ဝေဒနာကြောင့် တဏှာပေါ်လာ တယ်၊ အဆက်ဆက် ကျေးဇူးပြုပိုးပေါ်လာကြဒါ၊ ဒကာ ဒကာမ တွေစဉ်းစားပါ၊ ဒါဟာ မျက်လုံးကလေးဖွင့်လိုက်တာနဲ့ တဏှာ, ရောက်လာဒါဘဲ- ရှင်းကြပလား? ဒါနဲ့မရပ်သေးဘူး "တဏှာ

ပစ္စယာ ဥပါဒါနံ”နှစ်သက်ပီးတော့ အကြိုးအကျယ်စွဲလမ်းဘိတဲ့, နောက် “ဥပါဒါနပစ္စယာ ဘဝေါ- (ကမ္မဘဝေါ) စွဲလမ်းတော့ မကောင်းတဲ့ကံသစ်တခု သိမ်းပိုက်မိပါရော၊ “ကမ္မဘဝ ပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏံ” တဲ့၊ ကံသစ်သိမ်းပိုက်မိတော့ ပဋိသန္ဓေ, အို, နာ, သေစတဲ့ ဒုက္ခအစု ထက်ချပ်လိုက်ပါလာတယ်၊ ရိပ်မိပလား?။

ဇာတိ,ဇရာ, မရဏစတဲ့ တရားတွေက နောက်,အနာဂါတ် အကျိုးတွေဘဲ၊ ဒကာ ဒကာမတွေ လေးလေးနက်နက်စဉ်းစားကြမျက်လုံးတခါဖွင့်ဒါနဲ့ဘဲ ဒီကံကျအောင်သွားတယ်၊ ဒကာတို့တတွေ စုတိမနေ, သေလွန်တဲ့အခါကျတော့ နောက်, ဇာတိရကြမယ်၊ ဇာတိပီးတော့- ဇရာ, မရဏ လာမှာဘဲ၊ ဒါက, မျက်လုံးကလေးတခါဖွင့်ဒါနဲ့ လာတဲ့ ပဋိစ္စသမုပ္ပါဒ်တန်းဘဲ၊ မျက်လုံးဖွင့်ရဒါ ပေါ့ပေါ့ကလေးလို့များ မမှတ်လိုက်ကြပါနဲ့- အင်မတန်ကြီးလေးတဲ့ တာဝန်ကြီးပါလား, ဆိုဒါ ရိပ်မိကြ၊ သဘောပါပလား? ဒကာ ဒကာမတွေ မျက်လုံးမဖွင့်တတ်ရင်, ဖွင့်- ဒယ်အိုးကျအောင်သွားတယ်၊ သွားလိမ့်မယ်ဆိုဒါ မှတ်လိုက်ကြ၊ ဒီအရေးဟာ သာမညအရေး မဟုတ်ပါလား-လို့ ဆုံးဖြတ်ချက်ချ။

ဒကာ ဒကာမတွေကို သနားလွန်းလို့ နောင်,ကြုံရမဲ့ဒုက္ခတွေကိုမြင်လို့ ဆရာဘုန်းကြီးက ညှဉ်ပြနေဒါ၊ မျက်လုံးမဖွင့်တတ်လို့ ဖွင့်တတ်အောင် သင်ပေးနေရတယ်၊ ဒါနဲ့ မလိုက်နာချင်ရင် ဒကာ ဒကာမတွေ ဒယ်အိုးကြီးကြီး ကြိုက်ကြလို့လား? လို့မေးလိုက်ပါတယ်၊ ကျေနပ်ရဲ့လား? ဒီ, ပဋိစ္စသမုပ္ပါဒ်တန်းမလာအောင်, အတန်းပြတ်အောင်, ဖွင့်တတ်ဘို့ အရေးကြီးတယ်၊

ဖွင့်နည်းကိုပေးထိုက်လို့ ပေးတဲ့အခါ ကြိုးစားယူကြ၊ ဒီမျက်လုံးဖွင့်ခြင်းကြောင့် အပါယ်သွားတယ်၊ ဒီမျက်လုံးဖွင့်ခြင်းကြောင့် နိဗ္ဗာန်သွားတယ်။

မျက်လုံးဖွင့်တတ်မှ နေရာကျကြမယ်၊ ဖွင့်နည်းမှန်မှ နိဗ္ဗာန်ရကြမယ်လို့ မှတ်လိုက်ကြ၊ မိဘရိုးရာနဲ့ ရမ်းပီးဖွင့်နေကြမယ် ဆိုရင် အပါယ်ကံတွေဘဲရကြမယ်၊ အပါယ်သွားရဘို့ဘဲ ရှိတော့တယ်ဆိုဒါ မှတ်ကြ၊ သဘောပါရဲ့လား? ဒါကြောင့် သာမည အရေးမဟုတ်ပါ**လား** ဆိုဒါ ရိပ်မိကြ၊ ဒကာတို့တတွေ့ တနေ့-တနေ့မှာ အခါများစွာ မျက်လုံးဖွင့်ကြတယ်၊ မသိလိုက်ဖါသာ မိဘရိုးရာနဲ့သာ ဖွင့်နေကြတော့ ဘယ်လိုမျှားထင်ကြသတုံး? အပါယ်က ဒယ်အိုးနဲ့-ကဲ့ရဲ့ကို မရှိဟော့ပါဘူးလို့သာ ဆုံးဖြတ်ချက်ချကြ၊ ပေါ်ကြပလား?။

ဒို့ဒကာ ဒကာမတွေ့ ဘယ်အခြေမျှား ဆိုက်မယ် ထင်ကြသလဲ? ဒီအတိုင်းသာဆိုရင်, လူ့ပြေလာဒါ, အပါယ်ရိက္ခာစုဘို့ လာရတယ်-လို့ ဆိုရမယ်၊ ဒို့ဒကာ ဒကာမတွေ့ အပါယ်ရိက္ခာကုန်လို့ စုဘို့လာကြဒါဆိုရင် မမှားပါဘူး၊ ရိပ်မိပလား? ဒီနည်းအတိုင်းဘဲ.... နားပေါက်က ပဋိစ္စသမုပ္ပါဒ်တန်းကြီးတွေ့၊ နှာခေါင်းပေါက်, လျှာပေါက်, ကာယပေါက်, မနောပေါက် ဆိုတဲ့ အပေါက်ခြောက်ခုက ပဋိစ္စသမုပ္ပါဒ် တန်းကြီးတွေနဲ့ဆိုတော့ ဒကာတို့ အဖြစ်ဟာ ကမ်းကုန်ပါရောဘဲ၊ သဘောပါကြပလား?။

ဒီတော့- သံသရာဆက်တဲ့ ဖွင့်နည်းကိုပယ်ပြီး၊ သံသရာပြတ်အောင်ဖွင့်တဲ့နည်းကို တတ်အောင်သင်ကြရမယ် ဆိုဒါ ဆုံးဖြတ်

ချက်ချ၊ မျက်လုံးဖွင့်တတ်ရင်, ဇာတိ, ဇရာ, မရဏတွေချုပ်မယ်၊ မဖွင့်တတ်ရင်, ဒုက္ခမှန်သမျှ ကိုယ်ပိုင်ရကြမယ်၊ ရိပ်မိပလား? ဘုန်းကြီးတို့ ဒကာ ဒကာမတွေ, ရောင်းဝယ်ဖေါက်ကားပီး-စီးပွားရေးကအဆင်ပြေလို့ တိုက်နဲ့-တာနဲ့-ကားကွေနဲ့-ကျကျနန, နေကြဒါကိုတော့ ဝမ်းသာပါတယ်၊ ဒါပေမဲ့လဲ ဒီပဋ္ဌိစ္စသမုပ္ပါဒ်အကုသိုလ်တန်းကြီး ခြောက်တန်းနဲ့-ဒီအတိုင်း သွားနေကြဒါသိတော့ သနားစရာအဖြစ်ကြောင့် သနားမိတယ်၊ ဒါကြောင့်လဲ-လေးလေးနက်နက် တိုက်တွန်းနေဒါဘဲလို့ မှတ်ကြ။

ဒကာ ဒကာမတွေ, မနက်လင်းလာ လုပ်စရာ,ကိုင်စရာတွေအပြေနဲ့ဘဲ လုပ်စရာ,ကိုင်စရာဆိုဒါ "ကာယကံ-ဝစီကံ-မနောကံတွေကိုပြောဒါ၊ အဲဒီလုပ်စရာ, ကိုင်စရာ, ပြောစရာ, ဆိုစရာတွေနဲ့အပြည့်ချည့်ပါဘဲ၊ ဒီတော့ လုပ်ရ-ပြောရနဲ့ အားလပ်ခွင့်ကို မရကြပါဘူး၊ မအားနိုင်ဒါ ဘာကြောင့်လဲ? အဲဒါ, မျက်လုံးကာမြင်ရလို့ဘဲ၊ အဲဒီတော့-ဒကာတို့ဟာ မျက်လုံးဖွင့်တိုင်း,ဖွင့်တိုင်း မျက်လုံးဖွင့်ဒါနဲ့တခါထဲ ကမ္မဘဝ,ရောက်တော့ဒါဘဲ၊ သဘောပါပလား? ကောင်းစရာအကွက် တချက်မှမပါကြဘူး၊ ရှင်းပလား?။

အဲဒီတော့- ဒကာ ဒကာမတွေမှာ ဘာဖြစ်မလဲ? လက်ရှိခန္ဓာကလဲ, ဇာတိ ဇရာ, မရဏဒုက္ခတွေက လက်ရှိ-ရှိပီးနေကြတယ်၊ နောက်လာမဲ့ခန္ဓာအတွက်လဲ ဇာတိ,ဇရာ, မရဏဒုက္ခဝဋ်တွေ ပေါ်ကြောင်းလုပ်နေကြ၊ ပွားခအောင်လုပ်နေကြ၊ ဆိုတော့ ဘယ်နှယ်ဆိုရမလဲ? ဝဋ်ဆဲကနေပီး, ဝဋ်မကျတ်နိုင်အောင်ထပ်လုပ်နေကြဒါဘဲ-လို့ မှတ်ကြ၊ ဥပမာ ထောင်ကျတဲ့လူ-လွှတ်ရက်

နိုးတော့ ပြစ်မှုတွေ့ ထပ်ဆပ်ပိုး ကျူးလွန်နေဒါနဲ့ အတူတူပါဘဲ၊ ဒီလိုဆိုတော့· ဒကာ ဒကာမတွေဟာ မိုက်သမှ အလွန်မိုက်ဘဲ၊ တခါမိုက်မက, နှစ်ခါမိုက်ဖြစ်နေကြဘီ ဆိုဒါ ထင်ရှားပါတယ်၊ ရိပ်မိကြပလား? ။

ဒါကြောင့်ဘုရားက "ယထာဘူတံဉာဏာယ သတ္ထာ ပရိယေသိတပ္ပာ" တဲ့၊ "နိဗ္ဗာန်ရောက်ကြောင်း, နည်းကောင်းလမ်းမှန် ပြတတ်တဲ့ ဆရာကောင်း ဆရာမြတ်ကို-ရှာဖွေဆည်းကပ်ရမယ်" လို့ အကြိမ်ပေါင်း-၂၀၀, ကျော်ကျော် အကြိမ်များစွာမှာထား တော်မူခဲ့တယ် ဆိုဒါ မှတ်ကြ၊ သဘောပါကြပလား? ဘာကြောင့်များ ဒါလောက်, အကြိမ်များစွာ ထပ်ခါတလဲလဲ မှာတော်မူရသလဲ? မှာသင့်လို့ မှာဒါဘဲဆိုဒါ သိကြရမယ်၊ အာလွန်ကြီးတဲ့အရေးမို့သာ မှာတော်မူဒါဘဲလို့ ဆုံးဖြတ်ချက်ချ၊ ဆရာကောင်း, ဆိုဒါ ဒီနေရာမှာ "မျက်လုံးကနေ, နိဗ္ဗာန်သွား အောင်ပြတတ်, ဟောပြောတတ်တဲ့ ဆရာကို ဆိုဒါဘဲလို့ မှတ်ကြ၊ နားလည်ကြပလား? ။

သစ္စာဆိုက်အောင်, ဟောပြော,ပြသတတ်ဘဲ့,ဆရာကို ဆရာကောင်းလို့ ဆိုလိုတယ်လို့ မှတ်ကြ၊ ဒီဒကာ ဒကာမတွေ, ဆရာကောင်းမကူရင်, မရနိုင်ပါဘူး၊ ဆရာကောင်းကူမှသာ ရကြမှာပါ၊ ဒကာတို့က မျက်လုံးဖွင့်ဒါနဲ့ တချက်ထဲဘဲ "ဖဿ, ဝေဒနာ, ဒေါသ၊ ဖဿ, ဝေဒနာ, တဏှာ၊ ဖဿ, ဝေဒနံ့, အဝိဇ္ဇာ၊" ဒါတွေချည့်ဘဲ-လာနေကြဒါ၊ လောဘ, ဒေါသ, မောဟ, တခု မဟုတ်-တခုခုလာဒါဘဲ၊ ရိပ်မိကြပလား? ဒီတော့-ဆရာမကူရင် ဒကာတို့တတွေတော့ ကယ်သူ, ဆယ်သူဖြင့် ဝေးကြပြီ ဆိုဒါ ယုံမှားမရှိကြနဲ့တော့လို့ ပြောလိုက်ပါတယ်။

ဒီအခြေ,ဒီအခေနနဲ့ဖြင့် အေးနေလို့မဖြစ်ကြသေးဘူး၊ မိဘရိုးရာနဲ့ မျက်လုံးဖွင့်နေကြခဲ့ဒါ ဒီလို- ပဋိစ္စသမုပ္ပါဒ် လောဘ,ဒေါသ, မောဟတွေသာ ဆက်တိုက်လာနေကြတော့- ဒကာတို့ဟာ ရိကွာစုဒါဘဲ၊ လူ့ပြေလာဒါဟာ အပါယ်ရိကွာ စုဘို့လာကြဒါဘဲ ဆိုရမှာဘဲ၊ လောဘက-ပြိတ္တာရိကွာ၊ ဒေါသက-ငရဲအတွက် ရိကွာ၊ မောဟက-တိရစ္ဆာန်ဖြစ်ဘို့ရိကွာ၊ ဒီ, အပါယ်ရိကွာတွေ ချည့်ပါဘဲ၊ ကောင်းဒါကိုတခုမှမပါကြဘူး၊ ရှင်းကြပလား?။

ဒါကြောင့် ဒကာ ဒကာမတွေ မျက်လုံးဖွင့်တတ်ဘို့ အရေးကြီးတယ်လို့ ပြောလိုက်ပါတယ်၊ မျက်လုံးဖွင့်နည်း အမှန်အကန်ရဘို့လိုတယ်-လို့ မှတ်ကြ၊ ဒီတော့- နည်းမှန် ကျအောင်— မျက်လုံးဖွင့်တဲ့အခါ "အနတ္တ" ရှုကြပါလို့ တိုက်တွန်းလိုက်တယ်၊ ရှုတဲ့နည်းက "ဝိညာဏံ အနတ္တာ" မြင်စိတ်ဟာ အနတ္တ" လို့ ရှုပေးကြ၊ မျက်လုံးဖွင့်တဲ့အခါ မျက်လုံးရုပ်ရယ်, စက္ခုဝိညာဏ်စိတ်ရယ်,ဖဿရယ်,ဥပက္ခောဝေဒနာရယ်,ဖြစ်ပေါ်လာကြမယ်၊ အဲဒီထဲက အလိုလိုဖြစ်နိုင်ဒါ တခုမှ မပါဘူး အကြောင်းအဆက်ဆက်ကြောင့်-အကျိုးအဆင့်ဆင့် ပေါ်လာကြဒါဘဲ ဒါကြောင့် အနတ္တတွေချည့်ဘဲ။

ဥပမာ, မျက်လုံးဖွင့်လိုက်တော့-ကံ့ကော်အဆင်းကိုမြင်တယ်၊ ကံ့ကော်ပန်းလို့ သိတယ်၊ သိပီးတော့ အဲဒီနောက်နားမှာ "တဏှာ" မလာခင်ရှု၊ ဖြစ်စိတ်ကို-ဖြစ်ပျက်ရှုလိုက်၊ ရှုတော့-သူဟာ အနတ္တာဘဲလို့သိရမယ်၊ သဘောပါကြပလား? တခုခုကို မိအောင်ရှုနိုင်ဘို့ အရေးကြီးတယ်၊ တခုခုမှမရှုမိရင် "တဏှာ" ကူးပီး ပဋိစ္စသမုပ္ပါဒ်တွေ တန်းလာမယ်၊ ရိပ်မိပလား? မြင်စိတ်

လဲအနတ္တ၊ ဖဿလဲအနတ္တ၊ ဝေဒနာလဲအနတ္တ၊ အနတ္တတ္ထေချည့်ဘဲ၊ ရှုချင်ရာရှု တခုခုမလွတ်အောင်သာ ရှုပေးကြ၊ ရှင်းပလား?။

ဒကာ ဒကာမတွေ ရှုတတ်ကြပလား? ရှုတတ်အောင်ကြိုးစားပီးရှုပေးကြ၊ ဒီတရားတွေဟာ ဘာ့ကြောင့် အနတ္တဖြစ်သလဲ? ဒီလိုမေးရင်, ဖြစ်စေတတ်တဲ့အကြောင်းက အနတ္တမို့၊ ဖြစ်ပေါ်လာတဲ့အကျိုးတွေလဲ အနတ္တဘဲ, လို့ မှတ်ကြ၊ မှတ်မိကြပလား? ဒီလိုရှုတော့ နောက်ကလာမဲ့တဏှာ, ဥပါဒါန်, ကံတွေသေကုန်တော့ဒါဘဲ၊ ဒါတွေသေကုန်တော့ အနာဂါတ်ဘဝ, အတွက် ဇာတိ, ဇရာ, မရဏ, တွေ ပါမလာတော့ဘူး၊ မလာတော့ အနာဂါတ်, ဒယ်အိုးတွေ အကုန်ပျောက်သွားဘီ-လို့ မှတ်လိုက်ကြ၊ ကျေနပ်ပလား?။

ဒကာတို့တတွေ ဒီစိတ်ကလေး ဖြစ်ပျက်မရှုတတ်ရင်, ငါးပါးမျောက်ပီဆိုဒါ မှတ်ကြတော့၊ အခုက ငါးပါးမျောက်ရင်, နောက်သံသရာတလျှောက်လုံး မျောက်ကြအုံးမှာက အဆုံးအဆ မမြင်တော့ဘူး၊ ဒီတော့ ဒီအချိန် အခွင့်အခါကောင်း ကုံတုံးမှာ ကြိုးစားကြ၊ ဒါကြောင့် မျက်လုံးဖွင့်လို့ မြင်စရာအဆင်းနဲ့တွေ့ရင် မြင်စိတ်ကလေးပေါ်မယ်၊ ဒီပေါ်တဲ့မြင်စိတ်ကလေးကို ဖြစ်ပျက်ရှုပစ်၊ မြင်စိတ်ကလေးရှုတော့ အနတ္တ၊ အနတ္တဥာဏ် မဂ္ဂလာတယ်၊ဒီစိတ်ကလေးပေါ်တိုင်း ပေါ်တိုင်း အနတ္တဥာဏ်နဲ့ရှု-ရှုပေး၊ ရှုစိတ်ဝင်တိုင်း, အနတ္တဥာဏ်မဂ္ဂလာမှာဘဲ၊ ဒကာ ဒကာမတွေ, ဒီလိုမြင်ရင် အားကိုးစရာ အားထားစရာ ရကြဘီလို့ မှတ်ကြတော့၊ ရှင်းပလား?။

ဒီ, မျက်လုံးကလေး မဖွင့်တတ်တာနဲ့ သံသရာပေါ်ရတယ်၊ ဖွင့်တတ်ရင် သံသရာပြတ်ပီ၊ မျက်လုံးကလေးဖွင့်ရဒါများ ပေါ့ပေါ့ကလေးလို့ မမှတ်လိုက်ပါနဲ့၊ မဖွင့်တတ်တဲ့အပြစ်နဲ့ သံသရာ့အချုပ်ထောင်က လွတ်ရက်ကျတ်ရက် မရှိတော့ဘူး၊ ဖွင့်တတ်တဲ့ဉာဏ်နဲ့ ဖွင့်နည်းမှန်ရတော့ သံသရာ့စမန်းသတ်, ဒုက္ခစက်ဝန်းပြတ်, အမြတ်ဆုံး နိဗ္ဗာန်ချမ်းသာကြီးကို ကောန်ရကြမယ်၊ ဘယ်လောက်များ ကုန်ခြားသလဲ? ဒါကြောင့်, ဘုန်းကြီးက—အထူးသတိပေးလိုက်တယ်၊ ဒကာ ဒကာမတွေ, မျက်လုံးဖွင့်တတ်ဘို့ အရေးဟာ အလွန်ကြီးတဲ့ အရေးဘဲ, လို့၊ သဘောပါကြပလား?။

ဒါကြောင့်, ဒကာ ဒကာမတွေ မျက်လုံးဖွင့်လို့ မြင်တိုင်း, မြင်တိုင်း ရှုပေးကြ၊ မြင်လို့သိတဲ့သဘောက အနုတ္တ၊ ဖြစ်ပီး ပျက်သွားလို့ မရှိဘူးလို့သိတော့ မင်္ဂလာတယ်။

၁....မြင်ဒါကို အနတ္တာဘဲလို့ ပိုင်းခြားနိုင်တော့ ဒုက္ခသစ္စာသိဒါဘဲ၊ ဒီတော့-တဏှာမလား။

၂....တဏှာမလာလို့ သေတော့ သမုဒယ သေဒါဘဲ။

၃....ရှုတဲ့ဉာဏ်က မဂ္ဂသစ္စာဘဲ။

၄....ဇာတိစသည် မလာဒါ ချုပ်တာ နိဗ္ဗာန သစ္စာဘဲ၊ ရှင်းကြပလား?။

ဒကာ ဒကာတွေ အားတက်ဘို့များ မကောင်းကြဘူးလား? မျက်လုံးကလေးဖွင့်တတ်တာနဲ့ မင်္ဂလာတယ် ဒါကြောင့် ကြိုးစားကြ။

ဒကာ ဒကာမတွေ ရှာကရှေရှေ ဆင်ခြေဆင်လက်က များးများးနဲ့ဆိုရင်, နစ်ဘို့သာ ပြင်ထားကြတော့ဘဲ၊ ဒို့ဒကာတွေလုပ်တတ်တယ် "တရားကလဲကောင်းပါတယ်၊ ရည်ရွယ်ချက်လဲရှိပါရဲ့ စီးပွားရေးက အဆင်မပြေသေးလို့ - ဘာ့ကြောင့်, ညာ့ကြောင့်နဲ့ ပြောတတ်ကြတယ်၊" အဲဒါဟာ မှောက်တော့မယ်လို့ တဘက်စောင်းဒါဘဲလို့ မှတ်ကြ၊ အဲဒါ-သာမညမဟုတ်ဘူး၊ သူ့ဒယ်အိုးဆီ သူ့, ဒို့ဒိုင်းဒိုင်းပြေးမလို့ဗျ-လို့ မပြောပေမဲ့-ပြောသလိုဘဲ ဆိုဒါ မှတ်ကြ၊ ရိပ်မိကြပလား?။

ဒကာတို့တတွေ ဆင်ခြေလဲနေဘို့ အချိန်မဟုတ်တော့ဘူးဆို ဒါ သိကြတော့၊ ဆင်ခြေလဲရင်, ကိုယ်လဲတဲ့ဆင်ခြေဟာ— "ဒီအမှုမှာ ကျုပ်ကိုယ်တိုင်ဘဲ သတ်ခဲ့ပါတယ်၊ သက်သေကို ကူမနေပါနဲ့တော့- ကျုပ်ကို ကြိုးပေးပါတော့" ဆိုဒါနဲ့ အတူတူပါဘဲ၊ ဆင်ခြေလဲနေရင် ဒကာတို့အတွက် သက်သေမလိုတော့ဘူး၊ ကြိုးစင်တက်ဘို့သာပြင်ထားကြ၊ ဆင်ခြေလဲရင် ဒီပြင်မရှိတော့ဘူး၊ သဘောပါကြပလား? ဒကာ ဒကာမတို့ မြို့ထဲရွာထဲမှာ ဒီလိုလူမျိုးတွေများး ပေါကြသလား? လို့ မေးလိုက်ပါတယ်။

မျက်လုံးကလေးဖွင့်လိုက်တာနဲ့ မျက်လုံးပေါက်ကစပီး, ကိုယ့်သန္ဓာန်မှာ ဖြစ်ပေါ်တဲ့တရားဘေကို ကိုယ်မပိုင်ပါဘူး၊ တခုမှ ပိုင်ဒါ, ဆိုင်ဒါမပါကြဘူး၊ အားလုံးဖြစ်လာသမျှ အနတ္တတွေချည့်ဘဲ။ ။ဒီနည်းအတိုင်း, ကျန်တဲ့ဒုါရငါးခုက ဖြစ်လာသမျှတွေဟာ ကိုယ့်သန္ဓာန်မှာ ဖြစ်ပေမဲ့လဲ ကိုယ်မပိုင်တဲ့ အနတ္တချည့်ပါဘဲ။

နားအကြည်ရုပ်, အသံရုပ်, အသံသိတဲ့စိတ်, ဖဿ, ဝေဒနာ, တဏှာ။
နှာခေါင်းအကြည်ရုပ်, အနံ့ရုပ်, အနံ့သိစိတ်, ဖဿ, ဝေဒနာ, တဏှာ။
လျှာအကြည်ရုပ်, အရသာရုပ်, အရသာသိစိတ်, ဖဿ, ဝေဒနာ, တဏှာ။
ကိုယ်အကြည်ရုပ်, အတွေ့ရုပ်, အတွေ့သိစိတ်, ဖဿ, ဝေဒနာ, တဏှာ။
မနောအကြည်နာမ်, ဓမ္မာရုံရုပ်နာမ်, မနောအသိစိတ်, ဖဿ, ဝေဒနာ, တဏှာ။

အဲဒီလို မျက်စိပေါက်က စပီး, ဒွါရခြောက်ခုမှာ အကြောင်းအကျိုးဆက်ပီး, ဖြစ်ပေါ်နေကြတဲ့တရားတွေ, ရုပ်နာမ်တွေဟာ တခုမှ ကိုယ်ပိုင် ကိုယ်ဆိုင်မပါကြဘူး၊ အားလုံးအနတ္တချည့်ဘဲ၊ အကြောင်းတရားတွေကိုက အနတ္တတွေမို့၊ ပေါ်လာတဲ့အကျိုးတရားတွေဟာ အနတ္တချည့်ဖြစ်ကြဒါဘဲ။ ။ဒါကို ဥာဏ်နဲ့အမှန်သိအောင်, လုပ်ရမယ်၊ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်, ဘယ်ဒွါရဘဲဖြစ်ဖြစ် အနတ္တဥာဏ်ပေါ်အောင်, ရှုဥာဏ်လိုက်ပေးကြ၊ အားလုံးအနတ္တဲချည့်ပါဘဲ၊ ရှင်းကြပလား? ဒါကြောင့်....

သဗ္ဗေ ဓမ္မာ အနတ္တာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ သေ မဂ္ဂေါ ဝိသုဒ္ဓိယာ။ ။လို့

ဘုရားရှင်ဟောတော်မူခဲ့ဒါဘဲလို့မှတ်ကြ၊ဒကာ ဒကာမတွေ ဥာဏ်နဲ့ကြည့်ကြ၊ ဥာဏ်နဲ့ခန္ဓာမှာကြည့်ရင်, အနတ္တချည့်မြင်ကြမယ်၊ "သဗ္ဗေ ဓမ္မာ အနတ္တာ၊" ကိုယ့်ခန္ဓာမှာခပါသမျှ နုပ်နာမ်

အားလုံးဟာ အနတ္တာချည့်ဘဲ” တဲ့၊ ဒီသဘောအမှန်ကို၊ ကောန်သိ, ကိုယ်တိုင်သိ ဖြစ်အောင် “ယဒါပညာယ ပဿတိ၊” ပညာဉာဏ်နဲ့ရှုကြ, ကြည့်ကြ” လို့ ဆိုလိုတယ်၊ ခန္ဓာမှာ ပညာနဲ့ကြည့်ဘို့လိုတယ်၊ဒါကို,ဒို့ဒကာ ဒကာမတွေက, “ယဒါတဏှာယ ဥပါဒါယ ပဿတိ” လုပ်နေကြတာယ်၊ ယဒါ ပညာယ မဟုတ်ဘဲ ယဒါ တဏှာယ လုပ်နေတော့-“ဇောက်ထိုး” သွားတွေလား? လို့, မေးသင့်မမေးသင့်၊ ရိပ်မိကြပလား?။

ယဒါ၊ သူက အနတ္တအမှန်ကိုပြတဲ့အခါ၌၊ ပညာယ၊ ပညာဖြင့်၊ ပဿတိ၊ ရှုပေး, အနတ္တာဘဲလို့ ရှုဉာဏ်လိုက်ပေး-ဘဲ့၊ လိုက်ပေးတော့- အနတ္တာဉာဏ်မြင်မယ်၊ မြင်ရင်- မြင်ဒါနဲ့ နောက်က-တဏှာ, ဥပါဒါန်, ကံတွေချုပ်ကုန်တယ်၊ ချုပ်တော့- နောက်, ဇာတိ, ဇရာ, မရဏတွေ မလာတော့ဘဲ အကုန်ချုပ်တော့ဒါဘဲ၊ ရှင်းကြပလား? ဒါကြောင့် ဒကာ ဒကာမတွေ, ကြပ်ကြပ်ရှုပေးကြ၊ ခန္ဓာမှာဉာဏ်နဲ့ ရှုမှသာရမယ်၊ ဆုတောင်းလို့မရနိုင်ဘူး၊ ရှုမှရမယ်ဆိုဒါ မှတ်ကြ၊ ဆုတောင်းမနေကြနဲ့တော့လို့ သတိပေးလိုက်တယ်။

၁....သဗ္ဗေ ဓမ္မာ အနတ္တာ, က ဒုက္ခသစ္စာ။

၂....ယဒါ ပညာယ ပဿတိ, က မဂ္ဂသစ္စာ။

၃....တဏှာ, ဥပါဒါန်မလာလို့ သမုဒယသေ
ဒါက သမုဒယသစ္စာ။

၄....သမုဒယ သေ တော့ နိ ရောဓ ပေါ် ဒါက
နိရောဓသစ္စာ။

ဒီတော့ဒီဂါထာဟာ သစ္စာခလေးပါးကို ဟောတဲ့ဂါထာဘဲ-၊ လို့ မှတ်ကြ ရိပ်မိပလား? ဒါကြောင့်, ဘုန်းကြီးတို့ ဒကာ ဒကာမတွေ၊မျက်လုံးဖွင့်တဲ့အခါ "ယဒါ ပညာယ ပဿတိ" လိုက်ပေးကြ၊ ဖွင့်တိုင်း,ဖွင့်တိုင်း လွတ်မသွားစေနဲ့၊ နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်, ဆိုတဲ့ ငါးခုကဖွင့်တဲ့အခါမှာလဲ "ပညာယ ပဿတိ" လိုက်ပေး၊ မလပ်အောင်ရှုပေးကြ၊ ဒါနဲ့လဲရင်၊ တဏှာ, ဥပါဒါန်, ကံတွေလာမယ်၊ ပေါ်ကြပလား? ဒါကြောင့် ပညာယ-နဲ့-မလဲကြစေနဲ့ ဒီကနေ့ကစပီး, မျက်လုံးဖွင့်တတ်ကြပါစေလို့.... သတိပေးလိုက်ပါတယ်၊ ကျေနပ်ပလား?။

အထ၊ ထိုသို့ အနတ္တ အမှန်ကို၊ ပညာဉာဏ်ဖြင့် မြင်တဲ့အခါဌ် နိဗ္ဗိန္ဒတိ၊ ငြီးငွေ့-မုန်း၏။ ဒုက္ခ၊ ဒုက္ခသစ္စာဖြစ်ပျက်ဌ်၊ နိဗ္ဗိန္ဒတိ၊ ပျင်းမုန်းငြီးငွေ့-တဲ့၊ ဒီလိုငြီးငွေ့ဒါဟာ "ဧသ မဂ္ဂေါ" ဘဲတဲ့ ငြီးငွေ့လာရင် စင်ကြယ်သွားဘီ စင်ကြယ်ပီး, မဂ်ဉာဏ်ရစ်ပါးပြည့်မယ်၊ ဒကာ ဒကာမတွေ သိထားဘို့က ငြီးငွေ့ဒါ နိဗ္ဗိန္ဒဉာဏ်၊ ဖြစ်ပျက်မုန်းတဲ့ဉာဏ်ဘဲ၊ ဖြစ်ပျက်မုန်းရင်, မကြာခင်ဖြစ်ပျက်ဆုံးမယ်၊ ဖြစ်ပျက်ဆုံးရင်, ဝိသုဒ္ဓိ, ဖြစ်ပီလို့ မှတ်ရမယ်၊ ဝိသုဒ္ဓိဖြစ်ရင်, နိဗ္ဗာန်နဲ့ မဂ်နဲ့ တွဲရက်တွေ့ရမယ်လို့မှတ်၊ ဘုရားက ဒီလိုလုပ်ကြဘို့ ဒီဂါထာကို ဟောခဲ့ဒါဘဲ၊သဘောပေါက်ကြပလား? ပေါက်ရင်, ကြိုးစားလိုက်နာကြ။

ဂါထာဖြန်ဖတ်ပြန်။ ။အလုံးစုံမျှားစွာ,ခန္ဓာမှာပေါ်လာကြသည့်, ရုပ်,နာမ်ဓမ္မဟူသမျှတို့ကား.... ကိုယ့်အလိုမလိုက်၊ ကိုယ့်အကြိုက်သို့မပါ၊ အကာအတိသာဖြစ်ကြပေကုန်၏၊ ဤသို့မှန်စွာ, ဝိပဿနာဘာဝနာဖြင့်၊ ခါခါမပြတ်

ရှုမှတ်သည့်အကြောင်အခါ၌၊ ဝိပဿနာ သမ္မာဒိဋ္ဌိပညာဖြင့်၊ ဝေဘန်ပိုင်းခြားကာ၊ မှန်ကန်စွာသိမြင်ပေ၏၊ အနတ္တမှန်ကို၊ ဝေဘန်ပိုင်းခြားကာ၊ ပညာဖြင့်သိမြင်ရသော ထိုအခါ၌၊ ဖြစ်ပျက်ဒုက္ခသစ္စာ, ခန္ဓာလောကဝယ်၊ ပျင်းမှုန်းငြီးငွေ့ မမွေ့မလျော်၊ နိဗ္ဗိဒါဉာဏ်ပေါ်၍လာလေ၏၊ နိဗ္ဗိန္ဒမှုန်၊ ဤသည့်ဉာဏ်ကား— ကိလေသာမှ စင်ကြယ်ခြင်း၏အကြောင်း မြတ်လမ်းကောင်းကြီး မှန်လှုပါပေ၏။ ။

ကိုင်း, ယနေ့ဒီတွင်ဘဲ တော်ကြအုံးစို့ အချိန်စေ့ယွားဘီ။

# စမ္ဘရတနာ-မာတိကာ

## “ ဤဂါရုဝခြောက်ပါး ဤဂါထာခေခဲး တရားတော် ”

ဆောင်းပုဒ်

ဒုဂါရုခြောက်ခွင်၊ ဥာဏ်နှင့်ယှဉ်၊ အစဉ်ရှုကြည့်မှတ်။
အဆင်းရုပ်, ကြည်၊ အသိမှီ၊ တွေ့ပြို, ခံစားတတ်။
ခံစားရလျှင်၊ နှစ်သက်ဝင်၊ ခဲ့ထွင်သံသာခါတ်။
မဝင်နှစ်သက်၊ တချက်ချက်၊ မပျက်ရှုဥာဏ်ကပ်။
မရှုနေက၊ သမုဒယ၊ ဒုက္ခစက်ရဟာဘ်။
ရှုကြည့်သူမှာ၊ နိရောဓါ၊ မဂ္ဂါ, နှစ်ပါးမြတ်။

သင်္ခါရုပ်၊

ကိုယ်ပြုသမျှ၊ ဖြစ်ပျက်ရ၊ ပဋိစ္စစက်ရဟာဘ်။
ပဋိစ္စဝဲ၊ လွန်ဆင်းရဲ၊ အမြဲလှည့်ကာပတ်။
မျက်လုံးတခါ၊ ဖွင့်မှားရှာ၊ ကမ္မာသခေါ်ထပ်။
ထိုနည်းကံစု၊ ကျုန်ငါးခု၊ အကု, တင်းကျမ်းကြပ်။
ပါယ်ရိက္ခာတွေ့၊ စုမိခေျ၊ နေ, သေ, နှစ်ရေးကျပ်။
ကျေးမျိုးရိက္ခာ၊ ဝင်္ဒဒုက္ခာ၊ ကျောင့်လုလွှကပ်။
ဒုက္ခလွတ်နည်း တကျော်မီး၊ အပြီးဥာဏ်နှင့်သတ်။

**တရားသဘင်။** ။ဒီကာ ဒီကာမတွေ့ မနေ့ကတရားမှာ မျက်လုံးဖွင့်ပုံ၊ မျက်လုံးပေါက်က သံသရာလယ်ပုံ၊ မျက်လုံးဖွင့်တဲ့အခါ ဥာဏ်နဲ့အုပ်မိုးဖွင့်ပုံကို သင်ပေးခဲ့ဘီ၊ အဲဒါ

ကို ကြပ်ကြပ်သတိပြုကြဘို့၊ ဥာဏ်နဲ့သတ်ကြဘို့၊ မျက်လုံးကို မ
မှားအောင် နေရာတကျဖွင့်တတ်ကြဘို့-လိုတယ်လို့ ရိပ်မိကြ၊ ဒါမှ
မရိပ်မိရင်၊ အထိနာကြလိမ့်မယ်- ယခုမျက်မှောက်မှာ အထိ, နာ
ရင်, သံသရာမှာ ပြောစရာမရှိတော့ဘူးလို့ မှတ်ကြ။

မျက်လုံးကလေးတခါ အဖွင့်မှားဒါနဲ့ - ထိချက်နာရတယ်၊ ရူပါရုံရဲ့-ထိ, ချက်ကြောင့်ဘဲ၊ ရူပါရုံထိချက်က အသဲနာတယ်၊ ဒကာ ဒကာမတွေ- ကိုယ့်သား, သမီးလေးများ သွေးရဲရဲ-သံရဲရဲနဲ့ မြင်ရရင် ဘယ်လိုနေမလဲ? တခါထဲ, မျက်ရည်ကျလာတော့ တယ်၊ အဲဒီလိုဖြစ်တာ ထိချက်နာဘို့ဘဲ-လို့ မှတ်ကြ၊ သဘော ပါပလား? ဒါကြောင့် ဒကာ ဒကာမတွေကို ထိချက်မနာရ အောင်, မျက်လုံးဖွင့်တဲ့အခါ ဥာဏ်နဲ့အုပ်ဖွင့်ကြလို့ သတိပေး လိုက်တယ်။

မျက်လုံးဖွင့်ဒါဟာ, အဖွင့်မတတ်ရင်, ကံကျအောင်သွားတယ်၊ ကံက တဏှာ,ဥပါဒါန်ရဲ့ဩဇာခံဘဲ၊ တဏှာ:ဥပါဒါန်ဩဇာခံဆိုရင် ကောင်းကျိုးပေးနိုင်ဘို့ မရှိဘူး၊ မကောင်းကျိုးသာ ရဘို့ရှိတော့တယ်၊ ရိပ်မိပလား? ကံကောင်းလို့-မကောင်းလို့ နဲ့မဆိုင်ဘူး၊ ဒီကံက တဏှာ ဥပါဒါန်ရဲ့ဩဇာခံဖြစ်လေတော့-- ဒီတဏှာ, ဥပါဒါန်တို့က ခိုင်းရာ,စေရာ အပါယ်သွားရမှာ၊ အ ပါယ်ဇာတိရကြမှာဘဲ၊ သဘောပါပလား?။

သဘွာတွေ အပါယ်ကျရဒါ ဘာ့ကြောင့်လဲ? ဒီ, မျက်လုံးက လေးမဖွင့်တတ်ကြလို့ ဘဲဆိုရင် မမှားပါဘူး၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သံသရာကြီး ဒီကျအောင် လယ်လာကြရဒါဟာ,

ဘာသူ့လက်ချက်ထင်သလဲ? မျက်လုံးမဖွင့်တတ်လို့ သံသရာကြီး ဒီကျအောင်လယ်ရဒါဘဲဆိုဒါ ဆုံးဖြတ်ချက်ချ၊ပေါ်ကြပလား? ဒီဟာ အစက, ပါလာဒါမဟုတ်ပါဘူး၊ ဒကာတို့တတွေ, ကိုယ်လုပ်လို့ဖြစ်လာတဲ့ ပဋိစ္စသမုပ္ပါဒ်ဘဲ-လို့ မှတ်ကြ၊ ရှင်းပလား?။

ဒကာ ဒကာမတွေ သံသရာကြီးထဲမှာ ပဋိစ္စသမုပ္ပါဒ်လမ်းဘတိုင်း, ရှောက်ပြေးနေကြရဒါ၊ ဒီလိုပြေးနေရဒါ ဘာသူ့ကြောင့်မှ မဟုတ်ဘူး၊ ကိုယ်, ကိုယ်တိုင်လုပ်လို့ ပြေးရဒါဘဲ၊ ဒကာတို့လုပ်သမျှ ဒကာတို့ရကြဒါဘဲဆိုဒါ မှတ်လိုက်ကြ၊ သံသရာတလျှောက်မှာ ဥာဏ်မပါဘဲနဲ့-ရမ်းသွားကြ၊ ရမ်းလုပ်ကြ၊ ဒီတော့တခုမှ အမှန်မကျကြဘူး၊ မှားဒါနဲ့-လဲဒါချည့် လုပ်မိကြတော့တယ်၊ ဒါကြောင့်- ဒို့ဒကာတွေ ဥာဏ်အရေးကြီးတယ်- ပညာဟာ အဓိက အရေးကြီးတယ်လို့ ပြောလိုက်ပါတယ်။

ဒကာ ဒကာမတွေ စိတ်ထဲက ဘုရားတွေတည်၊ ကျောင်းတွေဆောက်၊ လှူကြ-ဒါန်းကြနဲ့ ဒို့တော့ အပါယ်မသွားတော့ဘူး-လို့ အောင်းမေ့နေကြတယ်၊ ကိုယ့်ဟာကိုယ် စိတ်ချနေကြတယ်၊ ကိုယ်ပိုင်ဥာဏ်နဲ့ဘဲ စဉ်းစားကြပါ မလွယ်ပါဘူး၊ ဒီ, မျက်လုံးဖွင့်တိုင်း,ဖွင့်တိုင်း လုပ်နေတဲ့ကံတွေ,စုမိတဲ့ကံတွေကသာ များပါတယ်၊ ဒီလို,ဒုဂ္ဂါရခြောက်ခုက ကံတွေကသာများပီး, ဒကာတို့လှူဒါန်းပေးကမ်းတဲ့ ကံက အလွန်နဲပါတယ်၊ ဒီတော့-အပါယ်လွတ်ဘို့လွယ်ပါ့မလား? မလွယ်ဘူး၊ မျက်လုံးတပေါက်အတွက်တောင် မနိုင်နိုင်ပါဘူးလို့ ပြောလိုက်ပါတယ်၊ ရိပ်မိကြပလား?။

ဒကာတို့တတွေ အလေးအနက်စဉ်းစားကြ၊ နှားပေါက်ကလဲကြားတိုင်း,ကြားတိုင်း ကံတွေစုမိဒါ အပါယ်ရောက်ကြောင်းကျ

မှ ရပ်တော့ဒါချည့်ဘဲ၊ ဒကာတို့က ပေါ့ပေါ့ကလေးနဲ့- ကျုပ်တို့ ဘာအကုသိုလ်မှ-မရှိဘူး၊ မကောင်းဒါဟူသမျှ ဘာမှမလုပ်ဘူးတဲ့၊ ပြောတတ်ကြတယ်၊ ဒီလိုပြောဒါအမှန်မသိလို့ ပြောဒါ၊ အမှန်မမြင်တော့ အထင်နဲ့ရမ်းပြောနေဒါဘဲရှိတယ်၊ သဘောပါပလား? လေးလေးနက်နက်စဉ်းစားကြ၊ နားက ကြားတိုင်း, ကြားတိုင်းဘဲ အပါယ်ကံတွေ စုစုနေမိတယ်၊ ခဏခဏ, နေတိုင်းကြားနေရတော့ ဒကာတို့မှာ အပါယ်ရိက္ခာတွေ နားတပေါက်ထဲနဲ့တွင်, အမျှားကြီး စုမိရက်, စုမိရက် ဖြစ်နေကြတော့ဒါဘဲ၊ ရှင်းပလား? ။

ဒီသဘောအတိုင်း, နှာခေါင်း, လျှာ, ကိုယ်, စိတ် ဆိုတဲ့ ဒွါရတွေကလဲ အပါယ်ရိက္ခာတွေ ထပ်တလဲလဲဘဲ စုမိနေကြဒါပါဘဲ၊ တဒွါရ တဒွါရမှာ အမျှားကြီး အမျှားကြီး ဒီသဘော အတိုင်း သွားကြမှာဘဲ၊ ဒီတော့-ဒို့ဒကာတွေ ဘယ်လိုမျှားစဉ်း စားကြမလဲ? အလွန်ကြီးတဲ့ အရေးပါလားလို့ ဆုံးဖြတ်ချက်ချ၊ ဒါကြောင့်, ဒို့ဒကာတွေ ဝိပဿနာအလုပ်မှ ကယ်နှိုင်, ယူနှိုင်မှာ၊ ဝိပဿနာအလုပ်, လုပ်ကြလို့ တိုက်တွန်းလိုက်တယ်၊ ဝိပဿနာ ကင်းရင်ဖြင့် သက်သာဘို့ မမြင်တော့ဘူး၊ ဒီကံက မနောကံ, ဘဲ၊ ဒါန, သီလက ကာယကံ, ဝစီကံ, လောက်သာ လုပ်နှိုင်ဒါ။

မနောကံအတွက်က ပိုပြီးအရေးကြီးတယ်၊ သူကရှေ့သွား ဖြစ်တယ်၊ ဒီကံနဲ့လုပ်တဲ့ အပါယ်သွားပေါက်, ခြောက်ပေါက်က အမြဲတန်း, ဟင်းလင်းကြီး ပွင့်ပီးနေတယ်၊ ရိပ်မိကြပလား? ဆရာသွားက ဒို့အပေါက်တွေ ပိတ်မပေးခဲ့ရင် ကျတ်ဘို့ လွတ်ဘို့

မမြင်တော့ဘူးလို့ မှတ်လိုက်ကြ၊ ဒါကြောင့် ဒီအပါယ်လမ်းခြောက်ပေါက်ပိတ်နိုင်အောင်, ဝိပဿနာရှုကြရမယ်၊ ပိပဿနာရှုရင်, တဏှာ ဥပါဒါန်ပြုတ်မယ်၊ တဏှာ, ဥပါဒါန် ပြုတ်ရင် ဒီကံပါပြုတ်မယ်၊ ဒီကံက ကြောက်စရာမရှိဘူး၊ တဏှာ,ဥပါဒါန်ကို ကြောက်ရမယ်။

တဏှာ, ဥပါဒါန်က သမုဒယသစ္စာဘဲ၊ ဒုက္ခကိုသူလုပ်ပေးဒါသူလုပ်ပေးလို့ ဒုက္ခအစုရကြဒါ၊ သူ့ကိုသာကြောက်ဘို့လိုတယ်-လို့ မှတ်ကြ၊ ဒါကြောင့် ဒကာတို့ဇာတွေ သူ့ကိုပြုတ်အောင်, ဖြုတ်ကြဘို့လုပ်ကြရမယ်၊ သူ့ဖြုတ်ရင်ကံတွေအကုန်လုံး အဟာသိကံ, ဖြစ်ကြမယ်၊ ရှင်းကြပလား? ဒကာတို့-ဒီဘဝမှာ လုပ်ထားကြ-စုထားကြတဲ့,ကံတွေ၊ သေသည်၏အခြားမဲ့မှာ ရဘို့ရောက်ဘို့ ကံတွေကအဆင်သင့်ဘဲ၊ ဒီကသေပီး, ဇာတိချောက်ထဲ, ဇရာချောက်တွေကျရမယ်၊ နောက်-ဗျာဓိချောက်, မရဏချောက်၊ ဒကာတို့လုပ်တဲ့ကံက ချလို့-ကျကြရမှာ ရှင်းကြပလား?။

ဒါကြောင့်ဘုရားက, ဒကာတို့တပွေကို၊ သနားတော်မူလို့ ထပ်ခါတလဲလဲ အကြိမ်ပေါင်းများစွာ နှစ်ရာကျော်-သုံးရာမက မှာကြားတော်မူခဲ့တယ်၊ "နည်းမှန်ပြတတ်တဲ့ ဆရာကောင်းကို ရှာကြ၊" ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗာ၊" လို့ မှာတော်မူခဲ့ဒါဘဲ၊ ဒါကြောင့် အခုဆရာသမားက ဟော, ပြော ပြပေးနေရဒါ ဒါကို သာမညများ မမှတ်လိုက်ကြနဲ့ အလွန်ကြီးတဲ့ အရေးဘဲ,လို့၊ မှတ်ပြီး အလွန်ကို အရေးကြီးလို့သာ မှာတော်မူဒါဘဲလို့ ဆုံးဖြတ်ချက်ချ၊ သဘောပါကြပလား?။

ဘုန်းကြီးတို့ ဒကာ, ဒကာမတွေမှာ ဥာဏ်ကမပါတော့ ဒီလမ်းက လဲရင် ဒီပြင်မရှိကြဘူး ဒီလမ်းက လဲလို့လဲ မသွားတတ် ကြဘူး၊ ဒီလမ်းချည့်ဘဲ ဒီ, ဇာတိ, ဇရာ, ဗျာဓိ, မရဏလမ်း ချည့်ပါဘဲ ရိပ်မိပလား? ဒကာတို့တတွေ အခု လူ့ပြေလာပီး ဘာတွေ စုမိနေသလဲ? သိကြရဲ့လား? ဒီ, ဒုက္ခရခြောက်ခုနဲ့ရင်းပီး ဒီမကောင်းတဲ့ ကံတွေစုမိကြဒါဘဲ ရှိပါတယ်၊ ရှင်းကြပလား?။

ဒကာ, ဒကာမတို့ ပြုထားတဲ့ ဒါန, သီလ ကုသိုလ်ပြုသမျှ ကလေးဟာ ဒီကံလောက် မများဘူး၊ ဒီကံနဲ့နိုင်းစာလို့ မရနိုင် လောက်အောင် ကုဗပါတယ်၊ သူက, အမြဲတန်းရှိပီး, အမြဲတန်း ဖြစ်နေဒါ၊ တဒ္ဓါရမဖြစ်, တဒ္ဓါရဖြစ်ဆိုသလို၊ လပ်တဲ့အခါရယ် လို့ မရှိတော့ဘူး၊ ဒီတော့- ဒီကံတွေအတွက် ဒကာတို့တတွေမှာ အများကြီးဝန်လေးရမယ်၊ လေးမှန်းမသိလို့သာ အေးအေး ဆေးဆေး နေနိုင်ကြဒါပါ၊ ဒါကို ဥာဏ်နဲ့ကြည့်ပီး အမှန်သိ အောင်ကြိုးစားကြ၊ ညွှန်ကြားတဲ့ဆရာသမားနဲ့- ကြုံကြိုက်တုံးမှာ- ပေါ့မနေကြနဲ့လို့ ပြောလိုက်တယ်။

မျက်လုံးဖွင့်ဒါ.... တဏှာ, ဥပါဒါန်, ဆိုပီး၊ ကံရောက်တော့ ဒါဘဲ၊ ကျန်တဲ့- နား, နှာ, လျှာ, ကိုယ်, စိတ်, ကလဲ ဒီလိုစုမိနေ ဒါဘဲ၊ ဒီထဲမှာ ဒကာတို့တတွေက အကုသိုလ်ကံ-မကောင်းတဲ့ကံ ကြောက်ပါတယ်လို့ ပြောကြတယ်၊ အမှန်က, ကံကို ကြောက်ဘို့ မလိုဘူး၊ မကောင်းတဲ့ကံမကြောက်နဲ့-ကြောက်ရမှာက, တဏှာ, ကြောက်ရမှာ၊ တဏှာကိုကြောက်ကြလို့-သတိပေးလိုက်တယ်၊ တဏှာကြောက်ရင် တဏှာမလာအောင်, တဏှာချုပ်အောင် လုပ်ရမယ်၊ တဏှာချုပ်ရင် "တဏှာနိရောဓော နိဗ္ဗာနံ" ဘဲ- နိဗ္ဗာန်ပေါ်ဒါဘဲလို့ မှတ်ကြ၊ ရှင်းပလား?။

ဒါကြောင့်— ကံထက် တဏှာ ဥပါဒါန်ကြောက်ကြ၊ ဒါကြောက်ပီး, ချုပ်အောင်လုပ်ရမယ်၊ မလာရင် တဏှာပယ်လိုက်တာဘဲ၊ တဏှာသမုဒယ, ပယ်လိုက်တော့ ကံတွေ့ရှိသမျှ အကုန်အဟောသိကံဖြစ်သွားမယ်၊သိမ်းဆည်းထားတဲ့ တဏှာ,ဥပါဒါန်ကမရှိဘူး၊ မရှိအောင် မဂ်ကပယ်ချလိုက်တော့ ကံတွေ့ရှိမျှ ဖရိုဖရဲဖြစ်ကုန်ကြတော့တယ်၊ သဘောပါပလား ? ဒါကြောင့်, ဒီဒကာဒကာမတွေ တဏှာသတ်နိုင်တဲ့ဥာဏ် အရေးကြီးတယ်လို့ ဆုံးဖြတ်ချက်ချ၊ ဒွါရခြောက်ခုဖွင့်တိုင်း, တဏှာမကူးခင်, ဥာဏ်နဲ့ဦးအောင်,သတ်ကြ။

တဏှာ,ဥပါဒါန်နဲ့သိမ်းဆည်းတဲ့ အကုသိုလ်ကံတွေဟာ ဒွါရ ၆-ခု တခါးခြောက်ပေါက်က နေရာမလပ်ဘူး၊ ဘယ်အပေါက်ကမှ မကောင်းဘူး၊ ရှုဥာဏ်မပါရင်, ဥာဏ်ဦးမစီးရင်, ဖွင့်တိုင်းဖွင့်တိုင်း, ကိလေသာထုတက်ဘို့ဘဲရှိတယ်၊ ကိလေသာတောထ, ဘို့ဘဲရှိတယ် ရှင်းကြပလား ? ဒါကြောင့်, မျက်လုံးဖွင့်လို့-မြင်စိတ်ပေါ်ရင်, ဒီမြင်စိတ်ကိုဖြစ်ပျက်ရှု၊ ဒါမမီရင်, ဝေဒနာမီအောင်ရှု တဏှာတော့မကူးကြစေနဲ့-တဏှာကူးရင် ကံထပ်စုဘို့းမယ်၊ တဏှာမကူးခင် တချက်ချက်မီအောင် ရှုပေးကြ၊ သဘောပါပလား ?။

မျက်လုံးဖွင့်တော့ အဆင်းနဲ့တဲ့ပီး, မြင်စိတ်ပေါ်-ဖဿဖြစ်၊ ဝေဒနာလာ တဏှာ,ဥပါဒါန်, ကံ- ဆက်တိုက်လာတော့ဒါဘဲ၊ ဒွါရတခုခု ဖွင့်လိုက်တိုင်း, အကုသိုလ်ထုတွေချည့် လာနေမှာဘဲ၊ ခြားထဲမှာ မဂ္ဂင်ငါးပါးနဲ့ ရှုဥာဏ်ဝင်ပေးရမယ်၊ ရှုဥာဏ်နဲ့မှ တားနိုင်, ဆီးနိုင်, ပိတ်ပင်နိုင်မယ်၊ သူမပါရင် ဘယ်လိုမှ မတတ်

မျက်လုံးဖွင့်တော့ အဆင်းနဲ့တဲ့ပီး, မြင်စိတ်ပေါ်-ဖဿဖြစ်၊ ဝေဒနာလာ တဏှာ,ဥပါဒါန်, ကံ- ဆက်တိုက်လာတော့ဒါဘဲ၊ ဒွါရတခုခု ဖွင့်လိုက်တိုင်း, အကုသိုလ်ထုတွေချည့် လာနေမှာဘဲ၊ ခြားထဲမှာ မဂ္ဂင်ငါးပါးနဲ့ ရှုဥာဏ်ဝင်ပေးရမယ်၊ ရှုဥာဏ်နဲ့မှ တားနိုင်, ဆီးနိုင်, ပိတ်ပင်နိုင်မယ်၊ သူမပါရင် ဘယ်လိုမှ မတတ်

နိုင်ဘူး-ကိလေသာဒတာထမှာချည့်ဘဲမှတ်လိုက်ကြ၊နား‌လည်ကြ ပလား? ကျုပ်,အကုသိုလ်ကြောက်လို့ အကုသိုလ်ဝင်မှာစိုးလို့ မေတ္တာပို့နေပါတယ်၊ ပရိတ်ရွတ်နေပါတယ် ဆိုပေမဲ့ မရဘူး၊ ပရိတ်ရွတ်, မေတ္တာပို့နေတဲ့ခြင်းဆဲက-ကို တဏှာ,ဥပါဒါန်, ကံ တွေ့လာနေကြဒါပါ၊ ရိပ်မိကြပလား? အကုသိုလ်ကြောက်ရင်-မျက်လုံးပိတ်ထားကြဘို့ ရှိတော့တယ်၊ ကျေနပ်ပလား?။

ဒီဥဿ်မပါရင် ဘုရားရှစ်ခိုးရင်းလဲ မလွတ်ပါဘူး၊ တဏှာ, ဥပါဒါန်, ကံတွေ့လာနေဒါဘဲ၊ ဒီတော့- ဘုရားရှစ်ခိုးတဲ့အခါ ဒီခန္ဓာကို-မလိုချင်လို့-ဒီဒုက္ခခန္ဓာကလွတ်အောင်-ကျတ်အောင်, လို့-ရှိခိုးတယ်လို့ အာရုံထားကြ၊ အာရုံထားပီး ရှိခိုးကြ၊ ဒါမှ-အကုသိုလ်က, ကံမကောင်းဒါက လွတ်မှာ၊ သဘောပါကြပ လား? ဒကာ ဒကာမတွေကို မေးလိုက်တယ်၊ ဒုက္ခလွတ်အောင်-ဒုက္ခကင်းအောင် ဘာလုပ်ရမလဲ? လက်သယ်အရင်းကျကျ ဘယ် သူ့ဖြတ်မှ ဒုက္ခဇာတ်သိမ်းမလဲ? တဏှာဖြတ်မှ၊ တဏှာဖြတ်ရင် ဒုက္ခဇာတ်အကုန်သိမ်းမယ်လို့ မှတ်ကြ။

စုဠပုံရဲ့ အစ်ကို၊ မဟာပုဏ္ဏ မထေရ်ကို ဘုရားရှင်ကဟောဒါ မှာလဲ တဏှာဖြတ်မှ ဒုက္ခဇာတ်သိမ်းမယ်၊ ဒုက္ခငြိမ်းအောင်,ဒုက္ခ ဇာတ်သိမ်းအောင် တဏှာဖြတ်ရမယ်၊ တဏှာပြတ်တဲ့အကျင့်၊ တဏှာချုပ်တဲ့အလုပ်ကိုလုပ်ရမယ်လို့ ဟောတော်မူထားတယ်၊ တဏှာနိရောဓော နိဗ္ဗာနံ တဏှာချုပ်ရင် ကံကိုမကြောက်နဲ့ တော့ တဏှာချုပ်ရင် ကံတွေအကုန်ရုပ်သိမ်းပီး,နိဗ္ဗာန်လာဒါဘဲ၊ သဘောပါကြပလား? ဒီတော့- ဒို့ဒကာ ဒကာမတွေ တဏှာ ချုပ်အောင်, မဂ္ဂင်အလုပ်,လုပ်ကြရမယ်၊ ရှင်းကြပလား?။

ဥပမာ– အဆင်းရုပ်ကလေးကို ဥာဏ်နဲ့ကြည့်ရင်, ဘောက်ပြန်ပျက်စီးနေဒါသာ တွေ့ရမယ်၊ အဆင်းရုပ်ကလေး ဘောက်ပြန်တိုင်း, ပြောင်းတိုင်း, ပြောင်းတိုင်း၊ "အဆင်းရုပ် ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာမဟုတ်" လို့၊ ရှုဥာဏ်ဝင်လိုက်၊ မဂ္ဂင်ဝင်ပေးလိုက်၊ ရှုဥာဏ်မဂ္ဂင်ငါးပါး-ပါတယ်၊ ရှင်းပလား? ဒီလိုရှုနိုင်ရင် ဒီအထဲမှာ မြင်စိတ်, မျက်လုံးရုပ်, ဖဿတွေပါ ချုပ်သွားရောနောက်- လာမဲ့မကောင်းဒါတွေ အကုန်ချုပ်တော့ဒါဘဲ၊ ကျေနပ်ပလား?။

ဒီလိုမရှုမိရင် မြင်စိတ်ကို,မိအောင်ရှု၊ မြင်စိတ် ဖြစ်ပျက်ဘဲ၊ ဒီမြင်စိတ်ကလေးဟာ စက္ခု-နဲ့-ရုပါရုံ တိုက်ဆိုင်လို့ သာပေါ်လာဒါဘဲ၊ အကြောင်းကုန်တော့ သူလဲမရှိဘူး၊ ငါ့ကိုယ်,ငါ့ဟာ,ငါ့ဥစ္စာ မဟုတ်ပါဘဲကလားလို့ သိရင် အနတ္တသိဒါဘဲ၊ ဒီနည်းအတိုင်း တခါးခြောက်ပေါက်မှာ ပေါ်လာသမျှ အမိအရ မလွတ်တန်းရှုပေး၊ ဥာဏ်နဲ့ကြည့်ပေးကြရမယ်၊ ရှုတော့....

၁....ငါ့ကိုယ်, ငါ့ဟာ, ငါမဟုတ်တာက အနတ္တ၊
ဒုက္ခသစ္စာ။
၂....ရှုဒါက ရှုတဲ့ဥာဏ်က မဂ္ဂ၊ မဂ္ဂသစ္စာ။
၃....သေဒါက တဏှာ, သမုဒယ၊ သမုဒယသစ္စာ။
၄....ငြိမ်းဒါ,ချုပ်တာက နိရောဓနိဇောဓသစ္စာ။

၁....မြင်စိတ်ဖြစ်ပျက်က ဒုက္ခ။ ။

၂....သိဒါက သိတဲ့ဥာဏ်က မဂ္ဂ။ ။

၃....တဏှာ, ဥပါဒါန်သေဒါက သမုဒယ-
ဖေသဒါ။ ။

၄....သမုဒယသေတော့ ဒီနေရာမှာ နိဆောဓ,
ပေါ်လာတယ်၊ ကျေနပ်ပလား? ။ ။

ဒကာ ဒကာမတွေ အခုပြောမှာက "ဆ, ဆက္ကသုတ်" မှာ လာတဲ့ အဓိပ္ပါယ်လို့ မှတ်ကြရမယ်၊ မျက်လုံးရုပ်ကို ငါ့ကိုယ်, ငါ့ဟာ, ငါထင်ဒါက-သမုဒယဘဲ၊ အထင်ခံရဒါက ဒုက္ခသစ္စာ၊ မျက်လုံးက ဒုက္ခသစ္စာလို့ မှတ်ကြ၊ မရှဘဲနေတဲ့အတွက်, တဏှာ, မာန, ဒိဋ္ဌိဖြစ်လာတယ်၊ အဲဒီလို မရှဘဲနေတဲ့အခါ တဏှာ, မာန, ဒိဋ္ဌိတွေက သမုဒယသစ္စာဘဲလို့ မှတ်ကြ၊ သဘောပါကြပလား? ဝိပဿနာမရှုမိရင်, ဒီဒုက္ခနဲ့-သမုဒယနှစ်ပါးမှာဘဲ ချာချာလယ် နေရကြမယ်၊ ဒုက္ခပီး, သမုဒယ၊ သမုဒယပီးတော့ဒုက္ခ၊ ဒီနှစ်ပါး အပြင်, ဘာမှဖြစ်စရာမရှိဘူး၊ ရိပ်မိကြပလား? ။

ဒို့ဒကာ ဒကာမတွေမှာ ဆရာသမားနဲ့မတွေ့ရခင်က ဒီနှစ်ပါးဘဲ ဆက်တိုက်ဖြစ်နေကြတော့တယ်၊သဘောပါပလား? အခုလို ဆရာသမားနဲ့တွေ့ရတော့မှ ဆရာသမားက နည်းလမ်းညွှန်ပြလို့ အမှန်ရပီး ရှုတတ်ကြတယ်၊ ရှုဥာဏ်ရလို့ ရှုတော့- ငါ့ကိုယ်, ငါ့ဟာ, ငါမဟုတ်ပါလားလို့ အမှန်မြင်ရတယ်၊ မြင်တော့- ရှုဒါက-မဂ္ဂ၊ တဏှာစသည်ချုပ်တာက-နိဆောဓ၊ ရှုလို့ဆုံလျှင်တော့ မျက်လုံးက ဒုက္ခနိဆောဓ၊ ရှုဒါက မဂ္ဂသစ္စာဖြစ်လာတယ်၊ ပေါ်

ကြပလား? ခန္ဓာမှာပေါ်သမျှ ဖြစ်ပျက်ရှုပေးကြ၊ ရှုတော့-ဖြစ်ပျက်ချည့်မြင်နေရမယ်၊ မြင်နေတော့- ဖြစ်ပျက်အနတ္တ။

ရှုတဲ့သူမှာ နိဏ္ဍာဓသစ္စာ, မဂ္ဂသစ္စာ နှစ်ပါးရကြမယ်။
မရှုတဲ့သူမှာ ဒုက္ခသစ္စာ,သမုဒယသစ္စာ နှစ်ပါးရကြမယ်။

ရှုတော့- အနတ္တမြင်ရမယ်၊ အနတ္တအမြင်မျှားတော့- အနတ္တမုန်းလာမယ်၊ အနတ္တမုန်းပီးရင်,အနတ္တဆုံးသွားပီး နိဏ္ဍာဓသစ္စာပေါ်လာတယ်လို့ မှတ်ကြ၊ အနတ္တအဆုံးမှာ အနတ္တဘဝင်လာတယ်လို့ မှတ်ရမယ်၊ အဓိပ္ပါယ်က ရုပ်, နာမ်, အနတ္တအဆုံးမှာ ရုပ်, နာမ်, မရှိတဲ့အနတ္တ ပေါ်လာတယ်လို့ ဆိုလိုတယ်၊ ရှင်းကြရဲ့လား?။

ဒါကြောင့်- ဒကာ ဒကာမတွေ မိမိခန္ဓာမှာဉာဏ်နဲ့ရှုကြ၊ ဘာလာလာ မလွတ်အောင်ရှုပေး၊ မျက်လုံးစိတ်ကလေးပေါ်လာလဲ ဖြစ်ပျက်ရှုပေး၊ အရှုမျှားလို့ ဉာဏ်တက်လာရင် အမှန်မြင်မယ်၊ ဉာဏ်ထဲက, ငါ့ကိုယ်, ငါ့ဟာ, ငါမဟုတ်လို့ ပျက်သွားဒါဘဲလို့ အနတ္တဉာဏ်ပေါ်မယ်၊ ဒဲ့ဒါရခြောက်ခု-ဘယ်ကဝင်လာလာ၊ဘာဘဲတွေတွေ-ဖြစ်ပျက်မိအောင်ရှုပေးကြ၊ စိတ်တွေလာတိုင်း ဖြစ်ပျက်ရှုကြ၊ ရှုမှ နိဏ္ဍာဓနဲ့ မဂ္ဂနှစ်ခုပေါ်မှာ မရှုရင် ဒုက္ခ,သမုဒယဒုက္ခအစုကြီး ပြန်ရဘို့ဘဲရှိတယ်၊ သဘောပါကြပလား? ကြိုးစားကြ။

ဒါကြောင့်, ရှုတတ်အောင်ရှုကြလို့ တိုက်တွန်းလိုက်တယ်၊ ဒကာ ဒကာမတွေ ရှုတတ်ကြပလား? မရှင်းမလင်းဖြစ်နေရင် ဆရာသမားလျှောက်ထား၊ အချင်းချင်းဆွေးနွေး, မေးမြန်းကြ၊ မရှုတတ်ရင် တပည့်တော်တို့ မျက်လုံးပေါက်က, အနာရ၍ သခြင်းဆိုးနဲ့ သေရပါလို့၏ လို့-ဆိုလိုဒါဘဲ၊ ကျေနပ်ပလား?၊ ပေါ့တန်နေဘို့ အချိန်မဟုတ်တော့ဘူးလို့ အထူးတလည် သတိပေးလိုက်ပါတယ်။

ကိုင်း, ယနေ့ဒီတွင်ဘဲ တော်ကြအုံးစို့ အချိန်စေ့သွားဘီ။

# ဓမ္မရတနာ-မာတိကာ

## " ဒုက္ခစက်ရဟတ် ဓာဂဒေါက်ဖြင့် တရားဒေဘုံ "

### ဇေဆောင်ပုဒ်

သတ္တဝါအစ၊ အဝိဇ္ဇာက၊ ဖြစ်ထကြောင်းကျိုးဆက်။
ခန္ဓာရုပ်နာမ်၊ မသိမှန်၊ ဒုက္ခသစ္စာနက်။
မသိမှုက၊ ပေါ်လာရ၊ ဦးစ အဝိဇ္ဇာစက်။
ဘယ်သူမပြု၊ မိမိမှု၊ ယခုသိဘို့တွက်။
ဒုက္ခပတ်ချာ၊ လှည့်ခံရှာ၊ သံသာမှောင်ကွင်းနက်။
ဒုက္ခစက်ရဟတ်၊ မဂ်ဉာဏ်ဖြတ်၊ အမြတ်နိဗ္ဗာန်တက်။

### သတိခြင်း၊

ပဋိစ္စဖြစ်မှု၊ ကြောင်းကျိုးစု၊ မဂ်ရှုဉာဏ်နှင့်ကပ်။
ဒုက္ခသမုဒယ၊ စက်လှည့်ကြ၊ ဖြစ်ထကြောင်းကျိုးစပ်။
ရှုဉာဏ်ဝင်လာ၊ အဝိဇ္ဇာ၊ ချုပ်ကာကြောင်းကျိုးပြတ်။
အဝိဇ္ဇာချုပ်လျှင်၊ ဝိဇ္ဇာဝင်၊ မဂ်မြင်နိဗ္ဗာန်မြတ်။

### အထူးမှတ်

ခန္ဓာအမြင်၊ ရှင်းလင်းလျှင်၊ မဂ်မြင်ကျွတ်မှတ်။
ပဋိစ္စသမုပ္ပံ၊ ဉာဏ်မြင်သန်၊ မဂ်ဉာဏ်မြင်တပ်တင်။
အသိရှင်းလာ၊ ဥာတသာ၊ ပရိညာဟူ၍မှတ်။
ကျင့်မှုရှိမှ၊ တိရဏ၊ ပဟာနစုံပြည့်လတ်။

ဇာရုံးသခင်း။ ။ဒကာ ဒကာမတွေ-- တနေ့သဒ္ဓိမှာ မြတ်စွာဘုရားသခင်, သာဝတ္ထိပြည်မှန်, ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူဆဲအခါ ကစ္စာယနအနှယ်ဖြစ်တဲ့ ရဟန်းတပါးက.... ဘုရားထံ လျှောက်ထားမေးမြန်းတယ်-တဲ့၊ "မြတ်စွာဘုရား မင်္ဂလတယ်, မင်္ဂလတယ်ဆိုဒါမှာ၊ ဘယ်လိုမြင်မှ မင်္ဂလဆိုတဲ့အဖြစ် ရောက်ပါ့မလဲ? လို့ လျှောက်မေးလိုက်တယ်၊ ဒီအခါ....

ဘုရားရှင်က.... "အဝိဇ္ဇာ၊ သင်္ခါရ ဝိညာဏ်, နာမ်, ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဆိုတဲ့- ပဋိစ္စသမုပ္ပါဒ်ဖြစ်စဉ် ခန္ဓာအမြင်ရှင်းမှ မင်္ဂလအမြင်ကျမယ်" လို့ ဟောတော်မူတယ်။

ဒကာ ဒကာမတွေ သဘောပါလား? ဒီအတူဘဲ မင်္ဂလအမြင်ရချင်ရင်၊ ပဋိစ္စသမုပ္ပါဒ်အမြင် ရှင်းရမယ်လို့ မှတ်ကြ၊ ဒါက သံယုတ်ပါဠိတော်မှာလာတဲ့ အဓိပ္ပါယ်ဘဲ၊ ဒီတော့- ဒို့ဒကာဒကာမတွေကို ဒီကနေ့ ခန္ဓပဋိစ္စသမုပ္ပါဒ် ရှင်းလင်းပြရမယ်။ ။ သတ္တဝအစ, ဘယ်ကစသလဲ? သတ္တဝအစဟာ, သစ္စာမသိတဲ့-အဝိဇ္ဇာက, စတယ်၊ ဒါကြောင့် "သတ္တဝအစ-အဝိဇ္ဇာက" ဆိုတဲ့အချက်ကို မြဲမြဲမှတ်ထားကြ၊ ရိပ်မိကြပလား? ။

အဝိဇ္ဇာဆိုဒါ ကိုယ့်ခန္ဓာရုပ်နာမ်, ဒုက္ခသစ္စာမသိဒါကိုခေါ်တယ်၊ မိမိမသိမှုကြောင့်ပေါ်လာတဲ့ မိမိအဝိဇ္ဇာဘဲ၊ တခြားကလဲ လာဒါမဟုတ်၊ သူများကလုပ်ပေးဒါလဲ မဟုတ်၊ မိမိ,မသိမှုကြောင့်ဖြစ်တဲ့ အဝိဇ္ဇာဘဲ၊ ဒါဟာ- ဘယ်သူမပြု မိမိမှလို့ဘဲ

မှတ်လိုက်ကြ၊ ဒကာ ဒကာမတွေ့, အခု-ကိုယ်ပိုင်ရထားတဲ့ ခန္ဓာကြီးကို သူက-လုပ်ပေးလိုက်တာ၊ ဒီ့မသိမှုကြောင့် ရလာတဲ့ခန္ဓာ၊ ဒီ့ မသိမှုက ထူထောင်လိုက်တာဘဲ၊ ရှင်းကြပလား ? ။

ရုပ်နာမ်, ခန္ဓာဟာ ဒုက္ခသစ္စာကြီးဘဲ၊ ဒီဒုက္ခသစ္စာကို- ဒုက္ခသစ္စာမှန်းမသိတော့ အဲဒီမသိတဲ့အဝိဇ္ဇာက မရ, အရ ထူထောင်ယူလိုက်တော့ဒါပေါ့ သဘောပါပလား ? အမှန်စင်စစ်,ရုပ်,နာမ်ဟာ ဒုက္ခသစ္စာ၊ အသုဘ,ဆိုလဲ ဟုတ်တာဘဲ၊ ဒါကို-အမှန်အကန် မသိတော့ အကောင်းထင်မိး တောင်းယူ-ထူထောင်ယူလို့-ရလာကြဒါဘဲ၊ နားလည်ကြပလား ? အခု-ဒကာတို့တတွေ့ တရားနာလာကြဒါလဲ ဒီဒုက္ခသစ္စာ ရုပ်,နာမ်,ခန္ဓာကြီး ထမ်းပိးလာကြရဒါဘဲ။

ဒီလို- ဒုက္ခဝန်ထုပ်, ဝန်ပိုးကြီးထမ်းလာရဒါဟာ, ထမ်းလာနိုင်ဒါဟာ အစကထဲက ဒုက္ခသစ္စာမှန်းမသိကြလို့ဘဲ၊ ဒီ,အသုဘ ဒုက္ခသစ္စာမသိမှုဟာ အဝိဇ္ဇာဘဲလို့ မှတ်ကြ၊ ရိပ်မိကြပလား ? ရုပ်,နာမ်က ဒုက္ခသစ္စာ၊ မသိမှုက အဝိဇ္ဇာ၊ ဒကာတို့တတွေ့ ဒီသဘောအမှန်မသိကြလို့ ဒီ, ဒုက္ခရုပ်နာမ်ကြီးကို အဝိဇ္ဇာက လုပ်ထားဒါဘဲ၊ သတ္တဝတွေ့ ဒုက္ခရောက်အောင် သူလုပ်တာ၊ သူ့လက်ချက်ကြောင့် ဒုက္ခရောက်ကြရဒါလို့ မှတ်ကြ။

ဒကာ ဒကာမတွေ့ ဒါန, သီလစတဲ့ ကုသိုလ်တွေ့ အများကြီးပြီး, ဒီရုပ်နာမ်ရအောင် ဆုတောင်းယူထားကြဒါပါ၊ အဲဒါ-ဒုက္ခသစ္စာ၊ တောင်းယူဒါ ဒုက္ခသစ္စာရဒါဘဲ၊ အသုဘကို ဆုတောင်းယူထားဒါလို့ ဆိုလဲ မမှားပါဘူး၊ မ,သိမှု အဝိဇ္ဇာဒဏ်

ချက်ဟာ ဘယ်လောက်ဆိုးဝါးသလဲ စဉ်းစားကြ၊ ပေါ်ကြပ
လား? ဒကာတို့တဘွဲ့ ဆုတောင်းယူထားတော့ အခု-ကိုယ်ပိုင်
ရထားကြဘီ မဟုယ်လား၊ ခွဲမရ, ခွါမရ, ထားပစ်ခဲ့လို့လဲ မရ
နိုင်တော့ဘူး။

ဒကာတို့တတွေ့ မသိလို့- လုပ်မိလုပ်ရာ- လုပ်ပီး, တောင်းမိ
တောင်းရာ တောင်းလို့ ဒီဒုက္ခခန္ဓာကြီး ရထားကြဒါ- အဲဒါ,
ဘယ်သူမပြု မိမိမှဘဲလို့သာ ဆုံးဖြတ်ချက်ချ၊ အဲဒါဟာ....
"အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ" ဆိုတဲ့
သုံခုထဲ ဒကာတို့တဒွေ့ အခု-ခရောက်နေကြဘီ၊ အဝိဇ္ဇာအရင်း
ခံနဲ့ ဒုက္ခခန္ဓာ ကိုယ်ပိုင်ရထားတော့ ဟန်မကျနိုင်ကြဘူး၊ ချို့
ယွင်းတဲ့အခါ ပြင်ကြရ-ဆင်ကြရ၊ ဘောက်ပြန်လာတော့လဲ....
ပြင်ရ, ဆင်ရနဲ့- နေရာကျတယ်လို့ကို မရှိတော့ပါဘူး၊ ရိပ်မိကြ
ရဲ့လား?။

ဒကာ ဒကာမတွေ့ ဒုက္ခခန္ဓာဆိုတော့ ပြင်လို့, ဆင်လို့ မရ
နိုင်ပါဘူး၊ သူ့သဘောအတိုင်း ဒုက္ခလက္ခဏာ, အသုဘလက္ခ
ဏာတွေ့ပြနေမှာဘဲ၊ စိတ်တိုင်း မကျတိုင်း ပြင်ပေးနေကြပေမဲ့လဲ
အပိုပါဘဲ၊ အပြင်မျှားလေ, အပျက်မျှားလို့ ပြင်ရလေလေဘဲ၊
သဘောပါပလား? ဒကာတို့ အခုရထားဒါက, အကျိုးတရား
ကြီးဘဲ၊ အကျိုးတရားမို့-ရပီးသားကို ပြင်လို့မရဘူးလို့မှတ်ကြ၊
ပြင်ပေးမနေကြနဲ့- ပြင်လေ, ဆိုးလေ နေမှာဘဲလို့ ပြောလိုက်
ပါတယ်။

မသိဒါက အဝိဇ္ဇာ၊ မသိတော့ပြုခဲပြုရာပြုကြ, ပြုမိပြုရာပြုဒါက-သင်္ခါရ၊ ပြုတော့- ဒကာတို့ အခုရထားကြဒါက- ဝိညာဏ်၊ ကောင်းဒါတခုမှ မပါပါဘူး၊ ဒုက္ခအစု ဒုက္ခခန္ဓာသာရကြဒါဘဲ၊ ဒုက္ခခန္ဓာ ဝိညာဏ်ဆိုတဲ့ ဇာတိရလာမှတော့ ဇာတိကနေ ဇရာ, မရဏာဘက် ဒိုင်းဒိုင်းသွားနေတော့ဒါဘဲ၊ ကြာလေ, အိုလာလေ၊ အိုလေလေ ပြင်ရဆင်ရလေဘဲ၊ ရိပ်မိပလား? ဒကာတို့ တတွေရထားတဲ့ခန္ဓာ ကောင်းဒါတခုမှ မပါဒါမို့ - ပြင်နေကြ, ဆင်နေကြလဲဘဲ အပိုရှိမှာဘဲ၊ ပြင်ကျိုးဆင်ကျိုး မနပ်ပါဘူး၊ ရှေးက-ဆေးလေးဝါးလေးနဲ့ပြင်ကြရ၊ အခုနေမှာခါတ်စာပါပြင်ပေးနေရဘီ၊ သဘောပါပလား? တဲ့မှတဲ့ပါ့မလားဆိုပီး, အစားအသောက်ကလေးက အစ ပြင်ရဆင်ရနဲ့ ပြင်နေကြရဘီ၊ ရှင်းကြပလား?။

ရဒါက အနတ္တ-ဒုက္ခခန္ဓာ သူ့သဘော သူဆောင်ရွက်နေမှာဘဲ၊ ဒကာတို့အကြိုက် တခုမှမလိုက်ပါဘူး၊ အခု-ဝိညာဏ်လက်ရှိရထားလိုက်တော့ ဝိညာဏပစ္စယာ နာမရူပံ၊ ဆိုတဲ့အတိုင်း, ဝိညာဏ်နဲ့နာမ်ရုပ်-ခွဲလို့မရဘူး၊ အတူဖြစ်ကြတယ်၊ ဒီတော့— နာမရူပ ပစ္စယာ ဖဿာ၊ဖဿပစ္စယာ ဝေဒနာ၊ဝေဒနာပစ္စယာ တဏှာ, ဥပါဒါန်, ကံ, ဇာတိ, ဇရာ, မရဏာ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ ဆိုတဲ့ ဆင်းရဲအစု ဒုက္ခအစုကြီး ဆက်တိုက်လာမယ်၊ ကောင်းမလားလို့ ပြင်ကြ - ဆင်ကြပေမဲ့ မကောင်းပါဘူး — မကောင်းဆိုးဝါးဟူသမျှ ခွဲခွါလို့မရနိုင်ကြဘူး၊ ရိပ်မိပလား?။

ဒို့ဒကာတွေ ဒီမျက်မှောက်ဘဝမှာ ဝိညာဏ်ကစပီး ဖြစ်တာ၊ ရှေ့နှစ်ခု အဝိဇ္ဇာနဲ့သင်္ခါရက, အတိတ်ကဖြစ်ခဲ့တာ၊ အလယ်က အခုဖြစ်တာ၊ နောက်လာမဲ့ဟာတွေက နောက်ဆက်တိုက် အနာဂါတ်ဖြစ်ကြမှာ၊ အားလုံး ဒုက္ခအစုကြီးတွေဘဲ၊ ပဋိစ္စသမုပ္ပါဒ်လို့ သာဆိုတယ်၊ အမှန်ကတော့ ဒုက္ခအစုကြီးပါ။ ဘာမှ အပိုမပါဘူးဆိုဒါ ဆုံးဖြတ်ချက်ချ၊ နဂိုကမှမကောင်းတဲ့ဟာ ကောင်းအုံးမလားလို့ထင်ပီး ပြင်ကြဆင်ကြပေမဲ့လဲ မရပါဘူး၊ တခါပြင်, တခါထပ်ဆိုး၊ နှစ်ခါပြင်တော့-နှစ်ခါဆိုးဘိုဘဲရှိတယ်၊ သဘောပါပလား?။

မျက်လုံးကစလဲ ဒုက္ခအတန်းကြီး၊ နားပေါက်ကစလဲ ဒုက္ခအတန်းကြီး၊ ဘယ်ဒွါရကဘဲစစ, ဒုက္ခအတန်းကြီးချည့် လာမှာဘဲ၊ ရှင်းကြပလား? ဒီတော့- ဒကာ ဒကာမတွေ ဒီဒုက္ခတန်းကြီး ပြတ်အောင်, ဖြတ်တတ်ဘို့လိုတယ်၊ ဖြတ်တော့ ဉာဏ်နဲ့ဖြတ်ရမှာ အဲဒီဉာဏ်ရမှသာ လွတ်လမ်း, ကျွတ်လမ်းရကြမှာ၊ ဒီဉာဏ်မှ မရရင် ဒုက္ခလွတ်လမ်းမမြင်တော့ဘူး၊ ဒါကြောင့်, ဒီဉာဏ်ရအောင်, ဆရာဘုန်းကြီးက သင်ပြပေးနေဒါ ပေးထိုက်လို့ပေးရင် ယူထိုက်အောင်ယူလိုက်ကြလို့ သတိပေးလိုက်တယ်၊ ပေါ်ကြပလား?။

ဒကာတို့တတွေ ဘာကိုဘဲဖြစ်ဖြစ်အောင်လုပ်ကြ, လုပ်ကြ၊ လာမှာက ဒုက္ခအစဉ်တန်းကြီးလာမှာဘဲ၊ ဒီတော့- လုပ်သမျှ ကိုယ်ပိုင်ရမှာက ဒုက္ခသစ္စာရကြမှာပါ၊ ရိပ်မိကြပလား? ဖြစ်ပေါ်လာသမျှက ဒုက္ခသစ္စာ၊ ဖြစ်စေတဲ့အကြောင်းက သမုဒယသစ္စာ၊ ဒီနှင်မျိုးမှာ ပဋ်ချာလည်နေမှာဘဲ၊ ကြာလေနှစ်လေ,နှစ်ကြဘို့ဘဲရှိပါကယ်၊ ဒီတော့-ဒကာဒကာမတွေက အမှန်အကန်သိအောင်

လုပ်ရမယ်၊ သိဘို့အရေးကြီးတယ် ဆိုဒါ ဆုံးဖြတ်ချက်ချ၊ ဖြစ်စေတဲ့အကြောင်းက သမုဒယသစ္စာ၊ ပေါ်လာတဲ့အကျိုးက, ဒုက္ခသစ္စာ၊ ဒါကိုသိကြရမယ်။

ဘာကြောင့်, ညာကြောင့်,လို့ ကြောင့်ပါဒါ သမုဒယလို့ မှတ်ကြ၊ ဥပမာ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ် ဆိုတဲ့ နေရာမှာ၊ ဝိညာဏ်က သမုဒယသစ္စာ၊ နာမ်ရုပ်က ဒုက္ခသစ္စာ၊ နောက်ပီး, နာမ်ရုပ်ကြောင့် သဠာယတနဖြစ်တယ်၊ ဒီမှာကျတော့— နာမ်ရုပ်က သမုဒယသစ္စာ၊ သဠာယတနက ဒုက္ခသစ္စာ၊ ဒီသဘောအတိုင်းဘဲ ရှေက ဖြစ်စေတဲ့အကြောင်းက သမုဒယ၊ ဖြစ်လာတဲ့အကျိုးက ဒုက္ခသစ္စာ၊ ဆိုဒါဘဲလို့ သိကြရမယ်။

ဒီလို အကြောင်းအကျိုးအဆက်ဆက် ဖြစ်တာ ပျက်တာ သိရရင် ဘယ်လိုကျေးဇူးများသလဲ? ဒီသဘောအမှန်သိတော့.... "သေရင်ပြတ်တယ်" ဆိုဒါ မဟုတ်ပါလားလို့ ကိုယ်တိုင်ဧကန်သိရမယ်၊ မိမိဉာဏ်ထဲမှာ-- ကမ္မဘဝပစ္စယာ ဇာတိဘဲ၊ အော်.... အကြောင်းနဲ့အကျိုး ဆက်စပ်ပီးနေဘယ်၊ ဒါပေမဲ့- အကြောင်းကတော့ မလိုက် မပါဘူး၊ အကြောင်းနဲ့အကျိုး အဆက်ဆက် ဖြစ်ပျက်နေဒါပါကလား-လို့ အမှန်အကန် သိမြင်လာတောတယ်။

ဒါကိုသိရ ဉစ္စေဒအယူမရှိတော့ဘူး၊ သေရင်ပြတ်တယ်လို့ ယူတဲ့မိစ္ဆာအယူ ပြုတ်ပီလို့ မှတ်ကြ၊ သေရင် မပြတ်ဘူး- အကြောင်းအကျိုးဆက်နေဒါဘဲ၊ အကြောင်းအကျိုးမပြတ်ပါလားလို့ အမှန်သိရမယ်၊ သိရင်-ဒီမိစ္ဆာအယူစင်သွားဘီလို့ မှတ်ကြ၊

ရှင်းကြပလား? ဒီလိုသိတော့ သိတဲ့နေရာမှာ မသိမှုအဝိဇ္ဇာချုပ်သွားတယ်၊ အဝိဇ္ဇာချုပ်ရင် ဝိဇ္ဇာဖြစ်တာဘဲ၊ အဝိဇ္ဇာချုပ်တော့ သင်္ခါရချုပ်၊ သင်္ခါရချုပ်တော့ ဝိညာဏ်ချုပ်၊ နောက်လာမဲ့ ဒုက္ခအစုကြီးအကုန်ချုပ်သွားတော့တယ်၊ ရိပ်မိကြပလား? ။

အဝိဇ္ဇာချုပ်ဆိုဒါ- အဝိဇ္ဇာဖြစ်ပီး ပျက်သွားဒါကို ဆိုဒါမဟုတ်ဘူး၊ အမှန်အကန်မြင်ဒါကို ဆိုဒါ၊ ခန္ဓာထဲကြည့်တော့- အမှန်အတိုင်းမြင်ဒါကို ဆိုဒါလို့ မှတ်ကြ၊ အမှန်မြင်ဆိုဒါ ခန္ဓာမှာ ဝေဒနာပေါ်လာတယ်၊ အဲဒီ, ပေါ်လာတဲ့ဝေဒနာဟာ- ဖြစ်ပီးပျက်သွားတော့တယ်၊ ဒီအခါမှာ ဉာဏ်က, အော်.... ဝေဒနာဟာ ဖြစ်လဲဖြစ်တယ် ပျက်လဲပျက်တယ်ကိုးလို့ အမှန်မြင်ဒါကို ပြောဒါဘဲ၊ ဒကာ ဒကာမတွေ သဘောပါကြပလား? ။

ဒီလို- အမှန်အကန် မြင်တော့ အမှန်အကန် မြင်တဲ့သူမှာ- အဝိဇ္ဇာစတဲ့ ဒုက္ခအစုကြီးချုပ်သွားတယ်၊ ကျေနပ်ပလား? အမှန်အကန်မြင်တဲ့အကျိုးဟာ ဘယ်လောက်ကြီးမားတယ်, မျှားပြားတယ်ဆိုဒါ နှိုင်းစရာမရဘူး၊ အမှန်အကန်မြင်ဒါဟာ အဖြစ်အပျက်ကလေးကိုမြင်ဒါမို့ မဂ္ဂအမြင်, မဂ်အမြင်ဘဲ ဆိုဒါ ဆုံးဖြတ်ချက်ချ၊ အားကိုးဘို့မကောင်းကြဘူးလား? ကောင်းဒါသိရင် ကြိုးစားကြ၊ သာမညမျှားမမှတ်လိုက်ပါနဲ့၊ ဖြစ်တာနဲ့-ချုပ်တာမြင်ဒါဟာ မဂ်ရဒါဘဲ၊ ဒီအချုပ်ကိုတွေ့မြင်ရင် တခုချုပ်တော့ တခုချုပ်တာဘဲလို့ မြင်ရမယ်၊ တခုချုပ်ရင် နောက်တခုလဲ ချုပ်မယ်လို့ မြင်တော့ သဿတဒိဋ္ဌိ စင်သွားဘီလို့ မှတ်ကြ။

ဘုရားက " ဒီဟာကို သံသယမရှိအောင် မြင်လို့ရှိရင်၊ မင်္ဂ အမြင်ဘဲတဲ့၊ အကြောင်းဖြစ်ရင် အကျိုးဖြစ်တယ်၊ အကြောင်းချုပ်ရင် အကျိုးချုပ်တယ်လို့မြင်ရင် မင်္ဂအမြင်ပါဘဲတဲ့၊ ဒီအမြင်ဟာ, သဿတ အမြင်နဲ့ ဥစ္ဆေဒအမြင် နှစ်ခုမှလွတ်၍ ဒီနှစ်ခုကြားက မြင်တဲ့အမြင်ဖြစ်လို့ မင်္ဂအမြင်ဘဲလို့ ဟောတော်မူတယ်။

ဒကာ ဒကာမတွေ သဘောပါကြပလား? လေးလေးစားစားနဲ့ မှတ်ယူကြလို့ ပြောလိုက်ပါတယ်၊ မင်္ဂအမြင်ဆိုဒါ ဖြစ်တာကိုလဲမြင်ရမယ်၊ ပျက်တာကိုလဲမြင်ရမယ်၊ ရုပ်နာမ်တခုခုရဲ့-အဖြစ်နဲ့အပျက်ကို မြင်တဲ့အမြင်ဟာ မင်္ဂအမြင်ဘဲလို့ ဆုံးဖြတ်ချက်ချ၊ ရှင်းကြပလား? မင်္ဂအမြင်ဆိုဒါ သဿတအမြင်,ဥစ္ဆေဒအမြင်နှစ်ခုကြားထဲက ထိုးထွင်း, ဘောက်ဖျက်ပီး မြင်တဲ့အမြင်ဘဲလို့ မှတ်လိုက်ကြ။

သဿတ ဥစ္ဆေဒ ဆိုတဲ့ အမြင်နှစ်ခုမှာ ဒိဋ္ဌတွေအကုန်ဝင်နိုင်တယ်၊ ဒီနှစ်ခုကြားက ဖြတ်ဘောက်ပီး မြင်တာဆိုတော့ မင်္ဂအမြင်ဟာ ဒိဋ္ဌတွေအကုန်နှင်ထုတ်ပီး မြင်တဲ့အမြင်ဘဲလို့ ဆိုနိုင်တယ်၊ သဘောပါပလား? ဒါကြောင့်- ဒီအမြင်, မင်္ဂအမြင်ရအောင် ကြိုးစားကြလို့ တိုက်တွန်းလိုက်တယ်၊ ဒီအမြင်ရရင်— သာမညလူ မဟုတ်တော့ဘူး၊ အဆင့်အတန်း တက်သွားဘီ၊ ဒို့ဒကာ ဒကာမတွေအတွက်၊ ဒီ, လောက်မြင်ရင် လောကီမင်္ဂအမြင်ရကြဘီ ဆိုဒါ မှတ်ကြ၊ ဒိဋ္ဌအယူ-မိစ္ဆာအယူကတော့ လွတ်မြောက်ကြဘီလို့ ပြောလိုက်ပါတယ်။

ဒကာ,ဒကာမတွေ အခုအခါ မိမိတို့အသိဉာဏ်စင်ကြယ်သူး ဘီ ဒီလိုစင်ကြယ်သူးဒါတရားနာလို့စင်ကြယ်ဒါ၊ ဒီလိုစင်ဒါက အသိနဲ့စင်ဒါလို့မှတ်ထားကြ၊ ဒါလောက်နဲ့ ကျေနပ်နေလို့ မရသေးဘူး၊ တကယ်တန်းစိတ်မချရသေးဘူး၊ တကယ်တန်းစိတ်ချရအောင်, အားကိုးရအောင်, ဘယ်နည်းနဲ့စင်ရမလဲ? အားထုတ်ပီးစင်မှ တကယ်စိတ်ချရဘီ ဆိုဒါ မှတ်လိုက်ကြ၊ ဒီတော့-ဒကာ ဒကာမတွေ "အားထုတ်လို့စင်တဲ့-အစင်ကမှ ပိုပီးအရေးကြီးပါသေးလို့ ဆိုးဖြတ်ချက်ချ၊ သဘောပါပလား?။

ဒါကြောင့်, တရားလဲကြိုးစားနာယူကြ၊ တရားနာလို့သိတဲ့ အသိနဲ့လဲ တင်းတိမ်မနေကြနဲ့-တရားကိုလဲ အဟုတ်တန်းအားထုတ်ကြလို့ လေးလေးနက်နက် သတိပေးလိုက်ပါတယ်၊ ကျေနပ်ပလား? အသိရှင်းရုံနဲ့ဟာက ဉာတပရိညာဘဲ, ရှိသေးတယ်၊ သိမှုနဲ့-ဒိဋ္ဌိနှစ်ခု နှင်ပစ်လိုက်တာဘဲ ရှိသေးတယ်၊ ဒါနဲ့မပီးသေးဘူး လိုသေးတယ်၊ အားထုတ်မှုနဲ့ အသိရှင်းမှ "တိရဏ ပဟာန ပရိညာဖြစ်မယ်၊ အခုနာလို့ အသိရှင်းဒါက သုတမယ၊ အားထုတ်မှုနဲ့သိဒါက ပစ္စက္ခဓမ္မ ဖြစ်ကြမှာ၊ ရှင်းကြပလား? ပစ္စက္ခဓမ္မ ဖြစ်အောင်လုပ်ကြ။

အားထုတ်မှုနဲ့ရှင်းတော့.... ဒကာ ဒကာမတွေ မိမိတို့ဝမ်းထဲမှာ စိတ်ဝိညာဏ်ကလေးဖြစ်ပေါ်လာတယ် ဆိုပါတော့-- စိတ်ဝိညာဏ်လေးဖြစ်လာတော့ သူဟာ သစ်ါရကြောင့်ဖြစ်တာဘဲ၊ သစ်ါရပစ္စယာ ဝိညာဏံ၊ ဒါကိုဉာဏ်နဲ့ရှုမြင်ရမယ်၊ နောက်ဖြစ်စေတဲ့ သစ်ါရကလဲ-ဒုက္ခ၊ ဖြစ်ပေါ်လာတဲ့ အကျိုးဝိညာဏ်ဟာလဲ-ဒုက္ခဘဲလို့ ဉာဏ်ကရှုတော့ ဒုက္ခလေးဖြစ်ပီး, ဒုက္ခလေးချုပ်

သွားဒါ မြင်ရမယ်၊ ရိပ်မိပလား? ဝိညာဏ်စိတ်ကလေး တခုခု ဖြစ်ပေါ်လာတိုင်း ရှုညာဏ်လိုက်ပေးရမယ်၊ ရှုညာဏ်လိုက်ရင် လိုက်နိုင်သလောက် အမှန်အကန်မြင်ရမယ်။

ရှုတော့.... အကြောင်းက-သမုဒယသစ္စာ၊ အကျိုးက-ဒုက္ခသစ္စာ၊ အကျိုးဖြစ်ပေါ်ပီး ချုပ်သွားဒါကိုမြင်ရမယ်၊ အဲဒါ--ဒုက္ခဖြစ်ပီး, ဒုက္ခချုပ်သွားဒါဘဲလို့ သိရမယ်၊ သဘောပါပလား? ။

ဒကာ ဒကာမတွေ ကိုယ့်သန္တာန်မှာ ဉာဏ်နဲ့ကြည့်ရမယ်၊ ရုပ်ဘက်ကဘဲကြည့်ကြည့် ဝေဒနာဘဲကြည့်ကြည့်၊ စိတ်ဘက်ကနေကြည့်ကြည့် ဒုက္ခသစ္စာဘဲ၊ ဉာဏ်နဲ့ကြည့်ရင် ဒုက္ခသစ္စာအမှန်သိရမယ်၊ ဥပမာ- ခန္ဓာမှာဝေဒနာကလေး တခုပေါ်လာလဲ ဒီအတိုင်းပါဘဲ ဉာဏ်နဲ့ကြည့်ရင် ဖြစ်ပီး, ပျက်စီးသွားတဲ့သဘော ဖြစ်ပျက်ဒုက္ခသစ္စာဘဲမြင်ရမယ်၊ ရှင်းပလား? ဒါဟာ- အားထုတ်ယူမှ မြင်တဲ့အမြင်ဘဲလို့ မှတ်ကြ၊ အားမထုတ်ရင် ဒီအမြင်မရဘူး၊ ဒီအမြင်မှ ကိုယ်တိုင်ဒိဋ္ဌ- ပစ္စက္ခအမြင်ဘဲလို့ ဆုံးဖြတ်ချက်ချကြ၊ ကျေနပ်ပလား? ။

အဲဒီလို ပစ္စက္ခအမြင်ဖြစ်မှ သမ္မာဒိဋ္ဌိအမြင်ဖြစ်မယ်၊ ကိုယ်တိုင်ဒိဋ္ဌ ပစ္စက္ခမြင်မှသာ သမ္မာဒိဋ္ဌိအမြင်လို့ မှတ်လိုက်ကြ၊ ခန္ဓာမှာ ဝေဒနာလေးပေါ်လာရင် ဖယ်ကြောင့်ပေါ်လာတဲ့ဝေဒနာဘဲလို့ သိရမယ်၊ သူ့ကိုဖြစ်စေတဲ့- ဖယ်ဟာလဲ ဖြစ်ပီးပျက်တာဘဲ၊ ပေါ်လာတဲ့ဝေဒနာဟာလဲ ဖြစ်ပီးပျက်တာဘဲရှိတယ်၊ ဒီလို ဖြစ်ပီးပျက်တဲ့သဘောကိုလဲ ဉာဏ်နဲ့မြင်ရမယ်၊ ရိပ်မိပလား?

ဒီလို- ဖြစ်ပျက်မြင်တဲ့ အမြင်ဘဲဆိုဒါမှတ်ကြ၊ ဖြစ်ပျက်မမြင်သမျှ မင်္ဂအမြင်မရနိုင်ကြဘူး၊ ဒါကြောင့်- ဒကာ ဒကာမတွေ ပဌမဖြစ်ပျက်မြင်အောင် ကြည့်ပေးကြရမယ်၊ သဘောပါရဲ့လား? ။

ရူပ်ဖြစ်ဖြစ်, ဝေဒနာဖြစ်ဖြစ်, သညာဖြစ်ဖြစ်, သင်္ခါရဘဲဖြစ်ဖြစ်, ဝိညာဏ်ဘဲဖြစ်ဖြစ်၊ ရူပ်တရား,နာမ်တရားကလေး တခုခုရဲ့ဖြစ်ပျက်မြင်မှုဟာ မင်္ဂအမြင်ဘဲလို့ ဆုံးဖြတ်ချက်ချ၊ ရှင်းဘီနော် ဒါကြောင့်- ဒကာ ဒကာမတွေ့ မိမိခန္ဓာမှာ ဉာဏ်နဲ့ကြည့်ပေး၊ ရူပ်တွေ့-ရူပ်ရှု၊ ဝေဒနာတွေ့ရင်-ဝေဒနာဘဲရှု၊ ဝိညာဏ်တွေ့ရင် ဝိညာဏ်ရှု၊ အများမလိုဘူး၊ တခုထဲကို အမှန်အကန်သိအောင် စိုက်ရှုကြ၊ ဘာတွေ့တွေ့ရှုပေး ဖြစ်ပျက်မြင်သာ,ပဓာန၊ ဒီအမြင်ဟာ ခန္ဓာမှာ ဒုက္ခဖြစ်၍-ဒုက္ခချုပ်ကာ မြင်တဲ့အမြင်ဘဲလို့ ဆုံးဖြတ်ချက်ချ၊ ရှင်းကြပလား? ။

ဒီအမြင်ကို အားထုတ်မှု အလုပ်နဲ့ရှင်းမှ မြင်နိုင်ကြမယ်၊ အားထုတ်မှုမပါရင်-မရဘူး၊ ဒါကြောင့်-- ကိုးစားအားထုတ်ကြဘို့ တာဝန်ဟာ ဒို့တာဝန်ဘဲလို့ ရိပ်မိကြ၊ ပေါ်ကြပလား? ဘုန်းကြီးတို့တာဝန်က အသိမှန်ရအောင်, ရှင်းပေးခဲ့ဘီ၊ ကျန်တဲ့တာဝန်က ဒကာတို့တာဝန်၊ ကိုယ့်တာဝန်, ကိုယ်ကျေပြန်ကြလို့ သတိပေးလိုက်တယ်။ ။ရှုတော့-- ဖြစ်ဒုက္ခနဲ့ပျက်ဒုက္ခကို မြင်ရမယ်၊ အဲဒီ ရူပ်နာမ်ဖြစ်ပျက်ဒုက္ခက-ဒုက္ခသစ္စာ၊ မြင်ဒါက-မဂ္ဂသစ္စာ၊ မြင်းတုံးမှာ သမုဒယသေတယ် အဲဒါ သမုဒယသစ္စာ၊ သေတော့ ဒီနေရာမှာ နိရောဓပေါ်တယ်၊ အဲဒါ နိရောဓသစ္စာဘဲလို့ မှတ်ကြ၊ ကျေနပ်ပလား? ။

ကိုင်း, ယနေ့ နာရီစေ့သွားဘီ၊ နက်ဖြန်မှ ဆက်ကြစို့။

# မမွေရတနာ-မာတိကာ

## " အိပ်တတ်, နိုးတတ် သုနက္ခတ် တရားတော် "


အထူးမှတ်ရန်

ရုပ်နာမ်သင်္ခါရ မမြဲတဲ့ အနိစ္စမြင်လျှင်- သဿတဒိဋ္ဌိစင်သည်။
ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး အစဉ်အဆက်မြင်လျှင်.....
ဥစ္ဆေဒဒိဋ္ဌိ စင်သည်။
ဖြစ်ပျက်ဒုက္ခမြင်၍ ငါ့ကိုယ် ငါ့ဟာ မစဲလျှင် သက္ကာယဒိဋ္ဌိ-
စင်သည်။
ဤ-ဒိဋ္ဌိသုံးပါးစင်၍ စင်ကြယ်စွာမြင်မှသည် သောတာပတ္တိ
မဂ်အမြင်ဖြစ်သည်။

ဆောင်ပုဒ်

သဿတတုစ္ဆေဒ၊ လှုတ်ကင်းက၊ မဂ္ဂအမြင်မှတ်။
ဖြစ်ပျက်ဒုက္ခံ၊ သင်္ခါရံ၊ မြင်ပြန်မဂ်မြင်မြတ်။
မမြဲသိမြင်၊ သဿတစင်၊ မှန်မြင်တပါးမှတ်။
ကြောင်းကျိုးစဉ်ဆက်၊ ဥာဏ်မြင်သက်၊ ကွာပျက်ဥစ္ဆေဒတ်၊
ဖြစ်ပျက်ဆင်းရဲ၊ ငါမစဲ၊ ကွာရဲသက္ကာယတ်။
ဒိဋ္ဌိသုံးမြင်၊ လှုတ်ကင်းစင်၊ ဥာဏ်မြင်သောတာပတ်။

သတိရစေပါ၊

အိပ်ရာနိုးသော်၊ နိုးစိတ်ပေါ်၊ ဥာဏ်မြော်ရှုမှတ်ကြည့်။
မရှုမိကာ၊ အဝိဇ္ဇာ၊ ပဋိစ္စာ စဉ်တန်းလှည့်။

ရုပ်နာမ်ဖြစ်ပျက်၊ ရှုဉာဏ်စွက်၊ ဝင်္ဂစက်ချုပ်ငြိမ်း၏။
အိပ်နိုးကောင်းစွာ၊ မင်္ဂလာ၊ ဉာဏ်ဝါလှုလွှထည့်။
အိပ်တတ်နိုးတတ်၊ အကျင့်မြတ်၊ မပြတ်ဉာဏ်နှင့်ကြည့်။
မကျင့်ရှောင်လွှဲ၊ အကျိုးနဲ၊ ရောက်မြဲဒုဂ္ဂတိ။ ။

**တရားသခင်း။** ။ဒကာ ဒကာမတို့.... ဒီကနေ့မှာလဲ မနေ့က တရားကိုဘဲ ဆက်ရလိမ့်မယ်၊ ကစ္စာယန အနှယ် ရဟန်းတပါးက, မင်္ဂိအမြင်ကိုမေးလို့ ဘုရားရှင်က ဖြေပြတဲ့ အချက်ဘဲလို့ မှတ်ကြ၊ အဲဒီ, ရဟန်းက ဘုရားထံမှာ သွားပီး၊ အရှင်ဘုရား.... အဲဒီ,မင်္ဂလာရှိတဲ့အခါ မင်္ဂလာဏ်ဝမ်းထဲ ပေါ်တဲ့အခါ မြင်တဲ့အမြင်ကို ရှင်းပြပါဘုရားလို့ မေးလျှောက်တယ်လို့ မှတ်ကြ။

ဒကာ ဒကာမတွေကို ဘုရားကပြန်ဖြေတဲ့အဖြေကို အကျယ်ရှင်းပီး.... ဘုန်းကြီးကပြောပြလိမ့်မယ်၊ ဒကာ ဒကာမတွေ သိကြရမှာက မိမိတို့ အခု ရထားတဲ့ ခန္ဓာကြီးဟာ ပဋိစ္စသမုပ္ပါဒ် ခန္ဓာကြီးဘဲလို့ သိထားကြရမယ်၊ ပဋိစ္စသမုပ္ပါဒ် ခန္ဓာကြီးဖြစ်လေတော့- ဒကာတို့တတွေ အခု မျက်လုံးကလေး ဖွင့်လိုက်တယ် ဆိုရင်ဘဲ မြင်တယ်၊ မြင်စိတ်ပေါ်တယ်၊ မြင်တော့-မြင်ရင်, တွေ့ချင်၊ တွေ့ချင်လို့တွေ့ရတော့ အကောင်းအဆိုးရွေးချင်၊နောက်, သဘောကျဒါ, မကျဒါ တခုခုလာမယ်၊ ဒီကနေပီး, နောက် နောက် အကြောင်းအကျိုးတွေ ဆက်သွားတော့မယ်၊ သဘော ပါရဲ့လား?'။

တဏှာ နှစ်သက်တယ်၊ ဥပါဒါန်စွဲလမ်းတယ်၊ ကံ့ကမ္မဘဝ ဆိုပြီး သိမ်းဆည်းလိုက်တယ်၊ နောက်- ဇာတိစတဲ့ ဒုက္ခအစုကြီး ဆက်တိုက်ပွားတော့ဒါဘဲ၊ ရိပ်မိကြပလား? နားဖွင့်လဲ-ကြားစိတ်ပေါ်၊ ကြားလိုက်တော့ တွေ့ချင်တယ်၊ တွေ့တော့ အကောင်းအဆိုးရွေးချယ်၊ ကောင်းတော့ သဘောကျ၊ မကောင်းတော့-သဘောမကျ၊ နောက်- လိုချင်, နှစ်သက်, စွဲလမ်းစတဲ့ ပဋ္ဌိစ္စသမုပ္ပါဒ်တန်းကြီး စဉ်တိုက်လာမှာဘဲ၊ ဒီနည်းအတိုင်း-နှာခေါင်းပေါက်က လာလဲ-ပဋိစ္စသမုပ္ပါဒ်တန်းကြီး၊ လျှာပေါက်, ကိုယ်ပေါက်, စိတ်မနောပေါက် အတူတူဘဲ၊ အားလုံး ပဋိစ္စသမုပ္ပါဒ် ဒုက္ခတန်းကြီးတွေချည့် လာနေဒါဘဲ၊ သဘောပါကြပလား?။

ဒါကြောင့်-ဒကာ ဒကာမတို့ ခန္ဓာဟာ ရုပ်နာမ်အဆက်ဆက် အကြောင်းအကျိုး အစဉ်အတိုင်းဖြစ်နေတဲ့ ခန္ဓာကြီးဘဲလို့ မှတ်လိုက်ကြ၊ ရှင်းပလား? မျက်လုံးဖွင့်တော့ မြင်စိတ်ပေါ်-မြင်တော့ ကောင်းဒါဆိုရင် လိုချင်၊ လိုချင်ပီး-စွဲလမ်း, စသည်အားဖြင့် တန်းသွားတော့ဒါဘဲ၊ ကျေနပ်ပလား? ကျန်တဲ့ ငါးဒွါရ ငါးပေါက်ကလဲ ဒီနည်းပါဘဲ၊ ဒါကြောင့်- ဒကာ ဒကာမတွေ မိမိခန္ဓာမှာ ဘာပေါ်ပေါ် ပဋိစ္စသမုပ္ပါဒ်ဘဲ-လို့သာ မှတ်ကြ၊ ပေါ်ချင်ဒါပေါ်၊ ပေါ်လာသမျှဟာ ခန္ဓာပဋိစ္စသမုပ္ပါဒ်ချည့်ဘဲ ရှင်းပလား?။

ကိုယ့်သန္တာန်မှာ ဖြစ်ပေါ်နေတဲ့ ခန္ဓပဋိစ္စသမုပ္ပါဒ်ကို ဉာဏ်နဲ့ မြင်အောင် ရှင်းထားရမယ်၊ အမှန်မြင်အောင်ကြည့်ထားရမယ်၊ သိအောင်ကြိုးစားကြ၊ ရိပ်မိပလား? ဒကာ ဒကာမတွေ မနက်လင်းလာရင် အိပ်ရာကနိုးတယ်၊ နိုးတော့-နိုးစိတ်ပေါ်လာမယ်၊

အဲဒီအခါမှာ ကိုယ့်သန္တာန်မှာ ဖြစ်တဲ့ "နိုးစိတ်" ကိုယ့် ရုပ်နာမ် ကိုယ်သိရမယ်၊ တကယ်လို့ ကိုယ့်ရုပ်နာမ် ဖြစ်ပျက် ကိုမှ မတွေးမိတော့ဘူး မသိတော့ဘူးဆိုရင် အဲဒါ အဝိဇ္ဇာနဲ့ နိုးဒါဘဲလို့ မှတ်ကြ၊ အဝိဇ္ဇာနဲ့နိုးတော့ ပဋိစ္စသမုပ္ပါဒ် အစက စပီး လယ်သွားတော့ဒါဘဲ၊ ရှင်းပလား?။

ဘုရားက အဝိဇ္ဇာဟူသော အိပ်ပျော်ခြင်းမှ နိုးတယ်၊ ဒကာတို့ကတော့ အဝိဇ္ဇာနဲ့ အိပ်ကြတယ်၊ နိုးပေမဲ့လဲ ကိုယ့် ရုပ်နာမ် ဖြစ်ပျက်ကို မသိ၊ မတွေးမိလေတော့ အဝိဇ္ဇာနဲ့ နိုးကြရဒါဘဲ၊ ဘာမှထူးခြားချက် မပါပါဘူး၊ အိပ်ပျော်ဒါနဲ့ ဘာတူတူဘဲ အဝိဇ္ဇာချည့်ဖြစ်နေဒါဘဲ ရှိပါတယ်၊ ရိပ်မိကြ ရဲ့လား? ဒကာတို့ဟာက ဘယ်လိုအစားထဲကလဲလို့ မေးလိုက် ပါတယ်၊ နေရာတကာမှာ ဘုရားကို ဘဲ့တိုက်ပီး နေကြ ဒါလား? အရဲ့တိုက်ပီး နေကြဒါလား? လို့ ဆိုထိုက်, မဆို ထိုက်၊ ပေါ်ပလား?။

ကိုယ့်သန္တာန်မှာ ပေါ်တဲ့ရုပ်နာမ်ကို ဉာဏ်နဲ့ တွေးကြ၊ တွေးရမှာက နိုးတဲ့အခါ အိပ်ပျော်တဲ့ ရုပ်နာမ် မပါလာဘူး၊ အခုနိုးလို့ ခုပေါ်တဲ့ နိုးစိတ်ဟာလဲ ခုချုပ်သွားဒါဘဲ၊ ခုရုပ်နာမ် တွေလဲ ဖြစ်ပျက်တွေဘဲ လို့ အမှန်အကန် တွေးရမယ်၊ သိရ မယ်၊ သိအောင်ဉာဏ်နဲ့ကြည့်ပေးကြ၊ ဒကာ, ဒကာမတွေ, အိပ်ရာနိုးတော့ ကြံစိတ်, စီစိတ်တွေကလာတယ်, ကာယသင်္ခါရ ဝစီသင်္ခါရတွေ ဆက်တိုက်လာတော့ဒါဘဲ၊ အဲဒါဉာဏ်မပါလို့ ဉာဏ်နဲ့ မနိုးမိလို့ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ ဖြစ်တာဘဲ၊ ရိပ်မိပလား?။

အိပ်ရာနိုးတော့ နိုးစိတ်ပေါ်၊ ညာဏ်နဲ့ဖြစ်ပျက်ရှု၊ နောက်တမျိုးလာလဲ ညာဏ်နဲ့ ဖြစ်ပျက်ရှုပေး၊ ဒီလိုရှုပေးရင် အဝိဇ္ဇာမဝင်နိုင်ဘူး၊ အဝိဇ္ဇာအဝင်နဲ့ရင် နဲသလောက် သက်သာတယ်၊ ညာဏ်ဆိုတဲ့ ဝိဇ္ဇာမဝင်ရင်၊ ခုနပြောတဲ့ အဝိဇ္ဇာပစ္စယာ သင်္ခါရာ ဘဲရှိတယ်၊ သဘောပါကြပလား? ကိုယ့်အိပ်ရာထဲမှာ ဟိုလို့မ် ဒီလို့မ် လို့မ်တဲ့သဘောက ကာယသင်္ခါရတွေဘဲ၊ ကြံစိတ်တွေတွေးတော စိတ်တွေလာတော့ ဝစီသင်္ခါရတွေဘဲ၊ ဒါကြောင့်-- " ဝိတက္က ဝိစာရာ ဝစီသင်္ခါရာ " တဲ့၊ ကြံစီ စိတ်ကူးတဲ့ သဘောဟာ ဝစီသင်္ခါရဘဲလို့ ဟောတော်မူတယ်၊ ရှင်းပလား?။

ဒကာ, ဒကာမတွေ ကိုယ်အန္တရာယ်ကင်းချင်တော့ ပရိတ်ရွတ်ကြတယ်၊ ပရိတ်ရွတ်တော့ " သုနက္ခတ္တံ သုမင်္ဂလံ၊ သုပဘာတံ သုဟုဒ္ဒိတံ၊ စတဲ့ဂါထာကို ရွတ်ဆိုကြတယ်၊ ဂါထာသာ ရွတ်ကြဒါ ဒကာတို့ ကိုယ်တိုင်ကတော့ ကောင်းသောနိုးခြင်းမဖြစ်သေးဘူး၊ ကောင်းသောအိပ်ခြင်း၊ ကောင်းသောနိုးခြင်းဖြစ်ပါမှ၊ ကောင်းသောနက္ခတ် ကြုံရမယ်၊ ကောင်းသောမင်္ဂလာနဲ့ ပြည့်စုံကြမယ်၊ ဒါနဲ့ပြည့်စုံမှ အန္တရာယ် လုံခြုံမယ် ဆိုဒါ မှတ်လိုက်ကြ၊ ဒကာတို့ တတွေ့ ခုချိန်ကြအောင်, ကောင်းသောနိုးခြင်း မရှိကြသေးဘူးဆိုရင် တော်ပါ့မလား? စဉ်းစားကြ။

ဒကာတို့ အိပ်ရာကနိုးတဲ့အခါ ဒုက္ခကွန္ဓာသာ ဖြစ်မဲ့ ပဋိစ္စသမုပ္ပါဒ် အတန်းကြီးနဲ့ချည့် နိုးလာကြရတယ်၊ ဒီနေ့လဲ ဒီဒုက္ခအစုကြီးနဲ့ဘဲ နိုးလာကြတယ် ဆိုရင် ဘယ်ဖတ္တဲ့မျှား ကောင်းသောနိုးခြင်းဖြစ်ပါ့မလဲ၊ မဖြစ်ပါဘူး၊ ကြပ်ကြပ်စဉ်းစားကြပါ

အိပ်နေတော့လဲ-ငါ့ ဘာဖြစ်တယ်လို့ မသိကြ၊ နိုးလာတော့လဲ-ငါ့ ဘာဖြစ်တယ်လို့ မသိကြဘူး၊ ဒကာ ဒကာမတွေ့ အခုအချိန်ကြအောင်ဘဲ ဒီနံ့ည်းနဲ့-ဒီအတိုင်း အိပ်နေကြဒါပါ၊ ဒီနည်းနဲ့ အသေဖြစ်နေဒါဘဲရှိတယ်ဆိုရင် မမှားဘူး၊ ရိပ်မိကြရဲလား? ။

ဒီအခြေ, ဒီအနေနဲ့ဆိုတော့ အသက် ၅၀,၆၀ ရှိပီဆိုပေမဲ့လဲ မဟုတ်သေးဘူးလို့ မှတ်ရမယ်၊ အဝိဇ္ဇာနဲ့နေ အဝိဇ္ဇာနဲ့ အသေဖြစ်နေပီး အသက်တန်း နှုတ်နေလို့ အချိန်ကြာပေမဲ့ လူဖြစ်နေဒါမဟုတ်ဘူးလို့ မှတ်လိုက်ကြ၊ ကျေနပ်ပလား? အဝိဇ္ဇာက အသေကောင်လုပ်ထားတဲ့ အချိန်တွေကို လူဖြစ်တဲ့အချိန်လို့ ဆိုနိုင်ပါ့မလား? ဒီလိုအနှုတ်ခံရတဲ့အချိန်တွေဟာ ကိုယ်ကျိုးနဲတဲ့အချိန်တွေဘဲလို့ မှတ်ကြ၊ အိပ်ချိန်တွေဟာ အနှုတ်ခံရတဲ့အချိန်တွေ ဆိုဒါ ပေါ်ပလား? ။

ဒကာတို့မှာ အိပ်ချိန်က အသက်တန်းဘဝက်လောက် နှုတ်ယူလိုက်ပီ၊ ကိုယ်ကျိုး, ကိုယ်စီးပွားလုပ်ဘို့ အချိန်မကျန်တော့ဘူး၊ ဒီကြားထဲက ဒကာတို့တခွေမှာ မနက်လင်းလာဒါ ဒုက္ခအစုရောက်ဘို့-ရဘို့၊ အိပ်နေတော့လဲ ဘာမှအခိုပွါယ်မရှိဘူး၊ ဒီတော့ ဘယ်လိုဆိုကြမလဲ? ဒကာဘို့ဟာ "လူ့ထင်းဘုံး" တွေလားလို့ ဆိုထိုက်-မဆိုထိုက် စဉ်းစားကြ၊ ဒီအခြေ ဒီအနေမျိုးနဲ့ အသက်ရှေနေဒါ အလဟဿ, အချည်းအနှီးဘဲ၊ ဘာမျှ, အချိန်မစီးဘူးလို့ သာ ဆုံးဖြတ်ချက် ချလိုက်ကြ၊ နားလည်ကြပလား? နှုတ်တဲ့အချိန်ကများနေတော့ အချိန်သိတ်မရနိုင်တော့ဘူး။

ဒါကြောင့်- ဒကာ ဒကာမတွေ အိပ်ဘဲ့အခါ နိုးတဲ့အခါက-စပီး၊ ဉာဏ်ပါကြဘို့ အရေးကြီးတယ်၊ ဉာဏ်နဲ့ဖြစ်ပျက်ရှုပီး—အိပ်ကြလို့ သတိပေးလိုက်တယ်၊ ရှင်းကြပလား? ဒကာတို့တတွေ့ ကိုယ့်-ရုပ်နာမ်ဖြစ်ပျက်ကို ရှုပီး အိပ်ကြ-နိုးကြတော့၊ ဒါမှ မဟုတ်လို့ ရုပ်နာမ်ဖြစ်ပျက် မမြင်ဘဲနဲ့တော့ ကောင်းသောအိပ်ခြင်းလဲ မဟုတ်ဘူး၊ ကောင်းသောနိုးခြင်းလဲ မဟုတ်ကြဘူး-လို့ မှတ်လိုက်ကြ၊ ဒီလိုဆိုတော့- ဒကာ ဒကာမတွေ အခု-နေကြဒါဟာ မကောင်းသောအိပ်ခြင်း၊ မကောင်းသောနိုးခြင်းနဲ့-နေကြရဒါဘဲဆိုရင် မလဲ့ပါဘူး၊ ရိပ်မိပလား? ။

ဒီလိုဆိုတော့- ဒကာတို့တတွေ့ မနုဿတ္တဆိုတဲ့ ဒုလ္လဘဆုကြီးကြိုးစားပန်းစားနဲ့ တောင်းယူလို့ ရလာဒါဟာ အလကားနေမှာဘဲ၊ ဘာမှတန်ဘိုးမရှိနိုင်တော့ဘူး၊ နိုးဒါနဲ့-အိပ်တာဘဲ ရှိတော့ဒါဘဲ၊ ပေါ်ကြပလား? ဒကာတို့ လေးလေးနက်နက် စဉ်းစားကြ၊ ကိုယ်တိုင် ဘယ်အခြေရောက်နေပလဲဆိုဒါ မြင်ကြမယ်၊ နိုးလာမ်းက ဒုက္ခရောက်အောင်လို့ နိုးဒါ၊ အိပ်ခြင်းက အသက်တန်းနှုတ်အောင်လို့ အိပ်တာဘဲရှိတယ်၊ ကောင်းဒါတက္ကက်မှ မပါပါဘူး၊ အသက်တန်းတိုတိုနဲ့ ဒုက္ခရောက်ပီး သေခြင်းဆိုးသေရပါလို့၏-လို့ ဆိုဒါနဲ့ မခြားပါဘူး၊ ရိပ်မိကြရဲ့လား? ။

ဒုါနဲ့မျှား- ဒကာတို့ဟာ ရွတ်လိုက်ရတဲ့ ပုဗ္ဗဏှသုတ်၊ ပြောဘဲ့မပြောချင်တော့ဘူး၊ ရွတ်လိုက်ရတာ "သုနက္ခတ္တံ - သုမင်္ဂလံ၊ သုပဘာတံ သုဟုဋ္ဌိတံ" တဲ့၊ ကောင်းသောနက္ခတ်၊ ကောင်းသောမင်္ဂလာ၊ ကောင်းသော နံနက်မိုးသောက်၊ ကောင်းသောနိုးခြင်းနဲ့ ပါးစပ်ကရွတ်နေပေမဲ့ ဒကာဘို့ဟာက တခုမှကောင်း

သောနိုးခြင်းကို မပါကြပါဘူး၊ ရိပ်မိပလား? ကောင်းသော နက္ခတ်, ကောင်းသောမင်္ဂလာ ဖြစ်ပါအုံးမလား? မဖြစ်ပါဘူး၊ ဒီတော့- အိပ်တဲ့အခါ ကောင်းသောအိပ်ခြင်း ဖြစ်အောင် ရုပ် နာမ်ဖြစ်ပျက်ရှုပီး အိပ်ကြ၊ နိုးဘဲ့အခါလဲ ရှု'ကြ။

ဒီလိုမှ ရုပ်နာမ်ဖြစ်ပျက် ရှုမအိပ်ကြရင်-ရှုပီးမနိုးကြရင် ဒကာ ဒကာမတွေဟာ အနေဆိုးနေပီး, အသေဆိုးသေကြရမယ် ဆိုဒါ ယုံမှားမရှိကြနဲ့ မုချဘဲလို့ သာ မှတ်ကြတော့၊ ကျေနပ်ပလား? အသေဆိုး,အနေဆိုး မကုံချင်ကြဒါမှန်ရင်ဖြင့် လိုက်နာကြလို့ တိုက်တွန်းလိုက်တယ်၊ ရှုပီးအိပ်, ရှုပီးထတဲ့, အခါကျတော့.... ပဋိစ္စသမုပ္ပါဒ် ဒုက္ခတန်းကြီးမလာတော့ဘူး၊ ပဋိစ္စသမုပ္ပါဒ် ဒုက္ခ စက်ဝန်းပြတ်တယ်၊ ရှုမိရင်, ရှုတဲ့နေရာက စ,ပြတ်တာဘဲ၊ ပဋိစ္စ သမုပ္ပါဒ်ပြတ်ရင် နိဗ္ဗာန်ရဘို့သေချာဘိ၊ ဒကာတို့- ဥာဏ်အား ကောင်းရင်, ကောင်းသလောက် အနှေးနဲ့အမြန် ဧကန်ရတော့ မယ်ဆိုဒါ မှတ်လိုက်ကြ။

ဒကာ ဒကာမတို့- "နိဗ္ဗာန်ရ,ရပါလို၏-နိဗ္ဗာန်ရ,ရပါလို၏" နဲ့,လုပ်မနေကြနဲ့တော့၊ နိဗ္ဗာန်ရချင်ဒါ တကယ်မှန်ဒါကြောင့်- ဒီက နေ့က စပီး အိပ်ဘတ်,နိုးတတ်အောင် လုလွှစိုက်ကြ၊ အိပ်တတ် နိုးတတ်ကြတော့လို့ တိုက်တွန်းလိုက်ဘယ်၊ ဒကာ ဒကာမတို့- ဘုရားရှင်က "ခဝရဏပရိတ်" မှာ ဟောထားတယ်၊ "သူ-ဘယ် တော့မှ ဝိပဿနာ ဖြစ်ပျက်နဲ့မကင်းဘူး" တဲ့၊ "သဗ္ဗံ ကာယ ကမ္မံ ဥာဏပုဗ္ဗင်္ဂမံ ဥာဏာနုပရိဝတ္တံ၊ သဗ္ဗံ ဝစီကမ္မံ ဥာဏ ပုဗ္ဗင်္ဂမံ ဥာဏာနုပရိဝတ္တံ၊ သဗ္ဗံ မနောကမ္မံ ဥာဏပုဗ္ဗင်္ဂမံ ဥာဏာ နုပရိဝတ္တံ" တဲ့၊ ဘုရားက- ကံသုံးပါးလုံးမှာ အမြဲတန်းဥာဏ် ပါတယ်၊ ဘယ်ခတော့မှဥာဏ်နဲ့မကင်းဘူး" တဲ့၊ ရှင်းကြပလား? အမြဲတန်း ဝိပဿနာဖြစ်ပျက်နဲ့ နေတယ်လို့ မှတ်ကြ။

ဒါကြောင့်၊ ဒကာ ဒကာမတွေ ဒီကနေ့ကစပြီး၊ကောင်းသော အိပ်ခြင်း၊ ကောင်းသောနိုးခြင်းဖြစ်အောင်, ဝိပဿနာဖြစ်ပျက် ရှုပြီး အိပ်ကြ၊ ဝိပဿနာဖြစ်ပျက်နဲ့နေကြလို့ သတိပေးလိုက်တယ်၊ ဒကာတို့တတွေ ကိုယ်တိုင်က, ကောင်းအောင်မလုပ်ရင်-ကောင်းသောနကွတ်ကြုံပါ့မလား? စဉ်းစားကြ၊ သူနကွတ်တံ့-သူမင်္ဂလံ ဆိုဒါဟာ၊ ကောင်းကင်ကဟာ ဆိုဒါမဟုတ်ဘူးလို့ မှတ်ကြ၊ ကောင်းတဲ့အလုပ်အကိုင်၊ ကောင်းတဲ့ အပြောအဆိုနဲ့ ကောင်းတဲ့စိတ်နှလုံးကိုသာ ဆိုဒါဘဲ၊ ကျေနပ်ပလား?။

ဒကာတို့တတွေက ပုဏ္ဏားသဘောကျအောင် လိုက်ရုံနေကြ အားပေးအားမြှောက် လုပ်နေကြတယ်၊ သဘောပါပလား? အမှန်စင်စစ်က ကောင်းသောစိတ်နှလုံး၊ ကောင်းသော အကြံအစီကို သူနကွတ်, သူမင်္ဂလာ ခေါ်ဒါပါ၊ ကိုယ့်ဝမ်းထဲက ကောင်းဒါတခုမှမပါရင် သူနကွတ်, သူမင်္ဂလာ ကောင်းသောနကွတ် မင်္ဂလာ မလာနိုင်ဘူးဆိုဒါ တထစ်ချမှတ်လိုက်ကြ၊ ရှင်းကြပလား? ဒကာတို့ဟာ နောက်ကို ပုဏ္ဏားအရုံ နောက်လိုက်အလုပ်တွေ ရှောင်ကြလို့ ပြောလိုက်ပါတယ်။

ဒါကြောင့် ဒီကရှေ့ သူနကွတ်, သူမင်္ဂလာဖြစ်အောင်, မိမိခန္ဓာမှာ ဉာဏ်နဲ့ကြည့်ပေးကြ၊ ဉာဏ်နဲ့ကြည့်ရင် ရုပ်နာမ်သင်္ခါရဖြစ်ပျက်အရှိကို အမှန်အကန်သိရမယ်၊ သိရင် ကောင်းသောနကွတ်, မင်္ဂလာဖြစ်ပီလို့ ဆုံးဖြတ်ချက်ချ၊ ကျေနပ်ပလား? သင်္ခါရဆိုဒါ ပြုပြင်တဲ့အကြောင်းရှိလို့ ပေါ်လာဒါ ပြုပြင်မှ ပေါ်လာတဲ့တရားဟာ သင်္ခါရလို့မှတ်ကြ၊ ဒီလို ပြုပြင်လို့ပေါ်လာတဲ့ သင်္ခါရဟာမမြဲဘူး၊ အနိစ္စချည့်ဘဲ၊ ဖြစ်ပျက်ဘဲရှိမါတယ်

လို့ ဟောတော်မူတယ်၊ ဒါကြောင့် "အနိစ္စာ ဝတ သင်္ခါရာ ဥပ္ပါဒဝယ ဓမ္မိနောလို့ ဆိုဒါဘဲ၊ သဘောပါကြပလား ? ။

သင်္ခါရဆိုဒါ အကြောင်းကြောင့်ဖြစ်ပေါ်ရဒါ၊ ဒါကြောင့်-ပစ္စယာလို့ ဆိုတယ်၊ ပစ္စယာဆိုတဲ့စကားလုံး ပါဒါဟူသရွေ့ သင်္ခါရချည့်ဘဲလို့မှတ်ကြ၊ ရှင်းပလား ? မိမိခန္ဓာဥာဏ်နဲ့ကြည့်တော့ သားစိတ်ကလေးပေါ်တယ်ဆိုရင် သားကပြုပြင်လို့ပေါ်လာဒါမို့ အဲဒီပေါ်လာတဲ့- "သားစိတ်" ကလေးဟာ သင်္ခါရဘဲ၊ သူ့ကိုဥာဏ်နဲ့အကဲခပ်လိုက်တော့ ပေါ်လာပီးပျောက်သွားတော့ဒါဘဲရှိတယ် ဖြစ်ပီးပျက်တာဘဲရှိတယ်လို့ မှတ်ကြ၊နောက်လဲ-အကြောင်းကပြုပြင်ပေးရင် ဆိုင်ရာဆိုင်ရာ သင်္ခါရတွေပေါ်မယ်၊ ပေါ်လာသမျှအားလုံးဟာ ပျက်သွားတဲ့အနိစ္စချည့်ဘဲရှိတယ်၊ ရိပ်မိပလား ? ။

ဒါကြောင့်- ပစ္စယာပါဒါဟူသရွေ့ - သင်္ခါရချည့်ဘဲလို့ မှတ်ကြ၊ ဒကာတို့သိဘို့က အခုပေါ်ဒါလဲ့-သင်္ခါရ၊ ချုပ်သွားဒါလဲ့ သင်္ခါရ၊ နောက်ပေါ်မှာလဲ့-သင်္ခါရ၊ အားလုံးသင်္ခါရချည့်ဘဲလို့ သိကြရမယ်၊ ရှင်းကြပလား ? ဒကာ ဒကာမတွေ သာသနာအယူနဲ့ ဥစ္ဆေဒအယူ ဒီအယူမှားနှစ်ခုရဲ့ကြားထဲက ဘွားရမှာမို့ သင်္ခါရကိုမြင်ဘို့အရေးကြီးတယ်-လို့ စဲ့စဲ့မြဲမြဲကြီးမှတ်လိုက်ကြ၊ မှတ်မိကြပလား ? ဒီသင်္ခါရဟာ ဖြစ်လဲ့ဖြစ်တယ်၊ ပျက်လဲ့ပျက်တယ်လို့ သိကြရမယ်၊ သဘောပါပလား ? ။

ဒီသင်္ခါရဟာ အကြောင်းကပြုပြင်လို့ ပေါ်လာတဲ့တရားဘဲ၊ ဒီပေါ်လာတဲ့ သင်္ခါရတရားဟာလဲ၊ ဖြစ်လဲ့ဖြစ်တာဘဲ၊ ပျက်လဲ

ပျက်တာဘဲ၊ ပေါ်လာသမျှဟာ ဒီ, အဖြစ်နဲ့အပျက်မှာ လမ်းဆုံးရဒါချည့်ဘဲလို့ သိရမယ်၊ ဒီလိုသိရင် သမ္မာဒိဋ္ဌိအမြင်ဘဲလို့သာ မှတ်ကြတော့-ရှင်းပလား? ဒီလိုမြင်တဲ့ အမြင်ဟာ သဿတ, ဥစ္ဆေဒနှစ်ခုကြားထဲက ဖေါက်ထွင်းပီးမြင်ဒါဖြစ်လို့ သမ္မာဒိဋ္ဌိအမြင်ပါဘဲ၊ ကျေနပ်ပလား? သဿတ, ဥစ္ဆေဒအမြင်နှစ်ခုကလွှတ်ရင် စင်ကြယ်တဲ့အမြင်၊ မင်္ဂ, အမြင်ဘဲလို့သာ မှတ်လိုက်ကြ။ ။အမှန်အရှိက ဖြစ်ဒုက္ခနဲ့ပျက်ဒုက္ခသာ ရှိပါကလား လို့ သိရင် မင်္ဂ, အမြင်ဘဲလို့ ဆုံးဖြတ်ချက်ချ။

ဒကာ ဒကာမတွေ သဘောပါကြပလား? အရေးကြီးတဲ့အချက်က ဖြစ်ပျက်မြင်ဘို့ဘဲဆိုဒါ ပေါ်ကြပလား? ဒါကြောင့်--မိမိခန္ဓာမှာ ဉာဏ်နဲ့ကြည့်ပေးကြ၊ စိတ်, ကိုက်ရင်-စိတ်ကိုကြည့်ပေး၊ ဝေဒနာကိုက်ရင် ဝေဒနာကြည့်၊ ကိုက်တာတခုခုကို ဉာဏ်နဲ့ကြည့်၊ ဖြစ်ပျက်မြင်အောင်ကြည့်ဘို့သာ အဓိကအချက်ဘဲလို့မှတ်ကြ၊ ဖြစ်ပျက်မြင်အောင် ဉာဏ်နဲ့ကြည့်တော့ ခန္ဓာမှာ ဒုက္ခဖြစ်တာနဲ့ ဒုက္ခပျက်တာဘဲမြင်ရမယ်၊ ရှင်းကြပလား? ဒါကြောင့် ပဌမဆုံးအနေနဲ့ ဖြစ်တာနဲ့ ပျက်တာနဲ့ မြင်နိုင်ဘို့၊ မြင်အောင်ကြည့်ဘို့ဟာ အဓိကအချက်ဘဲလို့ မှတ်ကြ၊ သဘောပါပလား?။

မိမိခန္ဓာမှာ ဉာဏ်နဲ့ကြည့်လို့ ရုပ်နာမ်, ဖြစ်ပျက် အနိစ္စမြင်ရင်, သိရင်မည့်တော့ဘူး၊ ဖြစ်ပျက်မြင်ရင် အာဂ, လူဘဲလို့ ဆုံးဖြတ်ချက်ချ၊ ရိပ်မိပလား? ရုပ်နာမ်သဒ္ဒါရ- မမြဲဒါသိတော့ သဿတ စင်တယ်၊ ဆက်မှားအယူစင်ကြယ်သွားဘီ၊ ရုပ်နာမ်သဒ္ဒါရ အကြောင်းအကျိုး အဆက်ဆက်မြင်တော့- ဥစ္ဆေဒဝင်

တယ်၊ ပြတ်မှားအယူစင်ကြယ်သွားဘီ၊ ဖြစ်ဒုက္ခ-ပျက်ဒုက္ခမြင်လို့ ငါ့ကိုယ်, ငါ့ဟာ, စဲ့စရာမရှိတော့ဘူး၊ မရှိလို့- ငါ့ကိုယ်, ငါ့ဟာ မစဲ့တော့ သက္ကာယဒိဋ္ဌိပါ စင်သွားရော၊ ဒီလို-ဖြစ်ပျက်မြင်ဒါနဲ့- သဿတ, ဥစ္ဆေဒ, သက္ကာယဆိုတဲ့ ဒိဋ္ဌိသုံးလုံး တခါထဲ စင်သွားတော့တယ်၊ သဘောပါပလား ? ။

ဒီ, ဒိဋ္ဌိသုံးလုံးစင်ပီး- မြင်တဲ့အမြင်ဟာ သောတာပန်အမြင်ပါဘဲ၊ ဒကာ ဒကာမတွေ ကျေနပ်ပလား ? ဒီလိုမြင်တဲ့ ဥာဏ်အမြင်ဖြစ်ရင် သောတာပန်အမြင်ဘဲလို့သာ ဆုံးဖြတ်ချက်ချကြ၊ ရှင်းပလား ? ဖြစ်ဒုက္ခနဲ့, ပျက်ဒုက္ခကိုမြင်နေရင်၊ မြင်နေဒါဟာ ဒုက္ခသစ္စာကို ပိုင်းခြားဒါဘဲ၊ ဒုက္ခသစ္စာကို ပိုင်းခြားတယ်ဆိုဒါ ဖြစ်ဒုက္ခ,ပျက်ဒုက္ခကို ဥာဏ်နဲ့မြင်နေဒါကို ဆိုဒါဘဲလို့ မှတ်ကြ၊ ရိပ်မိကြပလား ? အဲဒီအခါမှာ....

အပိုင်းအခြားခံရတာက, အပိုင်းအခြားခံရတဲ့ ဖြစ်ပျက်သဒ်ါရက- ဒုက္ခသစ္စာ။

ဒီဖြစ်ပျက်ဒုက္ခသစ္စာကို ပိုင်းခြားတဲ့ - ပိုင်းခြားပီး သိတဲ့ ဥာဏ်က- မဂ္ဂသစ္စာ။

ဥာဏ်က ပိုင်းခြားနေတဲ့အခါ သမုဒယ ချုပ်နေတယ်၊ အဲဒါ- သမုဒယသစ္စာ။

ဥာဏ်နဲ့ပိုင်းခြားနေတဲ့အခါ နောက်က- ပဋိစ္စသမုပ္ပါဒ် ခန္ဓာမလာဘူး၊ အဲဒါ-- နိရောဓသစ္စာ။

နောက်က ပဋိစ္စသမုပ္ပါဒ် ခန္ဓာမလာတော့ "ခန္ဓာနိရောဓော နိဗ္ဗာနံ" ဘဲ၊ ရှင်းကြပလား? ဒကာ ဒကာမတို့ ဘလောက် များနေရာကျသွားသလဲ? ဖြစ်ပျက်မြင်မှုဟာ တန်ဘိုးမဖြတ် နိုင်ပါကလား၊ ဒါကိုသိပီးတော့ ဖြစ်ပျက်မြင်ဘို့အရေးဟာ.... ဒို့အရေးဘဲလို့ မှတ်လိုက်ကြ၊ ဖြစ်ပျက်မြင်ဒါဟာ ဒုက္ခသစ္စာ ပိုင်းခြားဒါဘဲ - ရှင်းပလား? ဒီတော့- ဒကာ ဒကာမတို့.... "ဒုက္ခသစ္စာ ပိုင်းခြားနေဘို့အလုပ်ဟာ ဒို့အလုပ်ဘဲလို့ ဆုံးဖြတ် ချက်ချကြ၊ ဆုံးဖြတ်ပီးတော့- တကယ်တန်း အားထုတ်ကြလို့- တိုက်တွန်းလိုက်တယ်၊ ကြိုးစားကြ။

ရုပ်နာမ်သင်္ခါရ အပျက်မြင်ရင်.... သဿတသေတယ်။
ရုပ်နာမ်သင်္ခါရ အဖြစ်မြင်ရင်.... ဥစ္ဆေဒသေတယ်။
ဖြစ်ပျက်မြင်လို့ ငါမထင်ရင်.... သက္ကာယသေတယ်။

ဖြစ်ပျက်မြင်ဒါက လောကီမဂ်အမြင်၊ အော်, ခန္ဓာမှာ ဖြစ် ပျက်ဒုက္ခသာ ရှိပါကလားလို့- ဖြစ်ဒုက္ခ,ပျက်ဒုက္ခကို ပိုင်းခြားပီး ပျောက်သွားအောင် မြင်တဲ့အမြင်ဟာ, လောကုတ္တရာမဂ်အမြင် ဘဲလို့မှတ်၊ ဒုက္ခကြီးပျောက်သွားအောင် မြင်တဲ့အမြင်ဟာ— လောကုတ္တရာ မဂ်အမြင်ဘဲလို့ မှတ်လိုက်ကြ၊ ရှင်းပလား? မဂ် အမြင်နှစ်မျိုး- လောကီမြင်-နဲ့-လောကုတ္တရာမြင် ကွဲပြားပုံ-ခြား နားပုံကိုလဲ အထူး သိမှတ်ထားကြရမယ်၊ လောကီမြင်က- မဂ္ဂင်ငါးပါး၊ လောကုတ္တရာမြင်နဲ့မှ ရှစ်ပါးပြည့်မယ်၊ အဲဒါကမှ စိတ်ချရုမယ်၊ သဘောပါပလား? ။

မိမိခန္ဓာမှာ ဘာပေါ်ပေါ် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်၊ ပေါ်လာသမျှ ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခဘဲ ရှိဒါဘဲလို့ သိနေရမယ်၊ သိအောင်ဉာဏ်နဲ့ မလွတ်တန်းရှုမှတ်ပေးရမယ်၊ ရိပ်မိပလား? ဒီလိုနဲ့ တစတစ ဉာဏ်တိုးတက်ပီး ထက်သန်လာတော့ မဂ်ဉာဏ်ရတော့မယ်၊ ဒီအလုပ်ဟာ ပဌမတော့- လောကီမဂ်အမြင်မှန်နဲ့ နောက်- လောကုတ္တရာမဂ်အမြင်မှန်၊ ဒီနှစ်မျိုးဘဲလို့ မှတ်ထားကြ၊ ပဌမ- ဖြစ်ပျက်တွေ့ အများမြင်မယ်- တွေ့မယ်၊ နောက်, ဒုတိယ ဖြစ်ပျက်တွေ့ဟာ ဖြတ်ကနဲဆို, ပျောက်သွားတယ်၊ ပျောက်သွားလို့ ဖြစ်ပျက်ဒုက္ခ ချုပ်တဲ့နေရာမှာ နိဗ္ဗာန်ပေါ်လာမယ်၊ ရှင်းကြပလား?။

ဖြစ်ပျက်တွေ့ကို ရှုနေရင်းက တနေရာမှာ ဖြတ်ကနဲဆို ချုပ်သွားတော့-- နောက်က ဒိဋ္ဌစတဲ့ ကိလေသာတွေ့ချုပ်၊ ပဋိစ္စသမုပ္ပါဒ် ခန္ဓာပါချုပ်မယ်၊ ကိလေသာနဲ့ခန္ဓာ နှစ်ခုလုံးပြိုင်ချုပ်တယ်၊ ဒီပြိုင်ချုပ်တဲ့နေရာမှာ နိရောဓနဲ့မဂ္ဂ ပြိုင်ပေါ်လာကြတယ်၊ ရှင်းကြပလား? ဒါကြောင့်- ဒကာ ဒကာမတွေ့ ပဌမ-မိမိခန္ဓာဖြစ်ပျက်မြင်အောင် ဉာဏ်နဲ့ကြည့်ပေးဘို့၊ နောက်, ဖြစ်ပျက်မြင်, နောက်, အများအပြားမြင်၊ မြင်တဲ့အတိုင်း ဆုံးအောင်ဆက်လိုက်၊ လိုက်တော့- ဉာဏ်အားလျော်စွာ အနှေးအမြန်ဆိုသလို့ ဆုံးတော့ဒါဘဲ၊ ဆုံးရင် သစ္စာလေးချက်, တပြိုင်နက်ကိစ္စပီးဒါဘဲ ကျေနပ်ပလား?။

ဒါကို ဒကာ ဒကာမတွေ့က ကိုယ်တိုင်ဖျင်းဒါ ကိုယ်မရိပ်မိကြဘူး၊ ပါရမီလွဲချလို့ချ၊ နောက်ဘုရားမှ ဆိုလိုဆို၊ ကိုယ်အသုံးမကျဒါ ကိုယ်မသိကြဘူး၊ ဆင်ခြေထူဒါနဲ့ အပါယ်စာချည့်

ဖြစ်ခဲ့ကြရတယ်၊ နောက်, ဆင်ခြေစကားမပြောကြနဲ့တော့ အခု လုပ်ရင် အခုရမယ်ဆိုဒါ ပြောလိုက်ပါတယ်၊ အားမရှော့ကြနဲ့ ကြိုးစားယူကြ၊ အခြိန်က သိတ်မရှိတော့ဘူး၊ ရိပ်မိကြရဲ့လား ? ။

ဒကာ ဒကာမတွေ သံသယမရှိကြနဲ့တော့- ဘယ်အခြိန်မှာမ ဆို၊ ဘယ်သူဘဲဖြစ်ဖြစ် လုပ်ရင် ရရမယ်ဆိုဒါ မှတ်လိုက်ကြ၊ ဒါ ဟာ အလွတ်ပြောဒါ မဟုတ် ပါဘူး၊ မြတ်စွာ ဘုရား သခင် ပရိနိဗ္ဗာန် ဝင်စံတော်မူခါနီးအခြိန်မှာ သုဘဒ္ဒပရိဗိုဇ်ရောက်လာ တယ်၊ ဘုရားရှင်ထံ- သုဘဒ်ဝင်လာပီးတော့ လျှောက်ထားမေး မြန်းတယ်.... အဲဒါ- နောင်လာ,နောက်သား ·တပည့်သာဝက, ဒကာ ဒကာမတွေအတွက်၊ အားကိုးစရာအချက်ဘဲလို့ မှတ်ကြ၊ သုဘဒိုက " အရှင်ဘုရား- အရှင်မရှိတဲ့ နောက်အခါမှာ အရိယာ ကွယ်မှာပါကလားဘုရား " လို့ လျှောက်ထားတယ်၊ ဒီတော့ ဘုရားက....

" အိုသုဘဒ် သစ္စာတရားကို ဟောပြတတ်တဲ့ ဆရာနဲ့ ကောင်းစွာ ကျင့်ကြံ အားထုတ်သူရှိရင် အရိယာ အခြိန်မရွေး ရှိနိုင်တယ်၊ ဘယ်တော့မှရဟန္တာ မဆိတ် သုဉ်းနိုင်ဘူး " ဆိုတဲ့၊ အဓိပ္ပါယ်စကားကို မိန့်ကြားတော်မူလိုက်တယ်၊ ရှင်းကြပလား ? ။

" ဣမေစ သုဘဒ္ဒ ဘိက္ခူ။ သမ္မာ ဝိဟရေယျုံ အသုညော လောကော အရဟန္တေဟိ အဿ၊ " တဲ့· ကျေနပ်ပလား ? ဒါကြောင့်- ဒကာ ဒကာမတွေ၊ ကြိုးစားဘို့သာ ဒီတာဝန်ဘဲလို့ ဆုံးဖြတ်ချက်ချ။

ဘုရားကလဲ သူ့တာဝန် သူကျေပြန်အောင် ဆောင်ရွက်ပေးခဲ့ပီ၊ ဆရာသမားကလဲ အခုဆောင်ရွက်ပေးနေတယ်၊ ဒကာတို့တာဝန်တခုဘဲ ကျန်တော့တယ် ဆိုဒဲ့ဂါ ရိပ်မိပလား? ဘုရားမရှိလို့မဟုတ်ဘူး၊ ဘုရားလဲရှိတယ်၊ တရားလဲရှိတယ်၊ ဆရာသမားလဲရှိတယ်၊ အချိန်အခါလဲကောင်းတယ် ဘာမျှးလိုဒါရှိသေးတုံး? အားလုံး ညီညွတ်ပြည့်စုံနေကြဘီ၊ ဒကာတို့က မကျင့်ရင် ဆိတ်သုဉ်းမယ်၊ ဒကာတို့ ကျင့်ကြံအားထုတ်နေကြသမျှ-ဘယ်တော့မှ, မဆိတ်သုဉ်းနိုင်ဘူးဆိုဒါ မှတ်လိုက်ကြ၊ ပေါ်ကြပလား?။

အခုလို အချိန်အခါမျိုးမှာ ဘာမှပြောဘို့မရှိပါဘူး၊ နောင်အနှစ်ပေါင်း-- ၂၀၀၀, နှစ်ထောင်ကျော်မှာလာမဲ့ ဓာတုပရိနိဗ္ဗာန်ပဲ့မှာတောင်မှ အရိယာတွေ အမျှားအပြားပေါ်လာကြရအုံးမှာဘဲ၊ ဒီတော့- ခုအချိန်ဟာ အလွန်ကောင်းမွန်ပြည့်စုံတဲ့အချိန်ပါလားလို့ ဆုံးဖြတ်ချက်ချပီး ကြိုးစားအားထုတ်ကြပါလို့ လေးလေးနက်နက်ကြီး တိုက်တွန်းလိုက်တယ်။

ကိုင်း, ယနေ့ဒီတွင်ဘဲ တော်ကြအုံးစို့ အချိန်စေ့သွားဘီ။

# စမ္ဘရတနာ-မာတိကာ

## “ ပဉ္ဇိန္ဒ္ဓြဖြစ်ပုဂ္ဂ် ဥဒ္ဒာဏ်ခွဲဝဂ်် တရားစတာ် ”

### ဆောင်ပုဒ်

အမြင်ခံရ၊ သင်္ဂါရ၊ မြဲပြ ဖြစ်ပျက်တော့။
သူပြတိုင်းပင်၊ ဥာဏ်ကမြင်၊ မဂ္ဂင်လောကီနေ။
ဖြစ်ပျက်မြင်ဥာဏ်၊ အမြင်မှန်၊ သမ္မာဒိဋ္ဌပေ။
မြင်ခံစမ္မ၊ ပဋိစ္စ၊ ဦးစဖြစ်ရန်ခြေ။
ရှဥာဏ်မဂ်ဝင်၊ ဒီမှာတွင်၊ ပြတ်စင်ရဟတ်ဗွေ။
မရှုနေခါ၊ အဝိဇ္ဇာ၊ ပတ်ချာစက်ဒိုးမှေ့။
ခန္ဓာအဇ္ဈတ်၊ သတိချပ်၊ ဥာဏ်မြတ်လုလွစေ။
ရင်ဝလုံစူး၊ ထိပ်ဦးမီးလောင်၊ ပမာဆောင်—
ရအောင်မဂ်ဥာဏ်ဖွေ့။

### သတိချပ်၊

ကိုယ်ဖြစ်မှန်ပင်၊ မသိလျှင်၊ လူတွင်ရှည်သက်ဆိုး။
အဝိဇ္ဇာကြိုက်၊ အမှောင်တိုက်၊ တုံးမိုက်ဗာလချိုး။
ကြောင်သက်ကြာလေ၊ မိုက်သက်ရှေ၊ တူလေအဟိတ်မျိုး။
အဟိတ်ဟူက၊ သူ့နွှတ်ဝ၊ ချရမသာမျိုး။
တိရိစ္ဆာန်နေ၊ ထိုနည်းသေ၊ ပါယ်မြေ စုံးစုံးလျှိုး။
ထို့ကြောင့်လျှင်စွ၊ ခုခဏ၊ မဂ္ဂရအောင်ကြိုး။

**တရားသဘင်။** ။ဒကာ ဒကာမတို့ ဒီကနေ့ည ပဋ္ဌိစ္စသမုပ္ပါဒ် ဖြတ်နိုင်တဲ့ဥာဏ်၊ အမြင်မှန်ကိုပြောရမယ်၊ အမြင်မှန်ဆိုဒါ ဘယ်လိုမြင်မှ အမြင်မှန်ဖြစ်မလဲ? လို့ မေးခဲ့ရင်၊ ဥပမာ– ခန္ဓာမှာ တရားလေးတခုပေါ်လာတယ်၊ အမြင်ခံတို့ပေါ်လာတဲ့ အမြင်ခံတရားလေးဘဲ ဆိုပါစို့၊ အဲဒီ- အမြင်ခံရတဲ့ တရားက အဖြစ်ကလေးကိုပြတယ်၊ နောက်, အချုပ်ကလေးလဲ သူကပြတယ်၊ ရှုတဲ့ဥာဏ်က သူပြတဲ့အတိုင်းမြင်ရင်, အဲဒါ-လောကီမင်္ဂအမြင်ဘဲလို့ မှတ်၊ သဘောပါကြပလား?။

အဖြစ်ကလေးမြင်ဒါဟာ မင်္ဂ, သမ္မာဒိဋ္ဌိနဲ့ မြင်ဒါဘဲ၊ မင်္ဂသမ္မာဒိဋ္ဌိနဲ့ မြင်တဲ့အမြင်ဘဲလို့ မှတ်ကြ၊ အပျက်ကလေးမြင်ဒါဟာလဲ ဒီ, မင်္ဂသမ္မာဒိဋ္ဌိနဲ့ မြင်တဲ့အမြင်ပါဘဲ၊ အဖြစ်ဘဲမြင်မြင် အပျက်ကိုဘဲမြင်မြင်, မင်္ဂသမ္မာဒိဋ္ဌိနဲ့ မြင်ဒါဘဲလို့ ဆုံးဖြတ်ချက်ချ၊ ရှင်းပလား? ဒီလို- အဖြစ်နဲ့အပျက်ကို မြင်တဲ့အမြင်ဟာ ဘယ်သူ့မှ မမေးနဲ့တော့- အမှန်မြင်ဘဲ၊ အမှန်မြင်ဘဲလို့သာ တထစ်ချမှတ်လိုက်ကြ၊ ရိပ်မိပလား? ဒကာ ဒကာမတွေ့ ဒါဟာ မိမိခန္ဓာထဲမှာရှိတဲ့ ပဋ္ဌိစ္စသမုပ္ပါဒ်အဖြစ်ကလေးနဲ့ အချုပ်ကလေးကို မြင်ဒါဘဲ၊ တခြားမှာ ခဲခဲယဉ်းယဉ်း ရှာဘို့မဟုတ်ပါဘူး၊ သဘောပါပလား?။

ဒကာ ဒကာမတွေ့ မိမိရှေ့မှာ မြင်စရာအဆင်းနဲ့တဲ့လို့ မြင်စိတ်ကလေးပေါ်လာတယ် ဆိုပါတော့၊ အဲဒီ, ပေါ်လာတဲ့မြင်စိတ်ကလေးကို ဥာဏ်နဲ့မသတ်မိရင် ဒုက္ခရောက်ဘို့သာ ပြင်ကြတော့ဘဲ၊ မြင်စိတ်ကလေးပေါ်လာဒါဟာ ဒုက္ခပေးမလို့ ပဋ္ဌိစ္စသမုပ္ပါဒ်ဆက်မလို့ လာဒါဘဲ၊ ဒီမြင်စိတ်ကလေးကို ဘုန်းကြီးက

ညွှန်ပြပေးလို့- ဘုရားပေးတဲ့အမြင်နဲ့ ကြည့်လိုက်တော့- ပြတ်သွားတယ်၊ ဒီအမြင်စိတ်နောက်က ပဋိစ္စသမုပ္ပါဒ်မဖြစ်နိုင်တော့ဘူး၊ မဆက်နိုင်တော့ဘူး၊ မဆက်နိုင်အောင် နောက်ကအမြင်က ဖြတ်ပစ်လိုက်တာဘဲ၊ သဘောပါပလား? ။

ဒါကြောင့်- ခန္ဓာမှာ အမြင်ခံပေါ်လာတဲ့ တရားကလေးတွေကို၊ လက်လွတ်မခံကြနဲ့၊ ဘုရားပေးတဲ့ဉာဏ်နဲ့ ရှုဖြစ်အောင်ရှုပေးကြ၊ ရှုတော့- အမြင်ခံတရားကလေးက အဖြစ်ကိုလဲပြမယ်၊ အပျက်ကိုလဲပြမယ်၊ သူပြရင် ပြတဲ့အတိုင်း ဉာဏ်ကသိလိုက်နေဘို့ အရေးကြီးတယ်၊နားလည်ကြပလား? ခန္ဓာမှာ စိတ်ကလေးပေါ်လာလို့ ဖြစ်ပျက်မြင်ရင်, ဖြစ်ပျက်နောက်က မဂ်လာဒါဘဲ၊ ဖြစ်ပျက်-မဂ်၊ ဖြစ်ပျက်-မဂ်-နဲ့၊ ဖြစ်ပျက်နဲ့မဂ် ကပ်ရက်နေအောင် လိုက်ပေး၊ ခြားထိုးတဲ့စိတ်တွေ အဝင်မခံရစေနဲ့ ရှင်းပလား? ။

အမြင်ခံရတဲ့တရားက ပဋိစ္စသမုပ္ပါဒ် အစကလေးဘဲ၊ ဒါကို မသိလို့ မရှုမိရင် ဆက်တိုက်လာတော့မယ်၊ ဒုက္ခစက်ရဟတ်ကြီး လည်တော့မယ်၊ ရိပ်မိပလား? ဒါကြောင့် ပေါ်လာရင် ရှုပြစ်၊ ရှုမိရင်-မဂ်ဝင်လာမယ်၊ မဂ်ဝင်လာရင် ပဋိစ္စသမုပ္ပါဒ်ပြတ်ကရော၊ မဂ်မလာရင် ပဋိစ္စသမုပ္ပါဒ်ဆက်သွားမှာဘဲ၊ သဘောပါပလား? မျက်လုံးကလေး အမှတ်မဲ့ဖွင့်မိဒါနဲ့ ဒုက္ခများရဒါဘဲ၊ မြင်စိတ်, တွေ့ထိ, ခံစား, နှစ်သက်, စဲ့လမ်း, ကံဖြစ်,—နောက်ပဋိသန္ဓေ, အို,နာ,သေ-ဒီဒုက္ခအစုကြီးတွေ ရတော့ဒါဘဲ၊ ရိပ်မိကြပလား? ။

ဒါကြောင့်- ဘုရားပေးတဲ့ဉာဏ်နဲ့ ပေါ်လာဒါကို တခုခုမီ-အောင်ရှုဘို့၊ ရှုနိုင်ဘို့အရေးကြီးတယ်၊ ရှုမိရင်- ရှုတဲ့နေရာ ပဋိစ္စ

သမုပ္ပါဒ်ပြတ်တာဘဲ၊ ပြတ်ရင် မဂ်လာတယ်၊ ကျေနပ်ပလား? ဒီတော့- ပဋိစ္စသမုပ္ပါဒ် အစအဆုံးကြည့်နိုင်ဘို့ လိုတယ်လို့မှတ်ကြ၊ ပဋိစ္စသမုပ္ပါဒ် အစအဆုံးကြည့်နိုင်တဲ့သူဟာ မဂ်ပေါ်မှာဘဲ၊ သဘောပါကြပလား? မကြည့်တတ်ရင် ဒုက္ခစက်မပြတ်နိုင်တော့ဘူး၊ ဒီဘဝမှာ စုမိတဲ့အကုသိုလ်ကံတွေ ဒင်းကြမ်းနဲ့- အပါယ်လမ်းဖြောင့်ဘီလို့သာ မှတ်လိုက်ကြ၊ ရိပ်မိကြပလား? ။

ဘုရားက သတိပဋ္ဌာန်ပါဠိတော်မှာ ဟောဒါဟာ ပဋိစ္စသမုပ္ပါဒ် ဖြစ်ပုံပျက်ပုံသိအောင်လို့ ဟောထားဒါ၊ပဋိစ္စသမုပ္ပါဒ် ဖြစ်ပျက်ပုံသိဘို့အရေးဟာ အလွန်ကြီးတဲ့အရေးဘဲလို့ မှတ်လိုက်ကြ၊ သဘောပါကြပလား? ဒါကြောင့်-မျက်လုံးဖွင့်တိုင်း, နားဖွင့်တိုင်း, ဒွါရခြောက်ပါး တပါးပါး-ဖွင့်တိုင်းဖွင့်တိုင်း, ဉာဏ်ပါဘို့ အရေးကြီးတယ်၊ ဘုရားပေးဉာဏ်နဲ့ ဖြစ်ပျက်မြင်အောင်, အမြင်မှန်ကျအောင်ရှုပေးကြ၊ ပဋိစ္စသမုပ္ပါဒ် ဖြစ်ပျက်မြင်ရင်, မဂ်ဝင်လာမှာဘဲ၊ မမြင်ရင် မဂ်မလာဘူး၊ မဂ်မလာရင် သက်ဆိုးရှည်ဘို့ဘဲ ဆိုဒါ မှတ်ကြတော့။

ရှုဉာဏ်ပါရင် ဖြစ်ပျက်မြင်မယ်၊ ပဋိစ္စသမုပ္ပါဒ် ဖြစ်ပျက်မြင်ရင် မဂ်ဝင်လာမယ်၊ မဂ်ဝင်ရင်ခန္ဓာဒုက္ခသစ္စာကြီး ပြတ်သွားမယ်၊ ရှင်းကြပလား? ဒါကြောင့်- ဘာလာလာ ဖြစ်ပျက်ရှုချ၊ ကုသိုလ်ပေါ်ပေါ်- အကုသိုလ်ပေါ်ပေါ် ရှုဘို့သာလိုရင်းဘဲ၊ လောဘလာရင်လဲ ဖြစ်ပျက်ရှု၊ အဖြစ်မြင်ရင် ဖြစ်ကြောင်းပဋိစ္စသမုပ္ပါဒ်ကိုသိမယ်၊ အပျက်မြင်ရင် ပျက်ကြောင်းပဋိစ္စသမုပ္ပါဒ်ကိုသိမယ်၊ အဲဒါ- မဂ်, အမြင်ဘဲလို့ မှတ်လိုက်ကြ၊ အဲဒီလို- အကြောင်းအကျိုးဆက်ကို မြင်ဒါဟာ-မဂ်အမြင်, အမြင်မှန်ဘဲလို့သာ ဆုံးဖြတ်ချက်ချ၊ ရှင်းပလား? ။

အဲဒီအခါမှာ မင်က တဏှာကိုဖြစ်ပျက်ရှုလိုက်တာနဲ့၊နောက်က- ကာမုပါဒါန်တွေ ပြတ်သွားတယ်၊ ဒီတော့ ကျန်တဲ့ဥပါဒါန်တွေလဲ မလာတော့ဘူး၊ မလာတော့ ကံတွေပါအကုန်ချုပ်သွားတယ်၊ ပေါ်ကြပလား? ဒါကြောင့် ဘုရားက ဒကာ ဒကာမတွေကို ချမ်းသာစေချင်လွန်းလို့ ဆင်းရဲကလွတ်စေချင်လွန်းလို့ "သရဂစိတ်တံ သရဂစိတ္တန္တိ ပဇာနာတိ" လို့ ရှုလိုက်ပါလို့ အသေအချာ ဟောတော်မူခဲ့ဒါဘဲ၊ ရိပ်မိကြပလား? ရိပ်မိရင်ဖြင့် ဘုရားရှင်ရဲ့ မဟာကရုဏာတော်တွေ- မေတ္တာ, စေတနာတော်-တွေ ထောက်ထားပီး ကြိုးစားရှုကြ။

ဒါနဲ့မှ ကိုယ့်အဖြစ်မှန် ကိုယ်မသိကြလို့၊ မရှုကြဘူးဆိုရင် ဒယ်အိုးနဲ့ အမြဲနေချင်လို့ဘဲဆိုဒါ သေချာတယ်၊ ဘုရားကျေးဇူးတော်တွေနဲ့ ညှန်ပြတဲ့ဆရာနဲ့ ကြုံကြိုက်တုံးမှာ မလိုက်နာချင်ကြရင် ဒယ်အိုးကြိုက်သလားလို့ မေးသင့်,မမေးသင့်၊ စဉ်းစားကြ၊ ရှုရင်မင်္ဂလာရမယ်၊ ဒုက္ခတွေအကုန်သိမ်းမယ်၊ သမုဒယတွေလဲချုပ်မယ်၊ ဒီလိုဆိုတော့ လုပ်ကြဘို့၊ ရှုကြဘို့မသင့်ဘူးလား? အေး, သင့်ဒါသ်ရင်ဖြင့် ကြိုးစားကြလို့ အထူးတလည် တိုက်တွန်းလိုက်ပါတယ်၊ သဘောပါကြရဲ့လား?။

ဒကာ ဒကာမတွေဆီ လာတဲ့စိတ်ကလေးဟာ ဘာလဲလို့ မမေးနဲ့တော့၊ သူလာဒါ ပဋိစ္စသမုပ္ပါဒ်ဆက်မလို့ လာဒါချည့်ဘဲလို့သာ မှတ်ကြ၊ ဒါကြောင့်- ဘာဘဲလာလာ ဖြစ်ပျက်ရှုပြစ်၊ ကုသိုလ်စိတ်ကလေးလာလဲ ဖြစ်ပျက်ရှု၊ မရှုမိရင်အဝိဇ္ဇာဝင်လာမယ်၊ အဝိဇ္ဇာဝင်ရင် အဝိဇ္ဇာပစ္စယာ သင်္ခါရာဆက်မှာဘဲ၊ ရိပ်မိပလား? ဒါကြောင့် အဝိဇ္ဇာမဝင်ခင် အရင်ဦးအောင်ရှု၊ ရှုရင်

ကုသိုလ်စိတ်ကလေး ဖြစ်ပျက်၊နောက်က-မင်္ဂလာမယ်၊ဒါကြောင့် "ဝိတရာဂစိတ္တံ ဝိတရာဂစိတ္တံတိ ပဇာနာတိ" လို့ ဘုရားက-ဟောဒါဘဲလို့မှတ်ကြ၊ ကုသိုလ်ဆိုပေမဲ့လဲ ရှုပြစ်ရမယ်၊ မရှုရင် မဖြစ်ဘူးတဲ့၊ ရှင်းကြပလား?။

ဒကာ ဒကာမတို့ မိမိခန္ဓာမှာ ကုသိုလ်စိတ် ဖြစ်မှန်းပျက်မှန်း မသိကြဘူးဆိုရင် မသိခဲ့ရင် အဝိဇ္ဇာလာမှာကတော့ သေချာတယ်၊ မသိမှဟာ အဝိဇ္ဇာဘဲမှတ်လား? ဒကာ ဒကာမတွေ့ မိမိကိုယ်ဘိုင်,ကုသိုလ်ဖြစ်တာလဲမသိ၊ ချုပ်တာလဲမသိ၊ အဲဒီလို သူ့ဟာသူမသိရင်-မသိတဲ့သူဆိုရင် ဘယ်လိုဆိုရမလဲ? သူ့,ဘာမှသိတဲ့သူမဟုတ်ဘူးလို့ ဆိုရမယ်၊ ရိပ်မိပလား? ဒါကြောင့်- ကုသိုလ်စိတ်လာလဲ ဝမ်းသာမနေနဲ့- ဝမ်းသာရင် တဏှာ, ဥပါဒါန်တန်းရောက်မယ်၊ကုသိုလ်လာလဲ ဖြစ်ပျက်ရှုပစ်၊ အဲဒါမှ ဝိဇ္ဇာဖြစ်မယ်၊ ဝိဇ္ဇာဖြစ်မှ ဝိပဿနာဖြစ်မှာဘဲလို့ မှတ်ကြ၊ ရှင်းပလား?။

အထူးသိဘို့က ကုသိုလ်ဆိုပီး ဝမ်းမြောက်ပီး ပဉ္စဝိုးနေရင် သမထဖြစ်မယ်၊ ပဉ္စဝိုးဒါသမထ၊ ဝိပဿနာမဖြစ်ဘူး၊ ဝိပဿနာဖြစ်အောင် ဖြစ်ပျက်ရှုပေး၊ ဖြစ်ပျက်ရှုမှ ဝိပဿနာဖြစ်မယ်၊ နားလည်ပလား? ဒကာ ဒကာမတွေ့ ပဉ္စဝိုးနေရင် သမထ၊ ဖြစ်ပျက်ရှုမှဝိပဿနာ၊ မှတ်မိကြပလား? ဒါကြောင့်, ဘာဘဲလာလာ ဖြစ်ပျက်သာရှုပစ်ကြလို့ ပြောလိုက်ပါတယ်၊ ရှင်းပလား?။

ဒကာ ဒကာမတို့-ဒကာဘို့ အသက်က(၁၀-နဲ့-၂)ဘဲ- ရှိကြဒါပါ၊ တစ်ဆိုဖြစ်ပီး-နှစ်,ဆိုမရှိတော့ဘူး၊ရိပ်မိပလား? ဒါကြောင့်- "ကေစိတ္တာ သမာယုကာ" တဲ့၊ သတ္တဝါရဲ့အသက်ဟာ တခုသော

စိတ်ဘဲ၊ တခုသောစိတ်ဟာ လူ့အသက်ပါဘဲတဲ့၊ ကျေနပ်ပ
လား? တစိတ်ဖြစ်ပျက်ပီးလို့ နောက်ထပ်မလာရင် တခါထဲ--
သေဒါဘဲ၊ ဒါကြောင့် ပေါ့နေလို့မဖြစ်ဘူး၊ မရှုဘဲနေလို့ဖြင့်
မဖြစ်တော့ပါကလား ဆိုပီး ကြိုးစားကြ၊ မရှုမိဘဲ အမှတ်တမဲ့နဲ့
သေသွားရင် ကိုယ်ကျိုးနဲ့ဘီ၊ ပဋိစ္စသမုပ္ပါဒ်နဲ့ သေရမှာဘဲ၊
ပဋိစ္စသမုပ္ပါဒ်နဲ့သာ သေရရင်၊ အသေဆိုးနဲ့-အဆိုးသေ, သေရမှာ
ဘဲရှိတယ်လို့ မှတ်ကြ၊ ပေါ်ပလား?။

ဒကာ ဒကာမတွေ့ သဘောပါပလား? ကိုယ့်သန္တာန်မှာ
ဖြစ်တဲ့စိတ် ဘာစိတ်ဖြစ်လို့ ပျက်တယ်လို့ မသိဒါဟာ မသိတဲ့သူ
ဟာ ကိုယ်သေဒါ ကိုယ်မသိတဲ့လူဘဲလို့သာ မှတ်ကြတော့၊ ရှင်း
ပလား? ကိုယ်သေဒါမှ ကိုယ်မသိတော့- ကိုယ့်ဒုက္ခလဲ ကိုယ်မ
သိတော့ဘူး၊ ဒီတော့- အဲဒီလူဟာ အဝိဇ္ဇာနဲ့အသက်ရှူနေဒါ
ဘဲ၊ "ဒုက္ခ အညာဏံ" ဆိုဘဲ့ ဒုက္ခသစ္စာမသိတဲ့အဝိဇ္ဇာနဲ့ ရှု
နေဒါဘဲ ပေါ်ကြပလား? မသိမိုက်မဲတဲ့အဝိဇ္ဇာနဲ့ အသက်ရှူ
နေဒါဟာ ကြောင်, အသက်ရှူဒါနဲ့ အတူတူဘဲဆိုရင် မမှားဘူး
ကြောင်, အသက်ရှူဒါ အဝိဇ္ဇာနဲ့ရှုရဒါ၊ ဒီတော့- မိုက်သက်
ရှူဒါချင်းအတူတူဘဲလို့ ဆုံးဖြတ်ချက်ချ။

ဒကာ ဒကာမတို့ အဲဒီလိုလူဟာ ကိုယ့်အနေလဲ ကိုယ်မသိ၊
ကိုယ့်အသေလဲ ကိုယ်မသိတဲ့လူဘဲလို့ ဆိုရင် မမှားဘူး၊ အခုနေ
မှာ သမုတိအသေက မလာသေးလို့သာ အခုတရားနာနေရတာ
နာခွင့်ရနေဒါ၊ တော်, တော်သေးရဲ့လို့ မှတ်လိုက်ကြ၊သမုတိအ
သေလာလိုက်ရင် မခက်ပါလား? ဒါကြောင့်- အင်မတန်ထိုက်
တန်လို့ ရနေတဲ့ အခွင့်ကောင်း, အခါကောင်းကို ငတော်စွာ,

လျှော်စွာ ဖြုန်းတီးမပြစ်လိုက်ကြနဲ့လို့ သတိပေးလိုက်တယ်၊ ညှဉ်ကြားတဲ့ဆရာနဲ့ကြုံတုံးမှာ ကြိုးစားကြ၊ မိမိခန္ဓာမှာ ဖြစ်တာနဲ့ပျက်တာနဲ့ မြင်အောင်ကြည့်ကြ။

ဖြစ်တာနဲ့ပျက်တာနဲ့ အကြည့်မျှားလာရင် ဖြစ်ပီးသေ, ဖြစ်ပီးသေ,နဲ့ အသေတွေမြင်ရမယ်၊ ကိုယ့်အသေတွေ့ ကိုယ်တိုင်မြင်ရမယ် ရှင်းပလား? ဒကာ ဒကာမတွေ့ ကိုယ့်အသေ ကိုယ်မြင်အောင်ကြည့်ပေးကြ၊ ကိုယ့်အသေကိုယ်မြင်မှ အရိယာအမြင်၊ ကိုယ့်အဖြစ်ကိုယ်မြင်မှ အရိယာအမြင်ဘဲ ဆိုဒါ မှတ်လိုက်ကြ၊ ရှင်းပလား? ကိုယ့်အဖြစ် ကိုယ့်အမြင်မရသေးရင်၊ 'အရိယာအမြင်မကျသေးဘူး၊ ဒကာ ဒကာမတို့ ကိုယ့်စိတ်ကလေး ဖြစ်တာနဲ့ပျက်တာကိုမြင်မှ ကိုယ့်ဒုက္ခကိုယ်သိဒါဘဲ၊ ကိုယ့်ဒုက္ခ ကိုယ်သိဒါမှ၊ အဲဒါမှ မဂ်အမြင်ဘဲဆိုဒါ မှတ်လိုက်ကြ၊ သဘောပါပလား? ။

အခုသိတဲ့အမြင်၊ အခုရတဲ့မဂ်အမြင်မှ သံသရာဒုက္ခသိမ်းမယ် ဒီအမြင်မရသေးရင် သံသရာဒုက္ခသိမ်းဘို့လမ်း မမြင်တော့ဘူး၊ ရိပ်မိပလား? ဒီအမြင်မရဘဲနဲ့ မသိဘဲနဲ့ ကြောင်သေ,သေသွားရင် ကောင်းပါအုံးမလား? တိရစ္ဆာန်နေ, နေရပီး၊ တိရစ္ဆာန်သေ,သေရဘို့ဘဲရှိတယ် ဆိုဒါ မှတ်လိုက်ကြ၊ ရှင်းပလား? ဒကာ ဒကာမတွေ့ ဘယ်အနေနဲ့ ဘယ်အသေကြိုက်တုံး? လို့ မေးလိုက်ပါတယ်၊ ဘယ်အသေမှ မကြိုက်ရင် ကြိုးစားအားထုတ်ကြ။

ဒီတော့ ဘယ်တော့မှ မလွတ်လပ်စေနဲ့ ဘယ်စိတ်ပေါ်ပေါ်ဖြစ်ပျက်ရှုပေး၊ ကိုယ့်သန္တာန်မှာ ဖြစ်ပျက်မြင်အောင်ကြည့်မှ၊

မင်္, အမြင်ဖြစ်မယ်၊ ကြိုးစားကြည့်ပေးကြ၊ သဘောပါပလား? ဘုရားက ရှေးဦးမြင်တဲ့အမြင်ဟာ မိဿကအမြင်ဘဲတဲ့၊ စင်စင်ကြယ်ကြယ်မြင်မှ မင်္အမြင်ဘဲလို့ ဟောတော်မူတယ်၊ ပဉ္စဝိုးမျှးပီး ခရီးဆုံးမှ မင်္အမြင်ကျမယ်လို့ မှတ်လိုက်ကြ၊ "ရင်ဝ လုံစူးထိပ်ဦးမီးလောင်" ဥပမာကဲ့သို့-နှလုံးပိုက်ပီး, ဒီအမြင်-မင်္အမြင် အရင်ရအောင် လုပ်ပါလို့ ဟောတော်မူခဲ့တယ်၊ သဘောကျပလား?။

ဒကာ ဒကာမတွေ မိမိရင်ဝမှာ လုံစူးနေရင် ဒီစူးတဲ့လုံ မနှုတ်ဘဲနဲ့ ဒီပြင်အလုပ်-လုပ်လို့ ဖြစ်ပါ့မလား? မိမိဦးခေါင်းမှာ-မီးတွေဟုန်းဟုန်းတောက်ပီး လောင်နေရင် ဒီမီးကိုမငြိမ်းမသတ်ဘဲ ဒီပြင်အလုပ်ကိုလုပ်လို့ ဖြစ်ပါ့မလား? ဘယ်နည်းနဲ့မှမဖြစ်နိုင်ပါဘူး၊ ဒီဥပမာအတူထားပီး သက္ကာယဒိဋ္ဌစင်တဲ့ ဒီမင်္အမြင်ရအောင် အားထုတ်ရမယ်၊ ရင်ဝမှာစူးတဲ့လုံနဲ့တူတဲ့-သက္ကာယဒိဋ္ဌ ဦးခေါင်းမှာစဲလောင်နေတဲ့ မီးနဲ့တူတဲ့-အတ္တဘုန်ဒိဋ္ဌ၊ ဒီအယူမှားကို ပယ်သတ်ဘို့ရာ ဒီပြင်လုပ်စရာဟူသမျှ အသာချထားပီး ဒီမင်္အမြင်ကို အရင်, ရအောင်လုပ်ကြပါလို့ ဆိုလိုတယ်၊ နားလည်ပလား?။

ဒီအမြင်မှမရရင်, ဒါမှမဟုတ်ရင် အပါယ်သွားဘို့က သေချာလို့ဘဲတဲ့၊ သဘောပါကြပလား? သဘောပါရင် ကြိုးစားကြ။

ဒကာ ဒကာမတွေ အားကျဘို့-အားကိုးဘို့ အလွန်ဘဲကောင်းပါ့တယ်၊ ကြိုးစားအားထုတ်ကြ၊ အရောအမြင် မိဿကအမြင်

နဲ့ သေရတော့၌ အပါယ်မကျနိုင်တော့ဘူး၊ ကျေနပ်ပလား? ဖြစ်ပျက်အရေးကြီးတယ်၊ ဖြစ်ပျက်မြင်ရင် မိဿကအမြင်, အရောအမြင်ရဒါဘဲ၊ ဒါကြောင့်- ပဌမဖြစ်ပျက်မြင်ဘို့ အရေးကြီးတယ်၊ မြင်အောင်ကြည့်ပေးကြ၊ ရှင်းပလား? ဘုရားက(၄၅) လေးဆဲ့ငါးဝါလုံးလုံး ဒါကိုသိစေချင်လို့ ပင်ပန်းကြီးစွာ မနားမနေ ဟောတော်မူခဲ့ရဒါဘဲ၊ ပေါ်ကြပလား? ။

ဘုရားက- အရေးထားသလောက် ဒကာတို့တတွေက ပေါ့တန်နေရင်ကောင်းနိုင်ပါအုံးမလား? ဘုရားက အရေးထားပီး ဒါလောက်အပင်တပန်းခံတော်မူဒါ ဘယ်သူ့အတွက်လဲ? ဘယ်သူ့အကျိုးမြော်ကိုးလို့လဲ? ·လေးလေးနက်နက် စဉ်းစားကြ၊ မြင်ကြပလား? အဖြစ်မမြင်ရင် ဥစ္ဆေဒဒိဋ္ဌိဝင်မယ်၊ အပျက်မမြင်ရင် သဿတဒိဋ္ဌိဝင်မယ်၊ အဖြစ်အပျက်မြင် ဥစ္ဆေဒ,သဿတနှစ်မျိုးလုံးစင်သွားမယ်၊ ရှင်းပလား? ဒါကြောင့်- အဖြစ်နဲ့အပျက်မြင်အောင် ဝိပဿနာရှုကြလို့ တိုက်တွန်းနေဒါ၊ သဘောပါပလား? ။

ဝိပဿနာဉာဏ်က ကိုယ်မွေးဒါ ကိုယ်သေဒါ သိရတယ်၊ဒီလိုသိမှ လူဖြစ်မယ်၊ ရိပ်မိပလား? ဒါမသိသေးရင် လူမဖြစ်သေးဘူး ဆိုတဲ့ အဓိပ္ပါယ်ဘဲ၊ ဒီဒကာတွေ လူဖြစ်ပလား? မေးလိုက်ပါတယ်၊ မဖြစ်သေးရင် ဖြစ်အောင်ကြိုးစားကြ၊ အဖြစ်က ပဋိစ္စသမုပ္ပါဒ်အစ၊ အပျက်က ပဋိစ္စသမုပ္ပါဒ်အဆုံးဘဲလို့ မှတ်ကြ၊ ဒီဒကာ ဒကာမတွေ အင်မတန် ကံကောင်းကြလို့သာ အခုလိုလွယ်လွယ်နဲ့သိနိုင်ကြဒါ၊ ဒီအသိရနိုင်ဘို့ဟာ လွယ်တယ်လို့ မျှား မမှတ်လိုက်ကြနဲ့-မလွယ်ပါဘူး။

ဘုရားရှင်ဟာ သေကောင်ပေါင်းလဲ အားထုတ်ပီးမှ ဒီအသိ ညာဏ်ရတော်မူခဲ့ဒါ - ဒါကြောင့်- ပဋိစ္စသမုပ္ပါဒ် အသိညာဏ်ရဘို့ အလွန်ခဲယဉ်းတယ်လို့ မှတ်လိုက်ကြ။ ။ဘုရားရှင်ဟာ- ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးအဆက်ဆက် ဖြစ်ဟန်, ပျက်ဟန်, ချုပ်ဆုံးဟန်ကို အဖန်ဖန် ညာဏ်နဲ့မြင်တော်မူ ဆင်ခြင်သုံးသပ်တော်မူပြီး ဝမ်းမြောက်ဝမ်းသာဖြစ်တော်မူလို့ ဥဒါန်းစကား ကျူးရင့်မြွက်ဆိုတော်မူလိုက်တယ်-လို့ မှတ်ကြ။

"ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊ အာတာပီနော
ဈာယတော ဗြဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊ ယတော ပဇာနာတိ
သဟေတုံ ဓမ္မံ။"

.....လ..... ၊ယတော ခယံ ပစ္စယာနံ အဝေဒိ။" ။

စတဲ့-ဂါထာကို ရွတ်ဆို ကျူးရင့်တော်မူတယ်၊ အဓိပ္ပါယ်ကတော့.....

"သမ္မပဓါန် ဝိရိယစွမ်းအားနဲ့ ဒန္ဓာကာယမှာ စူး စိုက်ပီး အားထုတ်နေတဲ့အခါ ရုပ်နာမ်သင်္ခါရတရား တွေဟာ အကြောင်းအားလျော်စွာ ထင်ထင်ရှားရှား ဖြစ်ပေါ်လာကြတယ်၊" အဲဒီအခါမှာ.... အကြောင်းတရားနှင့်အတူ ဖြစ်ပေါ်လာတဲ့ အကျိုးရုပ်နာမ် တရားများကို ပိုင်းခြားပီး သိတော်မူတယ်၊

ဒါကြောင့် အဲဒီအခါမှာ ယုံမှားခြင်းဟူသမျှ လုံးဝ ကင်းပျောက်သွားတော့တယ်၊" "အဲဒီအကြောင်း ကြောင့်ဘဲ, အကြောင်းတရားတို့ရဲ့-ကုန်ဆုံးရာဖြစ်တဲ့ နိဗ္ဗာန်ကို သိတော်မူတယ်။"

စသည်အားဖြင့် ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးရင့်တော် မူတယ်၊ ဒီအဓိပ္ပါယ်ဟာ "ဥဒါန်းပါဠိတော်" မှာ လာတယ်လို့ မှတ်ကြ။

ဒီတော့-- ဒကာ ဒကာမတွေ ဒုါလေးနှစ်ခုဟာ ဘုရားဖြစ် ကြောင်းပါလားလို့ မှတ်လိုက်ကြ၊ ဒါနှစ်ခုသိလို့ ဘုရားဖြစ် တော်မူဒါဘဲ၊ ဒါနှစ်ခုသိလို့ ဘုရားဖြစ်တာဘဲ ဆိုပီး, ဝမ်းသာ တော်မူတယ်၊ သဘောပါပလား? ပဋ္ဌိစ္စသမုပ္ပါဒ် ဖြစ်တာနဲ့ပျက် တာ မြင်လို့-သိလို့ ဝမ်းမြောက်တော်မူဒါဘဲ၊ ရှင်းကြပလား? ဒီတော့ ဒီနှစ်ခုသိရင် သာမညမဟုတ်တော့ဘူး-လို့ ဆုံးဖြတ် ချက်ချကြ၊ ဆုံးဖြတ်ပီး ဒီအမြင်ရအောင်,ကြိုးစားကြ။

ဒါကြောင့်-ဒကာတို့တတွေ ဖြစ်ပျက်မြင်ဘို့ အရေးကြီးတယ် ဆိုဒါ ပေါ်ကြပလား? ဒါမမြင်ရင် ဒကာတို့တတွေ အသက် ရှလေလေ, ကြောင်, အသက်ရှသလိုပါဘဲ မခြားတော့ဘူး၊ ရိပ်မိပလား? အဝိဇ္ဇာနဲ့ မသိဒါနဲ့ အသက်ရှနေဒါဟာ သက်ဆိုး ရှဒါပါဘဲ၊ ကြောင်သက်ရှနည်းနဲ့တော့ မရှေဒါက တော်လေ အုံးမယ်ဘဲ၊ ဒယ်အိုးက တက်နိုင်ဘိုလမ်း မမြင်တော့ဘူး၊ ဒါ ကြောင့်, အေးနေဘို့အချိန်မရှိတော့ဘူးလို့ မှတ်လိုက်ကြ။

ဒါနလဲ အားကိုးမရဘူး၊ သီလလဲ ဝိပဿနာမပါရင် မပီးဘူး၊ သမထလဲ မတတ်နိုင်ပါဘူး၊ ဝိပဿနာသာ လိုရင်းစွဲ၊ ဝိပဿနာမပါရင် ဘယ်အခါမှ မပီးဘူးဆိုဒါမှတ်လိုက်ကြ၊ ဒါကြောင့် ဝိပဿနာဖြစ်အောင် ဖြစ်ပျက်ရှုကြ၊ သောတာပန်ဖြစ်ချင်ရင်. ဒီနှစ်ကြောင်းကြည့်၊ ဒီနှစ်ကြောင်းသိရမှာ ဒီနှစ်ကြောင်းသိမှသာ သောတာပန်ဖြစ်နိုင်တယ် ဆိုဒါ ဆုံးဖြတ်ချက်ချ၊ ရှင်းပလား? ဘုရားက ဒီအဖြစ်အပျက်မှ ကိလေသာ မာရ်စစ်သည်ကို အကုန်အောင်ပွဲခံရတာဘဲ-လို့ ဟောတော်မူတယ်၊ ရိပ်မိပလား? ဝိဓူပယံ တိဋ္ဌတိ မာရသေနံ - မာရ်မင်းစစ်သည်တွေကို ချေမှုန်းဖျက်ဆီးပီး၊ သြဘာသယ မန္တလိက္ခံ၊ ပြောင်ပြောင်ဝင်းဝင်း, ထွန်းလင်းတောက်ပပီး နေတယ်" တဲ့။

ဒကာ ဒကာမတွေ ကျေနပ်ပလား? အဲဒီလို- ထွန်းလင်းတောက်ပဒါဟာ ဖြစ်ပျက်မြင်လို့ဘဲ၊ ဖြစ်ပျက်မြင်လို့ လင်းဒါလို့မှတ်ကြ၊ရှင်းကြပလား? ဘုရားရှင်ဟာ ဒီဖြစ်ပျက်နှစ်ခုနဲ့ ဒီ-ဖြစ်ပျက်နှစ်ခုကြောင့် ဘုရားဖြစ်တော်မူလာရဒါ ဆိုရင် လွဲမလား? မလွဲပါဘူး၊ ဒါကြောင့် ဒီနှစ်ခုမြင်ဘို့အရေးဟာ အလွန်ကြီးတဲ့အရေး၊ ဒါမမြင်ရင် မဖြစ်တော့ဘူးလို့ ဆုံးဖြတ်ပီး,ကြိုးစားအားထုတ်ကြ။ ။ဒါကြောင့် ဒို့ဒကာ ဒကာမတွေ ကိလေသာမာရ်မအောင်ရသေးရင် အေးနေလို့မဖြစ်ပါဘူး၊ ကိလေသာမာရ်မအောင်သေးရင် ကြွက်ကလေးလုပ်ပေးလိုက်၊ ခွေးကလေးလိုက်ပေးလိုက်, ကြောင်ကလေးလုပ်ပေးလိုက်, ဘယ်သူကလဲ? ကိလေသာနဲ့ကံက လုပ်ပေးဒါဘဲ။

ဒကာ ဒကာမတွေ့ ဘာအဖြစ်မဆို ကိလေသာနဲ့ ကံကလုပ်ပေးလို့ ရဒါချည့်ဘဲ၊ ကိလေသာက ခေါင်းဆောင်, ကံက နောက်လိုက်၊ ရှင်းပလား? ရလာသမျှဟာ သူများပါးစပ်ထဲလမ်းဆုံးရမှာချည့်ဘဲ၊ သူများပါးစပ်ထဲ မသာချဘို့အပြင်, ဘာမှမရှိဘူး၊ ကျေနပ်ပလား? ကျွဲဖြစ်, နွားဖြစ်, မြင်းဖြစ်, လူ့ပါးစပ်ထဲဘဲ၊ တော်တော်ကြာ မြေဖြစ်, ကြောင်ပါးစပ်ထဲဘဲ၊ နောက်- ငါးအမျိုးမျိုး- သားကောင်အမျိုးမျိုး ဖြစ်ပေးလိုက်လဲ လူ့ပါးစပ်ထဲ၊ ငယ်တဲ့အကောင်က ကြီးတဲ့အကောင်, ပါးစပ်ထဲ လမ်းဆုံး- အဲဒီမှာ မသာချရဒါဘဲ၊ ပေါ်ကြပလား? ဒါဘယ်သူ့လက်ချက်လဲ? ကိလေသာလက်ချက်ဘဲ-ကိလေသာမာရ် မအောင်သေးရင် ခံဘို့သာပြင်ထားကြဘို့ဘဲ ရှိတယ်၊ ရိပ်မိကြပလား?။

ဒီတော့- ကိလေသာမာရ် အောင်နိုင်ရေးအတွက် ဖြစ်ပျက်မြင်အောင်ရှုကြ၊ စိတ်ကြိုက်ရင်-စိတ်၊ ရုပ်ကြိုက်ရင်-ရုပ်ရှု၊ ဝေဒနာကြိုက်လဲ-ဝေဒနာရှု၊ ကြိုက်ရာတခုကို ဖြစ်ပျက်မြင်အောင်ရှုကြ၊ဖြစ်ပျက်မြင်မှ မင်္ဂအမြင်ရမယ်၊မင်္ဂအမြင်ရချင်ရင် ဖြစ်ပျက်အရင် မြင်အောင်ကြည့်ပေးရမယ်၊ ကျေနပ်ပလား? ဒါကမှ—မရှုချင်သေးဘူးဆိုရင် ကိလေသာ တောထချင်လို့ဘဲ၊ ကိလေသာတော ထပီး, သေခြင်းဆိုးအမျိုးမျိုးနဲ့ သေချင်သေးလို့ဘဲ ဆိုဒါ မှတ်လိုက်ကြ၊ သဘောပါပလား?။

ကိုင်း....ယနေ့....ဒီတွင်....တော်ကြအုံးစို့။

# ဓမ္မရတနာ-မာတိကာ

## " ဒွေ့ကဗြစ်ပုဂ္ဂိ ဇနောကိဉ္စာဏ်ခဂ်ိ တရားတော် "

ဆောင်ပုဒ်

ခန္ဓဉ့်ဖြစ်စဉ်၊ ချိန်ကိုက်ဝင်၊ ဟောလျှင် ဆရာမြတ်။
ခန္ဓာမုန်းဝင်၊ မလိုချင်၊ ဆုံးမြင် ဟောနိုင်တတ်။
လက်ရှိခန္ဓာ၊ ဖြစ်စဉ်မှာ၊ ရှုကာ နာကြားအပ်။
တပည့်ဆရာ၊ ညီညွတ်ပါ၊ ဒိဋ္ဌာနိဗ္ဗာန်မြတ်။
သံယုတ်ပါဠိ၊ ဟောညွှန်ရှိ၊ ဝိစိကင်းစွာမှတ်။
ပါရမီဆို၊ ဘိတ်မလို၊ ကြည်ညို့ ကျင့်ထုတ်အပ်။
ဒိဟစိတ်ဝင်၊ ယုံမှားလျှင်၊ ပိတ်ပင် ကျတ်လမ်းမြတ်။

သတိုချပ်၊

အဇ္ဈတ်ခန္ဓာ၊ ဥာဏ်စိုက်ကာ၊ မြဲစွာကပ်၍ ရှု။
ရှုလေ ကြည့်လေ၊ အသေတွေ့၊ ပုံသေ မျက်ဝါးပြု။
အသေကြောက်လျှင်၊ မသေခင်၊ မြန်လျှင် ရောက်လိုမှု။
ဓမ္မာနုဓမ္မ၊ ပဋိပန္နာ၊ ညီမျှ ကျင့်ထုတ်ပြု။
ဒုါရခြောက်ခင်၊ ဥာဏ်မြတ်ယှဉ်၊ အစဉ်ဖြစ်ပျက်ရှု။
ဖြစ်ပျက်ချည့်သာ၊ များမြင်ခါ၊ ကင်းကွာလိုချင်မှု။
လိုချင်ကင်းပျောက်၊ ချုပ်ဆုံးရောက်၊ မျက်မှောက်နိဗ္ဗာန်ဆု။

**တရားသား။** ။ဒကာ ဒကာမတို့-- ဒီကနေ့ညမှာ အထူးတရားလည် သိမှတ်ဆားကြဘို့ အဓိပ္ပါယ်အချက်ကို ပြောရမယ်၊ ဘာလဲဆိုတော့.... တရားဟောတဲ့ပုဂ္ဂိုလ်, တရားဟောဆရာက, ဒကာ ဒကာမတို့သန္တာန်မှာ ဖြစ်နေတဲ့ ယခုပေါ်

ဆဲ ပဋိစ္စသမုပ္ပါဒ်အတိုင်း, ဖြစ်စဉ်အတိုင်းဟောပြရမယ်၊ ဒကာ တို့ကလဲ မိမိသန္တာန်မှာ လက်ရှိဖြစ်နေဆဲ, လက်ရှိဖြစ်စဉ်ကို ကြည့်ထားရမယ်၊ ဟောတဲ့သူကလဲ မုန်းအောင်, မလိုချင်အောင်, ချုပ်အောင်ဟောနိုင်ရမယ်၊ အဲဒီလိုဟောနိုင်တဲ့ ဓမ္မကထိကမှ-ဓမ္မကထိက အစစ်လို့ ဆိုရမယ်လို့ မှတ်ကြ၊ သဘောပါပလား? ။

အခုအချိန်, ဒကာ ဒကာမတို့သန္တာန်မှာ တရားနာတဲ့စိတ်ဖြစ်ပေါ်နေတယ်၊ ဒီစိတ်နောက်က သောတဝိညာဏ် စသည်ပေါ်နေတယ်၊ အဲဒီလိုပေါ်နေဆဲ စိတ်အစဉ် ပဋိစ္စသမုပ္ပါဒ်အစဉ်ကို မုန်းအောင်, မလိုချင်အောင်, ဆုံးအောင်ဟောနိုင်မှ ဓမ္မကထိက အစစ်ဘဲလို့ ဆိုရမယ်၊ ရှင်းပလား? ဒကာ ဒကာမတွေကလဲ, အားထုတ်ချင်လို့, ကျင့်ချင်လို့ နာတဲ့တရားမျိုးဆိုပီး နာကြမှ၊ နာယူကြမှ တရားနာခြင်းအစစ်အမှန် ဆိုနိုင်တယ်၊ တရားနာဒါ နာလို့ကောင်းလို့ နာဒါမျိုးမလိုဘူး၊ တရားနာမှုအစစ်မဟုတ်ဘူးလို့ မှတ်ကြ၊ ရိပ်မိပလား? ။

နောက်ပီး-တရားကိုကျင့်တဲ့အခါမှာလဲ ကိုယ့်သန္တာန်မှာပေါ်နေတဲ့ ခုပေါ်နေဆဲဖြစ်တဲ့ တရားကလေးတခုထဲကို လက်ကိုင်ထား၊ အဲဒီလိုတရားတခုထဲကို လက်ကိုင်ထားပီး, မုန်းအောင်, မလိုချင်အောင်, ဆုံးအောင်ကျင့်မှ အမှန်ကျင့်ဘဲလို့ မှတ်ကြ၊ အဲဒီလိုညီညွတ်အောင် ဆရာကဟောလို့-တပည့်ကလဲ ဒီနည်းအတိုင်း နာယူမှ-ကျင့်ကြံမှ-လမ်းမှန်ကျမယ်၊ အဲဒါမှ အဟောနဲ့အနာညီညွတ်မယ်လို့ မှတ်ကြ၊ ရှင်းပလား? ဒီလို ဆရာ-ဒကာ ညီညွတ်မှသာ ဒိဋ္ဌဓမ္မ နိဗ္ဗာနပုဂ္ဂိုလ်ဖြစ်ကြမယ်၊ ဆရာ-ဒကာ ညီညွတ်ပါမှ ဒိဋ္ဌဓမ္မ နိဗ္ဗာန်ရနိုင်မယ်၊ ရနိုင်တဲ့ပုဂ္ဂိုလ်ဖြစ်မယ်လို့ သံယုတ်ပါဠိတော်မှာ ဟောတော်မူတယ်-လို့ မှတ်ကြ။

ဒကာ ဒကာမတွေ ကျေနပ်ပလား? ပါရမီမလိုပါဘူး၊ ဒီလို နှစ်ဦးနှစ်ဖက် အဟောနဲ့အနာ, ဆရာ-ဒကာညီညွတ်ရင် ပီးပါတယ်၊ အခုမျက်မှောက်ဒိဋ္ဌဘဲ နိဗ္ဗာန်ရမယ်လို့ ဘုရားကဟောထားတော့ သံသယဖြစ်ဘို့မရှိတော့ဘူး၊ ပါရမီနဲ့ ရိုးမယ်မဖွဲနဲ့တော့လို့ ပြောလိုက်ပါတယ်၊ ဟုတ်မှဟုတ်ပါ့မလားလို့ မတွေးနဲ့၊ ဝိစိကိစ္ဆာတလုံးခံရင် သွားမဲ့လမ်းပိတ်တယ်၊ ယုံမှားသံသယဝင်ရင် ကိုယ်ကျတ်မဲ့လမ်း, လွတ်မဲ့လမ်းကို တားလိုက်တာဘဲလို့ မှတ်ကြ၊ သဘောပါပလား? ဒါကြောင့်, ဘုန်းကြီးက ကြိုတင်သတိပေးလိုက်တယ်၊ ဝိစိကိစ္ဆာဘက် မလွဲပါနဲ့လို့-ဘုရားစကားတော်ကို မယုံမကြည်မရှိပါနဲ့လို့ ရိပ်မိပလား?။

ဝိစိကိစ္ဆာဟာ နှယ်နှယ်ရရမဟုတ်ဘူး၊ အလွန်ကြောက်စရာကောင်းတဲ့တရား၊ သူတလုံးထဲက အပါယ်ဝဋ်နွန်းချနိုင်တယ်၊ ကျေနပ်ပလား? ဘုရားက-စိတ်ဖြစ်ဖြစ် ဝေဒနာဖြစ်ဖြစ်, ရုပ်ဖြစ်ဖြစ်၊ ရုပ်နာမ်တခုခုကို မုန်းအောင်, မလိုချင်အောင်, ဆုံးအောင်ရှုကြ၊ ရှုရင် ဒိဋ္ဌဓမ္မနိဗ္ဗာန်ရမယ်လို့ အသေအချာဟောတယ်၊ ရှင်းကြပလား? တရားဟောပုဂ္ဂိုလ်ရဲ့ အချက်သုံးချက်, အဲဒီသုံးချက်က-တခုသောတရားကို မုန်းအောင်, မလိုချင်အောင်, ဆုံးအောင်ဟောရမယ်၊ နားလည်ကြပလား?။

တရားနာတဲ့- ဒကာ ဒကာမတို့ကလဲ မိခိုးဆွမ်းမှာ တမျိုးမျိုးပေါ်မယ်၊ မြင်စိတ်ပေါ်ချင်ပေါ်မယ်၊ ဒါမှမဟုတ်, ကြားစိတ်, နံစိတ်, စားစိတ်, တွေ့စိတ်, မနောစိတ် တခုခုပေါ်မယ်၊ ဒီလိုပေါ်တဲ့အခါ ပေါ်ဒါကိုမိအောင်ကြည့်၊ မလွတ်အောင်ရှုပေးကြ၊ ဥပမာ.... စားစိတ်ကလေး လျှာမှာပေါ်တယ်ဆိုပါတော့ အဲဒါ-

စားစရာထမင်းဟင်း, စားစရာ အစာအာဟာရကြောင့် ပေါ်လာရဒါဘဲ၊ စားစရာအစာကြောင့်- အစာကပြုပြင်သိုက်လို့ ပေါ်လာရဒါပါ-ရှင်းပလား? အဲဒါဟာ- စားစရာစုံပီး စားစိတ်ပေါ်တဲ့အတွက် ပဋိစ္စသမုပ္ပါဒ်တရားဘဲ၊ ဒီစားစိတ်ဟာ သူ့အလိုလို ဖြစ်တာမဟုတ်ဘူး၊ အလိုလိုမဖြစ်ဘူး၊ စားစရာကြောင့် အစာဆိုတဲ့ အကြောင်းကြောင့် ဖြစ်လာဒါဘဲ၊ ရှင်းကြပလား? ။

ဒီစားစိတ်ဟာ အကြောင်းမကင်းဘူး၊ အကြောင်းကြောင့်-ပေါ်တဲ့တရားမို့ ပဋိစ္စသမုပ္ပါဒ်လို့ ခေါ်တယ်၊ အဲဒီ စားစိတ်က လေးကို မုန်းအောင်ရှုဘို့လိုတယ်၊ ရှုဘို့နည်းက· "ထမင်းတလုပ် စားလိုက် အရသာတမျိုးပေါ်လိုက်၊ အစားတခုစားလိုက် အရသာတမျိုးပေါ်လိုက်၊ အဲဒီလို အစားအမျိုးမျိုးစားတိုင်း, အရသာအမျိုးမျိုး ခဏခဏပေါ်တယ် ဒီပေါ်တဲ့အရသာဟာ ဒီလျှာပေါ်မှာဘဲ ပျောက်, ပျောက်ပီးသွားတယ်၊ ဒီလိုပေါ်ပီး ပျောက်သွားဒါဟာ စားရင်းသေဒါဘဲ၊ ဘယူသေဒါလဲ? ဆိုတော့.... စားစိတ်သေဒါဘဲလို့ မှတ်လိုက်ကြ၊ အရသာပေါ်ဒါ သိဒါဟာ စားစိတ်နဲ့သိဒါ ဒီတော့ စားစိတ်သေဒါ ဆိုတဲ့အချက် ရိပ်မိပလား? အဲဒါဟာ စင်စစ်တော့ စားချင်တော့ လူသေဒါပါဘဲ၊ သဘောပါပလား? ။

ဒီတော့- စားချင်တဲ့သူ ဒီနေရာတွင်သေဒါဘဲလို့ ဉာဏ်စိတ်ပေါ်လာမယ်၊ ဒီလိုဘဲ စားလိုက်·သေလိုက်၊ စားလိုက်-သေလိုက် နောက်ကနေပီး, ဉာဏ်နဲ့ကြည့်တော့ ကိုယ့်မသာ ကိုယ်မြင်ရမယ် ရှင်းပလား? အစာစားတိုင်း, စားတိုင်း လျှာပေါ်မှာ ဖြစ်လိုက် ပျက်လိုက်နေတဲ့ ကိုယ့်မသာချည့်-ကိုယ်တွေ့နေရတော့ ကြာရင်

ငြိုးငွေ့လာမယ်၊ ကြာလေ ကိုယ့်မသာကိုယ် မကြည့်ချင်လေဖြစ်ပီး မုန်းလာမယ်၊ ဒကာတို့ စမ်းပီးစားကြည့်ကြ၊ ဉာဏ်နဲ့စမ်းစားကြည့်ရင် လက်တွေ့သိရမယ်၊ သဘောပါပလား?။

စားချင်ရင်လဲ သေချင်လို့ဘဲ၊ ဝတ်ချင်လဲ သေချင်လို့ဘဲ၊ ကြည့်ချင်ရင်လဲ သေချင်လို့ အဆင်းတခုခုကို ကြည့်စိတ်ပေါ်လို့- ကြည့်လိုက်တဲ့အချိန်မှာ ဒီစိတ်ကလေး သေပီ၊ မရှိတော့ဘူး၊ ပေါ်လာပီး ချက်ချင်းပျောက်သွားဒါဘဲ၊ သူ့နေရာမှာ-နောက်စိတ် အစားထိုးလို့သာ ပျက်သွားဒါမသိဘဲ၊ ငါကြည့်တယ်လို့ထင်မြင်ဒါ အမှန်က တစိတ်ပီးတစိတ်, ဖြစ်ပီးပျက်၊ ဖြစ်ပီးပျက်နဲ့ အစဉ်မပြတ်မရပ်မနား ဖြစ်ပျက်နေဒါဘဲရှိတယ်၊ ဒါကို ဉာဏ်နဲ့ကြည့်ရင် လက်တွေ့သိရမယ်၊ အမှန်အတိုင်းသိရမယ်၊ သဘောပါပလား?။

ဒကာ ဒကာမတွေ ကိုယ်တွေ့ဉာဏ်မြင်ဖြစ်အောင်, အားထုတ်ရမယ်၊ အချိန်ဆဲ့-အချိန်ရှိမနေကြနဲ့တော့၊ ရှိနေရင် ကိုယ့်မသာ ကိုယ့်မမြင်ဘဲ- သေ, ခြင်းဆိုးနဲ့သေရမယ်၊ ရိပ်မိပလား? အားထုတ်ကြည့်ရင် ကိုယ့်မသာတွေ့ ကိုယ်တိုင်မြင်ရမယ်၊ မြင်ရင်မလိုချင်, ဒီအသေက လွတ်ချင်စိတ်ပေါ်မယ်၊ လွတ်ချင်တဲ့ဉာဏ်လာမှ အသေလွတ်ရာ ရကြမှာ၊ ရှင်းပလား? ဒါခကြောင့်-ဘုရားက ဒကာ ဒကာမတွေရဲ့ အဖြစ်မှန်ကိုသိတော်မူ- သနားတော်မူလို့ မသေရာကိုရှာကြလို့ ဟောတော်မူဒါလို့ မှတ်ကြ၊ ပေါ်ကြပလား?။

ခန္ဓာမှာ ဉာဏ်နဲ့ကြည့်ရင် ကောင်းဒါတခုမှ မမြင်ရဘူး၊ အသေဒုက္ခချည့် မြင်ရမယ်၊ တသေပီး-တသေ၊ တသေပီး တသေ၊

ခဏခဏသေနေကြရုဒါ ဒီလိုသေရဒါ ကိုယ်တိုင်သေရဒါချည့်ဘဲ ဒီဟာတွေကို ဥာဏ်နဲ့မြင်လာတော့ မုန်းလာမှာဘဲ၊ အမုန်းမျိုးလာရင် အသေတွေချုပ်ဆုံးပီး အသေလွတ်ရာရကြမယ်၊ ဒါကြောင့်မိမိသန္တာန်မှာ ဥာဏ်နဲ့ကြည့်ပေးကြ၊ ဘာလာလာကြည့်ပေး၊ စားချင်ဒါလဲကြည့်၊ အသေတွေမှာဘဲ၊ နားထောင်ချင့်, ကြံစီချင်လဲ သေချင်လို့ ဒီလိုရှောက်ပီး, ဥာဏ်နဲ့ကြည့် အသေချည့်သာတွေ့ရမယ်၊ နားလည်ပလား?။

ဒါကြောင့်-မပြတ်ကြည့်ပေးကြ၊ ကြည့်ရင် မသာချည့်သာတွေ့ရမယ်၊ အလောင်းချင်းသာထပ်တော့တယ်၊ အကောင်းတခုမှမမြင်တော့ဘူး၊ ရိပ်မိပလား? ဒါကြောင့် ကြည့်ပေးကြ၊ မကြည့်ရင်ဖြင့် မတွေ့ကြဘူး၊ တရားတော် သူပြောမယ့်-ကိုယ်တွေ့ကြုံရမယ် သန့်ဦးကောတဲ့၊ သဘောပါပလား? ဒါက-ဒိဋ္ဌမ္မနိဗ္ဗာန်ရချင်တဲ့သူအတွက် ဒီတရားကိုဟောရဒါ၊ ဒကာ ဒကာမတွေ့ ဒိဋ္ဌမ္မနိဗ္ဗာန် ရချင်ကြရင်ဖြင့် အားထုတ်ကြဘို့ဘဲ၊ ကျေနပ်ပလား? ပါးစပ်ဖျားကလေးနဲ့သာ နိဗ္ဗာန်ရရပါလို့-နဲ့ တောင်းပီး အားမထုတ်ရင်ဖြင့် ဒကာတို့ဟာ လူညာတွေ့လား? လို့-မေးလိုက်ပါတယ်၊ ကျေနပ်ပလား?။

ကိုယ့်သန္တာန်မှာပေါ်မယ်၊စိတ္တာနုပဿနာရှုရင်-စိတ် ၆, မျိုး၊ မျက်လုံးစိတ်, နားစိတ်, နှာခေါင်းစိတ်, လျှာစိတ်, ကိုယ်ကာယစိတ်, မနောစိတ်-လို့၊ အဲဒီခြောက်မျိုးပေါ်မယ်၊ ပေါ်သမျှ-မလစ်အောင်လိုက်ကြည့်၊ ကိုယ့်အသေချည့် တွေ့ရမယ်၊ ခြောက်ဒွါရမှာဖြစ်တဲ့ ခြောက်စိတ်ကို မလွတ်အောင်လိုက်ကြည့်၊ ပေါ်ရာကိုသာကြည့်၊ ကြည့်ရင် ဖြစ်ပျက်တွေ့ချည့်တွေ့မယ်၊ ဖြစ်လာပီ.ပျက်သွား, ဖြစ်လာပီးပျက်သွားနဲ့ ဖြစ်ပျက်တွေ့ချည့်ဘဲ တွေ့

မယ်၊ အဲဒီတွေ့တဲ့ဖြစ်ပျက်ကို ကြည့်ပါမျှားလာတော့ ကြာရင်-မှုန်းလာမယ်၊ အဲဒီကနေ ဆုံးအောင်ဆက်ပီး ကြည့်ရမယ်၊ ဆုံးအောင်ကြည့်ဘို့ ဒီတာဝန်ဘဲလို့ ဆုံးဖြတ်ချက်ချ။

ဒကာ ဒကာမတွေ သူမျှားအသုဘ လိုက်ပို့ကြတဲ့အခါမှာ၊ မသာပို့ရင်းနဲ့- ဟားလားဝါးလား စကားပြောနိုင်ဒါ ဘာလို့လဲ? မသာပို့ရင်း စီးပွားရေး-ကြီးပွားရေး-သားရေး-သွီးရေး-စကားတွေ ဖေါင်နေအောင်ပြောနိုင်ကြတယ်၊ ဒါဘာ့ကြောင့်လဲ? အဲဒါ-သူမျှားသေဒါသာသိပီး, ကိုယ်သေဒါ ကိုယ်မသိကြလို့သာဘဲ၊ ကိုယ်သေဒါသိရင် ဟားလားဝါးလား မလုပ်နိုင်ကြပါဘူး၊ ရိပ်မိကြပလား? သူမျှားသေဒါတွေ အိမ်ရှေက-အလောင်း ၄၀,၅၀, လောက်မျှားဖြတ်သွားရင် ဘယ့်နှယ်မျှားနေပါ့မလဲ? ရှုံမှုန်းလာမှာဘဲ၊ အဲဒီအမှုန်းက ဥာဏ်မှုန်းမဟုတ်ဘူး၊ ကြောက်တာဘဲ ကြောက်တဲ့-ဒေါမနဿဘဲ၊ သံဝေဂဥာဏ်မဟုတ်ဘူးလို့ မှတ်ကြ။

ဒကာ ဒကာမတွေ အဲဒါကိုသဘောပါကြရဲ့လား? သူမျှားသေလို့ အလောင်း ၄၀,၅၀, လောက်မြင်ရတော့ ကြောက်တယ်၊ ကိုယ့်မသာတွေ နာရီမိနစ်မလပ်အောင် အလောင်းချင်းထပ်နေဒါကိုတော့ မကြောက်ကြဘူး၊ အဲဒါမသိလို့၊ မသိ သားဆိုးဝါးချက် ဘလောက်မျှားသန်သလဲ စဉ်းစားကြ၊ သူမျှားကျတော့ ကြောက်တယ်၊ ကိုယ့်ကိုယ်ကိုယ် ပြန်ကြောက်အောင်လုပ်ကြလို့ ပြောလိုက်ပါတယ်၊ ဒါကြောင့် ဒီကရှေ့ အရပ်ပေးမျက်လုံးဖြုတ်ပီး ဘုရားပေးမျက်လုံးနဲ့ ကြည့်ပေးကြ၊ ခန္ဓာမှာ- ဘုရားပေးတဲ့ဥာဏ်နဲ့ကြည့်ရင် အမှန်သိပီး အသေလွတ်ရာ နိဗ္ဗာန်ရကြမယ်၊ ရှင်းကြပလား? ။

ဒကာတို့တတွေ အခုအနေမှာ စားလဲ, စားသေသေကြ၊ အိပ်လဲ, အိပ်သေသေနေကြ၊ ဘယ်မှာနေနေ, ဘာလုပ်နေနေ, အသေချည့်ပါဘဲ၊ အဲဒါ- ဒကာ ဒကာမတွေ့ ကိုယ်တိုင်က အသေဆုတောင်းထားကြလို့၊ အခု- ကိုယ်ပိုင်ရနေကြဒါပါ ရိပ်မိကြရဲ့လား? လူဖြစ်ရပါလို့၏ဆိုဒါ လူသေ, သေရပါလို့၏လို့ ဆိုဒါဘဲ၊ နတ်ဖြစ်ရပါလို့၏ဆိုတော့ နတ်သေ, ရရပါလို့၏ဘဲ၊ ရှင်းပလား? ဒါတွေ့ကို ကိုယ်တိုင်တောင်းယူခဲ့ကြဒါ၊ ဒကာတို့က အသေနဲ့ရင်မကြိုက်နိုင်ဘူး၊ ဘဝ, ဆက်တိုင်း, ဆက်တိုင်း, လူ့ပြေနတ်ပြေ အကြိမ်ကြိမ်တဲ့၊ အဲဒါ အသေဆုတောင်းဒါအသေမျှားမျှားရပါလို့၏ ဆိုဒါနဲ့ အတူတူပါဘဲ၊ အသေကိုဘယ်လောက်ကြိုက်တယ်-မကြိုက်တယ် ဆိုဒါ ပြောဘဲမပြောချင်တော့ဘူး။

နိဗ္ဗာန်ကိုအခုရရင်တောင် ယူချင်တဲ့အဓိပ္ပါယ်မပါဘူး၊ ဒကာတို့ဟာက လူ့စည်းစိမ်, နတ်စည်းစိမ်, အကြိမ်ကြိမ်ခံစားချ အဆုံးစွန်သောဘဝမှာ နိဗ္ဗာန်ရောက်ရပါလို့၏နဲ့ ဆိုကြတယ်၊ အဆုံးစွန်သောဘဝဆိုဒါ ဘယ်တော့မှ မဆုံးဘူးလို့ မှတ်လိုက်ကြ၊ ကိုယ်ကဆုံးချင်ရင် ဒီဘဝမှာတင်ဆုံးနိုင်တယ်၊ မဆုံးချင်ရင် ဘယ်တော့မှမဆုံးဘူး၊ ဆုံးချင်တဲ့ဥာဏ်လာမှဆုံးမှာ ရိပ်မိကြပလား? အကြိမ်ကြိမ်ခံစားချ ဆိုဒါဟာ ဒကာတို့တတွေ့ အသေတွေ့ကိုခံစားချင်ဒါလား? မသာလောင်းတွေ့ ခံစားချင်တယ်လို့ ဆိုဒါလား? မေးလိုက်တယ်။

ဒကာ ဒကာမတွေ့ အိပ်နေတဲ့အခါမှာလဲ သေနေဒါဘဲ၊ အိပ်နေတဲ့အခါ ထွက်လေ, ဝင်လေ, ရှူရှိုက်နေဒါဟာ ထွက်သေ, ဝင်သေ, ရှူသေ, ရှိုက်သေ, လုပ်နေကြဒါပါ၊ အဲဒါ- သေချင်

လို့ တနာရီမှာ ထွက်သက်-၃၆၀၊ ဝင်သက်ကလဲ-၃၆၀၊ တနာရီအတွင်းမှာတင်-၇၂၀, တောင်သေနေတယ်၊ ရိပ်မိကြပလား? ကြားမှာဘာမှ မညှပ်ဘူး၊ တသေပီး, တသေ၊ အသေချင်းသာ ထပ်နေဒါပါဘဲ၊ သဘောပါကြပလား? ဒါကိုမသိမမြင်တော့ ခင်လို့ မင်လို့ ရတယ်၊ ပျော်လို့ ရွှင်လို့ ရကြတယ်၊ ဒီအသေတွေ့ မသာတွေ့ အမှန်သိအမှန်မြင်ရင် ပျော်လို့ ရွှင်လို့ လဲမရ၊ ခင်လို့ မင်လို့ လဲ မရကြတော့ပါဘူး။

ဒါကြောင့်-ဒီကရွေ့ ဒို့ဒကာတွေ့ ဉာဏ်ကိုဆရာတင်ကြတော့၊ ဉာဏ်ကပြဒါကြည့်-ဉာဏ်ပြောစကားနားထောင်ကြ၊ ဒါမှအမှန်ကျမယ်၊ ဉာဏ်ဆရာတင်ပီး ခန္ဓာမှာကြည့်ပေး၊ ဉာဏ်နဲ့ကြည့်တော့ အသေချည့်သာတွေ့ရမယ်၊ ဒီအတိုင်းသာကြည့်ကြရင်-ပျော်တဲ့စိတ်မလာဘူး၊ မုန်းတဲ့ဉာဏ်ဘဲလာတော့မယ်၊ ဉာဏ်မပါရင် သံသရာမှာ ကြက်ကန်းသွား၊ လိပ်ကန်းသွား, သွားနေရဘို့ဘဲ၊ ဒါကြောင့်- ဉာဏ်ဆရာတင်ကြ၊ ဉာဏ်ဆရာတင်တော့-ဘဝသံသရာမှာ အသေတွေ့ချည့်မြင်ရမယ်၊ မြင်ရတော့ မလိုချင်တော့ဘူးပါ့၊ မလိုချင်တော့ ဘဝသံသရာဆုံးဒါပါဘဲ၊ သဘောပါရဲ့လား? ။

ဘဝသံသရာမှာ လူဖြစ်တော့ လူသေနဲ့ကြုံရမယ်၊ နတ်ဖြစ်တော့လဲ-နတ်သေ၊ ဗြဟ္မာဖြစ်တော့-ဗြဟ္မာသေ, ဒီအသေခန္ဓာတွေ့ ချည့်ရကြမယ်၊ ဉာဏ်ကဒီသဘောကိုအမှန်မြင်တော့ ခန္ဓာအမျိုးမျိုးတွေ့မလိုချင်တော့ဘူး၊ မုန်းတဲ့ဉာဏ်ဝင်လာတယ်၊ မလိုချင်တော့ နောက်-မကြာခင်ဆုံးတော့ဒါပါဘဲ ရှင်းကြပလား? ဘုရားရှင်က, ပဋိစ္စသမုပ္ပါဒ်တရားဟာ ရှုမှတ်ရမဲ့တရား၊ ရှုစရာ

တရားဘဲလို့ ဟောတော်မူတယ်၊ ဒီတော့-- ဒွါရခြောက်ခုမှာ-ခန္ဓပဉ္စမသမုပ္ပါဒ်တွေ လှည့်ပတ်ပီးဖြစ်ပေါ်နေကြတယ်၊ ဒီတော့ ဒွါရခြောက်ခုမှာ လာသမျှ ဘာလာလာ မလွတ်တန်းရှုပေးကြ။

အဲဒီလို ပေါ်တိုင်းပေါ်တိုင်း မလွတ်အောင်ရှုပေးရင် ဓမ္မာနုဓမ္မ ပဋိပတ္တိဖြစ်မယ်၊ ဓမ္မ-အနုဓမ္မပဋိပတ္တိဘဲ၊ ဓမ္မက အရှုခံရမဲ့တရား၊ အနုဓမ္မပဋိပတ္တိက ပြတဲ့တရားနဲ့လျော်အောင် ညီညွတ်အောင် ကျင့်တဲ့အကျင့် လို့မှတ်၊ လျော်အောင်ကျင့်ဘို့က ရှုခံရမဲ့တရားနဲ့ ရှုဉာဏ်နဲ့တဲ့စေရမယ်လို့ မှတ်ကြ၊ အရှုခံတရားနဲ့ ရှုဉာဏ်တဲ့ရင် လျော်အောင်ကျင့်တဲ့အကျင့် ဓမ္မာနုဓမ္မ ပဋိပတ္တိဘဲလို့ မှတ်ကြ၊ သဘောပါပလား? ဥပမာ.... ရုပ်နာမ်က, ပဋိစ္စသမုပ္ပါဒ်က အဖြစ်ပြရင် အဖြစ်ကိုသိရမယ်၊ ပျက်ရင် အပျက်ကို သိရမယ်လို့ ဆိုလိုတယ်၊ ရှင်းပလား? ။

အရှုခံတရားက ဖြစ်ပျက်ရှိရင် ရှုဉာဏ်ကဖြစ်ပျက်ဘဲသိ၊ ပို့မသိနဲ့ ရှင်းပလား? အပို့ဖြစ်တဲ့ ငါ,သူတပါးယောကျ်ား, မိန်းမ, မလာစေနဲ့၊ ဖြစ်တာပျက်တာကိုဘဲသိရမယ်၊ အဲဒါမှ ဓမ္မ, အနုပဋိပတ္တိဖြစ်မှာ၊ ဖြစ်ပျက်,နှစ်ခုက အပြင် ဘာမှမမြင်ရဘူး၊ မြင်ရင် လျော်တဲ့အကျင့်မဟုတ်သေးဘူးလို့ ဆုံးဖြတ်ချက်ချ၊ ဓမ္မနဲ့ အနုပဋိပတ္တိနဲ့ ကိုက်ညီတဲ့အကျင့်မှ ကိုက်ညီမှ မဂ်, ဖိုလ်ရတဲ့ အကျင့်ဖြစ်တယ်လို့မှတ်၊ မကိုက်ရင် မဂ်, ဖိုလ်ရတဲ့အကျင့် မဟုတ်သေးဘူးလို့သာ မှတ်လိုက်ကြ၊ ရှင်းကြပလား? ။

တိုတိုကျဉ်းကျဉ်းနဲ့ လိုရင်းအချုပ် မှတ်ထား ဘို့ကတော့-- "ရှေကအပျက်နဲ့ နောက်ကမဂ်နဲ့ ကိုက်အောင် လုပ်ရမယ်၊ သ

ဘောပါပလား ? ဒီလို- ရွှေကဖြင့်ပျက်နဲ့ နောက်ကမင်္ဂနဲ့ ကိုက် အောင်လုပ်ရင် နောက်မှုန်းလာမယ်၊ မှုန်းဖန်များပီးနောက် မလို ချင်တော့ဘူး၊ မလိုချင်တဲ့နောက်တော့ ဆုံးတော့ဒါဘဲ၊ ဒါ ကြောင့်ခန္ဓာမှာ ပေါ်ဆဲပေါ်ဆဲ ပဋိစ္စသမုပ္ပါဒ်ကို မလွတ်အောင် ဉာဏ်နဲ့ကပ်လိုက်၊ ရွှေကဖြစ်ပျက် နောက်ကမင်္ဂ ညီပေစေ၊ ကြား ဝင်တဲ့စိတ် လက်မခံနဲ့· အဲဒါ ကိလေသာကြားဆိုးဒါဘဲ၊ ကိလေ သာကြားထိုးနေရင် မင်္ဂဉာဏ်နဲ့ဝေးလိမ့်မယ်၊ ရိပ်မိပလား ?။

ကိလေလာကြားမဝင်ဘဲ ရွှေကဖြစ်ပျက် နောက်က မင်္ဂချည့် သာတန်းနေရင် ဓမ္မာနုဓမ္မ ပဋိပဘိုဖြစ်ပီ၊ ဒီလိုညီညွတ်မှု ဓမ္မာနု ဓမ္မပဋိပန္နပုဂ္ဂိုလ်ဖြစ်မယ်၊ ရှင်းပလား ? ဒါကြောင့်· ဒကာ ဒကာမတွေ့ ဓမ္မာနုဓမ္မပဋိပန္နပုဂ္ဂိုလ်ဖြစ်အောင် အမြန်လုပ်ကြပါ လို့ တိုက်တွန်းလိုက်တယ်၊ ဘုရားရှင်က· ဒကာတို့ သတ္တဝေ ဏ္ဍယျတွေကို သနားအားကြီးလို့ ညွှန်ပြတော်မူခဲ့ဒါ၊ ဘုရားတို့ ထုံးတမ်းက နှစ်ခွန်းမပြောဘူး၊ တခွန်းနဲ့အမှန်ကိုသာပြောတယ်၊ သတ္တဝတွေကိုငဲ့ညှာတော်မူပြီး နည်းလမ်းပြထားခဲ့ဒါဘဲ၊ ဒီလို· ဘုရားထုံးစံသိရရင် ယုံမှားမနေကြနဲ့တော့၊ ဘုရားစကားတော်· မဖြစ်စရာမရှိ၊ မုချဖြစ်ရမယ်လို့ ဆုံးဖြတ်ပီး ကြိုးစားလိုက်နာကြ။

အားထုတ်တော့· ဒကာတို့သန္တာန်မှာ ဓမ္မကလေးတခုပေါ် လာမယ်၊ အဲဒီပေါ်လာတဲ့ဓမ္မက ဖြစ်ပျက်ဆိုရင်၊ ဉာဏ်က ဖြစ် ပျက်လို့သိကြ၊ ဒီဖြစ်ပျက်သိဘို့သာ လိုရင်းအချက်ဘဲ၊ ပဌမ တော့· ကျဲချင်ကျဲနေမယ်၊ နောက်· အသိအမြင်များလာမယ်၊ များလာရင်မှုန်းစရာဘဲလို့ဉာဏ်ကသိမယ်၊ဉာဏ်ကမှုန်းစရာလို့ သိရင် မလိုချင်တော့ဘူး၊ ဒုါတွဟာ ဒုက္ခအစုတွေဘဲလို့ ဆုံး

ဖြတ်ချက်ချမယ်၊ ဆုံးဖြတ်ပီးနောက် ဒီဖြစ်ပျက်ဒုက္ခတွေဆုံးရော၊ ဆုံးဒါနဲ့- မဂ္ဂင်ရှစ်ပါးလာဒါဘဲ၊ အဲဒီအခါမှာ- လောကုတ္တရာမဂ်နဲ့ နိဗ္ဗာန်မြင်ရတော့ဒါဘဲ၊ ရှင်းပလား?။

ဒါကြောင့်- ဒကာ ဒကာမတွေ ခန္ဓာကြည့်ပေးကြ၊ ဘာပေါ်ပေါ် ဖြစ်ပျက်မြင်အောင်ရှု၊ ဖြစ်ပျက်မြင်ဘို့အရေးကြီးတယ်၊ရုပ်ပေါ် ရုပ်ဖြစ်ပျက်ရှု၊ ဝေဒနာပေါ်လဲ ဖြစ်ပျက်မြင်အောင်ရှု၊ တိဏ္ဍံ သင်္ဂတိ ဖဿော ဆိုတဲ့အတိုင်း ဖဿပေါ်လာပီးတဲ့နောက် ဖဿပစ္စယာ ဝေဒနာဘဲ၊ ဖဿချုပ်ပီး ဝေဒနာပေါ်လာတယ်၊ ဖဿက အကြောင်း, ဝေဒနာက အကျိုး၊ ဝေဒနာအချုပ်က လေးမြင်တော့ အကြောင်းချုပ်လို့ အကျိုးချုပ်တာဘဲလို့ သိရမယ်၊ အကြောင်း ဖဿ,ရော အကျိုးဝေဒနာပါ နှစ်ပါးလုံးပြိုင်ချုပ်တယ်၊ အကြောင်းအကျိုးပြိုင်ချုပ်တော့-နောက်က တဏှာ, ဥပါဒါန်တွေမလာတော့ဘူး၊ မလာတော့.... ဇာဏှာနိရောဓာ နိဗ္ဗာနံ၊ ခန္ဓာနိရောဓာ နိဗ္ဗာနံ- လောဘ, ဒေါသ, မောဟချုပ်ရာ ဆုံးရာဟာ နိဗ္ဗာန်ဘဲ၊ သဘောကြပလား? ရေသောက်မြစ်ကို မဂ်ကဖြတ်လိုက်တော့ ခန္ဓာသစ်ပင် မပေါက်နိုင်တော့ဘူး၊ ရှင်းကြပလား?။

ကိုင်း, တနာရီစေ့သွားဘီ၊ ဒီတွင်ဘဲ တော်ကြအုံးစို့။

———

# ဓမ္မရတနာ-မာတိကာ

## " လာရာ သွားရာ သိဒ္ဓာဏ်ာ တရားတော် "

ဆောင်ပုဒ်

သင်္ခါရပြု၊ ဝိညာဏ်စု၊ ရမ္မသန္ဓေစ။
ဇာတိသန္ဓေ၊ ရတုံပေ၊ ဒုက္ခေဆင်းရဲစု။
ဇာတိပိမှန်၊ ဟောမိန့်ပြန်၊ ဒုက္ခံသစ္စာပ။
သင်္ခါပြုတွက်၊ ဝိညာဏ်စက်၊ ဖြစ်ပျက်ရှုမှတ်ချ။
ဝိညာဏ်ကြောင့်သာ၊ နာမ်ရုပ်လာ၊ ဉာဏ်ဝါရှုကြည့်ရ။
ရှုမှတ်ညာဏ်ဝင်၊ ဖြစ်ပျက်စဉ်၊ မှန်မြင်ကြီးဒုက္ခ။
ဖြစ်ပျက်အစဉ်၊ ဒုက္ခမြင်၊ ကုဒစင်သမုဒယ။

သတိခြင်း၊

ဘယ်ကလာကြ၊ ဘယ်သွားရ၊ လုံးဝမသိပေ။
ပတ်ကုံးသံသာ၊ ယောင်ချာချာ၊ ချိန်သာကုန်ခဲ့ချေ။
လာရာသွားရာ၊ မသိရှာ၊ ဖန်ကာစုတိကြေ။
စုံလုံးမျက်ကန်း၊ ထင်ရာစမ်း၊ ဖြစ်ဆန်းနန္တထွေ။
ရောင်ခြောက်ဆယ်သာ၊ အိုသေနာ၊ ဘယ်ခါမလွတ်ချေ။
လူမမာမိုက်၊ မသင့်ကြိုက်၊ လွဲလိုက်အသခြေ်။
လွတ်လမ်းကိုတွေ့၊ ချိန်မရွေ့၊ ယနေ့ကြိုးသင့်ပေ။

ဝေဒနာသုံး။ ။ဒကာ ဒကာမတို့ ကိုယ့်ဟာကိုယ် ဘယ်ဘဝ ကလာခဲ့ပြီး၊ ဘယ်ဘဝသွားရမှာလဲလို့ မသိကြဘူး၊ ဒကာတို့ ဘယ်ကလာခဲ့တုံး? မသိပါ။ ဒါဖြင့်-ဘယ်သွားရမှာတုံး? ဒါလဲ မသိပါဘုရား၊ အေး.... ဒကာ ဒကာမတွေ-

ဘယ်ကလာပီး ဘယ်ကိုသွားရမှန်းမသိကြဘူး၊ ရိပ်မိကြရဲလား? ဒကာ ဒကာမတွေ အခုလက်ရှိနေရဒါ သွားလမ်း, လာလမ်း ဘာလမ်းမှမသိကြဘူး၊ ဥပမာ-မျက်စိလယ်ပီး ရန်ကုန်ဘူတာကြီး မန္တလေးဘူတာကြီးထဲ ရောက်နေတဲ့လူလိုပါဘဲ သဘောပါပ လား? ။

ဒကာတို့တတွေ အခုအနေမှာ ကိုယ့်လာရာ သွားရာမှမသိကြ ဘူးဆိုတော့ အလွန်ဆိုးတဲ့အဖြစ်နဲ့ ကြုံနေရဒါဘဲ၊ ကိုယ့်လမ်းမှ-ကိုယ့်မသိတဲ့လူဆိုရင် လမ်းမှန်ရောက်အောင်, သွားနိုင်ပါအုံးမ လား? မသွားနိုင်ဘူး၊ သွားချင်ရာသွား၊ ရောက်ချင်ရာရောက်, ချောက်ထဲကျဘို့ဘဲရှိတယ်၊ ဒီတော့- ဒို့ဒကာ ဒကာမတွေ ရှေးမူ အတိုင်းနဲ့ နေလို့မဖြစ်တော့- ရှေးမူအမှားကိုပြင်ကြ၊ ရှေးမူအ တိုင်းဆိုရင် ဘယ်ကလာတယ်ဆိုဒါလဲ မသိကြ၊ ဘယ်သွားရမှာ တုံးဆိုဒါလဲ မသိကြဘူး၊ ယောင်ချာချာနဲ့ တသံသရာလုံး အချိန် ကုန်ခဲ့ကြရတယ်။

ဒကာ ဒကာမတွေ ရိပ်မိပလား? အခုဘဝက စုတေမနေ, သေလွန်တဲ့အခါ ဘယ်သွားရမှန်းမသိကြဘူး၊ သွားချင်ရာသွား၊ ရောက်ချင်ရာရောက်၊ ကျချင်တဲ့ချောက် ကျဘို့ဘဲရှိတယ်၊ မှန်း ချေပေါက်မရှိကြဘူး၊ ရှင်းရဲ့လား? မျက်စိလယ်လမ်းမှားပီး-လာရာလဲမသိ၊ သွားရာလဲမသိကြဘူး၊ကိုယ့်အဖြစ်,ဘယ်လောက် ဆိုးနေသလဲဆိုဒါ နက်နက်နဲနဲစဉ်းစားကြ၊ ရိပ်မိကြမယ်၊ ဒါ ကြောင့် ဒီအဖြစ်ဆိုးမျိုးမကြုံရအောင်,ညွှန်ပြတဲ့ဆရာသမားနဲ့ဝတ္ထ

တုံး ကြိုးစားလိုက်နာကြ၊ ဒီလိုအချိန်ကလေးမှာမှ မမိကြရင် မသိဒါနဲ့ဘဲ လမ်းဆုံးပီးအချိန်ကုန်ကြမှာဘဲ။

ဒကာ ဒကာမတွေ ရိပ်မိကြပလား? ဉာဏ်မျက်လုံးမရှိကြလို့ ဘာမှမသိဒါ၊ ဉာဏ်မျက်လုံးကို အခုဆရာဘုန်းကြီးက တပ်ပေးတဲ့အချိန်မှာ ကြိုးစားယူကြလို့ ပြောလိုက်ပါတယ်၊ ဒီကနေ့ ဉာဏ်မျက်လုံးဖွင့်ပေးမယ်၊ မျက်လုံးဖွင့်ပေးမဲ့နေ့ဘဲလို့ မှတ်ကြ၊ ဒီတခါ မျက်လုံးပွင့်ရင်ပွင့်၊ ဒီတခါမှမပွင့်ရင် စုံလုံးကန်းအဖြစ်နဲ့ ဒုက္ခရောက်ကြမယ်၊ ဒကာ ဒကာမတွေ ဒီနည်းနဲ့ဒုက္ခရောက်ခဲ့ဒါ အသခ်ေ့အနန္တ ဘဝပေါင်း မရေမတွက်နိုင်ကြပါဘူး၊ ပေါ်ကြပလား? ဒီလိုအခွင့်အခါမျိုးမှာမှ လက်လွတ်ခံရရင် ဒုက္ခအကြီးအကျယ်ရောက်ကြမှာဘဲ။

ဒါကြောင့် အခွင့်ကောင်းကိုဖြင့် လက်မလွတ်ကြစေနဲ့၊ အရှယူလိုက်လို့ ပြောလိုက်တယ်၊ ဒီဒကာ ဒကာမတွေ ကျေနပ်ပလား? ဒကာတို့ဟာ ရှေးကမ္ဘန်းခေျပေါက်မပါခဲ့ဘူး၊ သွားရာလဲမသိ၊ လာရာလဲမသိနဲ့သာ အချိန်ကုန်ခဲ့ကြရဒါပါဘဲ၊ ရှေးကယောင် ခြောက်ဆယ်သွားတွေ ဖြစ်နေခဲ့ကြတယ်၊ နောက်လဲ—ဒီအခြေ, ဒီအနေနဲ့သာဆိုရင် ကျတ်လမ်းလွတ်လမ်း မမြင်နိုင်တော့ဘူးလို့ သာမှတ်ကြ၊ ဒီတော့· အခု အချိန်ရှိသေးတယ်၊အခုနှယ်မှာ အချိန်မီပါသေးတယ်၊ နားလည်ကြပလား?။

ဒီတော့· ဒကာတို့ဟာ ရောင်းဝယ်, ဖေါက်ကား, သားရေး, သီးရေး, စီးပွားရေးနဲ့သာ အချိန်ကုန်နေကြရင် တသံသရာလုံးမှောက်ဘို့ဘဲရှိတယ်၊ လာရာ သွားရာ မသိတဲ့လူတွေ အလုပ်ဘဲ၊

ဒီအလုပ်က အိုခြင်းဆိုး, နာခြင်းဆိုး, သေခြင်းဆိုးနဲ့ အမြဲနေကြ ရတဲ့အလုပ်ဘဲ ရိပ်မိကြပလား? ကိုယ်ကျိုး ကိုယ်စီးပွားမပါတဲ့-သံသရာ့အလုပ်တွေ လျှော့ကြတော့၊ ဒါမှမဟုတ်ရင်, ဒယ်အိုး ဘက်သွားဒါနဲ့ ချောက်တွေ ကမ္ဘားတွေဘက်သွားရဘို့ဘဲ ကျန် တော့တယ်ဆိုဒါ မှတ်လိုက်ကြ၊ ရှင်းပလား? ။

ဘုရားက— သစ္စသံယုတ်မှာ ဟောထားဒါရှိတယ်, ဒကာ-ဒကာမတို့ရဲ့ဖြစ်ထွက ကောင်းကင်မြောက်လိုက်တဲ့တုတ်(ဒုတ်) လိုပါဘဲတဲ့၊ ကောင်းကင်မြောက်လိုက်တဲ့ဒုတ်ဟာ သူ့ကျချင်သ လိုကျမယ်၊ အရင်းလား- အဖျားလား- ဒေါင်လား- ပြားလား-စောက်ထိုးလား- မိုးမြော်လား မသိနိုင်ဘူး၊ ကျချင်တဲ့ဘက် ကျ မှာဘဲ သဘောပါပလား? ဒကာ ဒကာမတွေလဲ ကောင်းကင် မြောက်တဲ့ ဒုတ်ဥပမာလို စောက်ထိုးလား မိုးမြော်လား တပ်ရာ ကျ မသိနိုင်ကြဘူး၊ကျချင်သလိုကျ ဖြစ်ချင်သလိုဖြစ်ပီး, နစ်ချင် တိုင်း နစ်ဘို့ဘဲ ရှိတယ်တဲ့၊ ရိပ်မိကြပလား? ။

မှန်းချေကိုက်မပါကြဘူး၊ ဘုရားပေးတဲ့မျက်လုံး မရသမျှ စုံ လုံးကန်းဘဝက မတက်နိုင်ကြဘူး၊ ဒါကြောင့် အခုလိုနည်းရတုံး ဘုရားပေးတဲ့မျက်လုံးတပ်ကြတော့၊ ဒါမှသာ ကိုယ့်လာရာ သွား ရာသိကြမှာ၊ လာရာသွားရာသိမှ စုံလုံးပွင့်ကြမယ်၊ စုံလုံးပွင့်မှ နှစ်ဘက်မြင်ရမှာပေါ့ သဘောပါကြပလား? ဒကာတို့တတွေ အခု,နေလာကြဒါ စုံလုံးကန်းအဖြစ်နဲ့ နေလာကြရဒါ တဘက်မှ မပွင့်ကြသေးဘူး ဒီတော့- ကိုယ့်လာရာသွားရာ မသိကြဘူးပေါ့၊ ဒါပေမဲ့လဲ ဒကာ ဒကာမတွေက ဒီအတွက်ဘဲ ထပ်ပီးဖြည့်စွက်နေ ကြပြန်တော့တယ်။

ကိုယ့်အရေး,ကိုယ်မရေးဘဲ သူမျှားအရေး-သားရေး သိမ်းရေး စိုးပွားရေး ကြီးပွားရေးတွေဘဲ လုပ်နေကြတော့တယ်၊ အဲဒါ.... ကိုယ်ပိုင်တခုမှမပါဘူး၊ အားလုံးဘုံဆိုင် ကြပ်ကြပ်စည်းစားကြ၊ ဘုံဆိုင်အလုပ်ချည့် လုပ်နေရင် ထပ်ဖြည့်နေဒါဘဲလို့ မှတ်ကြ၊ စုံလုံးကန်းဘဝက ဘယ်တော့မှ ကျွတ်လမ်း မမြင်တော့ပါဘူး၊ ရိပ်မိပလား? ရိပ်မိရင်ပြင်ကြ၊ မပြင်ရင် ဒီထက် အဖြစ်ဆိုးကြမယ်လို့ ဆုံးဖြတ်ချက်ချ၊ ဒါကိုသနားလွန်းလို့ သိတဲ့သူကပြောနေဒါ၊ ဘလောက်အဖြစ်ဆိုးကြုံရမယ် ဆိုဒါ ပြောလို့ကုန်နိုင်စရာမမြင်ပါဘူး။

ဒကာ ဒကာမတွေက ကိုယ့်အဖြစ်ဆိုး ကိုယ်မသိကြတော့-ပေါ့ပေါ့ကလေးမှတ်ပီး ပြောတတ်ကြတယ်၊ "ကံ စီမံသလို-ခံရမှာဘဲတဲ့"၊ ဒကာတို့ဟာ ဒါလောက်အပြင် ပိုမသိကြဘူး၊ ရိပ်မိပလား? ဒီအဖြစ်ဆိုးမျိုးကလွတ်အောင်,စေတနာထားပီး ဘော်ပြပေးနေဒါ အခု, ဥာဏ်မျက်စိနှစ်ကွင်း, အလင်းရမဲ့တရားဟောရမယ်၊ ကြိုးစားပီး နားထောင်ကြလို့ တိုက်တွန်းလိုက်ပါတယ်၊ ရှင်းပလား? လေးလေးစားစား နားထောင်ပီး လိုက်နာကြ၊ ပေါ့ပေါ့လို့မျှား မအောင်းမေ့လိုက်ကြနဲ့၊ ပေါ့တန်ရင် ကမ်းမမြင်တဲ့ ပင်လယ်ကျော-မျောရသလို နေမှာဘဲရှိပါတယ်။

ဒကာ ဒကာမတို့-သစ္စာမသိသမျှ အဖြစ်ဆိုးကြုံရဘို့ဘဲရှိတယ်လို့ မှတ်လိုက်ကြ၊ ဒါကြောင့်- အခုနေက အဖြစ်ဆိုးမကြုံရအောင်, အားထုတ်လိုက်ကြဘို့ဘဲရှိတယ်၊ လာရာကိုသိရရင် လာရာဟာ မဓကောင်းမှန်းသိပီး, မပြန်ချင် မပြန်လိုတော့ဘူး၊ သွားရာသိရင်လဲ သွားရာမကောင်းမှန်းသိရပီး, မသွားချင်တော့ပါဘူး

သဘောပါပလား? ဒီတော့-ဒီသဘောသိရအောင် အလုပ်,လုပ်ကြရမယ်၊ အလုပ်လက်ရှိဖြစ်နေရင် သိကြမှာဘဲ၊ အလုပ်လက်ရှိမဟုတ်ရင် ဘာမှမမြင်တဲ့အကန်းဘဲလို့ မှတ်ကြ၊ အကန်းဟာ.... စမ်းမိစမ်းရာစမ်း၊ ရမ်းသွား-ရမ်းလုပ်ဘဲရှိမှာပါ။ ရှင်းပလား? ။

ဒကာ ဒကာမတွေ မိမိရဲ့လာရာက ဘယ်ကလဲ? သခ်ၤါရပစ္စယာ ဝိညာဏံ" ဘဲ၊ ဒီဘဝ,အစ ပဋိသန္ဓေကလို့မှတ်ကြ၊ ဒကာဒကာမတွေ အတိတ်ဘဝက ကောင်း,မကောင်း သခ်ၤါရမှုတွေပြုခဲ့ကြတယ်၊အဲဒီသခ်ၤါရကြောင့် အခုဘဝမှာ ပဋိသန္ဓေဝိညာဏ်အစဆုံး,ရလာကြရဒါ၊ ရိပ်မိပလား? ဒါကြောင့်- ဒကာ ဒကာမတို့လာရာဟာ ဇာတိဆိုတဲ့ ပဋိသန္ဓေကလာခဲ့ကြဒါ၊ ရှင်းပလား? ဘုရားက "ဇာတိပိ ဒုက္ခသစ္စာ" ဘဲတဲ့၊ ဒီတော့-ဒကာတို့ဟာ ဒုက္ခသစ္စာက လာခဲ့ကြရဒါပေါ့၊ ဒါကြောင့်- မိမိတို့လာရာဟာ ဒုက္ခသစ္စာက လာခဲ့ကြဒါဘဲ,လို့ ဆုံးဖြတ်ချက်ချ၊ ကျေနပ်ပလား? ။

ဒါက နာတရားနဲ့သိကြရဒါ၊ အလုပ်တရားနဲ့သိရမှ ကိုယ်တိုင်-ကိုယ်ပိုင် ကေန်သိဖြစ်မယ်၊ ဒီလို အမှန်ကိုယ်တိုင်သိတော့-ဇာတိဒုက္ခကို ပွေ့ပိုက်ထားချင်ပါအုံးမလား? နှစ်သက်နိုင်ပါအုံးမလား? ဘယ်ထားချင်ပါတော့မလဲ၊ ဒုက္ခမှန်းသိတော့ နောက်ထပ် မလိုချင်တော့ဘူး၊ နှစ်သက်နိုင်ဘို့ဆိုဒါ မပြောနဲ့တော့၊ သဘောကျပလား? ဒကာတို့တတွေ့ ပဋိသန္ဓေက, လာခဲ့ရပီး ပဋိသန္ဓေက ဆက်လက်ကြီးထွားလာခဲ့ရဒါဘဲ၊ဒီတော့ ဒုက္ခသစ္စာက လာခဲ့ရဒါဘဲဆိုဒါ သိကြရဘီ၊ နားလည်ကြရဲ့လား? ။

ငါတို့ဟာ ဇာတိပိ ဒုက္ခသစ္စာကလာခဲ့ဒါ ဆိုတဲ့အချက်ကို သိကြရဘီ၊ ဒါဟာ ဉာဏ်နဲ့သိကြရဒါ၊ ဆရာမြားအကူအညီကြောင့် ဘဲဆိုဒါ ပေါ်ပလား? ဆရာမြားအကူအညီမရရင် သိနိုင်ဘို့မလွယ်ပါဘူး၊ ဒကာတို့တတွေ ရှေးက ဒါကိုသိရင်ဖြင့် ဒီ-အို့,နာ, သေ, ခန္ဓာကြီးနဲ့မတွေ့ရပါဘူး၊ မနေရပါဘူး၊ ရိပ်မိကြပလား? ဒီအမှန်ကိုမသိကြရလို့ ဒုက္ခခန္ဓာ အို့,နာ,သေကြီးနဲ့ လက်ရှိကိုယ်ပိုင်ဖြစ်နေကြရဒါပါ၊ ဒါသိရဒါ ဘလောက်အဘိုးတန်သွားပီလဲ? သစ္စာသိရဒါမို့ အဘိုးမပြတ်နိုင်ဘူးဆိုဒါ မှတ်ကြ။

ဒီလိုသိတော့- လာရောက ဒုက္ခသစ္စာ၊ သိဒါက မဂ္ဂသစ္စာဘဲ၊ ရှင်းကြရဲလား? ဒါဟာဘုရားပွင့်လို့ ဆရာမြားကဟောလို့ သိရဒါ၊ သာမညအခွင့်ကောင်းမဟုတ်ဘူး၊ အလွန်ခဲယဉ်းတဲ့အခွင့်ကောင်း အခါကောင်းဘဲလို့ ဆုံးဖြတ်ပီး ကြိုးစားလိုက်နာကြ၊ ဒီလို ဒုက္ခသစ္စာသိဒါ မဂ္ဂင်နဲ့သိရဒါ မဂ္ဂင်ငါးပါးရှိတဲ့မဂ်နဲ့ သိရဒါလို့ မှတ်ကြ၊ ဒီမဂ်ဟာ သတ္တိအများကြီးပါတယ်၊ မဂ်သတ္တိမသေးဘူး၊ ဇာတိဟာ ဒုက္ခသစ္စာမှန်းသိသွားတော့ ဒီဇာတိဒုက္ခနောက် ဆက်မှာကြောက်တယ်၊ဒီလိုကြောက်တာမဂ်ဉာဏ်သတ္တိဘဲ၊ ရိပ်မိကြပလား? ။

ဒကာ ဒကာမတွေ့ ဇာတိကို ဒုက္ခမှန်းသိရရင် လိုချင်ပါအုံးမလား? အလွန်ကြောက်သွားဘီ၊ မရချင်တော့ပါဘူး၊ ဒီလို-သိရင် ဆွမ်း,ကွမ်း,လှူဒါန်းပီး ဒီဇာတိမျိုး-ဒီဒုက္ခမျိုး နောက်ကို ရုချင်သေးသလား? ရချင်ပါ့မလား? ဘယ်နည်းနဲ့မှ မရချင်တော့ပါဘူး၊ ဒကာ ဒကာမတို့ လူ့ဇာတိ,နတ်ဇာတိ,ငြဟ္မာဇာတိ, စကြဝတေးဇာတိ, ဘာဇာတိမျိုးဘဲဖြစ်ဖြစ် ဇာတိဆိုသ

မျှ မကြိုက်ကြတော့ဘူး, ဘာ့ကြောင့်လဲ? ဒုက္ခသစ္စာမှန်းသိသွားလို့ဘဲ ဆိုဒါ မှတ်လိုက်ကြ။

ဒီဥာဏ်ရရင် တဘက်မြင်ဘီလို့မှတ်၊ ဒါတဘက်မြင်ပီးရင်-ခလုတ်ကံသင်း, မြေ, ကင်း, သန်း ရှောင်ကွင်းတတ်ပီ၊ ဒကာတို့တတွေ ရှေးက- ဒီဒုက္ခသစ္စာကို ငါ့ပစ္စည်းလုပ်ခဲ့ကြရဒါ ငါပိုင်လုပ်ပီးနေခဲ့ကြရဒါဘဲ၊ ဝိုးဝါးတော့မြင်ပီ၊ စင်စင်ကြယ်ကြယ်မြင်ရဘို့ကျန်တော့တယ်၊ ရိပ်မိကြပလား? ဆရာသမားကူပေးလို့ ဝိုးဝါးမြင်ရဒါ၊ ဒါကိုမှ ဆက်မကုချင်ဘဲ- သားရေး, သိမ်းရေး, စီးပွားရေး, နဲ့သာ အချိန်ကုန်နေကြရင်- ကမ်းမမြင်တော့ဘူး၊ ဒကာတို့တတွေ သားရေး, သိမ်းရေး, စီးပွားရေး, လုပ်နေဒါဟာ-မမြင်ရတဲ့အထဲ— ဖုံးသထက်ဖုံးအောင် လုပ်နေကြဒါဘဲလို့ မှတ်ကြ။

ဒီလိုသာလုပ်နေကြရင် ဒကာတို့တတွေဟာ လူမမာ-မိုက်လို့ဘဲဆိုရင် မမှားဘူး၊ ကိုယ်တိုင်က မာလဲမမာဘူး၊ မတဲ့, တဲ့အစားလဲ-စားချင်တယ်၊ မမာရတဲ့အထဲမှာ မတဲ့ဒါထပ်စားရင် ဘယ်နှယ်နေပါ့မလဲ? မျက်ဖြူဆိုက်ဘို့ဘဲရှိပါတယ်၊ ဒကာတို့ဟာပြောတဲ့စကားနားမထောင်ရင် လူမမာမိုက်တွေဘဲလို့ ဆုံးဖြတ်ချက်ချ၊ ရိပ်မိပလား? အနာကလဲပြန်ထလာ မသင့်ဒါချည့်လဲစားနေဆိုရင် ဒီလူမမာဟာ သေဘို့အပြင်မရှိတော့ဘူး၊ အဲဒါ လူမမာမိုက်မို့သာဘဲ၊ ရှင်းပလား? ဒို့ဒကာ ဒကာမတွေ ရှေးက-ဘုရားအဆူဆူလဲခဲ့ဒါ လူမမာမိုက်မို့ဘဲလို့သာ မှတ်လိုက်ကြ။

ဒကာ ဒကာမတွေ အရင်ကနေလာကြဒါ သားရေး, သိမ်းရေး စီးပွားရှေးနဲ့ လောဘ, ဒေါသ, မောဟ တိုးပွားရေးတွေနဲ့ဘဲ အ

ချိန်ကုန်ခဲ့ကြရတယ်၊ ဒကာတို့ မိဘရိုးရာ လောဘ, ဒေါသ, တိုး ပွားတဲ့အလုပ်တွေက ဉာဏ်မျက်စိပိတ်တဲ့အလုပ်တွေဘဲ၊ ဉာဏ် မျက်စိပွင့်တဲ့အလုပ် မဟုတ်ဘူး၊ ပွင့်တဲ့အလုပ်တခုမှ မပါကြဘူး၊ အဲဒါဟာ မသင့်တဲ့အစာတွေဘဲလို့ မှတ်လိုက်ကြ၊ ရိပ်မိကြပ လား? ဒကာ ဒကာမတွေ ရှေးက· ဂင်္ဂါဝါဋ္ဌ သဲစုမက ပွင့် တော်မူခဲ့ကြတဲ့ ဘုရားအဆူဆူနဲ့ အလဲကြီးလဲပီး, ကျင်းမှန်းမသိ, ချောက်မှန်းမသိ, ကမ်းမှန်းမသိ, တိုးချင်ရာတိုး, ခဲ့.ချင်ဒါခဲ့. ကျချင်ရာကျပီး လာခဲ့ကြဒါ ဘာ့ကြောင့်လဲ? လူမမာမိုက်ဖြစ် လို့ဘဲ။

ဒါကြောင့်, ညွှန်ပြတဲ့ဆရာနဲ့တွေ့တုံးမှာ ကြိုးစားယူကြ၊ ကိုယ် တိုင် လူမမာဖြစ်တာသိပီး မမိုက်ကြနဲ့တော့လို့ သတိပေးလိုက် တယ်၊ ဒီတော့- ကိုယ့်ခန္ဓာ ဒုက္ခသစ္စာကို-ကိုယ်သိအောင်လုပ်ရ မယ်၊ ဒုက္ခသစ္စာကလာခဲ့ပီး, အခုလက်ရှိလဲ ဒုက္ခသစ္စာကိုယ်ပိုင်နဲ့ နေ,နေရတယ်၊ ဒါကိုအမှန်သိအောင်ကြိုးစားကြ၊ ဒုက္ခသစ္စာ မှန်းသိရင် ဒီလမ်းမပြန်ချင်တော့ဘူး၊ မသိသူအဖို့တော့-ပြန်ချင် သေးဒါဘဲ၊ မကောင်းတဲ့နေရာ ပြန်ချင်တယ်ဆိုတဲ့ အဖြစ်ဟာ- မသိလို့သာဘဲ၊ သိရင် မကောင်းဒါ ဘယ်သူမှ မကြိုက်နိုင်ပါဘူး ရိပ်မိပလား? ။

ဒကာ ဒကာမတွေ ဒါကြောင့် ဒါသိအောင် လုပ်မှဖြစ်တော့ မယ်၊ မလုပ်ရင်မဖြစ်တော့ဘူးလို့ ဆုံးဖြတ်ကြ၊ ဒါသိရင် တဘက် မြင်ဘီ၊ လာရာကိုသိရပြီလို့မှတ်၊ ဒါသိဒါဟာ မဂ္ဂင်ငါးပါး ပြည့်မှသိဒါ မဂ္ဂင်ငါးပါး ကိုယ့်ဝမ်းထဲရောက်ပီ၊ ရှစ်ပါးပြည့် အောင်လုပ်ဘို့လိုသေးတယ်၊ ရှစ်ပါးပြည့်ရင် သူ့ဘုရားလဲသိရမယ်၊

ရှင်းကြရဲ့လား? နှစ်ဘက်မြင်ဖြစ်အောင်, လာရာ-သွားရာ နှစ်ဘက်လုံး သိရအောင်, အလုပ်လုပ်မှဖြစ်မယ်၊ ရိပ်မိပလား? လာရာသိရုံနဲ့ မပီးသေးဘူး၊ မင်္ဂနဲ့သိမှ- လုံးဝမပြန်ချင်မှာ၊ အဲဒါမှစိတ်ချရမယ်၊ သာမန်သိရုံနဲ့ စိတ်မချရသေးဘူး၊ သဘောပါပလား? ။

ဒါကြောင့်- မင်္ဂရအောင်အလုပ် လုပ်ရမယ်၊ ဝိပဿနာအလုပ် လုပ်ရမယ်လို့မှတ်ကြ၊ မင်္ဂပေါ်မှ လာရာသိ-သိတော့ လာရာဟာ ဒုက္ခသစ္စာမို့ ့မပြန်ချင်တော့ဘူး၊ မပြန်ချင်တော့ဘူးလို့ သိရတယ်၊ ဒါဟာ ဒုက္ခသစ္စာပိုင်းခြားသိဒါဘဲလို့ မှတ်ကြ၊ သွားရာလဲသိပီ၊ သွားရာသိတော့ အမြန်သွားဘို့ကြိုးစားမယ်၊ ရိပ်မိပလား? မင်္ဂရတော့ လာရာကိုလဲမကောင်းမှန်းသိတယ်၊ သွားရာကိုလဲကောင်းမှန်းသိတယ်၊ ရှင်းကြပလား? ဘုရားက ဒီအဓိပ္ပါယ်ကို သံယုတ်ပါဋ္ဌိတော်မှာ သစ္စာကို တန်းဆာဆင်ပီး ဟောတော်မူခဲ့တယ်၊ နားလည်ကြပလား? ။

ဒကာ ဒကာမတွေ သဘောပါကြရဲ့လား? သွားရာသိတော့ ဒီနေရာမရောက်အရောက်, သွက်သွက်သွားမယ်၊ ကောင်းမှန်းသိပီကိုး ကောင်းမှန်းသိရင် အရောက်သွားချင်မှာပါဘဲ၊ ကောင်းမှန်းသိလို့ ရောက်ချင်ဒါ၊ ကောင်းရာက နိဗ္ဗာနသစ္စာဘဲလို့ မှတ်ကြ၊ ရှင်းပလား? ဒကာ ဒကာမတွေ လေးလေးစားစားနဲ့ အနေးထားပီး ကြိုးစားလိုက်နာကြပါလို့ အထူးတလည် တိုက်တွန်းလိုက်တယ်၊ အခုရလာတဲ့အခွင့်အရေးဟာ နဲတဲ့အခွင့်အရေးမဟုတ်ဘူး၊ အင်မတန်ကံကောင်းထောက်မလို့ ရတောင့်, ရခဲ, ရလာကြွရဒါ၊ ကြုံဆိုက်လို့ကြုံရဒါပါ၊ ရိပ်မိကြရဲ့လား? ။

ဥပမာဆိုရင်- လိပ်ကန်းကြီးတကောင်ကို တောင်သမုဒ္ဒရာထဲ လွှတ်ထားမယ်၊ အပေါက်တပေါက်ထဲသာရှိတဲ့ ထမ်းပိုးကျည်း တခုကိုလဲ မြောက်သမုဒ္ဒရာထဲမျှောထားမယ်၊ လိပ်ကန်းကြီးဟာ အနှစ်-၁၀၀၀,ကြာမှ တခါတခါ ရေပေါ်-ပေါ်ပေါ်လာတယ်၊ ဒီကြားထဲမှာ ထမ်းပိုးကျည်းကလဲ လေမုန်တိုင်းတွေ ဝဲတွေအ မျိုးမျိုးထဲမှာ မျောချင်တိုင်း,မျောပါနေမယ်၊ အဲဒီလိုနေဒါမှာ အဆင်သင့်လို့ ထမ်းပိုးကျည်းပေါက်နဲ့- လိပ်ကန်းခေါင်းနဲ့ မတော်တဆ စွပ်မိချင်စွပ်မိနိုင်မယ်၊ .ဒါလဲ့ အနှစ်ပေါင်း အသခြေ်မရေမတွက်နိုင်အောင် ကြာချင်လဲကြာမယ်၊ အဲဒီလို အင်မတန်မှခဲယဉ်းတဲ့အဖြစ်ဟာ ဖြစ်နိုင်ဘို့လွယ်ပါသေးတယ်-တဲ့။

ဒကာ ဒကာမတွေ လာရာသွားရာသိဘို့က ဒီအဖြစ်မျိုးထက်, အဆ-ရာထောင်မက ပိုပိုးခဲယဉ်းပါသေးတယ်လို့ ဟောတော်မူတယ်၊ ရိပ်မိပလား? ဒကာတို့တတွေ လာရာသွားရာသိဘို့ အခွင့်အရေး လိပ်ကန်းထမ်းပိုးစွပ် ဥပမာထက်ပင် ခဲယဉ်းပါသေးတယ် ဆိုဒါ ပေါ်ပလား? ဒီတော့ အခု ဒို့ရလာတဲ့-ရတဲ့ အခွင့်အရေးဟာ တန်ဘိုးမဖြတ်နိုင်ပါလားလို့ ဆုံးဖြတ်ချက်ချပီး, ကြိုးစားယူလိုက်ကြလို့ ပြောလိုက်ပါတယ်၊သဘောပါပလား?။

ဒကာတို့တတွေ ရှေးကဆိုရင် ဥာဏ်မျက်လုံးမပါတော့ တို့ကောင်သွား,သွားခဲ့ကြ၊ နေခဲ့ကြရဒါပါဘဲ၊ မျက်စိမပါတော့ ဦးတဲ့ရာ ရမ်းသွား၊ ရှေက ကြက်ကစားဘို့စောင့်နေဒါလဲ မသိ၊ ချောက်ကမ္ဘားကျမှာကိုလဲ မသိ၊ ရန်သူရှိလို့-ရှိမှန်းမသိ၊ ဘေးရှိမှန်း-ရန်ရှိမှန်း ဘာမှမသိဘဲ- သွားမိသွားရာသွား၊ ကျချင်တဲ့ကမ္ဘားကျကြ၊ ဘယ်လောက်အဖြစ်ဆိုး ကြုံခဲ့ကြရတယ် ဆိုဒါ-

ပြောစရာမရှိတော့ဘူး၊ သဘောပါကြရဲ့လား? ဒါကြောင့်-သိတဲ့သူက သနားလို့ညွှန်ပြနေဒါ၊ ပေးထိုက်လို့ပေးဒါမို့ ယူကြပါလို့ တိုက်တွန်းလိုက်တယ်၊ ဒီတခါလဲ့ရင် အလဲ့လက်စ အဆုံးအဆ မမြင်နိုင်တော့ဘူးလို့ မှတ်ကြ။

ဥာဏ်မျက်စိမပါတော့- အမှန်အကန်မသိနိုင်ကြဘူး၊ မသိတော့ မကောင်းဒါ အကောင်းထင်ပီး, လူဖြစ်ရပါလို့၏၊ နတ်ဖြစ်ရပါလို့၏-နဲ့ အလောင်းဘဲ တောင်းယူနေခဲ့ကြတယ်၊ ဒီလိုဆိုတော့ ဒီဇာတိဒုက္ခကဘဲ-စရမှာ၊ ရမှာကဒုက္ခတွေချည့်ဘဲ၊ ဒါအမှန်မသိတဲ့အတွက်ဘဲ၊အမှန်သိတော့ မလိုချင်တော့ဘူးတဲ့၊ရိပ်မိပလား? ဒကာ ဒကာမတွေ, ဒုက္ခမှန်းသိရင် လိုချင်ပါအုံးမလား? အမှန်အကန်သိတော့ ဒုက္ခကလာခဲ့ဒါဘဲလို့ သိပီး လာရာကိုမပြန်ချင်တော့ဘူး၊ မပြန်ချင်ဒါ ဒုက္ခသစ္စာသိလို့ဘဲ၊ ရှင်းပလား? သိတဲ့ဥာဏ်က သမုဒယသစ္စာကိုဖြတ်လိုက်တယ်၊ ဖြတ်တော့.... သမုဒယသေသွားဘီမို့ ပြန်ချင်တဲ့တဏှာ မပေါ်လာတော့ဘူး၊ ရှင်းပလား? ။

ဆုတောင်းနေလို့ သမုဒယမသေဘူး၊ အလုပ်လုပ်မှသေမှာ၊ အားထုတ်မှ သမုဒ္ဆေသေဖြစ်မှာ၊ ဒါကြောင့်- အားထုတ်ကြလို့ တိုက်တွန်းလိုက်ပါတယ်။ ။လာရာက-ဒုက္ခသစ္စာ၊ သိဒါက-မဂ္ဂသစ္စာ၊သေဒါက-သမုဒယသစ္စာ၊ ပေါ်ဒါက-နိရောဓသစ္စာဘဲ၊ ကျေနပ်ပလား? ရှစ်ပါးပြည့်မှ ရကြမယ်။

ဒကာ ဒကာမတွေ့ ကိုယ်, ကိုယ်တိုင်လုပ်မှသာ ရကြမယ်ဆိုဒါ မြဲမြဲမှတ်လိုက်ကြ၊ ကိုယ်တိုင်လုပ်မပါရင် ဘုရားတောင်မတတ်နိုင်ပါဘူး၊ ဒါကြောင့်- ကိုယ်တိုင်လုပ်ကြ၊ အားထုတ်ကြ၊ ကျေနပ်ပလား? ဒီတရားက ကိုယ်တိုင်ပွားယူမှရကြမယ် ဆိုဒါ ပေါ်ပလား? အဲ.... ပွားနည်းကိုပြမယ်- ပွားတဲ့နည်းက- "သန်ဒါရပစ္စယာ ဝိညာဏံ" သန့်ဒါရကြောင့်ပေါ်လာတဲ့ ဝိညာဏ်စိတ်ကလေးဟာ ပေါ်လာပီးချုပ်သွားတယ်၊ ဒါကိုသိရမယ်၊ သိအောင် ဉာဏ်နဲ့ကြည့်ပီး ဖြစ်ပျက်ရှု၊ နောက်- နာမ်ရုပ်ပေါ်လာလဲ ဖြစ်ပျက်ဒုက္ခသစ္စာဘဲလာမှာပါ ဒီတော့- နာမ်ရုပ်လဲ ဖြစ်ဒုက္ခ-ပျက်ဒုက္ခဘဲလို့ ရှုချ၊ ရှင်းပလား? ။

မှတ်မိကြပလား? ဝိညာဏ် (အသိစိတ်) ကလေးတခု ပေါ်လာရင်ဖြစ်ပျက်ရှု၊ ချုပ်သွားပီး- နာမ်ရုပ်လာရှုချ၊ ချုပ်သွားပီး နောက်လာသမျှ ဖြစ်ပျက်ရှုပေး၊ ရှုတော့ အဖြစ်နဲ့အပျက်ဘဲတွေ့မယ်၊အဲဒါ သူတို့က ကျုပ်တို့ဟာ ဒုက္ခဘဲလို့ပြောသွားဒါဘဲ၊လာသမျှဖြစ်ပီးပျက်တာဘဲရှိတယ်၊ သူတို့အဆက်အနွယ်မှန်သမျှ ဘာမှမကောင်းကြဘူး၊ အားလုံးဒုက္ခချည့်ပါဘဲလို့ ပြောပြတယ်၊ အားလုံးဒုက္ခသစ္စာချည့်လာမှာဘဲ၊ ဒါကြောင့် ဒုက္ခမြင်အောင်ရှု ပေးကြ၊ ရှင်းကြပလား? ။

ရှုတော့- ရှေကသေဒါဟူသမျှ ဒုက္ခချည့်ဘဲ၊ နောက်က လာသမျှဒုက္ခသစ္စာချည့်ဘဲ၊ဘာလာလာ,လာသမျှ ဖြစ်ပျက်ဘဲလို့ရှု၊ လာသမျှ ဒုက္ခသစ္စာချည့်လာမှာဘဲ၊ သုခမတွေ့မချင်း, လာသမျှ ဒုက္ခဆုံးအောင်လိုက်ရှု၊ မဆုံးမချင်းရှု၊ သုခမတွေ့ဝေးခင်မှာ

ဒုက္ခပိုင်းခြားနေရမယ်၊ ဒုက္ခမတွေ့ချင်, ဖြစ်ပျက်ဒုက္ခ အလွန်မုန်း ပီး မရချင်တော့ဘူး၊ လွတ်ချင်ပါဘီ ဆိုရင် လွတ်မယ်၊ လာရာ ဒုက္ခသစ္စာသိလို့ ပြန်မစချင်တော့ဆိုရင် သမုဒယသေဒါဘဲ၊ သမုဒယက- အမှောင်၊ ဒီအမှောင်ပျောက်တော့ အလင်းရောက် တာဘဲလို့ မှတ်ကြ၊ အဲဒါ- နိဗ္ဗာန်သစ္စာဘဲလို့မှတ်၊ ရှင်းပ လား ?။

ကိုင်း, ယနေ့ ဒီတွင်ဘဲ တော်ကြစို့ နာရီစေ့သွားဘီ။

# ဓမ္မရတနာ-မာတိကာ

## “ ဥာဏ်မဲ့ခါလင့် အားထုတ်ကျင့် တရားတေဘ် ”

### ဆောင်ပုဒ်

ရွေဝိပဿနာ၊ နောက်မဂ္ဂါ၊ ကျင့်ဌာလုပ်ငန်းရပ်။
သမာဓိဘက်၊ ကြာမည်တွက်၊ နှစ်ချက်ကောင်းစွာမှတ်။
ဝိပဿနာ၊ မှန်လှစွာ၊ သာသနာတရားမြတ်။
သာသနာပ၊ သမထ၊ ကျင့်ကရနိုင်တတ်။
မသေမှီတွင်း၊ မြန်ဖြူတ်ချဉ်း၊ နည်းကျဉ်းတိုလမ်းဖြတ်။
အသေစောက၊ မြုပ်မျောကြ၊ ဒုက္ခလွန်နီးကပ်။
ဒွါရခြောက်ဖြာ၊ သိလုံးလာ၊ ဖြစ်ကာပျက်စီးတတ်။
ဖြစ်ပျက်နောက်တွင်၊ မဂ်ဉာဏ်ဝင်၊ မြဲစဉ်ရှုကြည့်မှတ်။
မရှုမိကာ၊ ကိလေသာ၊ ခြားကာတောထပ်ထပ်။
ကိလိသဲဝင်က၊ ဒီဘဝ၊ မဂ္ဂဝေးပြီမှတ်။ ။

### သတိခြင်း

အခါကောင်းတုံ၊ ကာမဂုဏ်၊ ချိန်ကုန်မေ့မောကြ။
မျက်စိမဲ့တော၊ နားထိုင်းခေျ၊ ဉာဏ်ပေထုံထိုင်းအ။
ဇရာသူခိုး၊ ချိန်တိုင်းခိုး၊ ကောင်းမျိုးကုန်ပျောက်ရှ။
ကံမဲ့, ဉာဏ်မဲ့၊ ကောင်းကျိုးနဲ၊ အားခဲကြိုးစားမှ။
နဲနက်သစ္စာ၊ ထွင်းနှိုင်ရာ၊ မချာကျင့်ထုတ်ကြ။
မကျင့်နေထုံ၊ ပါယ်လေးဘုံ၊ မှောက်ခုံ ကျမ်းထိုးကြ။ ။

**တရားသဘင်။** ။ဒကာ ဒကာမတို့ ရှေးကလာခဲ့ကြဒါ လာရာလမ်းသိကြ၊ သွားရာလမ်းသိကြဘူး၊ အခု တော့ နောက်နားကပြောခဲ့လို့ သိကြရဘီ၊ ဉာဏ်နဲ့သိရရင် လာလမ်းကို နောက်ထပ်မပြန်ချင်တော့ဘူး၊ သွားလမ်းကို အရောက် သွားတော့မယ်၊ ရှင်းပလား? ဒီလိုဆိုရင် ဒကာတို့တတွေ့ ဒီဘဝမှာ ဉာဏ်မျက်စိနှစ်ဘက်င်း, အလင်းရဒါဘဲလို့ မှတ်ကြ၊ ကိုယ့်လာရာ ဇာတိဒုက္ခကိုပြန်ကြည့် နေချင်စရာမရှိဘူး၊ နိဗ္ဗာန်ကို-ကိုယ်တိုင်မြင်အောင်, ဆက်ပီးမဂ်ဉာဏ်ရအောင် ကြိုးစားလို့လဲ သွားရာကိုသိ၊ သိတော့ အမြန်ရောက်ချင်တော့ဒါဘဲ၊ ရှင်းပလား? ဒါကြောင့်-- ဘုရား, ရဟန္တာများ ပြုံးပီး ပရိနိဗ္ဗာန်ပြုကြတယ်၊ သဘောပါကြပလား?။

ဒကာ ဒကာမတို့ ဒီကနေ့လဲ ဒီတရားဘဲဆက်ဟောရမယ်၊အထူးတလည် သတိတချက်ပြုကြဘို့ ပေးလိုက်မယ်၊ ဘာလဲလို့ဆိုတော့.... သူခိုးကိုသတိပြုကြဘို့ဘဲ၊ သူခိုးကိုဖြင့် သတိကြပ်ကြပ်ပြုရမယ်လို့ သတိပေးလိုက်တယ်၊ သူခိုးက ခန္ဓာထဲမှာခိုးတဲ့ ဇရာသူခိုးဘဲလို့ မှတ်ကြ၊ ဒကာတို့တတွေ့ မျက်လုံးကောင်းတွေကို မဲ့အောင်ခိုးယူတယ်၊ နားတွေ့ ထိုင်းအောင်, သွားကောင်းတွေ့-သွားကျိုးဖြစ်အောင်, ခိုးတယ်၊ ဉာဏ်ကောင်းကို ဉာဏ်မဲ့ဖြစ်အောင် ဆံတွေ့ဖြူအောင် ပါးရေ,နားရေတွေ့ တွန့်အောင် ခိုးယူနေဒါ ဇရာသူခိုးဘဲလို့ မှတ်ကြ၊ ရိပ်မိပလား?။

ဒကာတို့တတွေ့ ခန္ဓာမှာ သူခိုးဝင်ဒါ-မသိကြဘူး၊ ဇီရဏတေဇော ဆိုဒါ ဇရာသူခိုးဘဲ၊ ခန္ဓာမှာ ဒီဇရာသူခိုးက အချိန်တိုင်းနာရီ-မိနစ်, စက္ကန့်မလပ်အောင် ခိုးနေဒါဘဲ၊ ဒကာတို့က ဒါကိုမ

သိတော့ ဘာလုပ်မယ်-ညာလုပ်မယ်နဲ့ ကြံလုံး-စီးလုံးတွေ ထုတ်လိုက်ကြဒါ၊ကိုယ့်ခန္ဓာမှာ သူခိုးဝင်ခိုးလို့ အရင်းရှုံးနေဒါတော့ မသိကြဘူး၊ လုံးဝမရိပ်မိကြဘူး၊ ပင်ကိုယ်ညာဏ်တုံးသွားအောင် လဲ ခိုးဒါဘဲ၊ သဘောပါကြပလား? ဒီတော့- ဒို့ဒကာ ဒကာမတွေ အခုနေအခါမှာ ကျန်တဲ့- ကံမဲ့, ညာဏ်မဲ့ကလေးနဲ့- မရအရယူနေကြရဒါဘဲ့,လို့ ဆိုရင် မမှားဘူး၊ ရိပ်မိကြရဲလား? ဒကာတို့မှာ အရင်ကရှိတဲ့ ကံကောင်းညာဏ်ကောင်းတွေ ဇရာက ခိုးသွားဘီ၊ သိကြရဲလား? ။

အခု ဒကာတို့တတွေမှာ ကံကောင်း, ညာဏ်ကောင်းရှိသမျှ-ဇရာသူခိုး-ခိုးသွားလို့၊ ကံ,ညာဏ်, အမဲ့ဘဲ ကျန်တော့တယ်၊ ဒီလို အခါနဲ့ နက်နက်နဲနဲထိုးထွင်းရမဲ့တရားနဲ့ တွေ့နေရတာယ်၊ ရိပ်မိကြရဲလား? ပေးထားတဲ့တရားက မြင့်မိုရ် တောင် အောက်ကကျောက်ထူကြီးလိုဘဲ သိပ်ပီးနက်နဲနေတယ်၊ နက်နက်နဲနဲနဲ့-ခက်ခဲမြင့်မားနေတဲ့ တရားဘဲလို့မှတ်ကြ၊ ဒကာ ဒကာမတွေ ညာဏ်မြင်နဲ့ဒိုင်းစာရင်, မြင့်မိုရ်တောင်ကြီးလိုဘဲလို့ သာ မှတ်ကြတော့၊ ရိပ်မိပလား? ဒီအချိန်မှာ ကံမဲ့, ညာဏ်မဲ့ဘဲ ကျန်တော့တယ်၊ ကံကောင်း,ညာဏ်ကောင်းတွေရှိတုံးက ကာမဂုဏ်အာရုံတွေနဲ့ဖြုန်းခဲ့ကြရတယ်၊ ငါတို့မှာ အကောင်းကုန်ဘီလို့ မှတ်ကြ၊ ရိပ်မိရဲလား? ။

ဒကာ ဒကာမတွေ အခုိန်အရွယ်ကောင်းတုံး ကံကောင်းညာဏ်ကောင်းရှိကြတုံးက ငါးပါးအာရုံ ကာမဂုဏ် အခုိန်တွေနဲ့ဘဲ ပြုန်းတီးခဲ့ကြဘီ၊ ဒကာတို့ အခုလက်ရှိအနေမှာ,ကြည့်ရင် ကုန်ဒါကလက်တွေ့၊ခိုးဒါကိုတော့မသိလိုက်ကြဘူး၊မျက်စိတွေမဲ့-

ခါးတွေကိုင်း နားတွေထိုင်းဖြစ်လာရတယ်၊ ဘယ်အစာလေးဖြင့်လဲ လျှာကစားမကောင်းတော့ဘူး၊ သတိတွေကလဲမေ့လျော့ပီး မကောင်းဒါချည့်ဖြစ်လာတော့တယ်၊ ကံမဲ့သလို ဥာဏ်လဲမဲ့ပီ—ထက်ထက်မျက်မျက်မရှိကြတော့ဘူး၊ ရိပ်မိကြရဲလား? အခုနေ ဒကာတို့တတွေက ကံမဲ့-ဥာဏ်မဲ့ဆိုတော့ အတော်ခဲယဉ်းသွားဘီ တရားက သစ္စာတရားမို့ နက်နက်နဲနဲဆိုတော့ တော်တော်နဲ့ မရနိုင်ကြတော့ဘူး၊ ချို့ယွင်းကုန်ကြဘီ၊ ဒီတော့- ရုက်ရှေမှတ်ပီး ယူမှသာ ရကြမယ်လို့ မှတ်ကြ၊ သဘောပါပလား?။

ဒကာ ဒကာမတွေ ကံမဲ့-ဥာဏ်မဲ့နဲ့ဆိုတော့ တရက် နှစ်ရက်နဲ့ ယူလို့ နာလို့ရှိရင် မရဘူးတဲ့၊ ရှင်းပလား? ဒါကြောင့်- ဖြေးဖြေးဆေးဆေးနဲ့ ရက်ရှေဆဲ့ပီး လေးလေးစားစား နာယူကြဘို့ တိုက်တွန်းလိုက်တယ်၊ နက်နဲ-ခက်ခဲတဲ့ သစ္စာတရားဆိုတော့ ခဲယဉ်းဒါပေါ့၊ ဒကာတို့တတွေ နားမလည်နိုင်ရင် ကိုယ်က, ကံမဲ့-ဥာဏ်မဲ့နဲ့ လာယူနေလို့၊ ဒါမှမဟုတ်လဲ တရားကနက်နဲလို့ဘဲလို့ အောင်းမေ့ကြ၊ ရိပ်မိပလား? ဒါကြောင့်မို့ တရားနာတဲ့အခါ ပေါ့ပေါ့တန်တန်မနာကြနဲ့၊ လေးလေးစားစား နာယူကြလို့ ပြောလိုက်တယ်။

ဒကာ ဒကာမတွေကို သနားငဲ့ညှာလို့ ခန္ဓာအရှိကိုကြည့်ပီး ကျကျနန, မြင်အောင်, သိအောင် ဟောပြနေဒါပါ၊ နားလည်ကြရဲလား? ဒီတော့- တရက်ထဲ, နှစ်ရက်ထဲနဲ့-မနာကြနဲ့၊ ရက်ဆက် ကြိုးစားလာပီး နာယူကြဘို့လိုတယ်၊ ဘာ့ကြောင့်လဲ ဆို

တော့ နက်နဲတဲ့သစ္စာတရားမို့ဘဲလို့ မှတ်လိုက်ကြ၊ ရှင်းပလား? ဒကာတို့တတွေ ကံကောင်း, ဉာဏ်ကောင်းရှိတဲ့ အစိတ်ရှယ်, နှစ်ဆယ်ရှယ်တွေတုံးက ငါးပါးအာရုံ ကာမဂုဏ်ကိစ္စတွေမှာ သုံးထားခဲ့ကြပီကိုး၊ ဒါကြောင့် ကံမဲ့, ဉာဏ်မဲ့ကလေးနဲ့ နဲနဲနဲ့ ရအောင် ကြိုးစားယူကြရမယ်။

တခါထဲနဲ့ များများပေးချင်ပေမဲ့ ဒကာတို့ ကံတုံး, ဉာဏ်တုံးနဲ့ပေးလို့မဖြစ်ဘူး၊ ဥပမာဆိုရင်- ကလေးပါးစပ်နဲ့ - ထမင်းလုပ်ကြီးကြီးခွင့်သလို ဖြစ်နေမှာစိုးလို့ ဘဲလို့မှတ်ကြ၊ သဘောပါပလား? ကလေးပါးစပ်က ငယ်ငယ်၊ ထမင်းလုပ်က ကြီးကြီးဆိုရင် အဆင်မပြေနိုင်ဘူး၊ ဒုက္ခရောက်ဘို့ဘဲရှိတယ်၊ ဒီသဘောအတိုင်း ဒကာတို့ဉာဏ်ကမဲ့နေတော့ နဲနဲနဲ့ဘဲအဆင်ပြေမှာမို့ နဲနဲနဲ့ရှင်းအောင်, နားလည်အောင်ပြနေဒါဘဲ၊ ဒါတောင် အိမ်ကျရင် ဟိုလူ့လက်တို့- ဒီလူ့လက်တို့နဲ့ မေးမြန်းနေရအုံးမလား မပြောတတ်ဘူး။

ဒကာတို့တတွေအရင်က ကံကောင်း ဉာဏ်ကောင်းတွေအလွဲသုံးစားလုပ်ခဲ့ကြဘီ၊ အခုနေမှာ နက်နဲတဲ့တရားနဲ့ ကံမဲ့ ဉာဏ်မဲ့နဲ့မှဘဲ တွေ့ကြုံနေရတယ်၊ ရှေးက- ငါးပါးအာရုံ ကာမဂုဏ်တွေမှာသုံးပစ်ခဲ့ကြလို့ ကုန်ခဲ့ဘီ၊ အဲဒါ ကောင်းဒါဟူသမျှ ကုန်ခဲ့ဒါဘဲ၊ ရိပ်မိရဲ့လား? အခုလိုအခါကောင်းမှာ ကံမဲ့ ဉာဏ်မဲ့နဲ့မှ ရှောက်လာကြရဒါ၊ ဒါကြောင့် နဲနဲကလေးဘဲပေးရဒါလို့ မှတ်ကြ၊ ဒါတောင် ပျော်ပျော်သွားသေးတယ် ဆိုတော့ မခက်ပါလား? မပျော်အောင်ဂရုစိုက်ကြ။

ဒကာ ဒကာမတွေ့ ဒါဟာ ဘယ်သူ့အပြစ်လဲ? ရိပ်မိကြရဲ့လား? ဇရာသူခိုးကခိုးနေရတဲ့အထဲမှာ ဒကာတို့ကအလှဲသုံးစားလုပ်တဲ့အချိန်က လုပ်ပစ်နဲ့ဆိုတော့ ကျန်ပါအုံးမလား၊ ဘယ်ကျန်တော့မလဲ၊ ဒီကြားထဲက အချိန်ရှိချင်သေးတယ်၊ အချိန်ရှိတော့ အချိန်ကလွန်ရော၊ ဒကာတို့က ကိုယ့်ဟာကိုရှိနေကြဒါ၊ လာသေးဘယ်၊ ပဌမအရွယ်မှာ ပညာ၊ ဒုတိယအရွယ်မှာ-ဥစ္စာ၊ တတိယအရွယ်မှာ-ဘာဝနာ-တဲ့၊ ဘယ်သူကထွင်လိုက်တဲ့အမှားလဲမသိပါဘူး၊ အချိန်ရှိပစ်နေဒါ၊ တတိယအရွယ်မှာမှ ဘာဝနာတဲ့၊ ကံမဲ့ ဥာဏ်မဲ့ကျမှ ဘာဝနာဆိုရင် သွားဘီ၊ ရာဘာတုံးလက်သီးနဲ့ထိုးသလို နေမှာဘဲလို့ သာမှတ်လိုက်ကြ။

ဒကာ ဒကာမတို့ အရှေ့မလိုက်နဲ့၊ တိုတိုဘဲလိုက်ကြလို့ ပြောလိုက်ပါတယ်၊ အချိန်ကမရတော့ဘူး၊ ရိပ်မိကြရဲ့လား? ပါးစပ်နဲ့-ထမင်းလုပ်နဲ့ တန်ရုံ-မြန်မြန်ဖြစ်ဘို့ နဲနဲလုပ်ပေးရမယ်၊ ဒကာတို့ခန္ဓာမှာ ဇရာသူခိုးက အချိန်တိုင်းခိုးနေဒါ၊ အိပ်နေတော့လဲ ဇရာကခိုး၊ မနက်လင်းလာတော့ သားရေး, သီးရေး, စီးပွားရေးတွေနဲ့ အလှဲသုံးစားလုပ်ပစ်ကြ၊ ဒါလောက်အခိုးခံရရင် မဲ့မှမဲ့ပါ့မလား? ဒကာတို့မှာ မဲ့မဲ့ စဉ်းစားကြ၊ ကောင်းဟူသမျှ အားလုံးနဲ့နေဘီ၊ ရိပ်မိကြရဲ့လား? အဲ, မဲ့နေတဲ့အချိန်ကျမှ-ရောက်လာတော့ သုံးလို့ကိုမရတော့ဘူး၊ သဘောပါပလား?။

ဒီတော့-ဒကာတို့အတွက် အချိန်ကအလွန်နဲနေတော့ တိုတိုနဲ့ရဘို့ပြောရမယ်၊ ရှေ့နေရင်မဖြစ်ဘူး၊ အမဲနဲ့လာရဒါ အသေကစောသွားရင်ခက်မယ်၊ အသေကမဦးခင်,အရင်ဦးအောင်လုပ်နိုင်မှ ဖြစ်တော့မယ်၊ ဒါကြောင့်, နိဗ္ဗာန်ရောက်ချင်ရင် ကြိုးစားပီး

မှတ်သားနာယူကြ၊ ဒကာ ဒကာမတွေ ဒုက္ခခပ်သိမ်း ငြိမ်းတဲ့ နိဗ္ဗာန်ရချင်ရင် “ရှေပိုင်းက ဝိပဿနာမင်၊ နောက်ပိုင်းက လောကုတ္တရာမင်၊ ဒါကိုလုပ်ရမယ်လို့ မှတ်ကြ၊ ရှင်းပလား? သမထ မလုပ်နဲ့တော့-သမထလုပ်ရင် အချိန်ကြာနေမယ်၊ ဒီလိုမှမလုပ်ရင် ဇရာခိုးဒါနဲ့ အသေစောဒါနဲ့ဘဲ ကိစ္စတုံးရတော့မယ်၊ ရိပ်မိကြပလား? ။

ဒီအတိုင်းသွားရရင် သာသနာပနဲ့ဘဲသွားရမယ်၊ သာသနာကြုံတယ်ဆိုပေမဲ့ သာသနာတွင်းတရားမရတော့ သာသနာပလို့ဘဲ ဆိုရတယ်၊ သဘောကြပလား? သမထ, သမာဓိဆိုရင် ကြာမယ်၊ ဒါက-သာသနာပတရား၊ သာသနာတွင်းတရားမဟုတ်ဘူး၊ ဒါကြောင့် ဒီဟာ ဒီသမထ သမာဓိမလုပ်နဲ့တော့၊ အသေစောရင် အမျောကြီးမျောရလိမ့်မယ်၊ နားလည်ကြပလား? ဒီအလုပ်မှာ သမာဓိက ဝိပဿနာသမာဓိနဲ့သွားရမယ်၊ ရှင်းပလား? ကိုင်း, ဒကာ ဒကာမတွေကို အလုပ်ပြမယ်-အလုပ်က ရှေက ဝိပဿနာမင်၊ နောက်က လောကုတ္တရာမင်လို့ မှတ်ကြ။

တိုတိုနဲ့အဓိဖမ်းဘို့လုပ်ကြ၊ မှတ်မိကြပလား? ရှေပိုင်းက-လောကီ ဝိပဿနာမင်၊ နောက်ပိုင်းက လောကုတ္တရာမင်၊ ဒါကို မိအောင်လုပ်ရမယ်၊ ကံမဲ့, ဥာဏ်မဲ့သမားတွေ ကောင်းကောင်း မှတ်သွားကြ၊ ဒီနှစ်ခုထဲနဲ့သွားကြရမယ်၊ များနေရင် ဆေးချက်မို့မှာမဟုတ်ဘူး၊ ဆေးချက်မို့အောင် မနဲလုပ်နေရဒါ၊ ဒါမှမလုပ်ချင်ရင်(ကျမ်း)ကျမ်းထိုးမှောက်ခုံ သွားရမယ်ဆိုဒါ မှတ်ထားကြ အပါယ်လေးပါးကို ကျမ်းထိုးမှောက်ခုံ သွားဘို့သာ ပြင်ထားတော့လို့ မလုပ်ချင်တဲ့သူအတွက် ပြောလိုက်ပါတယ်၊ ဒကာ ဒကာမတွေ ကျေနပ်ပလား? ။

ဒကာ ဒကာမတွေ မိမိခန္ဓာဆိုတဲ့ မိမိသန္တာန်မှာ ခန္ဓာငါးပါး ရှိတယ်လို့မှတ်ကြ၊ ခန္ဓာကငါးပါးရှိပေမဲ့ ခန္ဓာငါးပါးနဲ့ဟာ လို့ မဖြစ်သေးဘူး၊ အခုပေါ်တဲ့ဖြစ်စဉ်ကိုကြည့်ရမယ်၊ အခုမှ ပေါ်လာဘဲ့ဖြစ်စဉ် အခုပေါ်တဲ့ခန္ဓာတခုထဲကို ကြည့်ရမယ်လို့ မှတ်ကြ၊ ဒီခန္ဓာငါးပါးလုံး အကုန်ကြည့်ဘို့မလိုဘူး၊ အခုမှဖြစ် ပေါ်လာတဲ့ အခုဖြစ်စဉ်ကိုသာ မြင်အောင်ကြည့်ကြ၊ ရိပ်မိပ လား? ဥပမာ ဒီက အစိမ်းရောင် ရူပါရုံမြင်ဘီ၊ အဲဒါလှည့်လို့ မြင်ဒါဘဲ၊ မြင်ဒါနဲ့ မြင်ပီးသိတယ်၊ ဒီ,သိလုံးကလေးဟာ ဒီနေရာ မှာပေါ်တဲ့စိတ်၊ သဘောပါပလား? ဒီ, သိစိတ်ကလေးဟာ ဒီမှာပေါ်တဲ့မျက်လုံးစိတ် မနောစိတ်ကလေးဘဲ။

ဒီတော့-မိမိသန္တာန်မှာ မြင်တယ်,သိတယ်,နှစ်ချက်ဖြစ်တယ်၊ ဒီနှစ်ခုဟာ ခုမှပေါ်လာဒါဘဲ၊ ဒါကို ရှုရမှာဘဲ၊ ဒကာ ဒကာမ တွေ နားလည်ကြပလား? အခု- မိမိသန္တာန် ပေါ်ဆဲကိုသာရှုရ မယ်၊ အိမ်ကယူလာဒါ မရှုရဘူးလို့မှတ်ကြ၊ ရှင်းပလား? အဲ.... ရှုတဲ့အခါ မြင်ဒါမိရင်မိ၊ မမိရင်သိဒါကိုမိအောင်ဖမ်းရမယ်၊ ဒုတိ ယစိတ်နဲ့ အကဲခပ်ရမယ်၊ မြင်ဒါက မျက်လုံးက သိဒါက ဟဒယ ဝတ္ထုက၊ သဘောပါပလား? မြင်တယ်, အစိမ်းကလေးလို့-သိ တယ်၊ သိပီးပျောက်တာဘဲ၊ ဒီတော့- ဉာဏ်က သိလုံးပျက်သွား ဒါကို သိရမယ်လို့မှတ်ကြ၊ ရှင်းပီနော်။

သိလုံးကလေး ပျက်သွားဒါကို နောက်ဉာဏ်က ပြောတယ်၊ သို့,လုံးကဖြစ်ပျက်၊ ဒုတိယပျက်တာသိဒါက မဂ်၊ ရှင်းပလား? ဒီနည်းအတိုင်း အပျက်နဲ့မဂ် ကြားမှာကိလေသာ မခြားအောင် ကြည့်ရမယ်၊ အပျက်နောက်က မဂ်,မလာရင်၊ ကိလေသာ လာ

မှာဘဲ၊ အပျက်မတွေ့ရင် ကိလေသာ ခြားပီလို့ သာမှတ်၊ သဘော ပါပလား? ဒကာ ဒကာမတွေ့ ရှုတတ်ကြပလား? ရှုတတ် အောင်ရှုကြ၊ ရှုတဲ့အခါ အပျက်နဲ့မင်္, ကြားမှာ၊ ကိလေသာ မခြားစေနဲ့လို့ အထူးသတိပေးလိုက်တယ်။

မရှုဖြစ်ရင်လဲ ကိလေသာကြားခိုမှာဘဲ၊ မမြင်ဘူးဆိုရင်လဲ-ခိုဒါဘဲ၊ ဒါကြောင့် ရှုဖြစ်အောင်ရှုကြရမယ်၊ မရှုလို့မဖြစ်တော့ ဘူး၊ ရိပ်မိပလား? ရှုတော့ ခန္ဓာကပြမှာဘဲ၊ သူများပြောလား ကိုယ်တိုင်တွေ့လား? မေးစရာမလိုဘူး၊ ဒကာတို့ဥာဏ်နဲ့ ကိုယ် တိုင်တွေ့ရမှာ၊ အပျက်ကတော့ရှိနေဒါဘဲ၊ သတိမထားလို့ သာ မသိဒါ၊ သတိထားရင်တွေ့ရမယ်၊ မတွေ့ဘူးဆိုရင် မတွေ့ဒါ-အဝိဇ္ဇာဘဲ၊ မတွေ့ရင်အဝိဇ္ဇာ ကိလေသာကြားခိုလို့ မတွေ့ဒါဘဲ လို့ မှတ်လိုက်ကြ၊ မတွေ့ရင် အဝိဇ္ဇာဇော စောပီလို့သာ မှတ် လိုက်ကြ၊ နားလည်ကြပလား?။

မတွေ့ရင် မတွေ့ဒါဟာ ဒိဋ္ဌိတ်များဖြစ်နေလို့လား? ဆိုပီး မတွေး သံသယဖြစ်မနေနဲ့ ကိလေသာကြားခိုလို့ဘဲ လို့သာမှတ် တော့၊ ရှင်းကြပလား? ကိလေသာက နယ်အလွန်ကျယ်တယ်၊ သာမညများမအောင်းမှေနဲ့၊ ကိလေသာဂရုစိုက်ရမယ်၊ ဘုရား က-ကိလေသာကြားခိုရင် ဒီဘဝမှာ ဘယ်တော့မှ မင်္, မရနိုင် ဘူးလို့ ဟောတော်မူတယ်၊ ကျေနပ်ပလား? ဒကာတို့တတွေ နဂိုကမှ ကံမဲ့, ဥာဏ်မဲ့ ကိလေသာကြားခိုရင် သေမှသာကိုက် တယ်ဆို ရမှာဘဲ၊ မင်္, တော့မရပါဘူး၊ သဘောပါရဲ့လား? အပျက်နဲ့မင်္ မကိုက်ဘူးဆိုရင် ကြားထဲကိုလသာခိုလို့ဘဲ ဆိုဒါ မှတ်ကြ၊ ကိလေသာကြားခိုရင် ဒီဘဝကုသိုလ်ရရုံဘဲရှိတယ်၊ မင်္, တော့မရနိုင်တော့ဘူး၊ ရှင်းပလား?။

ဒါကြောင့်- အပျက်နဲ့မဂ် ကိုက်ပေစေ၊ ကိလေသာကြားမခို
စေနဲ့၊ ကြားမခိုရင် တဆင့်ထက်တဆင့်, ဝိပဿနာဉာဏ် ရင့်လာ
မယ်၊ ရင့်လာပီးရင်၊ ကြားမခိုရင် မဂ္ဂင်ရှစ်ပါးပြည့်သွားမယ်လို့
မှတ်ကြ၊ မဂ္ဂင်ရှစ်ပါးပြည့်သွားဒါ ကိလေသာ ကြားမခိုလို့ဘဲဆို
ဒါမှတ်ကြ၊ သဘောပါပလား? ဒီအဓိပ္ပါယ်ဟာ နိဒါနဝဂ္ဂ
သံယုတ်ပါဠိတော်မှာလာတဲ့ အဓိပ္ပါယ်လို့မှတ်ကြ၊ အဲဒီမှာလာ
တဲ့အဓိပ္ပါယ်ကို ဝတ္ထု-သက်သေသာဓကနဲ့ ထုတ်ပြောရမယ်၊
ကျေနပ်ပလား?။

သုသိမ-ပရိဗ္ဗိန်ဝတ္ထု။ ။"မြတ်စွာဘုရားသခင် ရာဇဂြိုဟ်
ပြည်မှာ သီတင်းသုံးနေတော်မူဆဲ
အခါမှာဖြစ်တယ်၊ အဲဒီအခါမှာ,မြတ်စွာဘုရားရှင်ရဲ့ ဘုန်းတော်,
တန်းခိုးတော်ကလဲ အလွန်တက်ကြွပီး၊ သာသနာတော်ဟာ ကြီး
ပွားထွန်းကားပီး တန်းခိုးထနေတဲ့အခါဖြစ်တယ်၊ ဘုရားသာသ
နာတော်မှာ ကြည်ညိုသူတွေ, သက်ဝင်သူတွေကလဲ အလွန်များ
လာတဲ့သပွကာတွေကလဲ အလွန်များပြားလေတော့၊ အရင်က-
ဘုရားလုပ်နေတဲ့ တိတ္ထိတွေမှာ အလွန်ဘဲ ခေါင်းပါးသွားတော့
တယ်၊ အဲဒီအချိန်မှာ တိတ္ထိဂိုဏ်းတွေဟာ အားလုံး အနေကြပ်-
အထိုင်ကြပ် ဖြစ်ကုန်တော့တယ်။

ဒါနဲ့- ငါတို့အနေအထိုင် ချောင်အောင် ကုံကြအုံးမှဘဲလို့
အချင်းချင်းစည်းဝေးတိုင်ပင်ကြတယ်-တဲ့၊ ဒီအခါမှာ ဂေါတမ
ဘုရားရဲ့ ဟောနည်းပြောနည်း - ကျင့်ကြံနည်းကအစ သူတို့ရဲ့
နည်းပရိယာယ်တွေကို ရအောင်ယူပီး နေထိုင်မှုဖြစ်မယ်လို့ အ
ကြံရပီးတဲ့နောက်၊ သူတို့ထဲက ဉာဏ်ထက်တဲ့ သုသိမ-ပရိဗ္ဗိုင်ကို

လ္ဘတ်မယ်ဆိုပီး ဆုံးဖြတ်လိုက်ကြတယ်-တဲ့၊ သုသိမကို လ္ဘတ်မှာက ၎ဂါတမဘုရားသာသနာမှာဝင်ပီး နည်းပရိယာယ်ယူဘို့၊ တရားခိုးဘို့ဘဲလို့ မှတ်ကြ။

၎ဂါတမ ဘုရားသဲ့သာသနာမှာ နေထိုင်ပုံ-ကျင့်ကြံပုံ-ပြောပုံ-ဟောပုံ ကအစ၊ ဘယ်လိုနေတယ် ဘယ်လိုထိုင်တယ်၊ ဘယ်လိုကျင့်ကြံတယ်၊ ဒကာ ဒကာမတွေကို၊ ဘယ်လိုဟောပြောတယ် ဆိုဆုံမှတယ် စသည်အားဖြင့် ဒီသာသနာတော်မှာ လုပ်ငန်းရပ်အားလုံးကို နည်းခိုးယူဘို့ဘဲ၊ သူတို့စိတ်ထဲမှာက ဘုရားရှင်မှာ-နည်းပရိယာယ်တွေရှိတယ်၊ ဒီနည်းပရိယာယ်တွေကို သင်ယူပီး-ဝါဒဖြန့်ရရင် သူတို့လိုဘဲ တန်းခိုးကြီး လပ် ပေါမျှားမယ်လို့၊ ယူဆပီး တရားခိုးဘို့ လ္ဘတ်လိုက်တာဘဲ။

ဒါနဲ့- တိတ္ထိုကိုဏ်းဝင်တွေက သုသိမ-ပရိဗိုဇ်ကို ဘုရားထံမှာ သွားရောက်ခိုဝင်ပီး တရားနည်းခိုးရန် ပြောဆိုသင်ပြမှာထားပီး လ္ဘတ်လိုက်ကြတယ်၊ သုသိမ ကလဲ-ကတိခံခဲ့ပီး တရားခိုးဘို့ရောက်လာတယ်၊ကျောင်းထဲရောက်ရင်ဘဲ သုသိမက စဉ်းစားလိုက်တယ် ဘာသူ့ဆီကပ်ရပါ့မလဲ နောက်ရှင်အာနန္ဒာထံ ကပ်မှဘဲ— သူက ဘုရားနဲ့ပိုပီးနီးတယ်၊ ဒါမှ- လက်ရင်းကျကျနည်းယူနိုင်မယ်လို့ စဉ်းစားပီး ရှင်အာနန္ဒာထံ ဝင်သွားတယ်လို့ မှတ်ကြ။

အရှင်အာနန္ဒာထံ ရောက်တဲ့အခါ သုသိမက "အရှင်ဘုရား ဒီသာသနာတော်မှာ မှီခိုပီး၊ ဒီရဟန်းအဝတ်, ဝတ်ချင်ပါတယ်၊ တပည့်တော်ကို ခွင့်ပြုပါ" လို့ တောင်းပန်ပြောဆိုတော့.... ရှင်အာနန္ဒာကလဲ ဒီအရေးမပိုင်ဘူး၊တိတ္ထိုကိုဏ်းကဆိုတော့အခက်

သားကလားလို့ တွေးပီး၊ အကြောင်းခြင်းရာကို ဘုရားထံ လျှောက်ထားလိုက်တယ်၊ ဒီတော့ ဘုရားရှင်က ရှေးဥာဏ်တော်နဲ့ ဆင်ခြင်လိုက်တဲ့အခါ သုသိမ တရားခိုးဘို့လာဒါဘဲ၊ ဒါပေမဲ့-သူဟာ တရားခိုးရင်းက အကျတ်တရားရပီး ရဟန္တာဖြစ်မှာကိုလဲ မြင်တော်မူတယ်။

ဒီတော့- ဘုရားက ရှင်အာနန္ဒာကို ခွင့်ပြုလိုက်ဘို့နဲ့ ရဟန်းဝတ်ပေးဘို့အကြောင်း အမိန့်ရှိလိုက်တယ်၊ အဲဒီလိုနဲ့ သုသိမဟာ ရဟန်းဝတ်ပီးတဲ့နောက် အခွင့်အခါကိုစောင့်နေတယ်၊ တနေ့သ၌ကျတော့.... ရဟန်းတော်တွေဟာ ဘုရားရှင်ထံက တရားနည်းယူ၊ ယူပီး-တောထဲသွားတရားအားထုတ်ကြ၊ အားထုတ်ပီး တရား ရ-ရဟန္တာဖြစ်ပီးပြန်လာကြ၊ ဘုရားထံဝင်ပီး လျှောက်ထားကြ၊ ဘုရားကမေးတဲ့အခါ ဖြေဆိုကြနဲ့၊ အဲဒီလို အခွင့်အရေးကြုံကြိုက်လာတယ်၊ ဒီအခါမှာ- သုသိမကလဲ အနားမှာကပ်ရပ်နေပီး ဘုရားရှင် မေးမြန်းပုံ-ရဟန်းမျှား-ပြန်ကြားဖြေဆိုပုံတွေ ကြားသိရတော့ ဒါဟာ အချက်ကောင်းဘဲ၊ ဒါဟာ အတွင်းကျတဲ့အရေးဘဲလို့ မှတ်ပီး၊ နားထောင်တယ်လို့ မှတ်ကြ။

ဒါနဲ့ဘုရားရှင်ကမေးလို့ ရဟန်းတွေက ဖြကြားတဲ့အခါမှာ "ခီဏာ ဇာတိ၊ ဇာတိကုန်ဘိ၊ နောက် ပဋိသန္ဓေမနေရတော့ဘူး ဝုသိတံ ဗြဟ္မစရိယံ၊ ဝိပဿနာကိစ္စ၊ မဂ်ကိစ္စ အားလုံးကျင့်ပြီးပါပြီ၊ ကတံ ကရဏီယံ၊ ပြုစရာကိစ္စဟူသမျှပြုပီးဘီ၊ နာပရံဣတ္ထတ္ထာယတိ ပဇာနာတိ၊ နောက်ထပ်ပြုဘွယ်ကိစ္စ လုံးဝမရှိတော့ပါဘုရား၊" အဲဒီလိုလျှောက်ထားဒါကို ကြားရတော့၊ သုသိမက ဒီစကားဟာ အရေးကြီးတဲ့စကားဘဲ၊ သူတို့လက်သုံးစကား-လို ရင်းအချက်ဘဲဆိုပီး မှတ်ထားလိုက်တယ်။

ဒီလိုနဲ့ ဘုရားရှင်က အသီးအသီး သာဓုခေါ်ပီးတော့ ရဟန်းတော်တွေ ကိုယ့် ဆိုင်ရာဆိုင်ရာ ပြန်သွားကြတယ်၊ ဒီအခါမှာ သုသိမက ပြန်သွားတဲ့ရဟန်းတွေထံ လိုက်သွားပီး စုံစမ်းမေးမြန်းတယ်၊ သုသိမ့်က "အရှင်ဘုရားတို့ ရဟန္တာဖြစ်တယ်ဆိုဒါကို ဘုရားရှေတော်တုံးက, ကြားရသိရလို့ ဝမ်းသာပါတယ်၊ ဒါပေမဲ့ သိချင်ဒါတခုက အရှင်ဘုရားတို့ ရဟန္တာဖြစ်တယ်ဆိုရင်-ကောင်းကင်ပျံနိုင်ပါသလား? မြေလျှိုးနိုင်ပါသလား? သူတပါးပြောတဲ့စကား ကြားသိပါသလား?" စတဲ့ အချက်တွေကို သိချင်ပါတယ်၊" လို့ အကျိုးအကြောင်း စုံအောင်မေးမြန်းတယ်-တဲ့။

သုသိမက ဒီလိုမေးတော့- ရဟန်းတော်တွေက တိုတိုဘဲ ဖြေကြားလိုက်တယ်၊ "ငါတို့- မြေမှုံး မိုးပျံနိုင်ဒါမဟုတ်ဘူး၊ အဝေးကအသံလဲ့ မကြားနိုင်ဘူး၊ သူ့မျက်စိတ်အကြံလဲ့ မသိနိုင်ဘူး၊" ဒီတော့ သုသိမက ဒီလိုဖြစ်ရင် အရှင်ဘုရားတို့ဟာ ဘယ်လိုလဲ? လို့ ထပ်မေးမြန်းပြန်တော့.... ရဟန်းတော်များက- "ပညာဝိမုတ္တာ ဒေါ မယံ အာဝုသော သုသိမ၊" တဲ့-ငါတို့က ပညာနဲ့ ကိလေသာကုန်ခမ်းတယ်" လို့ ဖြေလိုက်တယ်၊ အဓိပ္ပါယ်က သမာဓိမပါဘဲ မဂ်ကိုရခဲ့ဒါဘဲ၊ သမထ, သမာဓိမပါဘဲ ရဟန္တာဖြစ်တာဘဲလို့ မှတ်ကြ။

ဒီတော့- သုသိမက အရှင်ဘုရားတို့ဖြေဒါ တိုလွန်းတယ်၊ အာကျယ်ဖြေပါလို့ ပြောပြန်တော့ ရဟန်းတွေက "မင်း-သိသိ မသိသိ၊ ဒါဘဲ ငါတို့ဟာ ပညာနဲ့ကိလေသာက လွန်မြောက်ခဲ့ဒါဘဲ" လို့ ဖြေလိုက်တယ်၊ ဒကာ ဒကာမတွေသိဘို့က ရဟန်း

တော်တွေ့က "ရွှေပိုင်းက ဝိပဿနာ၊ နောက်ပိုင်းက မဂ်နဲ့ရခဲ့ဒါ ဘဲလို့ သိကြရမယ်၊ သမထ, မပါဘဲ မဂ်ဖိုလ်ရဒါဘဲလို့ မှတ်ကြ၊ ဝိပဿနာရှုဒါဘဲ၊ ဝိပဿနာထဲ သမထဝင်သွားဒါဘဲလို့ သိကြရမယ်၊ ရှင်းကြပလား?။

ဒါနဲ့ သုသိမက မကျေနပ်နိုင်ဘူး၊ မကျေနပ်တော့ ဘုရားထံသွားပြန်တယ်၊ ရောက်တော့ ရဟန်းတွေနဲ့ မေးမြန်းပြောဆိုတဲ့အကြောင်း၊ သဘောမကျနိုင်လို့ လာရောက်လျှောက်ထားတဲ့အကြောင်းနဲ့ မေးမြန်းလျှောက်ထားလိုက်ပြန်တော့- ဘုရားရှင်ကလဲ တိုတိုကျဉ်းကျဉ်းဘဲ "ပုဗ္ဗေ ခေါ် သုသိမ ဓမ္မဋ္ဌိတိဉာဏံ၊ ပစ္ဆာ နိဗ္ဗာနေ ဉာဏံ၊" သုသိမ ရွှေပိုင်းက ဝိပဿနာဉာဏ်၊ နောက်ပိုင်းက နိဗ္ဗာန်မြင်တဲ့ မဂ်ဉာဏ်ဘဲ" လို့ ဖြေဆိုတော်မူလိုက်တယ်၊ ဒါနဲ့- သုသိမက, အကျဉ်းစကား နားမလည်နိုင်လို့ အကျယ်ဖြေတော်မူပါလို့ လျှောက်ထားပြန်တော့လဲ ဘုရားက အကျဉ်းစကားဘဲ ထပ်ဖြေလိုက်တယ်။

အဓိပ္ပါယ်က ရွှေကဝိပဿနာ၊ နောက်က နိဗ္ဗာန်မြင်တဲ့ မဂ်ဉာဏ်, ဝိပဿနာမဂ်အဆုံးမှာ မဂ်ဉာဏ်လာဒါဘဲ့-တဲ့၊ အဲဒါနဲ့— သူတို့- ရဟန္တာဖြစ်လာကြဒါဘဲလို့ ဖြေတော့ မကျေနပ်နိုင်ဘူး၊ သူကနားမလည်ဘဲကိုး၊ ဒကာ ဒကာမတို့ ဝိပဿနာ ဖြစ်ပျက်ရှုဒါနဲ့ မဂ္ဂင်ငါးခုပါနေဒါ၊ နောက်ရှစ်ပါးပြည့်လို့ ပညာနဲ့ကိလေသာက လွတ်တာဘဲလို့ မှတ်ကြ။ ။ဒါနဲ့- သုသိမက ဒီလိုနဲ့ နိဗ္ဗာန်ရတယ်ဆိုဒါ တပည့်တော်မယုံနိုင်ဘူးတဲ့၊ ဒီတော့- ဘုရားရှင်က "ငါဘုရားသာသနာမှာ သမာဓိစခန်းဟာ အလကားဘဲ၊ ပညာမှသာ လိုရင်းစဲ့ဘဲ၊ သမာဓိဟာ လိုရင်းမဟုတ်ဘူး၊ ပညာသာ လိုရင်းလို့ ဟောတော်မူတယ်။

ဒကာ ဒကာမတို့ ဘုရားက “သာသနာတွင်းတရားဟာ ပညာတရားဘဲလို့ ဟောတော်မူတယ်၊ ဝိပဿနာရှုတဲ့အခါ ရှေ့ကဖြစ်ပျက် နောက်က မဂ္ဂင်ငါးပါးနဲ့-မဂ်လိုက်ပေး၊ လိုက်ပေးလို့ ဥာဏ်ကတဖြေးဖြေးရင့်လာတော့ တချက်ချက်မှာ နောက်က-မဂ္ဂင်ရှစ်ပါးပြည့်သွားတယ်၊ ပြည့်တော့ နိဗ္ဗာန်မြင်ဒါဘဲ၊ ရိပ်မိကြပလား? ရှေ့က ဝိပဿနာမဂ်၊ နောက်ပိုင်းက နိဗ္ဗာန်မြင်တဲ့ လောကုတ္တရာ မဂ်လို့ မှတ်ကြ၊ သဘောပါပလား?။

ကိုင်း, နက်ဖြန်မှဆက်ကြစို့ အချိန်စေ့သွားဘီ၊ ဒီတွင်တော်ကြအုံး

# ဓမ္မရတနာ-မာတိကာ

## “ ပညာလိုရင်း သာသနာတွင်း တရားတော် ”

### အထူးမှတ်ရန်

(၁) ရှေက, ဓမ္မဋ္ဌိတိဉာဏ် ဝိပဿနာဉာဏ် လောကိမဂ်ဉာဏ်။

(၂) နောက်က, နိဗ္ဗာနဉာဏ် မဂ်ဉာဏ် လောကုတ္တရာဉာဏ်။

### ဆောင်ပုဒ်

ဖြစ်ပျက်ဒုက္ခ၊ သိမှုက၊ ပဋ္ဌမလိုရင်းသာ။
ဒုက္ခကုန်ချင်၊ နောက်ဉာဏ်ပင်၊ အစဉ်သိမှတ်ရာ။
ရှေဉာဏ်ဖြစ်ပျက်၊ နောက်ဉာဏ်မဂ်၊ သက်သက်ဝိပဿနာ။
နိဗ္ဗာန်လျှင်စွဲ၊ ရလိုက၊ သုဒ္ဓ-ရှုမှတ်ရာ။
သမာဓိဝင်၊ ကြာမည်ပင်၊ မြန်လျှင်မရောက်ပါ။
ဝိပဿနာဉာဏ်၊ ရှေဦးခံ၊ နောက်ဉာဏ်နိဗ္ဗာနာ။
သာသနာပ၊ သမထ၊ ရကြလွယ်သည်သာ။
ပညာမှန်လျှင်၊ သာသနာတွင်း၊ လိုရင်းရတနာ။

### သတိချက်

ဖြစ်ပျက်မြင်ရေး၊ ကြာမနေး၊ အလေးအနက်ကိုင်။
ဖြစ်ပျက်မြင်လျှင်၊ စကြာရှင်၊ ကယ်ပင်မလဲနိုင်။
ဖြစ်ပျက်ဉာဏ်ကြီး၊ ငရဲမီး၊ အပြီးပျောက်စေနိုင်။
ကိလေတောထ၊ စကြာက၊ ဒုက္ခမဆုံးပိုင်။
ကိလေသာပင်၊ ထကြွလျှင်၊ မဂ္ဂင်ဆေးကုနိုင်။
ထကြွတိုင်းခု၊ ဖြစ်ပျက်ရှု၊ အေးမှုရတတ်နိုင်။

**တရားသဘင်။** ။ဒကာ ဒကာမတို့ - ကောလာဟလကြီး ငါး ပါး လောကမှာရှိတဲ့အနက်က ဗုဒ္ဓကောလာဟလ ဆိုဒါပါတယ်၊ အဲဒီဗုဒ္ဓကောလာဟလ ဆိုဒါဟာ၊ ဘုရား ရှင် ပဉ္စင်တော်မူတော့မယ်ဆိုရင် မပဉ္စင်ခင်, နှစ်ပေါင်း- ၁၀၀၀,၀ ရှစ်ဆောင်က ကြိုတင်ပီး လောကပါလနတ်တွေက ကြွေးကြော်ရတယ်လို့ မှတ်ကြ၊ အခု-ဘုန်းကြီးတို့ ဒကာ ဒကာမတို့ရဲ့ ကိုးကွယ်ရာဖြစ်တဲ့ ဂေါတမဘုရားရှင် ပဉ္စင်တဲ့အခါမှာလဲ အနှစ်တသောင်းကြိုတင်ပီး ဒီလိုဘဲ ကြွေးကြော်ထားတော့ အားလုံးသိပီး ဘုရားမျှော်တဲ့အချိန် ရောက်လာခဲ့တယ်။

တိတ္ထိဂိုဏ်းအမျိုးမျိုးတွေဟာ၊ အဲဒီအချိန်နဲ့ကိုက်အောင်,ကြိုတင်ပီး ဘုရားအမည်ခံ တိတ္ထိဆရာ ၆, မျိုး၊ ၆,ဦး ပေါ်နှင့်နေတယ်လို့ မှတ်ကြ၊ အဲဒီလိုအခါမှာ လူတွေကလဲ ဘုရားတမ်းတနေတဲ့အခါ ဖြစ်လေတော့၊ ကောင်းမကောင်း, စစ်မစစ်, မှန်မမှန် မရွေးချယ်နိုင်ကြဘဲ၊ သူထက်ငါဆိုသလို အသီးအသီး ဆိုင်ရာဆိုင်ရာ ဆည်းကပ် ကိုးကွယ်ကြတယ်၊ ဒီတော့- ဘုရားတုဂိုဏ်းတွေဟာ လပ်သပွကာပေါများပီး တန်းခိုးထွားနေကြဒါပေါ့၊ ရှင်းကြပလား? ။

နောက်- အချိန်တန်လို့ တကယ်ဘုရားအစစ် ပဉ္စင်တော်မူလာတဲ့အခါကျတော့၊ အတုအရောင်တွေဟာ "နေထွက်တဲ့အခါ-ပိုးစုံးကြူး" လို ဖြစ်ကုန်တော့တယ်၊ အရောင်အဝါ ဘုန်းတေဇာပျောက်ကွယ်ပီး- ကိုးကွယ်သူ-ဆည်းကပ်သူ နဲပါးသွားတော့ လပ်လာဘတွေလဲ အလွန်ရှားပါးသွားတော့ဒါပေါ့၊ ဒါနဲ့-တနေ့ကျတော့ တိတ္ထိဂိုဏ်းဝင်တွေဟာ စည်းဝေးတိုင်ပင်ကြတယ်။

"ဒို့အထဲက ဉာဏ်ထက်မျက်တဲ့ သုသိမပရဗို့ဇ်ကို အကျိုးအ
ကြောင်းပြောပြပီး ဂေါတမဘုရားထံပညာသင်လွှတ်၊ အဲဒီက
ပြောပုံ-ဆိုပုံ-သွန်သင်နည်းပေးပုံက အစ၊ ဝါဒဖြန့်နည်းအမျိုး
မျိုးကိုသင်၊ နောက် တတ်တော့ပြန်လာပီး တဆင့်ဒီမှာပြန်သင်
ပြ၊ ဒို့တရားနဲ့ရောပြွမ်းပီး အကြောင်းစုံအောင်, အကောင်းဆုံး
ဖြစ်အောင် ဟောပြကြစို့၊ ဒါမှ ဒို့လဲ ဘုန်းကံကြီးမား လူကြည်
ညိုများလာပီး လပ်ပေါများကြမယ်၊ ဒီအကြံနေရာကျတယ်"
ဆိုပီး တိုင်ပင်ကြတယ်-တဲ့၊ နားလည်ပလား?။

ဒါဟာ- ဘုန်းကံကြီးချင်လို့ အကြံဆိုးကြံကြဒါဘဲလို့ မှတ်
ကြ၊ ဒါနဲ့ ဒီအကြံအစီအတိုင်း, သုသိမကို ဘုရားထံလွှတ်လိုက်
တယ်၊ သုသိမကလဲ ဘုရားထံရောက်သွား၊ တောက်လျှောက်မ
ဝင်သေးဘဲ အရှင်အာနန္ဒာထံဝင်သွားပီး "တပည့်တော် ရတ
နာသုံးပါး ကြည်ညိုတဲ့အတွက်, ရဟန်းဝတ်ပါရစေ" လို့ ခွင့်
တောင်းတော့၊ အရှင်အာနန္ဒာက ဒီသုသိမဟာ ဒိဋ္ဌဆရာ အတိုက်
အခံတယောက်ဘဲလို့ စဉ်းစားပီး, ဘုရားထံခေါ်သွားတယ်-တဲ့။

ဒါနဲ့- ဘုရားထံရောက်လို့ လျှောက်ထားတော့ ဘုရားရှင်က
ကလဲ အကြောင်းစုံကို ဉာဏ်နဲ့စဉ်းစားပီး သိတော်မူတယ်၊ ရှေ
ဆက်ပီးစဉ်းစားတော့ သုသိမ တရားခိုးမှာကိုလဲသိတယ်၊ နောက်
ဆက်တွေးတော့ တရားခိုးရင်းနဲ့ မင်္ဂိုလ်ရမှာကိုလဲ သိတော်မူ
တယ်၊ ဒီ-သုသိမ ပရဗို့ဇ်ဟာ ခန္ဓာမှာဉာဏ်ရောက်ပီး သုဒ္ဓဝိပဿ
နာနဲ့ မင်္ဂိုလ်ရမှာဘဲလို့ သိတော်မူတယ်လို့ မှတ်လိုက်ကြ။

ဒီနေရာမှာ ဒကာ ဒကာမတွေကို စကားဖြတ်ပီးပြောရအုံး
မယ်၊ ဒီ့လိုပြောပြနေတဲ့ ဝတ္ထုသက်သေ, သာဓကတွေက အင်မ

တန်လုံလောက်ပီး ထောက်ခံချက်ပေးနေလေတော့ ဒကာတို့တ တွေကလဲ ခန္ဓာဥာဏ်ရောက်အောင် လုလွပြုကြ၊ ခန္ဓာဥာဏ်စိုက် ပီးနာယူကြလို့ သတိပေးလိုက်ပေးတယ်၊ စိတ်ကိုဟောရင် စိတ် ကိုစိုက်၊ ဝေဒနာဟောရင် ဝေဒနာစိုက်၊ စိုက်ရင်- အနိစ္စဥာဏ် ရမယ်၊ နာရင်းစိုက်နေတော့ ဝေဒနာဖြစ်ပျက် အနိစ္စသိရမယ်၊ အနိစ္စသိတော့ နောက်က မဂ်လာဒါဘဲ၊ သဘောပါပလား ? ။

ရုပ်နာမ်အနိစ္စ၊ ရုပ်နာမ်ဖြစ်ပျက်ဟာ သာမညလို့ မျှားမမှတ် လိုက်ကြပါနဲ့၊ ဖြစ်ပျက်တချက်မိရင် စကြာဝဠတေး မင်းစည်းစိမ် နဲ့ မလဲနိုင်ဘူးလို့ မှတ်လိုက်ကြ၊ ဖြစ်ပျက်တချက်က စကြာဝ ဠတေး စည်းစိမ်ထက် အမျှားကြီးသာပါတယ်၊ စကြာဝဠတေးက ကိလေသာ တောထနေဒါပါ၊ တောထနေတော့ ဒယ်အိုးနဲ့-နိုး နိုးကလေးရယ်၊ အခုနေ, တော်တော်နေ, ကျသွားနိုင်တယ်၊ ရိပ်မိရဲလား ? ဖြစ်ပျက်မြင်ဒါက ငရဲမီးတွေ- ငရဲအိုးတွေ- ငြိမ်း အောင်, ကုန်အောင်တတ်နိုင်တယ်၊ ငြိမ်းကုန်အောင် လုပ်တဲ့အ လုပ်ဘဲလို့ မှတ်ကြ၊ သဘောပါပလား? မက္ခာပါလား? ။

ဒါနဲ့ ဝတ္ထုဆက်ရမယ်.... ဘုရားရှင်က အလုံးစုံသိတော်မူ တော့ ရှင်အာနန္ဒာကို သုသိမအား ရဟန်းပြုပေးလိုက်ပါလို့- ခိုင်းတော်မူတယ်၊ ဒီလိုနဲ့ သုသိမဟာ ရဟန်းဝတ်ပီး အဲဒီမှာနေ တော့ တနေ့မှာ တောထဲသွားပီး ရဟန်းတရားအားထုတ်လို့- ရဟန္တာဖြစ်ပီးပြန်လာကြတဲ့ ကိုယ်တော်တို့ ဘုရားရှင်ထံသွား ပြီး ဖူးမျှော်ကန်တော့ကြတဲ့အခါနဲ့ ကြုံကြိုက်တယ်၊ အဲဒီအခါ မှာ ရဟန်းတော်တို့ကို ဘုရားရှင်က အကျိုးအကြောင်း မေး မြန်းလို့ အသီးအသီး ဖြေဆိုကြတယ်လို့ မှတ်ကြ။

ဒီလိုဖြေဆိုတဲ့အရာမှာ "ခိဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္ထာယာတိ ပဇာနာတိ၊" တပည့်တော်မှာ ဇာတိကုန်ပါပြီဘုရား၊ ဝိပဿနာကိစ္စ, မဂ်ကိစ္စအားလုံး- ကျင့်ပြီးပါပြီဘုရား၊ ပြုစရာကိစ္စဟူသမျှ ပြုပြီးပါပြီဘုရား၊ နောက်ထပ်ပြုဘွယ်ကိစ္စ, လုံးဝမရှိတော့ပါပြီ- အဲဒီလိုသိပါတယ်ဘုရား၊" ဆိုတဲ့ ဒီအဖြေလေးချက်ကို ဖြေဆိုကြတယ်၊ အဲဒီအခါမှာ သုသိမက ဒီစကားတွေဟာ လိုရင်းအချက်တွေဘဲ၊ ဒါကိုမှတ်မှဖြစ်မှာဆိုပီး မှတ်ထားလိုက်တယ်။

ဒကာ ဒကာမတွေ ကြားဖြတ်ပြောရအုံးမယ်၊ ဒကာ ဒကာမတွေကို အခုတရားအားထုတ်ကြလို့ ပြောနေဒါ သဘောပါကြရဲ့လား? အခုတရားအားထုတ်ကြပါလို့ ပြောဒါဟာ အခုဒုက္ခကလွတ်စေချင်လို့ဘဲဆိုဒါ မှတ်ကြ၊ ခု,အားထုတ်လို့ ခုမဂ်လေးကြိမ်ရရင် ဇာတိဒုက္ခကုန်မယ်၊ ဇာတိကုန်ရင် ဇရာ မရဏ သောက ပရိဒေဝ စတဲ့ဒုက္ခတွေ အကုန်-ကုန်ကြမယ်၊ ဒီဟာ- စင်စစ်တော့ ဒုက္ခတွေ အကုန်-ကုန်သွားဒါဘဲ၊ သဘောပါရဲ့လား? ဒီတော့- ဒုက္ခသိမှ၊ ဒုက္ခကုန်မယ်၊ ဒုက္ခသိမှရှိမှ ဒုက္ခကုန်ချင်ကြမယ်၊ ဒုက္ခမှမသိရင် ဒုက္ခကုန်ချင်တယ်ဆိုဒါ မလာနိုင်ဘူး၊ ရိပ်မိပလား? ဒါမှ- သဘာဝဘဲလို့ မှတ်ကြ။

ဒါ- ဒုက္ခအစစ်ဘဲလို့ ပိုင်းခြားနိုင်တဲ့ဉာဏ်ရမှ ဒုက္ခကုန်ချင်ကြမယ်၊ ဒုက္ခအစစ်ဘဲလို့ ပိုင်းခြားနိုင်တဲ့ ဉာဏ်မရသေးသမျှ- ဒုက္ခကုန်ချင်တယ်ဆိုဒါ အမှန်မကျသေးဘူး၊ ရိပ်မိပလား?

ဒကာ ဒကာမတို့ ဖြစ်ပျက်ရုပ်နာမ်ကို ဒုက္ခအစစ်ဘဲလို့ ပိုင်းခြားနိုင်တဲ့ဉာဏ်ရမှ၊ ဒုက္ခကုန်ချင်တဲ့စိတ်ပေါ်မှာဘဲ ဆိုဒါ မှတ်လိုက်ကြ၊ ရှင်းပလား? ဒါကြောင့် ဒုက္ခသိမှုက-ပဌမ၊ ဒုက္ခကုန်ချင်မှုက-ဒုတိယဘဲဆိုဒါ ထင်ရှားဘီ၊ ဒါကြောင့် ဒီဒကာ ဒကာမတွေ ပဌမ ဒုက္ခသိတဲ့ဉာဏ်ရဘို့၊ ဒုတိယ ဒုက္ခကုန်ချင်တဲ့ဉာဏ်ရဘို့ အရေးကြီးတယ်၊ ပေါ်ကြပလား? ။

ဒကာ ဒကာမတွေ မိမိမှာ အနာရောဂါရှိဒါသိရင် ဖျောက်ချင်စိတ်ပေါ်မယ်၊ အနာရောဂါရှိဒါမသိရင် ဖျောက်ချင်စိတ်မလာနိုင်ဘူး၊ ဒီဥပမာလိုပါဘဲ ဒုက္ခကို-ဒုက္ခမှန်းသိမှသာ ဒုက္ခကုန်လိုတဲ့စိတ် လာနိုင်မှာဘဲ၊ ရှင်းပလား? မိမိခန္ဓာမှာ ဖြစ်ပီးပျက်နေတဲ့ ရုပ်တရားနာမ်တရားသာ အမှန်ရှိတယ်၊ ဒီအမှန်အရှိကို ဉာဏ်နဲ့ကြည့်တဲ့အခါ မိမိခန္ဓာမှာ ဖြစ်ပီးပျက်နေတဲ့တရားကိုတွေ့ရင် ဒုက္ခဘဲလို့ ဆုံးဖြတ်နိုင်မယ်၊ ဒီလို ဒုက္ခဘဲလို့ဆုံးဖြတ်နိုင်ရင် ကုန်ချင်တဲ့ဉာဏ်လာတော့မှာဘဲ၊ ထင်ရှားပလား? ။

ဒါနဲ့-သုသိမကိုဆက်ရမယ်.... ရဟန်းတော်တွေက ဘုရားရှင်ထံမှ- "ဗြဟ္မစရိယံ၊ ဝိပဿနာကိစ္စ၊ မဂ်ကိစ္စကို၊ ဝုသိတံ၊ အလုံးစုံကျင့်ပီးဘီ၊ ကရဏီယံ၊ ပြုစရာကိစ္စဟူသမျှကို၊ ကတံ၊ ပြုပီးဘီ၊" ရဟန်းတွေကလုပ်စရာရှိသမျှ အကုန်လုပ်ပီးဘီတဲ့၊ ဒီဥစ္စံဘက တသံသရာလုံးအတွက် ဘာမှလုပ်ဖွယ်မရှိတော့ဘူးလို့ ဆိုတဲ့ အဓိပ္ပါယ်ဘဲ၊ "နာပရံ ဣတ္ထတ္ထာယာတိ ပဇာနာတိ၊ နောက်ထပ်ပြုဘွယ်ကိစ္စ လုံးဝမရှိတော့ဘူးလို့ သိပါတယ်၊" ဒီလို ဖြေဆိုကြတယ်။

ဒီအခါမှာ သူသိမက ဒါဟာအချက်ဘဲဆိုပြီး မှတ်ထားလိုက်တယ်၊ နောက်ဘုရားရှင်က သာဓုခေါ်ပြီး၊ ရဟန္တာများကို ပြန်လွှတ်လိုက်တယ်၊ ဒကာ ဒကာမတွေ ဒကာတို့ဟာ တသံသရာလုံး ဘာတွေလုပ်ခဲ့ကြသလဲ? သားရေး သိမ်းရေး စီးပွားရေး ကြီးပွားရေး ဆိုတဲ့၊ ကိလေသာရေး ကာမဂုဏ်ရေးတွေချည့်ပါဘဲ၊ ဒီပြင်ကောင်းဒါ ကြားမည်ပ်ပါဘူး၊ ဒကာတို့ဟာ တသံသရာလုံးမှာ ကိလေသာ တောထရေးအလုပ်တွေနဲ့သာ အချိန်ကုန်ခဲ့ကြတယ်-မှားမလား? မမှားပါဘူး၊ ဒါအမှန်အကန်သိရင် ပြင်မှဘဲလို့ ဆုံးဖြတ်ချက်ချ။

ကိုယ်ကျိုးကိုယ်စီးပွား ကိုယ့်အရေးတခုမှမပါကြဘူး၊ ရိပ်မိကြရဲလား? အခုနေမှာ ပြင်ချိန်ဆင်ချိန်ရှိတုံး မပြင်ကြရင် မပြင်ချင်ရင် ကိလေသာတောထပီး ဒုက္ခရောက်ချင်လို့ဘဲ၊ ဒီသံသရာ့အလုပ် ပုထုဇဉ်ရိုးရာအလုပ်တွေက ဘယ်တော့မှ လမ်းစမဆုံးနိုင်ဘူး၊ လမ်းစမဆုံးတော့ အကောင်းမျှားပါလေအုံးမယ် ထင်သလား? မကောင်းဆိုးဝါးဒုက္ခမှန်သမျှမှာ မြုပ်ဘိုနဲ့ မျောဘိုဘဲရှိတယ်၊ ဒုက္ခအကြီးအသေးသာကွာမယ်၊ အားလုံးဒုက္ခချည့်သာရဘိုရှိတယ်ဆိုဒါ မှတ်ကြ၊အကျိုးလဲမပြီး အချည်းအနှီး မပြီးပြတ်နိုင်တဲ့ သံသရာ့အလုပ်တွေခေတ္တဖြုတ်ထားပီး မလုပ်မဖြစ်တဲ့ ကိုယ်ကျိုးစီးပွားအတွက် အခွင့်ကြုံတုံး အားထုတ်ကြရမယ်။

ဒကာတို့ဟာကအရေးရှိရင် ကိလေသာထကြချင်တယ်၊ကိုယ့်သား- ကိုယ့်မယားလေးတွေကို ကြည့်ပီး သာယာနေချင်တယ်၊ ဒီနားကမခွါချင်ကြဘူး၊ လက်ရှိအိုးအိမ် စည်းစိမ်တွေက မခွါချင်၊ ဒီဟာတွေဘဲ ဖက်နေချင်တယ်၊ ခုနစ်ရုက် ဆယ်ရုက်ဆိုသ

လို ကိုယ်ကျိုး ကိုယ့်စီးပွား လုပ်ကြပါဆိုတော့ မဖြစ်သေးဘူးတဲ့၊ ကျုပ်မရှိရင်ခက်မယ်တဲ့၊ လုပ်စရာတွေကတန်းလန်းနဲ့မို့-တဲ့၊ အဲဒါ ကိလေသာထကြွနေဒါဘဲ၊ တောထချင်လို့ဘဲဆိုဒါ ထင်ရှားတယ်၊ ငြင်းချက်များထုတ်ချင်သေးသလား? မထုတ်နဲ့တော့-ကိုယ်မဟုတ်တာ ကိုယ်ပြင်ကြ။

ဒကာ ဒကာမတွေ အခု သေမင်းကခေါ်သွားရင် ဘယ်နှယ် လုပ်ကြမတုံး? ကျုပ်အိမ်ကျုပ်စိတ်ချရအောင် မှာခဲ့ပါရစေအုံး၊ လုပ်ပါရစေအုံး ဆယ်ရက်လောက်ဆိုင်းပါအုံး ဆိုလို့ ဖြစ်ပါ့မလား? ကြပ်ကြပ်စည်းစားကြ၊ အခုနေ အခွင့်သင့်တုံး သူက, မဦးခင်မှာ အားကိုးအားထား, ကိုယ်ကျိုး ကိုယ်စီးပွားရှာထားကြ၊ ရအောင်လုပ်ထားကြ၊ ဒကာတို့မှာ တကယ်လုပ်သင့် လုပ်ထိုက်တဲ့ ကိုယ်ပိုင်အလုပ် မလုပ်ကြရသေးဘူး၊ တသံသရာလုံး ဘုံဆိုင် အလုပ်နဲ့ချည့် အချိန်ကုန်ခဲ့ကြရဒါပါ၊ ရိပ်မိကြပလား? ။

ဒါကြောင့်, ကိလေသာ ထကြွတိုင်းထကြွတိုင်း၊ လုပ်စရာကိုယ့် ကိစ္စရှိသေးတယ်လို့ ဆုံးဖြတ်ပီးလုပ်ကြ၊ ကြိုးစားကြ၊ ကိလေသာ ထ,ကြွတိုင်း ဖြစ်ပျက်ရှုပီး ဆေးကုပစ်လိုက်ကြ၊ သဘောပါပလား? ဒီဆေးနဲ့မှနိုင်မယ်၊ ကုတတ်အောင်ကုပေးကြ၊ မကုတတ် ကြဘူးဆိုရင် မျောက်အနာရသလို နေမှာဘဲလို့မှတ်ကြ၊ မျောက်များအနာရတော့ မနေတတ်, မထိုင်တတ်, မလုပ်တတ်, မကိုင်တတ်ဖြစ်ပီး ကုတ်ချင်, ဖဲ့ချင်, ဆိတ်ချင်, ဆွဲချင်နဲ့ ထင်သလိုလုပ်ပစ်တော့ အနာကြီးသထက်ကြီး ကျယ်သထက်ကျယ်လာတော့ ဒါပေါ့၊ သဘောပါပလား? ။

အဲဒါ- သူဒုက္ခရောက်ဘို့၊ သူ့ဒုက္ခ-သူရှာဒါဘဲ၊ ဒကာတို့တ
တွေ့လဲ ကိလေသာထကြွနေကြရင် ကိုယ့်ဒုက္ခကိုယ်ရှာတဲ့မျောက်
မျိုးတွေလား? မေးသင့်, မမေးသင့်၊ ချိန်ထိုးကြည့်ကြ၊ ပေါ်
ကြပလား? ဒီတော့- ကိုယ့်ကိစ္စလုပ်မဲ့ကြံလို့ ကိလေသာထကြွ
သောင်းကျန်းလာရင် ဝိပဿနာဆေး မြန်မြန်ကိုင်ကြရမယ်၊ ရိပ်
မိကြပလား? ဒါမှမဟုတ်ရင် ကိလေသာအနှိပ်အစက်ကို ခေါင်း
ငုံ့ခံနေကြရမှာဘဲ၊ မရှုချင်ရင် ခံချင်တဲ့သူမို့ဘဲလို့သာ မှတ်လိုက်
ကြ၊ ရှင်းပလား?။

ဒါနဲ့- သုသိမဆက်ရအုံးမယ်.... သုသိမရဟန္တာများထံသွား
ပီး လျှောက်မေးတယ် "ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ၊ ကရဏ်ီယံ၊
နာဝရံ ဂ္ဂတ္ထတ္ထာဃယာတိ ပဇာနာတိ၊ ဆိုဒါ ဘယ်သိုအဓိပ္ပါယ်ပါ
လဲ?" ဒီတော့ ရဟန္တာများက "ကိလေသာကုန်ပီ၊ ရဟန္တာ
ဖြစ်ပီလို့ ပြောဒါဘဲ" လို့ ဖြေလိုက်တယ်၊ ဒီတော့- သုသိမက
ထပ်မေးပြန်တယ် "ရဟန္တာဖြစ်တယ်ဆိုရင် မြေလျှိုး-မိုးပျံနိုင်သ
လား? သူ့စိတ်အကြံသိရဲ့လား?" စသည်ဖြင့် မေးပြန်
တော့- ရဟန္တာများက "ပညာ ဝိမုတ္တာ ခေါ် မယံ အာဝုသော
သုသိမ၊ ဒီဟာ ပညာနဲ့ကိလေသာက လွတ်လာကြဒါဘဲ" လို့
ကျဉ်းကျဉ်းဘဲ ဖြေလိုက်ကြတယ်။

ဒီဒကာ ဒကာမတွေ မှတ်ထုံးဘို့က "သမထမပါဘဲ-ပညာ
နဲ့ရဟန္တာဖြစ်လာကြဒါဘဲ" လို့ မှတ်ကြ၊ သမထ သမာဓိ သီး
သန့်လုပ်မနေဘဲနဲ့ ဝိပဿနာ သမာဓိနဲ့မင်ရခဲ့ဒါဘဲ၊ ရှင်းပလား?
ရှေက ဖြစ်ပျက်ဆိုရင် နောက်က ဝိပဿနာမင် လိုက်ပေးရတယ်၊
ခန္ဓာမှာ ထင်ရှားဒါတခုကိုရှုရမယ်၊ ကြိုက်ရာတခုကိုသာရှု၊ ကြိုက်

ရာရှုဆိုတော့ ဝေဒနာပေါ်ရင်ဝေဒနာရှု၊ ဖြစ်ပျက်ကိုမြင်အောင် ရှုရမယ်၊ ဒီနေရာမှာဖြစ်ပီး, ဒီနေရာမှာ ပျက်သွားဒါမြင်အောင် ကြည့်ပေးကြ၊ ကြည့်တော့ ပျက်သွားဒါမြင်ရင် နောက်က မဂ်လာဒါဘဲ၊ နောက်ကမဂ်လာတော့ နောက်- တဏှာမလာဘူး၊ ရှင်းပလား ? ။

ဝေဒနာက ဖြစ်ပျက်၊ ရှုဒါက မဂ်၊ မဂ်က ဝင်ဖြတ်ပီးသတ် နိုင်တော့ တဏှာသေတယ်၊ တဏှာ နောက်ကမလာတော့ဘူး၊ ရိပ်မိပလား ? ဒါ- ဒကာတို့အတွက် သင်ပေးနေဒါ၊ ရှုတဲ့အခါ- ရှုတတ်အောင်လို့၊ ရှင်းပလား ? ဒီထောက်ခံချက်ဝတ္ထုသက် သေအရ လေးလေးစားစားနဲ့ မှတ်ယူကြ၊ အချိန်သိတ်မရတော့ ဘူး၊ အရှေ့မလိုက်ကြနဲ့-အတိုနဲ့ဘဲ မရအရလုပ်ကြရမယ်၊ သဘော ပါပလား ? ဒကာ ဒကာမတွေ့ သံသရာတလျှောက်လုံးမှာ မြေ လျှိုးခဲ့ရ၊ မိုးပျံခဲ့ရဒါကြောင့်၊ ဒါမလုံလောက်လို့- ငရဲသွား၊ ကောင်းကင်ပျံဒါ မဆန်းတော့ဘူး၊ ငှက်ဖြစ်တုံးကတောင် ပျံခဲ့ ကြရဒါဘဲ။ ။

ဒကာ ဒကာမတွေ့ ဒီလိုနည်းရတဲ့အတိုင်း ဝေဒနာဖြစ်ပျက် ဝေဒနာနိရောဓော-နိဗ္ဗာနံဘဲ၊ နောက်က တဏှာမလာလို့ တဏှာ နိရောဓော-နိဗ္ဗာနံဘဲ၊ ကျေနပ်ပလား ? အဲဒါဖြစ်ပျက်ရှုလို့- ပညာနဲ့ကိလေသာ လွတ်ငြိမ်းသွားဒါဘဲလို့ မှတ်ကြ၊ ကိလေသာ ဘာ့ကြောင့်လွတ်သလဲ ? ကိလေသာကို ရှုတဲ့ဉာဏ်-မဂ်ဉာဏ်က ဖြတ်ချလိုက်လို့ဘဲ၊ ဒီလိုမဂ်ဉာဏ်က အဆင့်ဆင့်ဖြတ်ချလိုက်တာ ဒီလိုအဆင့်ဆင့်ဖြတ်ပီးတော့ လေးမဂ်စလုံးကိုရတဲ့အခါ " ခီဏာ ဇာတိ၊ ဇာတိပဋိသန္ဓေကုန်ဘိ " လို့ မှတ်ကြ။

ဒကာ ဒကာမတွေ နားလည်ကြပလား ? ဒါ-သမထမပါဘဲနဲ့ ရဟန္တာဖြစ်နိုင်ဒါလို့မှတ်ကြ၊ သမထမပါဘဲ သုဒ္ဓဝိပဿနာနဲ့-နိဗ္ဗာန်ရတဲ့နည်းဘဲ၊ ဒါ့ကြောင့်- ဒကာတို့တတွေ သမထကို ဘာမှအရေးစိုက်စရာမလိုဘူး ဆိုဒါ ဆုံးဖြတ်ချက်ချကြ၊ ရိပ်မိရဲလား ? အဲဒီရဟန္တာတွေက " ဒီဟာ ပညာနဲ့ကိလေသာကလွတ်လာကြဒါ " တဲ့၊ ဒီစကားကိုမြဲမြဲစွဲစွဲမှတ်ထားကြ၊ ဒါဟာ ဒကာတို့အတွက် အားကိုးစရာအချက်ဘဲ၊ ကျေနပ်ပလား ? ကိုယ့်အခြေ, ကိုယ့်အနေနဲ့ - လမ်းရှေလိုက်နေရင် ချောက်ကျသွားနိုင်တယ်။

ဒါနဲ့- သုသိမက အကျယ်ဖြေဆိုဘို့အကြောင်းနဲ့ တောင်းပန်ပြန်တယ်၊ ရဟန္တာတွေက " မဖြေတတ်ဘူးတဲ့၊ ဒီက ပညာနဲ့ကိလေသာက လွတ်လာဒါဘဲရှိတယ် " လို့ ထပ်ဖြေလိုက်တယ်၊ နောက်-သုသိမဟာမကျေနပ်တာနဲ့ ဘုရားထံသွားပီးအကြောင်းစုံအောင် လျှောက်ထားပြန်တယ် " ရဟန်းတော်တွေပြောဒါ-ကျဉ်းလွန်းတယ် တပည့်တော်နားမလယ်ဘူး- " တဲ့၊ ဒီတော့- ဘုရားရှင်က " ပုဗ္ဗေ ခေါ သုသိမ ဓမ္မဋ္ဌိတိဉာဏံ၊ ပစ္ဆာနိဗ္ဗာနေဉာဏံ၊ " သုသိမ၊ သုသိမ၊ ခေါ၊ စင်စစ်၊ ပုဗ္ဗေ၊ ရှေးဦး၊ ဓမ္မဋ္ဌိတိဉာဏံ၊ ဝိပဿနာဉာဏ်သည်၊ ဟောတိ၊ ဖြစ်၏၊ ပစ္ဆာ၊ နောက်ကာလ၌၊ နိဗ္ဗာနေ ဉာဏံ၊ နိဗ္ဗာန်မြင်သည့် မဂ်ဉာဏ်သည်၊ ဟောတိ၊ ဖြစ်၏။ "

ဘုရားရှင်က " ရှေးဦးစွာ ဖြစ်ပျက်မြင်တဲ့ ဉာဏ်၊ နောက်ကနိဗ္ဗာန်မြင်တဲ့ မဂ်ဉာဏ်ဘဲ " လို့ ဖြေတော်မူလိုက်တယ်၊ ဒီတော့ သုသိမက " နားမလယ်ပါဘုရား-အကျယ်ဖြေတော်မူပါ " လို့

လျှောက်ပြန်တော့- ဘုရားက- "မင်း, သဘောကျလဲ ဒါဘဲ၊ မကျလဲဒါဘဲ" လို့ အမိန့်ရှိပြီး၊ တရားဆက်လက်ဟောတော်မူတယ်လို့ မှတ်ကြ။ ။နောက်ဘုရားရှင်က "ငါ- ဘုရားသာသနာတော်မှာ သမထကြောင့်- မဂ်ဖိုလ်ရတယ်လို့ မရှိဘူး၊ သမထကြောင့် မဂ်ဖိုလ်အကျိုး ရတယ်လို့ မဟောဘူး" လို့ ဆိုတဲ့ အဓိပ္ပါယ်စကားကို ထပ်ပီး မိန့်ကြားတော်မူလိုက်တယ်လို့ မှတ်ကြ။

ကိုင်း, နက်ဖြန်မှဘဲဆက်ကြစို့၊ ယနေ့ နာရီစေ့သွားဘီ။

# ဓမ္မရတနာ-မာတိကာ

## " သုဒ္ဓဝိပဿနာ လွတ်လပ်ခြင်းရှာ တရားတော် "

ဆောင်ပုဒ်

ရွှေဝိပဿနာ၊ နောက်မဂ္ဂါ၊ မိန့်မှာသံယုတ္တာ။
သုသိမကို၊ ထုတ်ဟာဆို၊ နည်းတိုဖြတ်လမ်းပြ။
နိဗ္ဗာန်ရချင်၊ မျှားလှူရှင်၊ ကျင့်စဉ် မှတ်နာကြ။
သုဒ္ဓမှန်စွာ၊ ဝိပဿနာ၊ မြန်စွာအားထုတ်မှ။
သမထမိုး၊ ကျိုးမပြိုး၊ သေနိုးချိန်နဲလှ။
သမထဟုန်၊ အရှိန်ကုန်၊ အောက်ဘုံစဉ်တိုက်ကျ။
သံသာတဝှမ်း၊ ချာန်ပျံလမ်း၊ အဆန်းမဟုတ်လှ။

တရားသဘော။ ။ဒကာ ဒကာမတို့ ဒီကနေ့မှာလဲမနေ့ကတရား အဆက်ကိုဘဲ ပြောရမယ်၊ ဒီကနေ့-- သုသိမ ဝတ္ထု အဆုံးသတ်ပြောလိမ့်မယ်လို့ မှတ်ကြ၊ ဒကာ ဒကာမတွေ့ မနေ့က " ပညာနဲ့ဝိပဿနာရှုပီး ကိလေသာကုန်ခန်းအောင်လုပ်လို့ နိဗ္ဗာန်ရတယ်၊ " ဆိုတဲ့အချက်ကို ပြောခဲ့ဘီ၊ နားလည်ကြပလား? ဘုရားက သုသိမကို ဒုပြောပြတဲ့ အဓိပ္ပါယ်စကားဘဲ၊ ဘုရားက သုသိမကိုပြောတဲ့စကားမှာ " ရွှေပိုင်းက-ဝိပဿနာ၊ နောက်ပိုင်းက-မဂ်ဉာဏ်ဘဲ " တဲ့၊ ရှင်းကြပလား? ဓမ္မဋ္ဌိတိဉာဏ်ဆိုဒါ ဝိပဿနာဉာဏ်၊ နိဗ္ဗာနေဉာဏ်ဆိုဒါ နိဗ္ဗာန်မြင်တဲ့ မဂ်ဉာဏ်ကို ဆိုဒါဘဲလို့ မှတ်ကြ။

သုသိမရဟန်းက ဘုရားရှင်ထံမှာ " နားမလယ်လို့ အကျယ်ဖြေပါအုံး " လို့ ထပ်ပီးလျှောက်ထားတော့- ဘုရားရှင်က....

“ ရှေပိုင်းက-ဝိပဿနာ၊ နောက်ပိုင်းက-မဂ်ဉာဏ်ဘဲ ” လို့ ဖြေပြန်တယ်၊ နောက် ဆက်လက်ပီး- “ မင်း-လျှာမရှေနဲ့-မင်းနားမလည်လို့ သမထအနေနဲ့မေးနေဒါဘဲ၊ မြဲမြဲမှတ်ထား သမထနဲ့မဂ်ဖိုလ်မရနိုင်ဘူး၊ သမထတည်းဟူသောအကြောင်းကြောင့် မဂ်ဖိုလ်တည်းဟူသော အကျိုးတရား ဘယ်တော့မှမပေါ်နိုင်ဘူး- ” ဒီအဓိပ္ပါယ်စကားကို မိန့်ကြားတော်မူတယ်လို့မှတ်ကြ၊ သဘောပါရဲ့လား? ။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အခု, သံယုတ်ပါဠိတော်မှာ ဘုရားက သုသိမကိုဟောလို့-သိကြရဲ့၊ ဒါသိရရင် အရှေမလိုက်ကြနဲ့ တိုတိုနဲ့ခရီးရောက်အောင် အားထုတ်ကြလို့ ပြောလိုက်ပါတယ်၊ အရှေလိုက်နေလို့ရှိရင် ဒုက္ခရောက်ဘို့မြင်တယ်၊ အခုိန်အလွန်နဲ့နေဘီ၊ သိကြရဲ့လား? သိရင်-သိတဲ့အတိုင်း ကြိုးစားကြ၊ သုဒ္ဓဝိပဿနာရှုကြ၊ ဒါနဲ့မှ အဆင်ပြေမယ်၊ အသေကအလွန်နီးနေဘီ၊ ဒကာတို့အတွက် ရှေက ဝိပဿနာဖြစ်ပျက်-နောက်ကမဂ်ဒီလမ်းစဉ်အကိုင်းလုပ်ရမယ်။

မိမိခန္ဓာမှာဖြစ်တာနဲ့ပျက်တာကိုရှုရမှာ၊ပဌမ-ခန္ဓာထဲမှာဖြစ်တယ်-ပျက်တယ်ဆိုတဲ့ တရားလေးကိုရှုပါ ဆိုဒါဟာ ဝိပဿနာပါဘဲ၊ ဒီလိုရှုလို့ ဉာဏ်ရင့်လာရင် နောက် မဂ်ဉာဏ်လိုက်လာမယ်၊ ရိပ်မိကြပလား? ဒါမှမဟုတ်လို့ သမထနဲ့ဝင်ရှုတ်နေရင် နစ်ချင်မြုပ်ချင်သေးလို့ ဆိုဒါ မှတ်လိုက်ကြ၊ သမထနဲ့နိဗ္ဗာန်မရနိုင်ဘူး၊ သမထနဲ့အချိန်မဖြုန်းကြနဲ့တော့၊ ဝိပဿနာဆတ်ဆတ်ကိုသာရှုကြ၊ ကျေနပ်ပလား? ရှေက ဝိပဿနာဖြစ်ပျက် နောက်ကမဂ်၊ ” ဒီနည်းလက်ကိုင်ထားကြ။

ဒကာ ဒကာမတွေ့ ကမ္ဘာလောကခါတ်ကြီး ပျက်တော့မယ် ဆိုရင် မပျက်ခင်, အနှစ်တသိန်းကာလကနေပီး လောကဗျူဟာ နတ်တွေက "ဒီနေ့ကနောက် အနှစ်တသိန်းရှိရင် ကမ္ဘာကြီးပျက် စီးတော့မယ်" ဆိုတဲ့အကြောင်းနဲ့ ကြွေးကြော်ကြတယ်၊ အဲဒီလို ကြွေးကြော်သံကြားတဲ့အခါမှာ လောကထဲမှာရှိတဲ့ လူတွေဟာ အင်မတန်ကြောက်လန့်ကြတယ်၊ ကြောက်လန့်ကြဒါနဲ့ အမျှ-ကိုယ်ရေးကြံတော့ သက်လုံကောင်းတယ် ဆိုသလို၊ အားကိုးမာန်တက် ကြိုးစားကြတော့တယ်၊ အသီးအသီး ဗြဟ္မဝိဟာရတရား အားထုတ်ကြလို့ စျာန်တန်းခိုးတွေရကြပီး အကုန်လုံးဘဲ-ဗြဟ္မာ့ ပြည်ရောက်ကြရတယ်၊ နားလည်ကြပလား?။

သတ္တာတိုင်းဟာ ဒီလိုနည်းနဲ့ဘဲ ကမ္ဘာပျက်တိုင်း အများဆုံး ဗြဟ္မာ့ပြည်ရောက်ကြရတယ်လို့ မှတ်ကြ၊ ဒါ- သမထတန်းခိုးနဲ့ ရောက်ရဒါ သမထအရှိန်အဟုန်က ဗြဟ္မာ့ပြည်ဘဲရောက်အောင် တတ်နိုင်တယ်၊ ဒီထက်မပိုဘူး၊ အခု ဒကာ ဒကာမတွေ့ အရှိန်အ ဟုန်ကုန်တော့ ဒီသမထ,နဲ့ဘဲ၊ အခု လူ့ပြည်ကိုပြန်လာခဲ့ကြရဘီ၊ ဒါ- သမထနဲ့နိဗ္ဗာန်မရောက်လို့ဘဲ ဆိုတဲ့အချက်ကို သိကြရမယ်၊ သမထက သူ့အရှိန်ကုန်ရင်-ကျချင်ရာမှာ ကျနိုင်တယ်၊ ရှင်းကြပ လား? ဒါကြောင့် သမထက အားကိုးမရဘူး၊ သူနဲ့လမ်းမဆုံး ဘူး၊အဆန်းတရားလဲမဟုတ်တော့ပါဘူးလို့ ပြောလိုက်ပါတယ်။

ဒကာ ဒကာမတွေ့ အခု နိဗ္ဗာန်ရှာနေကြတယ်၊ သမထနဲ့အ ချိန်ကုန်ရင် ကိုယ်ကျိုးနဲကြအုံးမယ်လို့ မှတ်လိုက်ကြ၊ ဒါကြောင့် သမထဖယ်ထားပီး ဝိပဿနာသက်သက်- သုဒ္ဓဝိပဿနာလက် နက်ကိုမြဲမြံကိုင်ထားကြ၊ ဒကာတို့တတွေ့ သမထနဲ့နိဗ္ဗာန်မရဘူး၊

နိဗ္ဗာန်ရချင် - လိုချင်ရင် ဝိပဿနာလုပ်ရမယ် ဆိုဒါ အမြဲအစဲ့ ဆုံးဖြတ်ချက်ချလိုက်ကြ၊ ရှင်းကြပလား? ဒီလို့နဲ့- သူသိမက "အရှင်ဘုရားက-သမထက မဂ်ဖိုလ်မရဘူး၊ မဟုတ်ဘူး-ဟောလို့ ဒီအတိုင်းဘဲ မှတ်ထားပါတယ်" လို့ ပြန်လျှောက်တယ်လို့-- မှတ်ကြ။

ဒီအခါ- ဘုရားရှင်က "သူသိမတော့ လက်တွေ့ပြလိုက်မှဘဲ၊ ဒါမှနေရာကျလိမ့်မယ်" ဆိုပီး လက်တွေ့ဘဲပြတော်မူလိုက်တယ်၊ ရိပ်မိကြပလား? ဒီလက်တွေ့ပြတဲ့တရားဆိုဒါလဲ တခြားမဟုတ်ပါဘူး၊ ဒကာ ဒကာမတွေ ဘုန်းကြီးဟောပြထားတဲ့၊ အခု ဒကာတို့လက်တွေ့လုပ်နေတဲ့ ဝိပဿနာကိုပြဒါဘာဘဲ၊ သဘောပါပလား? ဒီတရားက သတိပဋ္ဌာန်လေးပါးထဲက တပါးပါး- ကြိုက်ရာတခုခု အားထုတ်ရင်ပီးပါတယ်၊အရှုခံတရားကလဲ ခန္ဓာငါးပါးထဲက တပါးပါးကိုင်ရမှာပါဘဲ၊ နားလည်ကြပလား? ။

"ဥပမာ.... ခန္ဓာထဲမှာ ဝေဒနာသုံးခုရှိတယ် ဆိုဒါ ဒကာ ဒကာမတွေ အားလုံးသိကြပီးဖြစ်တယ်၊ ချမ်းသာတော့- သုခဝေဒနာ၊ ဆင်းရဲတော့- ဒုက္ခဝေဒနာ၊ အသင့်အတင့်ဘဲဆိုတော့.... ဥပေက္ခာဝေဒနာ၊ ဒီသုံးခုဟာ တခုမရှိ တခုတော့အမြဲရှိပီးနေဒါဘဲ၊ ဒါကြောင့်မို့ ဒကာတို့ဟာ ဝေဒနာနဲ့ အသက်ရှင်နေကြတယ်ဆိုရင် မမှားနိုင်ဘူးလို့ မှတ်ကြ၊ ဒကာတို့က မရှုလို့မမြင်ဒါဘဲရှိတယ်၊ သူတို့သုံးခု တခုခုကတော့ရှိနေမှာဘဲ ရှင်းပလား? ရှုရင်မြင်ရမယ်-ရှုတော့ ကိုယ့်စိတ်ချမ်းသာတယ် ဆိုတဲ့အခါ ချမ်းသာလုံးကလေး ပေါ်လာမယ်၊ ပေါ်လာရင် အဲဒါဖြစ်ပျက်ရှုပေး။

ချမ်းသာလုံးကလေးတွေ့တော့ ရှုလိုက်၊ ရှုလိုက်တော့ ဖြစ်ပီး ပျက်သွားလို့ ဒုက္ခရောက်သွားဒါဘဲလို့ ဉာဏ်ကမြင်လာမယ်၊ ဒီတော့- သုခဝေဒနာဖြစ်ပျက်၊ ရှုတဲ့ဉာဏ်ကမဂ်ဘဲ၊ သဘောပါပလား? ရှေကဖြစ်ပျက်ပြရင် နောက်က ရှုဉာဏ်ကပ်လိုက်ပေး၊ လိုက်ပေးလို့ အခုလိုက်ဒါ မဂ်ဉာဏ်ဘဲ၊ ဝိပဿနာမဂ်ဉာဏ်လို့ မှတ်ကြ၊ ရှေပိုင်းက ဖြစ်ပျက်မြင်အောင်လုပ် ဒီလုပ်တာဟာ ဝိပဿနာဉာဏ်ဘဲ၊ ဒီနည်းအတိုင်း ဘာပေါ်ပေါ်-ဘာလေးဘဲမြင်မြင် ဖြစ်ပျက်မြင်အောင်ကြည့်ရမယ်၊ သဘောပါပလား? ဒကာဒကာမတွေ့ ဒီအဓိပ္ပါယ်စကားဟာ ဘုရားကိုယ်တော်တိုင် ဟောထားဒါမို့ သံသယဖြစ်ဘို့မရှိတော့ဘူး၊ ကြိုးစားကြဘို့ဘဲ လိုတယ် ဆိုဒါ မှတ်ကြ။

ဝိသေသေန ပဿတီတိ ဝိပဿနာတဲ့၊ ဝိပဿနာဆိုဒါ ဝိသေသ ပဿနာဘဲ၊ အထူးအားဖြင့် ရှုတဲ့တရား၊ ဖြစ်ပျက်မြင်အောင် အထူးရှုရမဲ့တရားဘဲလို့ မှတ်ကြ၊ ဒါကြောင့်- ခန္ဓာမှာလာသမျှ ဉာဏ်နဲ့ ထူးထူးခြားခြားမြင်အောင်ရှုပေးကြရမယ်၊ ရှင်းပလား? ဒုက္ခဝေဒနာလာလဲ ဖြစ်တာပျက်တာဘဲ၊ သုခလာလဲဖြစ်ပျက်ဘဲ ဒီဖြစ်တာပျက်တာ မြင်အောင်ရှုပေး၊ ဒါမှ ဒီလိုဖြစ်ပျက်မြင်အောင်ရှုနိုင်မှသာ ဝိပဿနာဖြစ်မယ်၊ သဘောပါပလား? ဒါကြောင့် ဝိပဿနာဆိုဒါ အရင်ကရှုဒါထက် ရှုနေကျထက် ထူးထူးခြားခြားရှုဒါကို ဆိုတယ်လို့ မှတ်ကြ၊ ရှင်းပလား? ။

ဝိပဿနာရှုတယ်ဆိုဒါ ခါတိုင်းရှုဒါထက်ထူးတယ်၊ ခါတိုင်း-ဒကာတို့ရှုဒါက ဒီဥနဲ့ရှုနေကြဒါ၊ ဉာဏ်မပါဘူး-ဉာဏ်မပါတော့ အမှန်မှကျဘူးပေါ့၊ သူက စိတ်ကြိုက်အလိုက် ရှုနေဒါဘဲလို့ မှတ်

ကြ၊ ဝိပဿနာရှုဆိုဒါ ဥာဏ်နဲ့ရှုဒါ ဥာဏ်နဲ့ခန္ဓာမှာ ပေါ်သမျှအ
ကုန်ရှုရမယ်၊လောကုတ္တရာချန်ပီး ကျန်ဒါတွေအကုန်ရှုရမှာဘဲလို့
မှတ်ကြ၊ သဘောပါပလား? ဒကာ ဒကာမတွေ ခါတိုင်းရှုဒါက
ဒိဋ္ဌဖြစ်တယ်၊ အခု- ဝိပဿနာရှုဒါက ဒိဋ္ဌပြုတ်တယ်၊ အရှုချင်းက
ဒိဋ္ဌကွာဒါနဲ့ - ဒိဋ္ဌမကွာဒါ ခြားနားတယ်လို့ မှတ်ကြ၊ ရှင်းပ
လား?။

ဘုရားရှင်က သုသိမကို ဒီအတိုင်းအရှုခိုင်းတယ်ဆိုဒါမှတ်ကြ၊
ဘုရားရှင်က သုသိမကို ဆက်ပီးမေးမြန်းတယ် "အို- သုသိမ မိမိ
သန္တာန်မှာ အခုပေါ်လာတဲ့ စိတ်ကလေးဟာ နိစ္စလား? အနိစ္စ
လား? တဲ့၊ ဒီတော့- သုသိမက သူ့ခန္ဓာမှာကြည့်ပီး သူမြင်တဲ့အ
တိုင်းဘဲ "အနိစ္စပါဘုရား" လို့-ဖြေတယ်၊ ဘုရားက "ဒါဖြင့်
ရင် ( မိမိ ) ကိုယ့်သန္တာန်မှာ ဖြစ်ပီးပျက်တဲ့ဒီစိတ်ကလေးကို ဒုက္ခ
ဆိုမလား? သုခလို့ဆိုမလား?" တဲ့၊ ဒီတော့ သုသိမက "ဒီဖြစ်
ပီးပျက်သွားတဲ့ စိတ်ကလေးကို ဒုက္ခလို့ဘဲ ဆိုရပါမယ်ဘုရား"
လို့ ဖြေတယ်။

ဒါနဲ့ဘုရားက ဆက်လက်မေးပြန်တယ်၊ "သုသိမ ဒီလို မိမိ
သန္တာန်မှာ အနိစ္စရောက်သွားတဲ့ စိတ်ကလေးဟာ အသင်က ဒုက္ခ
လို့ဖြေတယ်၊ အဲဒီ-ဒုက္ခဖြစ်တဲ့စိတ်ကလေးကို ငါ့ကိုယ်, ငါ့ဟာ,
ငါ့စ္စာလို့ ဆိုနိုင်သလား?" လို့ မေးတော့၊ သုသိမက "ဒီစိတ်
ကလေးကို ငါ့ကိုယ်, ငါ့ဟာ, ငါ့စ္စာလို့ မဆိုနိုင်ပါဘုရား" လို့
ဖြေဆိုတယ်၊ ဒကာ ဒကာမတွေ ဒီလိုသုသိမဖြေဒါဟာ ဝိပဿ
နာဥာဏ်နဲ့ဖြေဒါဘဲ၊ ဘာသမထမှ မပါဘူးဆိုဒါ မှတ်ကြ၊ ရှင်း
ကြရဲ့လား?။

ဘုရားက· တချို့နေရာတွေမှာတော့ ဟောတော်မူပါတယ်· "သမာဓိ ဘိက္ခဝေ ဘာဝေထ၊သမာဟိတော ဘိက္ခဝေ ယထာဘူတံ ပဇာနာတိ" တဲ့၊ ဒီလိုဟောပေမဲ့ အားကြိုးပါးကြိုး သိတ်လုပ်နေဘို့ မဟုတ်ဘူးလို့မှတ်ကြ၊ ဒီအဓိပ္ပါယ်သွားဟာ ဒီအခုပြောနေတဲ့ ဝတ္ထုသွားနဲ့ဘဲ ထင်ရှားပါတယ်၊ ကျေနပ်ပလား? ဒါကြောင့်· သံသယမဝင်ဘဲ ဖြစ်ပျက်မြင်အောင်ရှုဘို့ဘဲလိုတယ် ဆိုဒါမှတ်ကြ၊ ရှုတော့ ဖြစ်ပျက်တခုမြင်ရင်,အနိစ္စ, ဒုက္ခ, အနတ္တ-သုံးခုလုံးဝင်လာတယ်၊ ကျန်နှစ်ခုသိုးခြားရှုနေဘို့ မလိုတော့ဘူး၊ ရှင်းကြပလား? ။

ဘုရားက သုသိမကို "ပုဗ္ဗေ ခေါ သုသိမ ဓမ္မဋ္ဌိတိ ဉာဏံ၊" ဆိုတဲ့နေရာမှာ အဋ္ဌကထာက "ဓမ္မဋ္ဌိတိဉာဏန္တိ ဝိပဿနာ-ဉာဏံ၊" လို့ ဖွင့်ဆိုထားတယ်၊ ဒီတော့ ရှေက ဓမ္မဋ္ဌိတိဉာဏ်ဆိုဒါ ရှေကဝိပဿနာဉာဏ်ဆိုဒါဘဲ ဆိုတဲ့ အဓိပ္ပါယ် ပေါ်ပလား? ဒကာ ဒကာမတွေ မှတ်ထားဘို့က ဓမ္မဋ္ဌိတိဉာဏ်ဆိုဒါ ဝိပဿနာဉာဏ်၊ နိဗ္ဗာနေဉာဏံဆိုဒါ နိဗ္ဗာန်မြင်တဲ့မဂ်ဉာဏ်ကို ဆိုဒါဘဲလို့ မှတ်ထားကြ၊ ရှင်းကြပလား? အဲဒါနဲ့ ဘုရားရှင်က သုသိမရဟန်းကို ဆက်ပီးမေးပြန်တယ်လို့ မှတ်ကြ။

မိမိသန္တာန်မှာဖြစ်ပေါ်တဲ့ ကြမ်းတမ်းတဲ့စိတ်၊ နူးညံ့တဲ့စိတ်၊ အတိတ်ကဖြစ်တဲ့စိတ်၊ ပစ္စုပ္ပန်မှာဖြစ်တဲ့စိတ်၊ အနာဂါတ်မှာဖြစ်မဲ့စိတ် အဲဒီစိတ်တွေဟာ နိစ္စလား? အနိစ္စလား? စသည်အားဖြင့် တခုစီတခုစီ ခွဲခြားပီးမေးပြန်တော့· သုသိမက ဖြစ်တဲ့စိတ်အကုန် ဘာစိတ်ဘဲဖြစ်ဖြစ် အနိစ္စ, ဒုက္ခ, အနတ္တချည့်ပါဘဲ ဆိုတဲ့အကြောင်းနဲ့ ပြန်လည်ဖြေကြားတယ်၊ ဘုရားကဒါဖြင့် ဒီတရားတွေအပေါ်မှာ ငြိုးငွေ့အောင်ရှုပေးရမယ်လို့ ဟောပြန်တယ်။

နောက်သုသိမကလဲ ငြိုးငွေ့အောင်ဆက်ရှုလို့ ငြိုးငွေ့တော့-ဘုရားက ငြိုးငွေ့တော့ စဲ့သေးသလား ? လို့မေးတော့ မစဲ့တော့ ပါဘူးလို့ ဖြေတယ်၊ ဒီလိုနဲ့ နောက်ဆက်လက်ပီးရှုတော့ မကြာခင်, ရဟန္တာဖြစ်သွားတယ်လို့ မှတ်ကြ၊ ဒါကို အကျဉ်းချုပ်ဘဲ မှတ်ကြတော့၊ ဒကာ ဒကာမတွေသိဘို့က သုသိမဟာ ရည်ရွယ်ချက်မပါဘဲနဲ့ ရဟန္တာဖြစ်ရတယ် ဆိုတဲ့အချက်ဘဲ၊ ဒါက ပါရမီကိုး-လို့ လုပ်မနေနဲ့အုံး၊ ရှေးစကားတွေမှာ လမ်းမဆုံးကြစေနဲ့-လို့ သတိပေးလိုက်ပါတယ်။

သာဝကအရာမှာ ပါရမီမလိုဘူးဆိုဒါမှတ်၊ ပါရမီစကားထည့်မပြောကြနဲ့တော့၊ သုသိမ-သူခိုးတောင်ရတယ်၊ ရသေးတယ်ဆိုရင် ဒကာ ဒကာမတွေအနေနဲ့က ဆန္ဒကလဲရှိ အခါအခွင့်ကလဲညီညွတ်နေဒါမို့ ငါတို့တတွေ မုချရရမယ်လို့သာ ဆုံးဖြတ်ချကြ၊ ဆုံးဖြတ်ချက်ချပီး ကြိုးစားအားထုတ်ကြဘို့ဘဲ လိုတော့တယ်၊ သဘောပါပလား? အဲဒါနဲ့- နောက်တော့ သုသိမက သူမှားပါဘီ အပြစ်ကိုသီးခံတော်မူပါ ဆိုတဲ့အကြောင်းနဲ့ ဝန်ချတောင်းပန်တယ်လို့ မှတ်ကြ။

အဲဒီအခါမှာမှ သုသိမရဟန်းကို ဘုရားက "မင်း, ကောင်းကင်ပျံနိုင်သလား? သူ့စိတ်အကြံသိနိုင်သလား?" လို့ မေးလိုက်တော့၊ သုသိမက,တပည့်တော်မှားပါပြီ၊ ဆိုတဲ့အကြောင်းနဲ့ ဝန်ချတောင်းပန်ကန်တော့တယ်၊ ဒါနဲ့ဘုရားရှင်က "မင်း, သမထ တန်းခိုးကြောင့် မင်္ဂလာဒါလား?" "မဟုတ်ပါ ဝိပဿနာကြောင့် မင်္ဂလိုရပါတယ်ဘုရား" ပြန်ပီးဖြေတယ်။ ။ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သဘောပါပလား? ဒါကြောင့်

ဝိပဿနာအရေးကြီးတယ်ဆိုတဲ့ အဓိပ္ပါယ်ထင်ရှားတယ်၊ ဒီတော့ ဝိပဿနာမှသာ အားကိုးရာရမှာလို့ ဆုံးဖြတ်ချက်ချကြ၊ ရှင်းပလား ? ။

ဒါကြောင့် ဒကာ ဒကာမတွေ ဝိပဿနာလုပ်ရမယ်၊ ဝိပဿနာလုပ်စဉ်က ခန္ဓာမှာဥာဏ်နဲ့ကြည့်၊ ဖြစ်ပျက်မြင်ရင် ဝိပဿနာအစဘဲ၊ ဖြစ်ပျက်မှုန်းရင် ဝိပဿနာအလယ်ရောက်ပီ၊ ဖြစ်ပျက်ဆုံးရင် ဝိပဿနာအဆုံးဘဲလို့မှတ်ကြ၊ ဝိပဿနာဆုံးရင် မဂ်ရဘီ ဝိပဿနာဆုံးဆိုဒါ ရုပ်နာမ်ချုပ်ဆုံးဒါကို ပြောဒါဘဲလို့မှတ်ကြ ရှင်းပလား ? ရုပ်နာမ်နှစ်ခုချုပ်တာ ဘဝချုပ်တာလို့မှတ်၊ ရုပ်နာမ်ချုပ်တာ ဆုံးဒါ တခါမြင်ရင် ပဌမ-မဂ်ရုဒါဘဲ၊ ဒီလိုအဆင့်ဆင့် လေးခါမြင်ရင်-ရဟန္တာဘဲ၊ ရဟန္တာဖြစ်ရင် ဘဝအကုန်ချုပ်ပီလို့မှတ်ကြ၊ သဘောပါပလား ? ။

ဒကာ ဒကာမတွေ အထူးသတိချပ်ပီး, သိမှတ်ထားကြဘို့က ဖြစ်ပျက်မြင်ရင် ဒီဘဝမှာ မဂ်ဖိုလ်ကိုမုချရမယ်၊ ရမှာသေချာဘီလို့ မှတ်ထားကြ၊ ရတော့မယ်လို့ ဆုံးဖြတ်ချက်ချ၊ ကျေနပ်ပလား ? ဒီဟိတ်လား ? တိဟိတ်ဆိုတဲ့ သံသယလဲ ဝင်မရှုတ်စေနဲ့၊ ဒီဟိတ်, တိဟိတ်သိရအောင် ဖြစ်ပျက်ရှာတဲ့အလုပ်နဲ့ စမ်းကြည့်ကြ၊ ဖြစ်ပျက်မြင်ရင် တိဟိတ်ဘဲလို့သာ ဆုံးဖြတ်ချက်လိုက်တော့ သဘောပါပလား ? ဒကာ ဒကာမတွေ စောဒက မလိုတော့ဘူး၊ သိရအောင် ဝိပဿနာအလုပ်နဲ့ စမ်းကြည့်ကြပါလို့ ပြောလိုက်တယ် ။

# မိုးကုတ်ဝိပဿနာ

ဝိပဿနာရှုရင် ဖြစ်ပျက်မြင်အောင်ကြည့်ဘို့အရေးကြီးတယ် ဖြစ်ပျက်မြင်ရင် ဝိပဿနာဖြစ်ပီ၊ ဒါကြောင့် ဝိပဿနာအစ-ဖြစ်ပျက်အမြင်က-စ၊ ” လို့မှတ်လိုက်ကြ၊ ဖြစ်ပျက်မှမမြင်သေးရင်-ဝိပဿနာကို မဟုတ်သေးဘူးလို့မှတ်ကြ၊ ဒါကြောင့် ဝိပဿနာစစ်ရင် ဖြစ်ပျက်မြင်ရမယ်၊ မမြင်သေးရင်, သမထဘဲရှိသေးတယ်လို့မှတ်၊ ဖြစ်ပျက်မြင်ရင် လောကီမဂ်ဉာဏ်ပါးရမယ်၊ ဒီမြင်တဲ့ဖြစ်ပျက်ကို မုန်းအောင်ရှု၊ နောက်ဆက်ပီးဆုံးအောင်ရှု၊ ဖြစ်ပျက်ဆုံးအောင်ရှုမှ ရှစ်ပါးပြည့်မယ်၊ ရှင်းကြပလား ? ။

ဒကာ ဒကာမတို့ အခုပြောတဲ့အဓိပ္ပါယ်ကို သိရတော့- မင်္ဂလိန်ဗျာန်ဆိုဒါ ဆုတောင်းရင်ရပါ့မလား ? လုပ်မှသာ ရမှာလား ? ဆိုဒါ ရှင်းသွားဘီ၊ ဒါကြောင့် ဆုတောင်းဖြုတ်၊ လုပ်မှ ရမှာမို့ လုပ်ယူကြဘို့ဘဲ၊ သူသိမ-ဝတ္ထုသာဓကနဲ့ ဒီထက်ရှင်းဒါဖြင့် မရှိတော့ဘူး၊ ဒါသိရရင် မြန်မြန်လုပ်ကြလို့ အထူးတလည်တိုက်တွန်းလိုက်ပါတယ်၊ ရိပ်မိပလား ? ဝိပဿနာရှုတဲ့အခါမှာ, အသုဘကောင်မြင်နေမယ်, လေတန်းတွေမြင်နေမယ် အဲဒီလို-ထွေထွေရာရာတွေ မြင်နေရင် သမထဘဲ၊ ဝိပဿနာမဟုတ်သေးဘူး၊ ဖြစ်ပျက်မှတပါး ဘာမြင်မြင် ဝိပဿနာမဟုတ်သေးဘူးလို့သာ မှတ်လိုက်ကြ၊ ရှင်းပလား ? ။

ဒကာ ဒကာမတို့ ဒီတရားကို ပြောလာတဲ့ရက်တွေများပီ၊ ပြောရဒါက ဒကာ ဒကာမတို့ ယုံမှားသံသယအတွက် ထောက်ခံချက်ရဘို့ ဝတ္ထုထုတ်ပြနေရလို့ဘဲဆိုဒါ မှတ်ကြ၊ အခုတရားနာ.ရတော့ ထောက်ခံချက်လုံလောက်သွားဘီ၊ ဘုရားကိုယ်တော်

တိုင်ကလဲ ဟောထားတယ်၊ ရဟန္တာတွေကလဲ ဟောခဲ့တယ်၊ သုသိမကလဲ သူ့ကိုယ်တွေနဲ့-ထောက်ခံချက်ပေးထားဘီမို့၊ ယုံယုံကြည်ကြည် လေးလေးစားစားနဲ့ လိုက်နာကြတော့အားထုတ်ကြတော့လို့ ပြောလိုက်ပါတယ်၊ ကျေနပ်ပလား? ဒီတရားမှာ လိုရင်းအချုပ်က ရွှေကဖြစ်ပျက်၊ နောက်ကမင်္ဂလာ၊ လိုရင်းအချက်ဘဲ။

ရွှေက ဖြစ်ပျက်မြင်တဲ့ ဝိပဿနာဉာဏ်။
နောက်က ဖြစ်ပျက် အဆုံးမြင်တဲ့ မဂ်ဉာဏ်။

ဒီနှစ်ချက်နဲ့ မဂ်ဖိုလ်နိဗ္ဗာန်ရနိုင်တယ်၊ ဒီနှစ်ချက်ဘဲလိုတယ်၊ ဒီနှစ်ချက်နဲ့ဘဲ ရုံအောင် အားထုတ်ကြပါလို့ တိုက်တွန်းလိုက်တယ်၊ သဘောပါပလား? ။

ကိုင်း, ယနေ့ ဒီတွင်ဘဲ တော်ကြအုံးစို့၊ အချိန်စေ့သွားဘီ။

# နိဂုံးစကား

“ယော ခေါ အာနန္ဒ ဘိက္ခု ဝါ ဘိက္ခုနီ ဝါ ဥပါသကော ဝါ ဥပသိကာ ဝါ ဓမ္မာနု ဓမ္မပ္ပဋိပန္နော ဝိဟရတိ သာမီစိပ္ပဋိပန္နော အနုဓမ္မစာရီ၊ သော တထာဂတံ သက္ကရောတိ ဂရုံ ကရောတိ မာနေတိ ပူဇေတိ အပစိယတိ ပရမာယ ပူဇာယ၊ တသ္မာတိဟာနန္ဒ ဓမ္မာနုဓမ္မပ္ပဋိပန္နော ဝိဟာရိဿာမ သာမီစိပ္ပဋိပန္နော အနုဓမ္မစာရိနောတိ၊ ဧဝဉ္ဥ ဝေါ အာနန္ဒ သိက္ခိတဗ္ဗံ၊”

ဘာသာပြန်။ ။အာနန္ဒာ, အမှတ်မထင်၊ အကြင်သို့သော၊ ဘိက္ခု, ဘိက္ခုနီ, ဥပါသကာ, ဥပါသကိသည်၊ လောကုတ္တရာ၊ သမ္မာပဋိပတ်၊ အကျင့်မြတ်၌၊ တရားအားလျော်စွာ၊ ကျင့်ထုတ်ကာနေ၏၊ ရိုသေလေးနာ၊ ကျင့်ကြံကာနေ၏၊ လျောက်ပတ်စွာသာ ကျင့်ကာနေ၏၊ ထိုသည့်အကျင့်မြတ်၊ ပဋိပတ်ဖြင့်နေသောသူသည်သာ၊ ငါဘုရားအားမြတ်သော ပရမပူဇာဖြင့်၊ အရိုအသေပြုသည်၊ အလေးအမြတ်ပြုသည်၊ မြတ်နိုးသည်၊ ပူဇော်သည်၊ (စင်စစ်ကေန်၊အမှန်မုခ၊) မည်ပေ၏၊ အာနန္ဒာ, ထို့ကြောင့်.... (အသင်တို့သည်၊) ငါဘုရားသာသနာတော်မှာ လောကုတ္တရာ သမ္မာပဋိပတ်၊ အကျင့်မြတ်၌၊ လျောက်ပတ်စွာကျင့်ကာနေအံ့၊ ရိုသေလေးနာ၊ ကျင့်ထုတ်ကာနေအံ့၊ တရားအားလျော်စွာသာ၊ ကျင့်ကြံကာနေအံ့-ဟူ၍၊ အာနန္ဒာ, ဤသို့ နည်းလမ်းကျကျ ငါဆုံးမသည့်အတိုင်းသာလျှင် ကြင့်ကြံကာ နေထိုင်အပ်ပေ၏။

“ မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်၊ ”

# တိုက်တွန်းချက်။

ဤဆွေ-ဤမျိုးရေးသားတင်ပြခဲ့ပြီးသော၊ဒေသနာတော် အစဉ်အစဉ်တို့ဖြင့်၊ ဤ "ဆိုးကုသိုလ်ပဿနာ၊ ဒုစ္စရိုက်ဒေသနာ" များသော၊ဟောစဉ်နှင့်-ကျင့်စဉ်တရားတော်များ{တစ်ပါးတည်း} ကို၊ ဤနေရာတွင်ပင်, တခန်းရပ်ကာ အဆုံးသတ်ရပါလေပြီ။

ဤသည့် အဆုံးသတ် စကားရပ်အနေတွင်၊ ဓမ္မအဆွေတော် စာရှုသူတို့အား လေးစားသော တိုက်တွန်းချက်ဖြင့် ကမ္ဘတ်ဖုံးကာ, အဆုံးသတ်လိုပါသည်။ ။ထိုတိုက်တွန်းချက်ကား.... အာဃာတ်ဖေါ်ပြရာပါ "မဟာပရိနိဗ္ဗာနသုတ်-ပါဠိတော်" စကားရပ်ကို၊ အလေးတမြတ်ပြုပြီးကာ၊ ဘုရားရှင်၏ အလိုတော်ကျ "မြတ်သော ပရပူဇော" ဖြင့်၊ အရိုအသေပြုကာ၊ အလေးအမြတ်ပြုကာ၊ မြတ်နိုးတနာပြုကာ၊ ပူဇော်သမ္ဘူပြုကာ၊ ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းဖြင့်သာ ပူဇော်ကြပါကုန်။

ဤသို့-တရားတော်ကို ကျင့်ကြံအဟုတ်၊ အားထုတ်ခြင်းသည်သာ၊ ဘုရားရှင် အလိုတော်ကျဖြစ်သည့် "ပရမပူဇော မြတ်သော ပူဇော်ခြင်း" ဟုတ်မှန်ကြောင်း ကောင်းကောင်းကြီး သတိချပ်တော်မူနိုင်ကြပါစေကုန်၊ ဟူ၍-ဖြစ်ပါသတည်း။

အာရမ္ဘထ နိက္ကမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ။
ဓုနာထ မစ္စုနော‌သေနံ၊ နဠာဂါရံဝ ကုဉ္ဇရော။ ။
“ သဂါတာဝဂ္ဂသံယုတ် အရဏဝတီသုတ်၊ ”

ဘာသာပြန်။ ။သုံးလွှာမြတ်စွာ သာသနာတော်တွင်း၌၊ ဖြူတ်ခြင်းလျင်စွာ၊ ရှေးဦးစွာသော လုလွဲဖြင့် အားထုတ်ကြကုန်လော့၊ သံသရာဝဋ်နွှဲတွင်းမှ လွတ်ကင်းထွက်မြောက်ကြောင်း လုလွဲဖြင့် အားထုတ်ကြကုန်လော့၊ အစမှအဆုံးတိုင် ရှုနှိုင်းထွက်နိုင်သည့် လုလွဲဖြင့် အားထုတ်ကြကုန်လော့၊ ဗလစွမ်းဟုန်၊ အားမုဆိုင်ဖြိုး၊ ဆင်ပြောင်ကြီးသည်၊ ချည်းနှီးနှစ်စင်၊ ကျူးပင်ကျူးရိုးတို့ဖြင့် လှိုင်းတိုးဆောက်လုပ်ထားသည့် အိမ်ငယ်ကလေးကို၊ မနှေးလွယ်တုံ့ မှုန်မှုန်ညက်ကျော၊ ဖျက်ချနင်းနယ်ဘိသို့၊ သေမင်း၏စစ်သည်ဗိုလ်ပါအမျှားကို၊ ထွားထွားမှုန်မှုန် ကျည်က်အောင်, ချေဖျက်နင်းနယ်လိုက်ကြပါကုန်လော့။ ။



တဝဝန်ခံတင်ဆက်သူ
ဦးမြင့်ဆွေ
“ မူလဓမ္မာစရိယ ”
မိတ္ထိလာ။

၁၃၂၃-ခု။
ပြာသိုလပြည့်နေ့။



# ကျွန်တော်များပုံနှိပ်တိုက်တွင်

—::(o)::—

တရားစာအုပ်၊ ကျမ်းစာအုပ်၊ ဂဏန်းသမျှစာအုပ်၊
ကျောင်းသုံးစာအုပ် အမျိုးမျိုးနှင့်
ကြော်ငြာ၊ ပိုစတာ၊ ရှင်းတန်းဖြတ်ပိုင်း၊ ဘောက်ချာ၊
စာရေးပက်၊ တို့ပြင် - ခေတ်မှီသော
ဖေါင်းကြွ-ရွှေတံဆိပ်၊ စက္ကူရောင်စုံ-တံဆိပ်၊
ဆေးလိပ်ပါတ်-တို့ကို
ဒီဇိုင်း၊ ဘလောက်၊ ရာဘာ တံဆိပ်
အမျိုးမျိုးများကို - ခေတ်နှင့်လျော်ညီစွာ
" ဆောင်ရွက်ပေးနိုင်ပါသည် "
ကြွရောက် ဆက်သွယ် တော်မူကြပါ။

◇—◇

ဒေးကြူးပုံနှိပ်တိုက်

ဂဂ-လမ်း၊ ကွမ်းခြံရပ်၊

မန္တလေးမြို့။

(၁၀)
24/7/62

# ရန်ကုန်သောဌာနဗျား။

သစ်ဘရားသား

၄၃•၉၀ (အယ်လ်) ရုံ၊ စျေးချိုတော်

မန်လေးမြို့။

ဦးကျော်မောင် – ၄၃၇၀ စီးနှင်း

ရွှေလက်ဝါးကပ်

ပဋ္ဌမလမှတော် မိတ္ထီလာမြို့။

စာကြည့်တိုက်
ပိဋကတ်သာသနာပြန်စာပေ
မြန်မာ့ရေးအဖွဲ့

ဗေဒင်းကြယ်ပုံနိပ်တိုက်

AYE KYU PRESS.

ဝင်္ဂလမ်းကွပ်ခြံရပ်မန္တလေး